# LIFT နှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၄



Livelihoods and Food Security Trust Fund

afd Agence Française de Développement | Australian Aid | European Union | Irish Aid | Development Cooperation | Government of the Netherlands | New Zealand Aid Programme | Sweden | Schweizerische Eidgenossenschaft | UKaid | USAID

မျက်နှာဖုံးဓာတ်ပုံ။ ၂၀၁၅ခုနှစ် LIFTဓာတ်ပုံ ပြိုင်ပွဲဆုရှင် ကိုဇော်ထက်(ရတနာရော)
Photographs by Jacquetta Hayes
Additional photography by Letizia Diamante, the Food Security Working Group, Sabine Kania, Mie Maung Photography, Rupin Mahiyaria, Tim Mitzman, Proximity Designs, and U Kaung Thet.


**ကျေးဇူးတင်လွှာ**
မြန်မာနိုင်ငံအတွင်းရှိ ထိခိုက်လွယ်မှုအမြင့်မားဆုံးနှင့် အနွမ်းပါးဆုံးသောလူထု၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ပေးရန်အတွက် ထည့်ဝင်ကူညီခဲ့ကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုအစိုးရများကို ကျေးဇူးတင်ပါသည်။ အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)အား ယင်းတို့ကထောက်ပံ့ကူညီခြင်းကို ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် LIFT၏ ပထမဆုံး ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သော မစ်ဆူဘီရှီကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ပါသည်။


**အသိပေးကြေညာချက်**
ဤအစီအရင်ခံစာကို ၂၀၁၄ခုနှစ်အတွင်း LIFTက ရန်ပုံငွေပံ့ပိုးခဲ့သော စီမံချက် ၆၄ခုမှ ရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံထားပြီး ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုအစိုးရတို့နှင့် မစ်ဆူဘီရှီကော်ပိုရေးရှင်းတို့၏ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် ပြုစုရေးသားထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသားဖော်ပြထားသောအမြင်များသည် ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုတို့၏အစိုးရများနှင့် မစ်ဆူဘီရှီကော်ပိုရေးရှင်းတို့၏ တရားဝင်အမြင်များဟု မယူဆနိုင်ပါ။

ငွေလဲလှယ်နှုန်း။ ဤအစီရင်ခံစာတွင် မြန်မာကျပ်ငွေကို ကန်ဒေါ်လာနှင့်လဲလှယ်နှုန်းမှာ ၁၀၅၀:၁ ဖြစ်သည်။
ဤအစီရင်ခံစာကို LIFT၏ ယခင်နှစ်ပတ်လည်အစီရင်ခံစာများကို အခြေခံ၍ ပြုစုထားပါသည်။ ယင်းတို့ကို www.lift-fund.org/publications တွင် တွေ့နိုင်ပါသည်။

LIFT is managed by the United Nations Office for Project Services

UNOPS

# မာတိကာ


အတိုကောက်အသုံးအနှုန်းများ ၁

နောက်ခံအကြောင်းအရာ ၂

၁. **အနှစ်ချုပ်တင်ပြချက်** ၄

LIFT၏ ၂၀၁၄ခုနှစ်မဟာဗျူဟာ။ လမ်းသစ်များ၊ အခွင့်အလမ်းသစ်များ ၈

၂. **အကျိုးရလဒ်များ** ၁၁

၂.၁ LIFT ၏ယုတ္တိဗေဒမူဘောင်။ ရည်ရွယ်ချက်နှင့် ရလဒ်အဆင့် အညွှန်းများ ၁၃

၂.၂ လုပ်ငန်းစဉ် စောင့်ကြည့်စစ်ဆေးခြင်း ၁၉

၃. **ဒေသအလိုက်စီမံကိန်းများ** ၂၁

၃.၁ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ၂၂

၃.၂ အပူပိုင်းဇုန် ၃၇

၃.၃ တောင်တန်းဒေသ ၄၉

၃.၄ ကမ်းရိုးတန်းဒေသ ၅၉

၄. **ဒေသအလိုက်စီမံကိန်းများသို့ ပံ့ပိုးခြင်း** ၆၇

၄.၁ ငွေကြေးဆိုင်ရာ လက်လှမ်းမီမှု ၆၇

၄.၂ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် လက်တွဲဆောင်ရွက်ခြင်း ၇၄

၅. **စနစ်အပြောင်းအလဲ** ၈၀

၅.၁ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ၈၁

၅.၂ အားလုံးပါဝင်သော တန်းဖိုးကွင်းဆက်/ဈေးကွက်စနစ် ဖြစ်ထွန်းမှု ၈၂

၅.၃ လူမှုကာကွယ်စောင့်ရှောက်ရေး ၈၃

၅.၄ မြေယာလုပ်ပိုင်ခွင့်အာမခံ ၈၄

၅.၅ အာဟာရ ၈၆

၅.၆ ရာသီဥတုအပြောင်းအလဲနှင့်လိုက်လျောညီထွေနေနိုင်မှု နှင့် ကြံ့ကြံ့ခံနိုင်မှု ၈၈

၅.၇ ကျားမရေးရာ ၈၈

၅.၈ လေ့လာမှုနှင့် စစ်တမ်းများ ၉၀

ပြောင်းရွှေ့နေထိုင်မှုအခွင့်အလမ်းများ ထောက်ပံ့ခြင်း ၉၂

၆. **ရန်ပုံငွေစီမံခန့်ခွဲခြင်း** ၉၄

၆.၁ အုပ်ချုပ်ရေးကို ပြန်လည်သုံးသပ်ခြင်း ၉၄

၆.၂ LIFT၏ ရန်ပုံငွေခွဲဝေမှု ၉၄

၆.၃ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်များ၏စွမ်းဆောင်ရည် ၉၆

၆.၄ စောင့်ကြည့်စစ်ဆေးခြင်း၊လေ့လာအကဲဖြတ်ခြင်း၊သင်ယူခြင်း ၉၇

၆.၅ ဆက်သွယ်ရေး ၉၈

၆.၆ ဘဏ္ဍာရေး ၁၀၀

၇. **နောက်ဆက်တွဲများ** ၁၀၂

# အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| ACCU | Asia Credit Cooperative Union |
| ACI | Agrifood Consulting International |
| ACIAR | Australian Centre for International Agricultural Research |
| ASEAN | Association of Southeast Asian Nations |
| AYO | Ar Yone Oo |
| CAP | Community action plans |
| CBO | Community-based organisation |
| CFM | Community feedback mechanism |
| COP | Community of practice |
| DAR | Department of Agricultural Research |
| DC | Donor Consortium |
| DoA | Department of Agriculture |
| DoF | Department of Fisheries |
| DRD | Department for Rural Development |
| DNH | Do-no-harm |
| DSW | Department of Social Welfare |
| DPDO | Disabled Peoples Development Organisation |
| ECC | Emergency coordination committee |
| FMO | Fund management office |
| FB | Fund Board |
| FRD | Financial Regulatory Department |
| FSWG | Food Security Working Group |
| FIND | Financial Inclusion for National Development |
| FPE | farmer production enterprises |
| GIS | geographic information system |
| GoM | Government of Myanmar |
| ICAP | integrated community action plan |
| MAFF | management advice for family farms |
| MAP | Making Access Possible |
| MARC | Myanmar Access to Rural Credit |
| IEC | information education communication |
| IFC | International Finance Corporation |
| IGA | income-generation activity |
| IP | implementing partner |
| IRRI | International Rice Research Institute |
| LAMP | Land Administration and Management Programme |
| MAHFP | months of adequate household food provisioning |
| MBCU | Myanmar Baptist Churches Union |

| | |
|---|---|
| MC | Mercy Corps |
| MCS | Myanmar Ceramic Society |
| MEB | Myanmar Economic Bank |
| M&E | Monitoring and evaluation |
| MADB | Myanmar Agriculture Development Bank |
| MFI | microfinance institution |
| MoAI | Ministry of Agriculture and Irrigation |
| MoLFRD | Ministry of Livestock, Fisheries and Rural Development |
| MMK | Myanmar Kyat |
| MMSE | Myanmar Microfinance Supervisory Enterprise |
| MSN | Mangrove Service Network |
| MSR | Myanmar Survey Research |
| NAG | Network Activities Group |
| NAPA | National Action Plan for Agriculture |
| NATALA | Ministry of Border Affairs |
| NLUP | National Land-Use Policy |
| NPAFN | National Plan of Action for Food and Nutrition |
| OVEC | Office of the Vocational Education Commission |
| PoVAW | Protection of Violence Against Women |
| PwD | People with disabilities |
| PRGF | partial risk guarantee funds |
| PVS | participatory varietal selection |
| QSEM | Qualitative Social and Economic Monitoring (report) |
| REVEAL | Reducing Economic Vulnerability through an Equitable/Inclusive Approach to Livelihoods |
| SHG | self-help group |
| SME | small/medium enterprises |
| TdH | Terre Des Hommes |
| TVET | technical and vocational education training |
| UNCDF | United Nations Capital Development Fund |
| UNOPS | United Nations Office for Project Services |
| VAP | village action plan |
| VDSC | village development support committees |
| VDC | village development committee |
| VO | village organisations |
| VLSA | village Savings and Loan Associations |
| VSAT | Vegetable Sector Acceleration Task Force |
| WASH | water, sanitation, and hygiene |




၂၀၁၀ - ၂၀၁၄ ကာလအတွင်း LIFT နှင့်ထိတွေ့ခဲ့သော မိသားစုအရေအတွက်

# LIFTသည် မြန်မာနိုင်ငံရှိ ဆင်းရဲငတ်မွတ်မှုနှင့်ကြုံတွေ့နေသော ကျေးလက်နေလူဦးရေကို လျော့ကျအောင် ဆောင်ရွက်နေသည်

အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေသည် ၂၀၁၀ခုနှစ်မှ၍မြန်မာနိုင်ငံရှိလုပ်ကွက်ငယ်လယ်သမားမိသားစုများနှင့် ကျေးလက်နေ မြေယာမဲ့ဆင်းရဲနွမ်းပါးသူများကို ဦးတည်လျက် ယင်းတို့ကို ဝင်ငွေတိုးမြင့်စေမည့်၊ စားနပ်ရိက္ခာဖူလုံကာ အာဟာရဓာတ် ပြည့်ဝစေမည့်၊ ကောင်းမွန်စွာ နေထိုင်နိုင်စေမည့် စီမံကိန်းများကို ငွေကြေးထောက်ပံ့ပေးနေသည်။ LIFT၏စီမံကိန်းတို့သည် အဆင့်မီသီးနှံ၊ ချေးငွေနှင့်ဈေးကွက်တို့ကို လက်လှမ်းမီမှုစသည့် အခွင့်အရေးတို့ကို ဆောင်ကြဉ်းပေးရုံသာမက အခက်အခဲနှင့် အပြောင်းအလဲတို့ကိုလည်း ပို၍ ခံနိုင်ရည်ရှိစေသည်။ ဝင်ငွေတိုးတက်ခဲ့ပြီး အာဟာရနှင့် စားနပ်ရိက္ခာဖူလုံမှုလည်း ပိုမုရရှိလာခဲ့ကြသည်။ ထို့ပြင်LIFTသည် အားလုံးပါဝင်စေသော ရေရှည်တည်တံ့သည့် မူဝါဒများကို ပေါ်ထွန်းစေရန် အထောက်အထားများကိုလည်း ပေးအပ်နေသည်။

၂၀၁၀ခုနှစ်မှစ၍ ရန်ပုံငွေ ကန်ဒေါ်လာ ၂၀၆သန်းကိုစုပေါင်းကာ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုး-ဂေဟဇုန်လေးခုဖြစ်သော တောင်တန်းဒေသ၊ အပူပိုင်းဇုန်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသတို့တွင် စီမံကိန်း၉၀ကျော်ကို ထောက်ပံ့နေသည်။ LIFTသည် နိုင်ငံတွင်းရှိမြို့နယ်များအားလုံး၏ ထက်ဝက်ခန့်တွင် လုပ်ငန်းများကိုထောက်ပံ့နေသည်။

LIFT၏ ထောက်ပံ့မှုသည် ဤနိုင်ငံလူဦးရေ၏ ၅%ခန့်ဖြစ်သောလူ၂.၈သန်းသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ LIFTကို အလှူရှင်အဖွဲ့(DC)နှင့် ရန်ပုံငွေဘုတ်အဖွဲ့(FB)က အုပ်ချုပ်ပြီး၊ ကုလမဂ္ဂစီမံကိန်းများဝန်ဆောင်မှုရုံး (UNOPS)က စီမံခန့်ခွဲလျက်ရှိသည်။ စီမံကိန်းများကို LIFT၏ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် ဒေသခံနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ သုတေသနနှင့်ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍများမှ တစ်ဆင့် အကောင်အထည်ဖော်လျက်ရှိသည်။ မူလက ၅နှစ်တာရန်ပုံငွေအဖြစ် တည်ထောင်ခဲ့သော်လည်း LIFTကို နှစ်ကြိမ်တိုင်တိုင် သက်တမ်းတိုးချဲ့ခဲ့ရပြီးဖြစ်သောကြောင့် ၂၀၁၈ခုနှစ်နှစ်ကုန်အထိ ဆက်လက်ဆောင်ရွက်ရန် မျှော်လင့်ရပါသည်။

၂၀၁၄ခုနှစ်တွင် ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုတို့ ပါဝင်သည့် အလှူရှင် ၁၂ ဦးတို့က LIFTကို ထောက်ပံ့ခဲ့သည်။ ပထမဆုံး ပုဂ္ဂလိကကဏ္ဍအလှူရှင်ဖြစ်သော မစ်ဆူဘီရှီ ကော်ပိုရေးရှင်းသည်လည်း မကြာသေးမီက ပါဝင်လာခဲ့ကြသည်။

# အခန်း ၁



ဤနှစ်တွင် LIFTသည် နိုင်ငံတဝှမ်းရှိ ၁၅၇မြို့နယ်တွင် စီမံချက် ၆၄ခု ကို ရန်ပုံငွေ ချထားပေးခဲ့သည်။

# ၁။ အနှစ်ချုပ်တင်ပြချက်

၂၀၁၄ ခုနှစ်တွင် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ LIFTသည် မြန်မာနိုင်ငံတွင် လုပ်ငန်း ဆောင်ရွက်ခဲ့သည်မှာ ငါးနှစ်မြောက်ပြီ ဖြစ်သည့်ပြင် တိုးတက်ခဲ့သည်မှာလည်း ငါးနှစ်မြောက်ပြီဖြစ် သည်။ တိုးတက် သည် ဆိုရာတွင် ရလဒ်နှင့်ဆောင်ရွက်ဆဲ စီမံကိန်းအရေအတွက်(၆၄ခု)[1] အရသာမကလွှမ်းခြုံထားသော စုစုပေါင်း နယ်မြေအကျယ်အဝန်း အရလည်း တိုးတက်သည် ဟု ဆိုရခြင်းဖြစ်သည်။

LIFTသည် နိုင်ငံ၏မြို့နယ် ၃၃၀ ရှိသည့် အနက် ၁၅၇မြို့နယ်တွင် လုပ်ငန်းဆောင်ရွက်နေသည်။[2] မူလအထောက်အပံ့များကို တိုးချဲ့ခြင်း၊ စီမံချက်လိုအပ်ချက်များအရ ပြောင်းလဲ ပြင်ဆင်ခြင်းတို့ကြောင့် လွန်ခဲ့သော ၂နှစ်အတွင်းတွင် ရန်ပုံငွေ အထောက်အပံ့များကို ပြင်ဆင်မှုမှာ ၁၃၂ကြိမ်အထိ ရှိခဲ့သည်။ ယခုနှစ် နှစ်ကုန်တွင် မြန်မာနိုင်ငံလူဦးရေ၏ ငါးရာခိုင်နှုန်းခန့်ဖြစ်သော ကျေးလက်နေ မိသားစုပေါင်း ၆၂၈,၀၀၀ စုတို့သည် LIFT၏ အထောက်အပံ့ကို ရရှိခဲ့ ကြသည်။[3]

လုပ်ဖော်ကိုင်ဖက်များထံမှရသော ကိန်းဂဏန်းအချက်အလက် များအရ (LIFT၏စစ်တမ်းများနှင့်လည်း အပြန်အလှန် စစ်ဆေးထားပြီး) LIFT၏ ရလဒ်တို့သည် ခိုင်မာနေဆဲ ဖြစ်သည်။ အထူးသဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ငွေကြေး ဝန်ဆောင်မှုလက်လှမ်းမီရေး တို့တွင် ဖြစ်သည်။[4]

အိမ်ထောင်စုစုစုပေါင်း ၂၅၂,၀၀၀ သို့မဟုတ် လူဦးရေ ၁.၁သန်းခန့်သည် စားနပ်ရိက္ခာ ပိုမိုဖူလုံလာကြပြီး အိမ်ထောင်စု ၁၃၃,၀၀၀ မှာ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြသည်။ ထိုသို့ တိုးတက်ထုတ်လုပ်နိုင်ရခြင်း၏ အဓိကအကြောင်းမှာ အိမ် ထောင်စု ၂၁၆,၀၀၀ ကျော်သည် LIFTက ငွေကြေးထောက်ပံ့ သော အသေးစားငွေချေးလုပ်ငန်းများမှ အတိုးနှုန်း သက်သာ စွာဖြင့် ငွေချေးယူလာနိုင်ကြသောကြောင့်ဖြစ်သည်။ ယေဘူယျ အားဖြင့် LIFTသည် ယင်းချမှတ်ထားသောရည်မှန်းချက်တို့၏ သုံးပုံနှစ်ပုံကို ပြည့်မီကျော်လွန်ခဲ့သည်။ (အခန်း၂ ကိုကြည့်ပါ)

ဤရလဒ်များမှာ နေရာတိုင်းလိုလိုတွင် တိုးတက်နေသော ကျေး လက် စီးပွားရေးမှ ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် LIFTသည် အိမ်ထောင်စုစစ်တမ်းကောက်ယူ ချက်များကို ထုတ်ဝေခဲ့သည်။[5] ယင်းတွင် ၂၀၁၁ခုနှစ်မှစ၍ တိုင်းပြည်၏ စီးပွားရေးစနစ်ကို မည်သို့ဖြေလျှော့ပေးခဲ့ခြင်းက ကျေးလက်လူထုအတွက် အခွင့်အလမ်းသစ်များကို မည်သို့ ဆောင်ကြဉ်းနိုင်ခဲ့ကြောင်းတို့ကို ဖော်ပြထားသည်။ ဤစစ်တမ်း အရ အဓိကဖြစ်စဉ်သုံးခုကို သိရှိရသည်။ ပထမမှာ မြန်မာနိုင်ငံ ကျေးလက်ဒေသ တစ်ဝန်းရှိ အိမ်ထောင်စုများသည် ယင်းတို့၏ ဘဝတွင် ထူးထူးခြားခြား တိုးတက်မှုများကို ကြုံတွေ့နေရခြင်းဖြစ်ပြီး အသိသာဆုံးအနေဖြင့် စားနပ် ရိက္ခာဖူလုံလာခြင်းပင် ဖြစ်သည်။ အခြားသောကဏ္ဍများတွင် လည်း တိုးတက်မှုများရှိနေပြီး အသုံးအဆောင်ပစ္စည်းများ ပိုင်ဆိုင်လာခြင်းလည်း ပါဝင်သည်။ (ဥပမာ။ ကျေးလက် ဒေသတွင် မိုဘိုင်းဖုန်းပိုင်ဆိုင်မှုမှာ လေးဆတက်လာခဲ့သည်) ဒုတိယအချက်မှာ LIFTစီမံချက် ကျေးရွာများသည် LIFT စီမံချက်မရှိသော အခြားအလားတူပြင်ပ ကျေးရွာများထက် သိသာလျင်မြန်စွာ တိုးတက်နေခြင်းပင် ဖြစ်သည်။တတိယ အချက်မှာ လယ်ပိုင်သောအိမ်ထောင်စုများ၊ ဝင်ငွေမြင့်မား သော အိမ်ထောင်စုများအနေဖြင့် ပိုမိုလျင်မြန်စွာ တိုးတက်ကြခြင်းပင် ဖြစ်သည်။ အနွမ်းပါးဆုံးအိမ်ထောင်စုများ၊ မြေယာမဲ့အိမ်ထောင်စုများမှာ အသက်မွေးဝမ်းကျောင်းမှုတွင် လည်း အတော်အတန်တိုးတက်မှုများကို တွေ့မြင်ရသည်။

အသက်မွေးဝမ်းကျောင်းမှု တိုးတက်သည့်လမ်းကြောင်းများ သည် စိုက်ပျိုးရေး-ဂေဟဇုန်များအလိုက် ကွဲပြားသည်။

LIFTက ငွေကြေးထောက်ပံ့သော စီမံကိန်းများကိုဒေသအခြေ အနေနှင့် ကိုက်ညီအောင်ရေးဆွဲထားပြီး ဤနှစ်ပတ်လည် အစီရင်ခံစာတွင် LIFTက လုပ်ငန်းဆောင်ရွက်နေသော ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ အပူပိုင်းဇုန် (မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်း တောင်ပိုင်းတို့ပါဝင်သည်) ကုန်းမြင့် တောင်တန်းဒေသများဖြစ်သည့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် အောင်မြင်ခဲ့သည့် ဆောင်ရွက်ချက်များကို အထူးပြုတင်ပြသွားမည်ဖြစ်သည်။ (အခန်း၃ ကိုကြည့်ပါ) ဥပမာအားဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ရေငန်ဝင်သောနေရာများတွင် အထူးထိရောက်ပြီး လွယ်ကူစွာ အသုံးပြုနိုင်သည့်နည်းဖြင့် သီးထပ်စိုက်ပျိုးခြင်းဖြစ်သည်။ ဆား ငန်ဒဏ်ခံနိုင်သောစပါးမျိုးကိုသုံးကာ ဒီရေအကျဆုံးအချိန်တွင်

**၂၀၁၄ ခုနှစ်တွင် LIFT မြန်မာနိုင်ငံတွင် လုပ်ငန်း ဆောင်ရွက်နေသည်မှာ ငါးနှစ် ပြည့်မြောက်ပြီဖြစ်ရာဆောင်ရွက်လျက် ရှိသည့်ဒေသများတွင် စီမံချက်စုစုပေါင်း ၆၄ ခုအထိ ရောက်ရှိ လာခဲ့ ပြီဖြစ်သည်။**

1 ၂၀၁၄ခုနှစ်တွင် စီမံချက်၁၉ခုကို ပြီးစီးပိတ်သိမ်းကာအသစ်၁၃ခုကို လက်မှတ်ရေးထိုးခဲ့သည်။
2 ၂၀၁၃ခုနှစ် နောက်ပိုင်းတွင် မြို့နယ်၅၀တိုးလာသည်။
3 ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းပါ စုစုပေါင်းလူဦးရေ ၅၁သန်းကို အခြေခံခြင်းဖြစ်သည်။ ဤကိန်းဂဏန်းမှာ ၂၀၀၉မှ၂၀၁၄ထိ စုစုပေါင်းဖြစ်သည်။
4 ဤကိန်းဂဏန်းများသည် LIFT၏ အညွှန်းပြအိမ်ထောင်စုစစ်တမ်းပါ အချက်အလက်များဖြင့် ချိတ်ဆက်ရယူထားသည်။ ယင်းတို့သည် ၂၀၁၄ခုနှစ်ကုန်ပိုင်းတွင် ကောက်ယူစဉ်က အခြေအနေများကိုဖော်ပြနေသည်။
5 ၂၀၁၃ခုနှစ် နိုဝင်ဘာလတွင် LIFT၏အိမ်ထောင်စုစစ်တမ်းကို ကောက်ယူခဲ့သည်။ ယင်းတို့ကို ၂၀၁၁ခုနှစ် နိုဝင်ဘာလတွင် ကောက်ယူခဲ့သော LIFT၏အခြေခံမျဉ်းစစ်တ မ်းနှင့်နှိုင်းယှဉ်ကြည့်ရန် ရေးဆွဲထားသည်။ စစ်တမ်း၂စောင်လုံးကို www.lift-fund.org တွင်ဖော်ပြထားသည်။

ရေတင်ခြင်းဖြင့် ယခင်က မစိုက်နိုင်ခဲ့သောနေရာတွင် ဒုတိယ စပါးသီးနှံကို စိုက်ပျိုးနိုင်သောကြောင့် ယင်းတို့၏ဝင်ငွေမှာလည်း နှစ်ဆတိုးခဲ့သည်။ အပူပိုင်းဇုန်တွင်လည်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို လွယ်ကူ၍ အကုန်အကျသက်သာသော မြေမဲ့စိုက်ပျိုးနည်း၊ ရေအစက်ချစိုက်ပျိုးနည်းတို့ဖြင့် စိုက်ပျိုးပုံကို မိတ်ဆက်ပေးခဲ့သည်။ ဤနည်းစနစ်များကို ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင်လည်း သင်ကြားပေးရန် မိတ်ဆက်ပေးထားပြီးဖြစ်သည့်အပြင် ၎င်းနည်းစနစ်ဖြင့် ဝေးလံခေါင်ဖျားသည့် အပူပိုင်းဇုန်ကျေးရွာများတွင်လည်း အာဟာရပြည့်ဝသောသီးနှံများ ထုတ်လုပ်ရရှိနေပြီဖြစ်သည်။ ရခိုင်ပြည်နယ်တွင် အာဟာရဆိုင်ရာပညာပေးခြင်းနှင့် ရက်ပေါင်း၁၀၀၀ကာလ (ကလေးတစ်ဦးသန္ဓေသားဘဝမှ ဒုတိယမွေးနေ့အထိ)မိခင်ကို ငွေကြေးပံ့ပိုးပေးသည့် ရှေ့ပြေးစီမံကိန်းကို စတင်ခဲ့သည်။ စီမံကိန်းကျေးရွာ ၁၅ ရွာတွင် တိုးတက်မှုများကို တွေ့ရှိနေရပြီး ထိုထောက်ပံ့ငွေကို အစားအစာနှင့် ကျန်းမာရေးကိစ္စများတွင် အသုံးပြုကြကြောင်း အထောက်အထားများလည်း ပါဝင်သည်။

စိုက်ပျိုးရေး-ဂေဟာဇုန်လေးခုစလုံးတွင် LIFTသည် လုပ်ကွက်ငယ်လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ပေါင်းစည်းပြီး စီးပွားဖြစ် စိုက်ပျိုးရေး တန်ဖိုးကွင်းဆက် ရရှိနိုင်ရန် ထောက်ပံ့ပေးခဲ့သည်။

LIFTသည် အားလုံးပါဝင်သော တန်ဖိုးကွင်းဆက်ဖြစ်ပေါ်စေရန် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ လုပ်ကွက်ငယ်လယ်ယာစိုက်ပျိုးရေးတွင် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍ သော်လည်းကောင်း ရင်းနှီးမြှုပ်နှံစေရန်ဦးတည်သည်။ (အခန်း၃နှင့် ၅ကိုကြည့်ပါ)။ ထိရောက်သောအပြိုင်အဆိုင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ယုံကြည် စိတ်ချရသောဈေးကွက်များ၊ လယ်သမားတို့၏အသိပညာကို တိုးတက်စေမည့် ဝန်ဆောင်မှုများစသည့် အဆင့်မီသွင်းအားစုများကို လုပ်ကွက်ငယ်လယ်သမားများ ရရှိစေမည့်ကန်ထရိုက် လယ်ယာပုံစံများဖြင့်ဆောင်ရွက်သည်။ ၂၀၁၄ခုနှစ်တွင် LIFT သည် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းအမျိုးမျိုးကို ဖန်တီးခဲ့ရာတွင် မျိုးစေ့သုတေသနလုပ်ငန်းအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း၍ လုပ်ကွက်ငယ်လယ်သမားတို့နှင့် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် တိုက်ရိုက်ချိတ်ဆက်ထားသော လယ်သမားများပိုင်ဆိုင်သည့် စိုက်ပျိုးရေးသမဝါယမကိုထူထောင်ခြင်း၊ လုပ်ကွက်ငယ်လယ်သမားများနှင့် ပုဂ္ဂလိကကဏ္ဍမှ ရေသွင်းအခြေခံအဆောက်အအုံတို့ ကန်ထရိုက်လုပ်ငန်းချိတ်ဆက်ဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာဖူလုံမှု၊ မျိုးကောင်းမျိုးသန့်များ၊ လယ်ယာစိုက်ပျိုးရေးနည်းနာကောင်းများတို့နှင့် ပတ်သက်သော ခေတ်မီ အသိပညာနှင့် ကျွမ်းကျင်မှုတို့ကိုရရှိအောင် ဆောင်ရွက်ပေးခြင်းတို့လည်း ပါဝင်သည်။

ကျေးလက်ချေးငွေရရှိခြင်းသည် LIFT၏ ဦးတည်အုပ်စုများအတွက် အရေးပါသည်။ LIFTသည် ငွေကြေးဆိုင်ရာကဏ္ဍတွင် အားလုံးပါဝင်စေမှု၌ ဆက်လက် ရင်းနှီးမြှုပ်နှံနေသည်။

နိုင်ငံတွင်းရှိ အသေးစားငွေချေးသူတို့၏ ၆၀%ဖြစ်သော လူ၇၂၈,၀၀၀ ကို ငွေကြေးဝန်ဆောင်မှုပေးနေသည့် အသေးစားချေးငွေလုပ်ငန်း၁၅ခုသို့ ဖွဲ့စည်းပုံဆိုင်ရာ ပံ့ပိုးကူညီမှုများကို ပေးခဲ့ပြီးဖြစ်သည်။ LIFTသည် တစ်နိုင်ငံလုံးရှိ အသေးစားငွေချေးသူတို့၏ ၁၈%ဖြစ်သည့် လူ၂၁၆,၀၀၀ကို ချေးငွေများ ထုတ်ပေးခဲ့သည်။အဆိုပါငွေချေးသူတို့၏ ၉၄%မှာအမျိုးသမီးများ ဖြစ်ကြသည်။ (အခန်း၄ကိုကြည့်ပါ)

မြေပြင်အခြေအနေတွင်ရရှိသော ရလဒ်များအပြင် LIFTသည် စနစ်အပြောင်းအလဲကို ဩဇာသက်ရောက်မှုရှိစေရန် ယင်း၏ အသိပညာနှင့်အထောက်အထားများကို အောင်မြင်စွာအသုံးပြုလျက်ရှိသည်။

ထိုအပြောင်းအလဲများသည် လုပ်ကွက်ငယ်လယ်သမားများနှင့် မြေယာမဲ့များအား အသက်မွေးဝမ်းကျောင်းရွေးချယ်ခွင့်များကို ပေးအပ်မည်ဖြစ်သည်။[6] LIFT၏ မဟာဗျူဟာအသစ်တွင် ဖော်ပြထားသော ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အားလုံးပါဝင်သော တန်ဖိုးကွင်းဆက်များ/ ဈေးကွက်စနစ်များ ဖြစ်ထွန်းမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ လယ်ယာလုပ်ပိုင်ခွင့်အာမခံ၊ အာဟာရ၊ ရာသီဥတုအပြောင်းအလဲကို လိုက်လျောညီထွေနေနိုင်မှုဟူသော ဦးစားပေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။ ကျားမရေးရာနှင့် ကြံ့ကြံ့ခံနိုင်မှုဟူသော မူများမှာ ဆောင်ရွက်မှုတိုင်းတွင်ပါဝင်သည်။ LIFT၏ အစီရင်ခံစာများ၊ လေ့လာမှုများမှ ရရှိသော အထောက်အထားများကို အသုံးပြုကာတိုက်ရိုက်ရော၊ လုပ်ဖော်ကိုင်ဖက်များမှ တစ်ဆင့်ပါ ဆောင်ရွက်မည်ဖြစ်သည်။ ဥပမာအားဖြင့် MAP အစီရင်ခံစာ[7] တွင်အသေးစားငွေကြေးလုပ်ငန်းများ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဿနာများဖြစ်သည့် ထုတ်ချေးငွေများပြားလာခြင်း၊ အတိုးနှုန်းကန့်သတ်ချက်များကို လျှော့ပေါ့ပေးခြင်း၊ အသေးစားငွေချေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့ပေးခြင်း စသော LIFT၏ ဆောင်ရွက်နေမှုများကို ထောက်ခံထားသည်။

6 စနစ်အပြောင်းအလဲတွင် ကဏ္ဍအလိုက်မူဝါဒများ၊ ပိုမိုထိရောက်သောကဏ္ဍအလိုက်အဖွဲ့အစည်းများ၊ ကဏ္ဍအလိုက်စီမံခြင်း နှင့် ရင်းနှီးမြှုပ်နှံခြင်း၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များသည် ပိုမိုထိရောက်ကောင်းမွန်လာမည် ဖြစ်သည်။

7 Making Access Possible – Myanmar Diagnostic Study UNCDF, FinMark Trust, Cenfri, UNDP, LIFT



ဘဏ္ဍာရေးဝန်ကြီးဌာနက အသစ်မွမ်းမံ ပြဋ္ဌာန်းလိုက်သော အသေးစားငွေကြေးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သည် အရေးကြီးသော ပြဿနာအချို့တို့ကိုသာ ကိုင်တွယ် ဖြေရှင်းထားသည်။ လယ်လုပ်ပိုင်ခွင့် အာမခံနှင့် ပတ်သက်၍ LIFTသည် မြေအသုံးချခြင်းမူဝါဒ မူကြမ်းပြုစုရာတွင် လယ်သမားများကို ပါဝင်ခွင့်ပြုခြင်းနှင့် အရေးကြီးသော မူဝါဒဆိုင်ရာ လေ့လာမှုအချို့တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ထောက်ပံ့ခဲ့သည်။ မြို့နယ်နှစ်ခုတွင် လယ်ယာမြေမှတ်ပုံတင်ရေး လုပ်ငန်းကို ရှေ့ပြေးဆောင်ရွက်ရာတွင် LIFTက နည်းပညာ အထောက်အကူများကို ပေးအပ်ခဲ့သည်။ (အခန်း၅ ကိုကြည့်ပါ).

အစိုးရသို့မူဝါဒဆိုင်ရာနှင့်နည်းပညာဆိုင်ရာအကြံပေးခြင်းသည် LIFT၏ဆောင်ရွက်မှုများတွင် အရေးပါလာသည်။

ယခုနှစ်တွင် LIFTသည် မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် အချိန်ပြည့်အကြံပေးပုဂ္ဂိုလ် နှစ်ဦးကို ခန့်ထားပေးခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် အမျိုးသားမဟာဗျူဟာမူဘောင်အသစ်ကို ဝန်ကြီး ဌာနက အကောင်အထည်ဖော်ရာတွင် အထောက်အကူပေး လျက်ရှိသည်။ ဝန်ကြီးဌာန၏ စွမ်းဆောင်ရည်မြှင့်တင်မှု စီမံချက်နှင့် အမျိုးသားအဆင့် ကျေးလက်နှင့်မြို့နယ်အလိုက် ဖွံ့ ဖြိုးတိုးတက်ရေးစီမံချက်ရေးဆွဲခြင်း စီမံချက်များကို ဆောင်ရွက် မည်ဖြစ်သည်။ ထို့ပြင် LIFTသည် စိုက်ပျိုးရေးဆိုင်ရာအမျိုးသား အဆင့် လုပ်ငန်းစီမံချက်တစ်ခုကိုပြုစုရန် အစိုးရကို ထောက်ပံ့ လျက်ရှိသည်။

ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင် ရွက်မှုသည်လည်း ဤနှစ်အပြောင်းအလဲများကို LIFT က ကူညီရာတွင် အရေးပါသည်။


၂၀၁၄ခုနှစ်တွင် LIFTက ထောက်ပံ့ထားသော အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် လုပ်ကွက်ငယ်လယ်သမားများနှင့် မြေယာမဲ့များ၏ အကျိုးကိုဦးတည်သော မူဝါဒဆိုင်ရာတွင် သိသာစွာ ဩဇာသက်ရောက်မှုရှိခဲ့သည်။ စားနပ်ရိက္ခာဖူလုံမှု ဆိုင်ရာလုပ်ငန်းအဖွဲ့ (Food Security Working Group)၊ မြေယာမဏ္ဍိုင်အဖွဲ့ (Land Core Group)၊ ကျားမရေးရာ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network)၊ Network Activities Group၊ မြန်မာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ရက် (Myanmar Environment Rehabilitation-conservation Network)၊ လူမှုကာကွယ် စောင့်ရှောက်ရေး မူဝါဒ သုတေသနအဖွဲ့ (Social Protection Policy Research Group) တို့၏ ဆောင်ရွက်ချက်များကို အခန်း၄နှင့် ၅တွင် ဖော်ပြထားသည်။

LIFTသည် အပြောင်းအလဲများနှင့်လိုက်လျောညီထွေမှုရှိစေရန် မဟာဗျူဟာလမ်းညွှန်ချက်ကို ပြန်လည်ပြင်ဆင်ခဲ့သည်။


၂၀၁၄ခုနှစ်တွင် အစိုးရနှင့်လုပ်ဖော်ကိုင်ဖက်များထံမှရရှိသော အချက်အလက်များဖြင့် မဟာဗျူဟာအသစ် တစ်စောင်ကို ရေးသားခဲ့သည်။ ယင်းသည် လုပ်ငန်းပတ်ဝန်းကျင်၏ ပြောင်းလဲမှုပမာဏကို အသိအမှတ်ပြုခြင်းဖြစ်သည့် အပြင် ဦးတည်အုပ်စု အသီးသီး၏ အသက်မွေးဝမ်းကျောင်းနိုင်မှု စွမ်းရည်ကိုလည်း LIFTက ထောက်ပံ့ခွင့်ရရှိခဲ့သည်။ စီးပွား ဖြစ်နိုင်စွမ်းရှိသော လုပ်ကွက်ငယ်လယ်သမားများကို ယင်းတို့၏ ကုန်ထုတ်လုပ်မှုအား "တက်လှမ်း"စေပြီး ကြီးမား ကျယ်ပြန့် လာသော ဈေးကွက်စီးပွားရေးတွင် ပိုမိုတက်ကြွစွာပါဝင် နိုင်ရန် LIFTက ကူညီသည်။ ထို့ပြင် LIFTသည် ကျေးလက် အိမ်ထောင်စုများကို ကုန်ထုတ်လုပ်မှု တိုးတက်စေခြင်းဖြင့် အချိန်ကာလကြာမြင့်စွာ ဝမ်းစာလုံလောက်ခြင်း မရှိသော စိုက်ပျိုးရေးလုပ်ငန်းမှ "ထွက်ခွာ" နိုင်အောင်ကူညီသည်။ ထိုသို့ ထွက်ခွာရာတွင် ဒေသတွင်းရှိ ဝင်ငွေကောင်းသည့် အခြား အလုပ်အကိုင်များကို ရှာဖွေရန် ဒေသတွင်းထွက်ခွာခြင်း ဖြစ်နိုင်သကဲ့သို့ အခြားအရပ်ဒေသများရှိ အလုပ်အကိုင် အခွင့်အလမ်းများသို့ ရွှေ့ပြောင်းထွက်ခွာခြင်းလည်း ဖြစ်နိုင် သည်။ စီးပွားဖြစ်နိုင်စွမ်းများကို မပိုင်ဆိုင်သည့် သို့မဟုတ် ထွက်ခွာနိုင်စွမ်းမရှိသည့် အိမ်ထောင်စုများကိုမူ မြန်မာ့စီးပွား ရေး၏ အသွင်ကူးပြောင်းဆဲကာလတွင် ရိက္ခာဖူလုံစေရန်နှင့် အာဟာရ ပြည့်ဝစေရန်အတွက် စိုက်ပျိုးရေးကို သက်စောင့် ပိုက်ကွန်အဖြစ်အသုံးပြုကာ "တောင့်ထား" နိုင်ရန် ကူညီသည်။

ဤမဟာဗျူဟာအသစ်သည် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်ကို အလေး ပေးမည်ဖြစ်ပြီး အာဟာရနှင့်ရာသီဥတု အပြောင်းအလဲအား လိုက်လျောညီထွေ နေနိုင်မှုတို့ကိုလည်း တိကျပြတ်သားစွာ ဦးတည်မည် ဖြစ်သည်။

ပဋိပက္ခဖြစ်ပွားခဲ့သောနယ်မြေများကို အထောက်အပံ့ပေးရန် ပိုမို စိတ်ဝင်စားလျက်ရှိသည့်အပြင် ပဋိပက္ခများကြောင့်နေရပ်စွန့်ခွာ သူများအတွက်လည်း ဆောင်ရွက်ပေးနိုင်မည့် အလားအလာ များလည်း ရှိနေသည်။ ပိုမိုလုပ်ကိုင်နိုင်မှု၊ ပိုမိုသက်ရောက်မှု၊ ရေရှည်တည်တံ့မှုတို့ကို ရရှိစေရန် ပုဂ္ဂလိကကဏ္ဍနှင့်ပိုမိုထိတွေ့




LIFTလုပ်ငန်းဆောင်ရွက်နေသောမြို့နယ်အရေအတွက်




ဆောင်ရွက်ဆဲစီမံချက်အရေအတွက်

ဆက်ဆံခြင်းနှင့်တကွ ဤအစိတ်အပိုင်းများသည် မဟာဗျူဟာအတွက်အရေးကြီးသော အခြေခံအပိုင်းသစ်များ ဖြစ်ကြသည်။

### မဟာဗျူဟာအသစ်သည် LIFT၏ အသိပညာနှင့် သင်ယူမှုစင်မြင့် အခန်းကဏ္ဍကို အလေးပေးဖော်ပြနေသည်။

LIFTသည် အထောက်အထားအခြေပြု မူဝါဒချမှတ်ခြင်းကို တိုက်တွန်းအားပေးလျက်ရှိပြီး ၂၀၁၄ခုနှစ်အတွင်းတွင် လေ့လာမှုအသစ်၁၆ခုကို ပြုလုပ်စေခဲ့သည်။ (အခန်း၅တွင် ကြည့်ပါ)။ လယ်ယာထွက်ကုန်ဆိုင်ရာ စီးပွားရေး၊ ရွှေ့ပြောင်းခြင်း၊ ဆန်တင်ပို့နိုင်မည့် အခွင့်အလမ်းတို့နှင့် သက်ဆိုင်သည့်လေ့လာမှုများမှ သတင်းအချက်အလက်များကို အသုံးပြုကာ အစီအစဉ်သစ်များကို ရေးဆွဲချမှတ်ခဲ့သည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့်လက်တွဲကာ ကျင်းပခဲ့သည့် နှစ်ပတ်လည် ဖိုရမ်အပါအဝင် အသိပညာမျှဝေသော အခမ်းအနားပေါင်း(၄၀)ကို ယခုနှစ်အတွင်းတွင် LIFTက ကျင်းပနိုင်ခဲ့သည်။ ဖိုရမ်တွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ ကျေးလက်ဖွံ့ဖြိုးရေး ကျွမ်းကျင်ပညာရှင်များသည် "မြန်မာနိုင်ငံ ကျေးလက်စီးပွားရေးကို ပြောင်းလဲနေသည့် အင်အားများ၊ ကြံ့ကြံ့ခံနိုင်မှုနှင့် တိုးတက်မှုကိုထောက်ပံ့ခြင်း" ဟူသော အကြောင်းအရာကို နှစ်ရက်ကြာဆွေးနွေးခဲ့ရာတွင် ဖွံ့ဖြိုးရေး ဆောင်ရွက်နေသူ ၃၀၀ကျော် တက်ရောက်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားတွင် LIFT စီမံကိန်းများမှ ဖော်ထုတ်ရရှိသော သင်ခန်းစာများကို ပြသထားသည့်"ဈေး" ပြခန်းကို လူအများ နှစ်သက်ခဲ့ကြသည်။

### မဟာဗျူဟာအသစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် LIFTသည် ဌာနတွင်းအဆုံးအဖြတ်ပေးမှုနှင့် အုပ်ချုပ်မှုတို့ကို ပြုပြင်ပြောင်းလဲခဲ့သည်။


၂၀၁၄ခုနှစ်နှစ်ဆန်းတွင် မိမိ၏ အုပ်ချုပ်မှုပုံစံများနှင့် အစီအစဉ်များ ကောင်းစွာလုပ်ငန်းဆောင်ရွက်နေခြင်း ရှိမရှိကို ဆုံးဖြတ်ရန် ပြန်လည်သုံးသပ်မှုတစ်ခုကို ဆောင်ရွက်ခဲ့သည်။ သုံးသပ်ချက်အစီရင်ခံစာတွင် ရန်ပုံငွေစီမံခန့်ခွဲမှုရုံး၊ ရန်ပုံငွေဘုတ်အဖွဲ့၊ အလှူရှင်အဖွဲ့တို့၏ တာဝန်များကို ပြန်လည်သတ်မှတ်ခြင်း၊ အစိုးရနှင့် အခြားပတ်သက်ဆက်နွယ်နေသူများကိုလည်း LIFT၏ အုပ်ချုပ်မှုတွင် တရားဝင် ပါဝင်စေခြင်းဖြင့် LIFT၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်ကို သိသိသာသာ တိုးတက်စေမည်ဟု ဖော်ပြထားသည်။ သုံးသပ်မှုရလဒ်တစ်ခုအနေဖြင့် ၂၀၁၅ခုနှစ်တွင် ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် အစိုးရကဦးဆောင်မည့် အကြီးတန်း အတိုင်ပင်ခံအဖွဲ့တစ်ခုကို ထူထောင်မည်ဖြစ်သည်။ ထိုအဖွဲ့သည် ရန်ပုံငွေဘုတ်အဖွဲ့ကို မဟာဗျူဟာဆိုင်ရာ ဦးစားပေးလုပ်ငန်းများကို အကြံပေး ခြင်း၊ LIFT၏ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် အရည် အသွေးတို့ကို သုံးသပ်ခြင်း၊ LIFTက ကြုံတွေ့ရမည့် အကြပ်အတည်းများနှင့် ယင်းတို့ကို လျော့ပါးအောင် ရန်ပုံငွေဘုတ်အဖွဲ့သို့ အကြံပေးခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်သည်။

### LIFTသည် ငွေကြေးအထောက်အပံ့မှုအသစ်များကို စည်းရုံးခဲ့သည်။

၂၀၁၄ခုနှစ်တွင် အလှူရှင်တစ်ဦး(အီတလီ) ပါဝင်လာသဖြင့် အလှူရှင်စုစုပေါင်းမှာ ၁၂ဦးရှိသွားပြီဖြစ်သည်။ လက်ရှိအလှူရှင်အချို့ကလည်း ထပ်မံထောက်ပံ့ခဲ့ကြသည်။ ဤနှစ်အကုန်တွင် စုစုပေါင်းထောက်ပံ့မှုမှာ ကန်ဒေါ်လာ၂၀၆သန်းအထိ ရှိခဲ့သည်။ (အခန်း၆တွင် ကြည့်ပါ)

### အဓိကစီမံကိန်းအသစ်(၃)ခုတွင် လုပ်ငန်းဆက်လက်ဆောင်ရွက်နေသည်။ ယင်းတို့မှာ အပူပိုင်းဇုန်စီမံကိန်း (ကန်ဒေါ်လာ ၅၃သန်း)၊ မြစ်ဝကျွန်းပေါ်ဒေသ စီမံကိန်း (၃) (ကန်ဒေါ်လာ သန်း၃၀)၊ တောင်တန်းဒေသစီမံကိန်း (ကန်ဒေါ်လာ၆၅သန်း) တို့ ဖြစ်ကြသည်။

စီမံကိန်းတစ်ခုချင်းစီတိုင်းကို သက်ဆိုင်ရာ စိုက်ပျိုးဒေသများနှင့် လိုက်လျောညီထွေဖြစ်စေပြီး LIFT၏ မဟာဗျူဟာအသစ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရေးဆွဲထားသည်။ ၂၀၁၅ခုနှစ်တွင် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ရွှေ့ပြောင်းသူများကို ထောက်ပံ့ခြင်းဟူသော ရန်ပုံငွေအသစ်များကို ဖွင့်လှစ်ကာ အထက်ပါအစီအစဉ်များကို ထောက်ပံ့မည်ဖြစ်သည်။ ဤစီမံကိန်းအသစ်များကို ၂၀၁၅ခုနှစ် ပထမနှစ်ဝက်တွင် စတင်မည်ဖြစ်သည်။




LIFTကထောက်ပံ့သော ချေးငွေရရှိသည့် အိမ်ထောင်စုအရေအတွက်

# LIFT၏ ၂၀၁၄ခုနှစ် မဟာဗျူဟာ။

## လမ်းသစ်များ နှင့် အခွင့်အလမ်းသစ်များ



အစိုးရ၏ လတ်တလောပြုပြင်ပြောင်းလဲမှုများနှင့် ပြောင်းလဲနေသောစီးပွားရေးအခြေအနေတို့ကို အထိရောက်ဆုံး အသုံးပြုရန် LIFTသည် ယင်း၏မဟာဗျူဟာလမ်းညွှန်ချက်ကို ၂၀၁၄ခုနှစ်တွင် ပြန်လည် ပြင်ဆင်ရေးသားခဲ့ရာတွင် မိတ်ဖက်များနှင့်အစိုးရပါ ပါဝင်ဆွေးနွေးခဲ့သည်။

### LIFT၏ မျှော်မှန်းချက်၊ ပန်းတိုင်၊ တာဝန်

LIFT၏ မျှော်မှန်းချက်မှာ တီထွင်ဆန်းသစ်ခြင်းနှင့် သင်ယူခြင်းဆိုင်ရာတွင် အားလုံးနှင့် သက်ဆိုင်သော အရေးပါသည့်ပြောဆိုပိုင်ခွင့်ရှိရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး[8]၊ စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့တွင် မူဝါဒဆိုင်ရာမှ ပါဝင်ဆောင်ရွက်နိုင်မည့် နေရာတစ်ခု တည်ဆောက်ရန် ဖြစ်သည်။ LIFTသည် ကျေးလက်နေနွမ်းပါးသူများ၏ ဝင်ငွေနှင့်စားနပ်ရိက္ခာကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ထားသည့်အလျောက် အောက်ပါအုပ်စုများသို့ အရင်းအမြစ်များကို အဓိကထောက်ပံ့ပါမည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့်

1. လယ်မြေ၊ လုပ်အားစသော စီးပွားဖြစ်နိုင်စွမ်းများကို ပိုင်ဆိုင်သည့် ကျေးလက်အိမ်ထောင်စုများကို *တက်လှမ်း* နိုင်အောင်ကူညီပါမည်။ လုပ်အားနှင့်ထုတ်လုပ်နိုင်စွမ်းကိုသာမက ထုတ်ကုန်ကို ဈေးကွက်သို့တင်ပို့နိုင်စွမ်းကိုပါ မြှင့်တင်ပေးခြင်းဖြင့် ဆင်းရဲမွဲတေမှုမှ လွန်မြောက်ကာ အဆင့်ဆင့် တက်လှမ်းသွားနိုင်ကြပါမည်။
2. ကျေးလက်အိမ်ထောင်စုများ၊ အိမ်ထောင်စုဝင်များကို စိုက်ပျိုးရေး[9]မှ *ထွက်ခွာ* နိုင်ပြီး စီးပွားဖြစ်ထွန်းနိုင်မည့် အခြားသောကဏ္ဍများတွင် လုပ်ဆောင်နိုင်အောင် ကူညီပါမည်။ ထိုသို့ထွက်ခွာရာတွင် ဒေသအတွင်းရှိ လယ်ယာလုပ်ငန်းမဟုတ်သော ဝင်ငွေကောင်းသည့်အလုပ်ကိုင်များကို ရှာဖွေရန်ဒေသတွင်း

> မဟာဗျူဟာ အသစ်သည် LIFT၏မျှော်မှန်းချက်၊ လမ်းညွှန်ချက်၊ ရန်ပုံငွေ ထောက်ပံ့ရာ၌ အခြေခံရမည့်မူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်ဆံရေး၊ မြန်မာနိုင်ငံ ကျေးလက်ဒေသနေ နွမ်းပါးသူများဆိုင်ရာ မူဝါဒကို တိုက်တွန်းနှိုးဆော်ခြင်း စသည်တို့ကို ချိတ်ဆက်ပေးမည်ဖြစ်သည်။ စာတမ်းအပြည့်အစုံကို www.lift-fund.org တွင်ရယူနိုင်ပါသည်။

8 စိုက်ပျိုးရေးဆိုရာတွင် သီးနှံများ၊ ငါးလုပ်ငန်းများ၊ သစ်တောအရင်းအမြစ်များ အားလုံးပါဝင်သည်။
9 ဤနေရာတွင် မိသားစုလုပ်အားများကိုသာ အသုံးပြုသော တနိုင်စိုက်ပျိုးရေးကိုဆိုလိုသည်။

ထွက်ခွာခြင်းလည်း ဖြစ်နိုင်သကဲ့သို့ အခြားဒေသများရှိ အလုပ်အကိုင် အခွင့်အလမ်းများထံသို့ ရွှေ့ပြောင်းထွက်ခွာခြင်းလည်း ဖြစ်နိုင်သည်။

3. စီးပွားဖြစ်နိုင်စွမ်းများကို မပိုင်ဆိုင်သည့် သို့မဟုတ် ထွက်ခွာ နိုင်စွမ်းမရှိသည့် အိမ်ထောင်စုများကို *တောင့်ထား* နိုင်ရန် ကူညီပါမည်။ မြန်မာ့စီးပွားရေးအသွင်ကူးပြောင်းဆဲကာလတွင် စိုက်ပျိုးရေးကို သက်စောင့်ပိုက်ကွန်အဖြစ် အသုံးပြုကာ ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန် ဖြစ်သည်။


ဇယား ၁.၁ သည် အုပ်စုတစ်ခုစီအလိုက် အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်သွားမည့်အပိုင်းများမှ အချို့ကိုကောက်နှုတ်ဖော်ပြထားသည်။

LIFT သည် အောက်ပါတို့ကိုဆောင်ရွက်ရန် ရည်မှန်းသည်_

- အစိုးရ၊ လုပ်ဖော်ကိုင်ဖက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပြီး စီမံကိန်းမဟာဗျူဟာများကို ပုံဖော်ရန်။
- ပဋိပက္ခများကို အလေးထားတုံ့ပြန်သော ချဉ်းကပ်နည်းဖြင့် ပဋိပက္ခမှ လွတ်မြောက်လာသော နေရာဒေသများတွင် လုပ်ငန်းတိုးချဲ့ရန်။
- လုပ်ကွက်ငယ်လယ်သမားများတို့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာတိုးတက်ရေးတို့တွင် အလေးထားပုံချင်း တူညီသော ပုဂ္ဂလိကကုမ္ပဏီများနှင့် လက်တွဲဆောင်ရွက်ရန်
- မိမိရရှိထားသည့် အသိပညာများကို မျှဝေသည့် တာဝန်ကို ယူရန်။
- စနစ်တစ်ခုလုံးကိုပြောင်းလဲရာတွင် အကျိုးသက်ရောက်မှုရှိစေရန် မဟာဗျူဟာ အများအပြားကို အသုံးပြုရန်။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်မှု၊ အားလုံးပါဝင်သော တန်ဖိုးကွင်းဆက်/ဈေးကွက်စနစ် ထွန်းကားမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေး[10]၊ အဟာရဆိုင်ရာ၊ မြေယာလုပ်ပိုင်ခွင့်အာမခံ၊ ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောစွာ နေထိုင်နိုင်မှု၊ ကြံ့ကြံ့ခံနိုင်သည့်စွမ်းရည်တည်ဆောက်ခြင်းတို့ကို အာရုံစိုက်ရန်။
- ကျားမရေးရာနှင့် လူမှုရေးရာများတွင် အားလုံးပါဝင်စေမှုကို ဆောင်ရွက်မှုတိုင်းတွင် ပါဝင်စေရန်။ လုပ်ငန်းဆောင်ရွက်မှုကို အကဲဖြတ်ရာတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များသို့ ကောင်းမွန်သောအကျိုးသက်ရောက်မှုရှိမရှိ ဖြင့် တိုင်းတာရန်

10 လူမှုကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ စားနပ်ရိက္ခာဖူလုံစေမည့်၊ အသက်မွေးဝမ်းကျောင်းမှုနည်းလမ်း ပိုများစေမည့်၊ ခြောက်ချားမှုဒဏ်ကို ပိုခံနိုင်စေမည့် မူဝါဒများ လုပ်ဆောင်မှုများကို ဆိုလိုသည်။ လုပ်ဆောင်မှုများတွင် ငွေနှင့်ပစ္စည်းပေးအပ်ခြင်းကိုသာ ဦးတည်လိုသည်။


## လယ်သမားများနှင့် လယ်မဲ့မြေမဲ့များ၏ ကွဲပြားသော အသက်မွေးမှု မဟာဗျူဟာများ




မဟာဗျူဟာ၏ အရေးကြီးသော အခြေခံအချက်အသစ်များ

- ကြံ့ကြံ့ခံနိုင်သည့် စွမ်းရည်တည်ဆောက်ခြင်းကို ပိုမို အာရုံစူးစိုက်ခြင်း၊ အထူးသဖြင့် အာဟာရဆိုင်ရာနှင့်ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောစွာနေထိုင်နိုင်မှုကို အာရုံစိုက်ခြင်း။
- လုပ်ကိုင်ခွင့်၊ အကျိုးသက်ရောက်မှု၊ ရေရှည်တည်တံ့မှုတို့ကို ပိုမိုရရှိရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆက်ဆံခြင်း။
- ပဋိပက္ခမှလွတ်မြောက်လာသောနေရာများတွင် လုပ်ငန်းဆောင်ရွက်နိုင်ခြေရှိခြင်း၊ ပဋိပက္ခကြောင့်နေရပ်စွာခဲ့ရသူများနှင့် လုပ်ငန်းဆောင်ရွက်ရန် အလားအလာရှိခြင်း။


LIFT၏ရလဒ်မူဘောင်




*ဇယား၁.၁။ ဆောင်ရွက်မှု အကျဉ်းချုပ် (စာရင်းအပြည့်အစုံမဟုတ်ပါ)*

| | ရည်မှန်းချက် |
|---|---|
| တက်လှမ်း | ထုတ်ကုန်တန်ဖိုးမြှင့်ရန်ကူညီခြင်း၊ ဈေးကွက်ဖွံ့ဖြိုးမှု၊ လယ်သမားအဖွဲ့ အစည်းများကို ထောက်ပံ့ခြင်း၊ ကန်ထရိုက်လယ်ယာ၊ သီးနှံမျိုးစုံထုတ်လုပ်ခြင်း၊ ဝင်ငွေကောင်းသော သီးနှံ ထုတ်လုပ်ခြင်း၊ ငွေကြေးဝန်ဆောင်မှုများ ၊ ငွေကြေးဆိုင်ရာလေ့ကျင့် သင်ကြားပေးမှုများ၊ လယ်ယာလုပ်ငန်းခွင်လေလာသင်ကြားရေး၊ နည်းပညာအသစ်များ၊ စက်မှုလယ်ယာ။ |
| ထွက်ခွာ | စိုက်ပျိုးစားကုန် တန်ဖိုးမြှင့်လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ၊ သက်သာသော ငွေကြေးဝန်ဆောင်မှုများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ (ငွေအလွှဲအပြောင်း/ငွေအထောက်အပံ့ပေးခြင်း)၊ ရွှေ့ပြောင်းသူများအတွက် လုံခြုံရေး နှင့် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုများ၊  အာဟာရ အထောက်အပံ့၊ အသက်မွေးမှုပညာလေ့လာသင်ကြားရေး။ |
| တောင့်ထား | ရေရှည်ခံမည့်စိုက်ပျိုးကုန်ထုတ်လုပ်ငန်းနှင့်တိုးချဲ့ရေးကိုထောက်ပံ့ရန်သင့်လျော်သောနည်းပညာ အစုများ၊ (ICTနည်းပညာ အပါအဝင်)၊ လယ်ယာလုပ်ငန်းခွင်နှင့်လယ်ယာမဟုတ်သော လုပ်ငန်းခွင်အမျိုးမျိုး၊  ယင်းအတွက် သက်သာသောချေးငွေ၊ လူမှုကာကွယ်စောင့်ရှောက်ရေး (ငွေအလွှဲအပြောင်း)၊ ရန်ပုံငွေအထောက်အပံ့၊  အာဟာရအထောက်အပံ့။ |

# အခန်း ၂



၆၂၈,၅၀၀

LIFTကထိတွေ့ရောက်ရှိခဲ့သော အိမ်ထောင်စုပေါင်း၊ ၎င်းတို့၏

၃၅%

သည် ငွေကြေးနှင့်လုပ်အားဖလှယ်ခြင်းဖြင့် အလုပ်အကိုင်ရရှိခဲ့ကြသည်။



မြန်မာနိုင်ငံရှိ အသေးစားချေးငွေလုပ်ငန်း၏

၆၀% ကို LIFTကထောက်ပံ့သည်။

LIFT ရန်ပုံငွေထောက်ပံ့မှု၏

ငွေချေးသူ ၉၄% မှာ

အမျိုးသမီးများ ဖြစ်ကြသည်။



အိမ်ထောင်စုပေါင်း

၂၅၂,၀၀၀ သည်

ရိက္ခာဖူလုံမှု တစ်လထက်

ပိုကြာလာကြသည်




လူပေါင်း

၂၉၂,၀၀၀ဦးသည်

LIFT ရန်ပုံငွေပံ့ပိုးသည့်သင်တန်းများ

တက်ရောက်ခဲ့သည်။




အိမ်ထောင်စုပေါင်း

၃၆,၀၀၀ သည်

သယံဇာတစီမံခန့်ခွဲရေး

လုပ်ဆောင်ချက်များတွင် ပါဝင်ခဲ့ကြသည်။



အိမ်ထောင်စုပေါင်း

၅၀,၂၀၀သည်

ပိုင်ဆိုင်မှုများ တိုးတက်လာသည်။




သင်တန်းဆင်းပြီး

လုပ်ငန်း ထူထောင်နိုင်သူ

၉၆% မှာ

အမျိုးသမီးများဖြစ်ကြသည်။




အိမ်ထောင်စုပေါင်း

၁၃၈,၀၀၀ က

ဝင်ငွေတိုးတက်လာသည်ဟု

တင်ပြကြသည်။



ရပ်ရွာအခြေပြုအဖွဲ့အစည်း

၁၁,၀၀၀ ကို


တည်ထောင်/အားမြှင့်ခဲ့သည်။

# ၂။ အကျိုးရလဒ်များ

LIFTသည် ချမှတ်ထားသော ရည်မှန်းချက်များနှင့်အညီ ဆက်လက်စွမ်းဆောင်လျက်ရှိသည်။ အထူးသဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ ချေးငွေရရှိရေး၊ သင်တန်းပေးခြင်းကဏ္ဍတို့တွင် ဖြစ်သည်။ ၂၀၁၄ခုနှစ် နှစ်ကုန်တွင် တိုက်ရိုက် အကျိုးခံစားခွင့်ရှိသောအိမ်ထောင်စု ၆၂၈,၄၂၇စု ရှိခဲ့ပြီဖြစ်ရာ ၂၀၁၃ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၁၉ရာခိုင်နှုန်း တိုးတက်ခြင်းပင်ဖြစ်သည်။

ထောက်ပံ့ငွေများမှာလည်း၂၀၁၀ခုနှစ်တွင်ကန်ဒေါ်လာ၁၇သန်းရှိခဲ့ရာမှ၂၀၁၄ခုနှစ်တွင်ကန်ဒေါ်လာ၁၂၄သန်းထိရှိခဲ့သည်။ရန်ပုံငွေအရေအတွက်မှာလည်း ၂၀၁၀ခုနှစ်တွင် ၁၃ခုသာရှိခဲ့ရာမှ ၂၀၁၄ခုနှစ်တွင် ၉၃ခုအထိရှိလာသည်။ ယခင်အထောက်အပံ့များကို ဆက်လက်တိုးချဲ့ခြင်း၊ စီမံကိန်းလိုအပ်ချက်အရ ပြင်ဆင်ခြင်းတို့ကြောင့် လွန်ခဲ့သော နှစ်နှစ်အတွင်းတွင် ၁၃၂ကြိမ်အထိ ရန်ပုံငွေများကို ပြင်ဆင်ခဲ့သည်။

*LIFT၏တာဝန်အဆင့်အညွှန်းများ (Purpose Level Indicators - P) ၂၀၁၄ခုနှစ် ရည်မှန်းချက်များနှင့်LIFT၏စွမ်းဆောင်မှုနှိုင်းယှဉ်ဖော်ပြချက်*




## LIFT၏ ယုတ္တိဗေဒမူဘောင်နှင့်ရလဒ်များကို တိုင်းတာခြင်း

LIFTသည် ၎င်း၏ စွမ်းဆောင်မှုကို ယင်း၏ယုတ္တိဗေဒမူဘောင် အထူးသဖြင့် ပန်းတိုင်၊ တာဝန်နှင့် ရလဒ်များဖြင့် နှိုင်းယှဉ်ကာ ဆန်းစစ်လျက်ရှိသည်။ LIFTသည် အပြောင်းအလဲသီအိုရီကို ပြုပြင်မွမ်းမံနေစဉ်တွင် ယုတ္တိဗေဒမူဘောင်သည် မပြောင်းလဲဘဲ ရှိနေသည့်အပြင် တာဝန်နှင့်ရလဒ်ဆိုင်ရာအညွှန်းများသည်လည်း ၂၀၁၂ခုနှစ် မဟာဗျူဟာကို ထင်ဟပ်နေသည်။

ဤအစီရင်ခံစာအတွက် လုပ်ဖော်ကိုင်ဖက်(IP)များ၏ အစီရင်ခံစာများနှင့် အိမ်ထောင်စုစစ်တမ်းများဟူသော အဓိက သတင်းအချက်အလက် ရင်းမြစ်နှစ်ခုကို အသုံးပြုထားသည်။ IPများ တင်ပြလာသော ဆောင်ရွက်ချက်များကို LIFT၏အညွှန်းများနှင့် နှိုင်းယှဉ်ကာ ခြောက်လတစ်ကြိမ် မှတ်တမ်းတင်ထားပြီး ယင်းအချက်အလက်များကို ခန့်မှန်းချက်များ အဖြစ်သာ သတ်မှတ်ရပေမည်။

၂၀၁၄ခုနှစ်တွင် LIFT သည် IPများထံမှရရှိသော အချက်အလက်များကို အညွှန်းပြအိမ်ထောင်စုစစ်တမ်း (၂၀၁၄-၂၀၁၅) မှ ရရှိသော အချက်အလက်များ နှင့် ပြန်လှန်ထောက်ကြည့်စစ်ဆေးခဲ့သည်။LIFTသည် ၂၀၁၆ခုနှစ်တွင် ပြုလုပ်ရန်ရှိသော အိမ်ထောင်စုစစ်တမ်း အပြည့်အစုံမတိုင်မီ အချက်အလက်များကို နှိုင်းယှဉ်ဆက်စပ်ကြည့်ရန် ၂၀၁၄ခုနှစ် နှစ်ကုန်ပိုင်းတွင် အညွှန်းပြအိမ်ထောင်စုစစ်တမ်းကို ကောက်ယူခဲ့သည်။[11]

IPတို့ထံမှရရှိသော အချက်အလက်များမှာ စုစုပေါင်းဖြစ်သည်။ LIFTစစ်တမ်းများမှရရှိသည့် အချက်အလက်တို့မှာမူ ကောက်ယူချိန်က အခြေအနေကိုပြနေသည်။ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ ၏ ရလဒ်များကို နောက်ဆက်တွဲ(၂)တွင် ကြည့်ပါ။

အထွေထွေစီးပွားရေး၊ ဈေးကွက်၊ ရာသီဥတုအခြေအနေများ အပါအဝင် ပြင်ပအကြောင်းအရာများသည် LIFT၏ ဦးတည်ကျေးရွာများ၏ လုပ်ဆောင်နိုင်မှုကို လွှမ်းမိုးနိုင်ပါသည်။ ထို့ကြောင့် မည်သည့်ရလဒ်ပမာဏသည် LIFT၏လုပ်ငန်းများကြောင့်ဖြစ်သည်ဟု ဤအစီရင်ခံစာတွင် ဆုံးဖြတ်မထားပါ။

11 အညွှန်းပြစစ်တမ်းကို ၂၀၁၂ခုနှစ် အခြေခံမျဉ်းစစ်တမ်း၊ ၂၀၁၃ခုနှစ် အိမ်ထောင်စုစစ်တမ်းတို့ ကောက်ယူခဲ့သည့် ကျေးရွာ ၅၁ရွာတွင်ကောက်ယူခဲ့သည်။ ထိုကျေးရွာများကို တောင်ပေါ်ဒေသ၊ အပူပိုင်းဇုန်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသတို့ နှင့် LIFT စီမံကိန်းပြင်ပအလားတူကျေးရွာများမှ ကျပန်းကောက်ယူခဲ့ခြင်းဖြစ်သည်။ တစ်ရွာလျှင် အိမ်ထောင်စု ၁၆စုကို တွေ့ဆုံမေးမြန်းခဲ့သည်။

# ၂.၁ LIFT၏ယုတ္တိဗေဒမူဘောင်။ တာဝန်နှင့်ရလဒ်အဆင့် အညွှန်းများ

*ဇယား ၂.၁။ တာဝန်အဆင့်အညွှန်းများ၊ ၂၀၁၄ခုနှစ်ရည်မှန်းချက်များနှင့် နှိုင်းယှဉ်ထားသောခန့်မှန်းခြေတိုးတက်မှု*

| | LIFT ရည်မှန်းချက် ၂၀၁၆ | ၂၀၁၄ ရည်မှန်းချက် | ၂၀၁၄နှစ်ကုန် ပြီးစီးမှု | ပြီးစီးမှု% | အချက် အလက် အရင်းအမြစ် |
|---|---|---|---|---|---|
| P1။ စိုက်/မွေး/ရေလုပ်ငန်း တို့မှ ဝင်ငွေတိုးလာသော အိမ်ထောင်စုများ အရေအတွက်နှင့်ရာခိုင်နှုန်း* | ၁၃၀,၀၀၀ | ၉၀,၀၀၀ | ၁၃၈,၀၀၀ (LIFTကျေးရွာများရှိ သီးနှံစိုက်ပျိုး သော အိမ်ထောင်စုများ၏ ၄၅%) | ၁၅၃% | LIFT စစ်တမ်းများ |
| P2။ စိုက်ပျိုးထုတ်ကုန် အနည်းဆုံး၅ %တိုးလာသောအိမ်ထောင်စုများ အရေအတွက် နှင့်ရာခိုင်နှုန်း* | ၁၃၀,၀၀၀ | ၉၀,၀၀၀ | ၁၃၃,၀၀၀ (LIFTကျေးရွာများရှိ သီးနှံစိုက်ပျိုး သော အိမ်ထောင်စု များ၏ ၄၄%) | ၁၄၇% | LIFT စစ်တမ်းများ |
| P3။အစားအစာစားသုံးမှု တိုးလာသော သို့မဟုတ် အမည်စုံ စားသုံးနိုင်လာ သော အိမ်ထောင်စုများ  အရေအတွက် နှင့် ရာခိုင်နှုန်း* | ၂၄၀,၀၀၀ | ၁၆၀,၀၀၀ | ၉၇,၀၀၀ (အကျိုးခံစားရ သော အိမ်ထောင်စု များ၏ ၁၉%) | ၆၀% | LIFT စစ်တမ်းများ |
| P4။ရိက္ခာဖူလုံမှု ၁လနှင့်အထက် တိုးတက်လာသော အိမ်ထောင်စု အရေအတွက် နှင့် ရာခိုင်နှုန်း* | ၂၄၀,၀၀၀ | ၁၆၀,၀၀၀ | ၂၅၂,၀၀၀ (အကျိုးခံစားရ သော အိမ်ထောင်စုများ၏ ၄၉%) | ၁၅၇% | LIFT စစ်တမ်းများ |
| P5။ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော အိမ်ထောင်စုများ အရေအတွက်နှင့် ရာခိုင်နှုန်း* | ၁၂၀,၀၀၀ | ၇၀,၀၀၀ | ၅၀,၂၁၇ | ၇၂% | IP တင်ပြချက် |

* ၂၀၁၄ခုနှစ်ရည်မှန်းချက်ကို ကျော်လွန်ခဲ့သော်လည်း ၂၀၁၃-၁၄ခုနှစ်တွင် စားနပ်ရိက္ခာဖူလုံခဲ့ကြသည့် အိမ်ထောင်စုများနှင့် အချိုးချကြည့်ပါက ၉%နှုန်းလျော့နည်းသည်။

## ရလဒ်များကိုဆွေးနွေးခြင်း

## တာဝန်။  ရည်မှန်းထားသည့် အကျိုးခံစားခွင့်ရှိသူ၂သန်း၏ ဝင်ငွေနှင့်စားနပ်ရိက္ခာရေရှည်တိုးတက်လာစေရန်

ဇယား၂.၁ပါ ရလဒ်များနှင့် အောက်ပါ ဆွေးနွေးချက်တို့အရ LIFT၏ ရည်မှန်းချက်အများစုမှာ ကျော်လွန်ခဲ့သော်လည်း အချို့မှာ မပြည့်မီကြကြောင်း တွေ့ရသည်။ ယင်းတို့၏အဓိက အကြောင်းရင်းမှာ လှူဒါန်းငွေများထပ်ရလာခြင်းကြောင့် ရည်မှန်းချက်များကို ပြန်လည် သတ်မှတ်ရခြင်းကြောင့်ပင်ဖြစ်သည်။ ၂၀၁၁ခုနှစ်က စီမံကိန်းများနှင့် အချိုးတူစွာ စီမံကိန်းအသစ်များသည်လည်း ဆောင်ရွက်ပြီးစီးမည်ဟူသောယူဆချက်ဖြင့် ရည်မှန်းချက်များကို ပိုမိုသတ်မှတ်ထား ခြင်းဖြစ်နိုင်သည်။ အဖြစ်မှန်မှာ ယင်းကဲ့သို့မဟုတ်သောကြောင့် ၂၀၁၅ခုနှစ် တွင်ရည်မှန်းချက် အသစ်များကို ဖြစ်သင့်ဖြစ်ထိုက်သည့်အတိုင်း ချမှတ်မည်ဖြစ်သည်။

တာဝန်အညွှန်း၁ (P1)။ ဝင်ငွေတိုးလာသော အိမ်ထောင်စုအရေအတွက် နှင့် ရာခိုင်နှုန်း

LIFT၏ ၂၀၁၄-၁၅ အညွှန်းပြအိမ်ထောင်စုစစ်တမ်းအရ လွန်ခဲ့သည့် ၁၂လအတွင်း သီးနှံစိုက်ပျိုးသည့် အိမ်ထောင်စုများ[12] အနက်မှ ၄၆ရာခိုင်နှုန်းသည် ၂၀၁၄ခုနှစ်တွင် ဝင်ငွေတိုးတက်လာကြောင်း တွေ့ရှိရသည်။ နှိုင်းယှဉ်ကြည့်ပါက၂၀၁၃ခုနှစ်တွင် ၂၅%၊ ၂၀၁၁ခုနှစ်တွင် ၁၈% တိုးတက်ခဲ့သည်။ ရလဒ်များကိုအသုံးပြု၍ မြစ်ဝကျွန်းပေါ်(၂)နှင့် နိုင်ငံတဝန်းစီမံကိန်းများတွင် အကျုံးဝင်သော ကျေးရွာများရှိ အိမ်ထောင်စုများနှင့် ချိတ်ဆက်ခန့်မှန်းကြည့်ပါက၊ ၂၀၁၄ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၁၃၈,၀၀၀ခန့်တို့သည် LIFT၏ အထောက်အပံ့များကြောင့် စိုက်ပျိုးရေးတွင် ဝင်ငွေတိုးလာခဲ့ကြသည်။[13] ယင်းတို့တွင် LIFTက ကူညီပံ့ပိုးသည့် လုပ်အားနှင့်ငွေကြေးဖလှယ်သည့် စီမံကိန်းများ၊ စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းအလုပ်များ နှင့် စီးပွားရေးလုပ်ငန်းများကြောင့် ဝင်ငွေ တိုးတက်လာသည့် အိမ်ထောင်စုများမပါဝင်ပါ။ အစီရင်ခံထားသည့် စီမံကိန်း၃၅ခုမှ အချက်အလက်များကို ဤအညွှန်းနှင့် ချိန်ထိုးကြည့်လျှင် LIFT၏ ကူညီမှုကြောင့် အိမ်ထောင်စု ၃၀၆,၆၇၆ စုတို့ ဝင်ငွေတိုးလာကြောင်း တွေ့ရသည်။ ယင်းသည် ၂၀၁၄ခုနှစ် ရည်မှန်းချက်များကို များစွာကျော်လွန်သည်။

တာဝန်အညွှန်း၂ (P2)။ စိုက်ပျိုးထုတ်ကုန်အနည်းဆုံး ၅% တိုးတက် လာသော အိမ်ထောင်စုအရေအတွက် နှင့် ရာခိုင်နှုန်း

၂၀၁၄-၁၅ အညွှန်းပြအိမ်ထောင်စုစစ်တမ်းအရ လွန်ခဲ့သော ၁၂လအတွင်း သီးနှံစိုက်ပျိုးခဲ့သည့် စာရင်းကောက်နမူနာ အိမ်ထောင်စုများ၏ ၄၄ရာခိုင်နှုန်းသည် LIFT၏ အထောက်အပံ့များကြောင့် သီးနှံအထွက်တိုးလာကြောင်း သိရှိရသည်။ တစ်ဖန် အဆိုပါရလဒ်များကို အသုံးပြု၍ မြစ်ဝကျွန်းပေါ်(၂)

12 အိမ်ထောင်စုအားလုံး၏ ၄၉%

13 သီးနှံစိုက်ပျိုးသော အိမ်ထောင်စုများ၏၄၅%

နှင့်နိုင်ငံတဝန်း အစီအစဉ်များတွင်ပါဝင်သော ကျေးရွာများရှိ အိမ်ထောင်စုများနှင့် ချိတ်ဆက်ခန့်မှန်းကြည့်ပါက အိမ်ထောင်စု ပေါင်း ၁၃၃,၀၀၀ခန့် (သီးနှံစိုက်ပျိုးသော အိမ်ထောင်စု အားလုံး၏ ၄၄%) တို့သည် LIFT၏ အထောက်အပံ့ကြောင့် ကုန်ထုတ်လုပ်မှုတိုးတက်လာခဲ့သည်။[14]

တာဝန်အညွှန်း၃ (P3)။ **အစားအစာစားသုံးမှုတိုးလာသော သို့မဟုတ် အမည်စုံစားသုံးနိုင်လာသော အိမ်ထောင်စုများ အရေအတွက်နှင့် ရာခိုင်နှုန်း**

၂၀၁၁ခုနှစ်တွင် အိမ်ထောင်စုနှင့် တစ်ဦးချင်း အမည်စုံ စားသုံးနိုင်မှု ရမှတ်(HDDS) ၅မှတ်နှင့်အောက်တွင်သာရှိသော LIFTအိမ်ထောင်စုများမှာ ၆၂%ထိ ရှိခဲ့သော်လည်း ၂၀၁၃ခုနှစ် တွင်မူ၄၄% သာရှိတော့သည်။[15] အဆိုပါရလဒ်များကိုအသုံးပြု၍ LIFTကူညီပံ့ပိုးခဲ့သော အိမ်ထောင်စုများ၏ ၁၉% သို့မဟုတ် အိမ်ထောင်စုပေါင်း ၉၇,၀၀၀ခန့်သည် HDDS ရမှတ် ၆မှတ် နှင့်အထက်ထိ တိုးတက်ကြမည်ဟု ခန့်မှန်းခဲ့သည်။[16] သို့သော် လည်း ၂၀၁၄-၂၀၁၅ အိမ်ထောင်စုစစ်တမ်းအရ ၂၀၁၃ခုနှစ် -၂၀၁၄ခုနှစ် အတွင်းပျမ်းမျှ HDDS ရမှတ်မှာ မပြောင်းလဲ ကြောင်း တွေ့ရှိရသည်။ ယင်းသည် တိုးတက်မှုနှေးကွေး ကြောင်း ပြနေခြင်းဖြစ်သည်။ နောင်မှသိရသည်မှာ ဤရည်မှန်း ချက်သည် ကြီးမားလွန်းနေခြင်းလည်း ဖြစ်နိုင်ပြီး ဝင်ငွေ တိုးတက်လာပါက အမည်စုံပိုမိုစားသုံးမည်ဟူသော ယူဆချက် ကို အခြေခံထားခြင်းလည်းဖြစ်နိုင် သည်။ မည်သို့ပင်ဆိုစေကာမူ အိမ်ထောင်စု ၉၇,၀၀၀သို့မဟုတ် လူ ၄၂၆,၀၀၀ဦးတို့သည် အမည်စုံစားသုံးနိုင်ခဲ့သည်ဟု အတည်ပြုနိုင်သည်။

14 အနည်းဆုံး၅%နှုန်း တိုးတက်မှသာလျှင် တိုးတက်သည်ဟု မှတ်ယူနိုင်မည်။
15 HDDSအတွက် အမည်စုံစားသုံး/မစားသုံးဟု အရေအတွက် အတိအကျဖြင့် သတ်မှတ်ထားခြင်းမရှိပါ။ (FAO 2011)
16 ၂၀၁၄-၁၅ အိမ်ထောင်စုအညွှန်းပြစစ်တမ်းသည် LIFTကျေးရွာများရှိ အိမ်ထောင်စုအားလုံးကို ကောက်ယူခြင်းဖြစ်သည်။ အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုများသာ မဟုတ်ပေ။ HDDSတွေ့ရှိချက်များကို အိမ်ထောင်စုအားလုံးအတွက် ချိတ်ဆက်ယူမည် ဆိုပါက ပိုကောင်းသောရလဒ်များ ထွက်ပေါ်လာမည်။

တာဝန်အညွှန်း၄ (P4)။ **ရိက္ခာဖူလုံမှု ၁လနှင့်အထက် တိုးတက်လာသော အိမ်ထောင်စုအရေအတွက် နှင့် ရာခိုင်နှုန်း**

၂၀၁၁ခုနှစ် အခြေခံစစ်တမ်း နှင့် ၂၀၁၄-၁၅ အညွှန်းပြ အိမ်ထောင်စုစစ်တမ်းတို့ကို နှိုင်းယှဉ်ချက်အရ အိမ်ထောင်စုများ ၏ စားနပ်ရိက္ခာရရှိမှုမှာ တိုးတက်လာကြောင်းတွေ့ရှိရသည်။ ၂၀၁၁ခုနှစ် စစ်တမ်းအရ LIFTကျေးရွာများရှိ အိမ်ထောင်စု ၆၅%က ရိက္ခာလုံလောက်သည့် ပျမ်းမျှလမှာ ၁၀လနှင့် အောက်သာရှိကြောင်း တွေ့ရှိရသဖြင့် ယင်းအိမ်ထောင်စု များသည် လွန်ခဲ့သော၁၂လအတွင်း ၁လသို့မဟုတ် ၂လ စားနပ် ရိက္ခာပြတ်လပ်ကြောင်းသိရသည်။ ၂၀၁၄-၁၅ စစ်တမ်းတွင်မူ ယင်းအချိုးမှာ ၁၅%ထိ ကျဆင်းခဲ့သည်။ ဤရလဒ် များကို LIFTက ထောက်ပံ့နေသော အိမ်ထောင်စုများနှင့် ချိတ်ဆက်ခန့်မှန်းကြည့်ပါက ၄၉% သို့မဟုတ် အိမ်ထောင်စု ပေါင်း ၂၅၂,၀၀၀ သည် ၁၀လနှင့်အောက်မှ ၁၁လ သို့မဟုတ် ၁၂လအထိ တိုးတက်လာကြောင်းတွေ့ရှိရသည်။

တာဝန်အညွှန်း၅ (P5)။ **ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော အိမ်ထောင်စု များ အရေအတွက်နှင့်ရာခိုင်နှုန်း**

IP ၂၂ဖွဲ့၏ တင်ပြချက်အရ ဤအညွှန်းနှင့်ချိန်ထိုး၍ စုစုပေါင်း လုပ်ငန်းပြီးစီးမှုမှာ ၂၀၁၄ခုနှစ်ရည်မှန်းချက်၏ ၇၂% ဖြစ်ပါသည်။ အိမ်ထောင်စုအများအပြားသည် လှည့်ပတ်စီးဆင်းရန်ပုံငွေများ ဖြင့် မွေးမြူရေးတိရစ္ဆာန်များ ဝယ်ယူခြင်း၊ ဝင်ငွေရရှိမည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ အပြီးတွင် လုပ်ငန်းသုံး ကိရိယာများ ဝယ်ယူခြင်းအပါအဝင် စီမံကိန်း၏ တိုက်ရိုက်ရလဒ် အဖြစ် ပစ္စည်းများ ဝယ်ယူခဲ့ကြောင်း၊ IPများကတင်ပြခဲ့ကြသည်။ သို့သော် အညွှန်းသည် ကုန်ထုတ်လုပ်မှုဆိုင်ရာ ပစ္စည်းများကို ဝယ်ယူကြောင်းကို သီးခြားမဖော်ပြနိုင်ပါ။ ဝင်ငွေတိုးလာသည့် ထောင်ပေါင်းများစွာသော အိမ်ထောင်စုများသည် မိုဘိုင်းဖုန်း၊ မော်တော်ဆိုင်ကယ်၊ ဆိုလာပြား၊ ရေစုပ်စက်စသော အိမ်သုံး ပစ္စည်းများ ဝယ်ယူကြမည်ဟုခန့်မှန်းရသည်။



## ၂။ ရလဒ်အဆင့်အညွှန်းများ

## ရလဒ်များကို ဆွေးနွေးခြင်း

**ရလဒ် ၁ (Q1)။** ထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်ဆိုင်ရာ တိုးတက်သော နည်းပညာများပံ့ပိုးပေးခြင်း၊ သွင်းအားစုများနှင့် ဈေးကွက်များကို တိုးတက်ရရှိလာစေခြင်းဖြင့် စိုက်ပျိုးရေး ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်စေခြင်း

**ရလဒ် ၁.၁ (Q1.1)။ တိုးတက်လာသော စိုက်ပျိုးရေး နည်းပညာသစ်များကို သတိပြုသိရှိလာသည့် ရည်မှန်းအိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း**

IP၂၇ ဖွဲ့တို့၏ တင်ပြချက်များအရ[17] စုစုပေါင်းအိမ်ထောင်စု ၇၀,၇၇၀အတွက် လုပ်ငန်းဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။ သိသိသာသာအနေဖြင့် IP တစ်ဖွဲ့ဖြစ်သည့် Proximity Designsသည် အိမ်ထောင်စု ၁၆,၀၀၀ကျော်ကို စိုက်ပျိုးရေး ချေးငွေများ၊ တန်းဖိုးနည်း၍ အသုံးရလွယ်ကူသော ခြေနင်းရေတင်စက်များ၊ ရေရရှိရေး အသုံးအဆောင်နှင့် နည်းပညာများ၊ အစက်ချ ရေပေးရေးစနစ်များ၊ နေရောင်ခြည် မီးအိမ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အကြံပေးမှုများ စသည့် ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးခဲ့သည်။

IPများသည် သင်တန်းဆင်းမှတ်တမ်းများကို အသုံးပြုကာ စွမ်းဆောင်မှုကို ဤအညွှန်းနှင့် နှိုင်းယှဉ်ပြကြသဖြင့်၊ စီမံကိန်းကျေးရွာများတွင် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ပျံ့ပွားခြင်း ရှိမရှိ မပေါ်လွင်ပေ။

**ရလဒ် ၁.၂ (Q1.2)။ တိုးတက်လာသော စိုက်ပျိုးရေး နည်းစနစ်များအား လက်ခံအသုံးပြုလာကြသည့် ရည်မှန်းအိမ်ထောင်စု အရေအတွက် နှင့်ရာခိုင်နှုန်း (ဆန်စပါးစိုက်ပျိုးရေး၊ သစ်သီးဝလံပန်းမန်စိုက်ပျိုး ရေး၊ မွေးမြူရေး စသည်ဖြင့်)**

LIFT၏ ဆောင်ရွက်မှုကြောင့် အနည်းဆုံးအိမ်ထောင်စု ၈၇,၀၀၀ သည် စိုက်နည်းပျိုးနည်းအသစ်များကို သုံးစွဲလာသည် သို့မဟုတ် ပြောင်းလဲလာသည်။ ဤအညွှန်းတွင်၂၀၁၄-၁၅ အညွှန်းပြ အိမ်ထောင်စုစစ်တမ်းမှ ရရှိသော ကိန်းဂဏန်းများမှာ ထပ်မံစစ်ဆေး အတည်ပြုရန်လိုအပ်သည့်အတွက် ထည့်သွင်းထားခြင်းမရှိပါ။ ၂၀၁၃ ခုနှစ်အစီရင်ခံစာတွင် အသုံးပြုထားသည့် ၂၀၁၃ခုနှစ် အိမ်ထောင်စု စစ်တမ်းမှ ကိန်းဂဏန်းများကို ဤတွင် ထပ်မံသုံးစွဲထားသည်။

**ရလဒ် ၁.၃ (Q1.3)။ စိုက်ပျိုးရေးအတွက် ကျေးရွာငွေစုငွေချေး အဖွဲ့များ နှင့် အတိုးနည်း အသေးစားငွေကြေးလုပ်ငန်းများထံမှ ငွေချေးယူနိုင်ခဲ့သော LIFT က ထောက်ပံ့ထားသည့် ကျေးရွာများမှ အိမ်ထောင်စုအရေအတွက်နှင့် ရာခိုင်နှုန်း**

IPအဖွဲ့၂၀၏ တင်ပြချက်အရ ယင်းတို့၏ စုပေါင်းစွမ်းဆောင်မှုသည် ၂၀၁၄ခုနှစ်ရည်မှန်းချက်ကို ကျော်လွန်ကြောင်း တွေ့ရသည်။ ယင်းတွင် ငွေစုငွေချေးအဖွဲ့ဝင် ၇၀%မှာ အမျိုးသမီးများ ဖြစ်ကြသည်။ (Q2.1 နှင့် Q2.2 အပါအဝင်) ဤသို့ ကျော်လွန်ခြင်းမှာ ၂၀၁၃ခုနှစ်တွင် ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု ရန်ပုံငွေတစ်ရပ်ကိုဖန်တီးရန် ရန်ပုံငွေဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကြောင့် အတိုးနှုန်းသက်သာသော အသေးစား ငွေကြေးလုပ်ငန်းများကို LIFT စီမံကိန်းနယ်မြေများတွင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

**ရလဒ်၂ (Q2)။** စိုက်ပျိုးရေးမဟုတ်သည့် အခြားသော အသက်မွေး ဝမ်းကျောင်းမှုလုပ်ငန်းများ လုပ်ကိုင်ရန် ထောက်ပံ့ပေးခြင်းနှင့် သို့မဟုတ် အလုပ်အကိုင် ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ကြားပေးခြင်းခံရသော ရည်မှန်းအိမ်ထောင်စု အရေအတွက်

**ရလဒ် ၂.၁ (Q2.1)။ လုပ်ငန်းထူထောင်နိုင်ခဲ့သည့် လေ့ကျင့်ပေးထားသူ ရာခိုင်နှုန်း (ကျား - မ ပိုင်းခြား တွက်ချက်သည်)**

IP ၁၈ ဖွဲ့၏ တင်ပြချက်အရ သင်တန်းဆင်းပြီးသူ ၆၀,၂၆၂ဦးသည် လုပ်ငန်းထူထောင်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၄ခုနှစ်၏ ရည်မှန်းချက်ဖြစ်သော ၄၀,၀၀၀ဦးထက်များစွာကျော်လွန်သည်။ IPအများစုသည် လယ်မဲ့ယာမဲ့ သို့မဟုတ် လယ်မြေချို့ငဲ့သော အိမ်ထောင်စုများမှ အမျိုးသမီးများကို ထောက်ပံ့ရန် ဦးတည် ဆောင်ရွက်ခဲ့ကြသည်။ အကျိုးခံစားခွင့်ရှိသူ ၉၆%ခန့်မှာ အမျိုးသမီးများဖြစ်ကြသည်။

အညွှန်း Q1.3 နှင့် Q2.2တို့နှင့်အတူ ဤအညွှန်းကိုပါ ကျော်လွန်ရခြင်းမှာ LIFTနယ်မြေများတွင် အတိုးနည်း ချေးငွေလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ခြင်းရလဒ်ဖြစ်သည်။ ( Q1.3 ကို ကြည့်ပါ).

**ရလဒ် ၂.၂ (Q2.2)။ LIFT ထောက်ပံ့သော ကျေးရွာများအတွင်း စိုက်ပျိုးရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းအလုပ်များ အတွက် အတိုးနှုန်းနိမ့်သော အသေးစားငွေချေးအဖွဲ့များ သို့မဟုတ် ကျေးရွာငွေစုငွေချေးအသင်းထံမှ ချေးငွေရယူနိုင်ခဲ့သည့် အိမ်ထောင်စု အရေအတွက်**

စုစုပေါင်းအိမ်ထောင်စု ၃၅,၃၄၅ စုကို စိုက်ပျိုးရေးမဟုတ်သော အခြား အသက်မွေးမှုလုပ်ငန်းများအတွက် အတိုးသက်သာ ချေးငွေများ ကိုရရှိစေရန် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများက ဆောင်ရွက်နိုင်ခဲ့ကြသည်။ စုစုပေါင်းစီမံချက် ၂၂ခုကို ဆောင်ရွက်ကြသော IPများတွင် အကြီးမားဆုံး ဆောင်ရွက်နိုင်သူမှာ PACTဖြစ်ပြီး အိမ်ထောင်စု ၁၅,၀၀၀ကျော်ကို ချေးငွေများ ထုတ်ပေးခဲ့သည်။

**ရလဒ် ၂.၃ (Q2.3) ။ စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများနှင့်/ သို့မဟုတ် အသက်မွေးဝမ်းကျောင်း သင်တန်းများကြောင့် ဝင်ငွေတိုးတက်လာသည့် ရည်မှန်းအိမ်ထောင်စု အရေအတွက်**

အိမ်ထောင်စု ၁၇,၉၂၈စုသည် စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများမှ ဝင်ငွေတိုးခဲ့ကြောင်း IPအဖွဲ့၂၀က တင်ပြသည်။ထို့ကြောင့် လက်ရှိဆောင်ရွက်ပြီးစီးမှု၇၂%သည် ၂၀၁၄ခုနှစ်တွင် လုပ်ငန်းတည်ထောင်နိုင်ခဲ့သူဦးရေ ၆၀,၂၆၂ဦးနှင့် နှိုင်းယှဉ်သော်လျော့ပေါ့ခန့်မှန်းခြင်းဖြစ်နေသည်။ (ရလဒ် ၂.၁ကိုကြည့်ပါ)

17 IPများသည် ယင်းတို့ဦးတည်ရာနေရာရှိ စီမံချက်များနှင့် ပတ်သက်၍သာ သတင်းပို့ကြသည်။ IPအများစုသည် အညွှန်းအား လုံးကို သတင်းပို့ခြင်းမရှိပါ။

ဇယား ၂.၂။ ရလဒ်အဆင့်အညွှန်းများ၊ ၂၀၁၄ခုနှစ်ရည်မှန်းချက်များနှင့်  နှိုင်းယှဉ်ထားသော ခန့်မှန်းခြေတိုးတက်မှု

| | LIFT ရည်မှန်းချက် ၂၀၁၆ | ၂၀၁၄ ရည်မှန်းချက် | ၂၀၁၄နှစ်ကုန် ပြီးစီးမှု | ပြီးစီးမှု% | အချက် အလက် အရင်း အမြစ် |
|---|---|---|---|---|---|
| (Q1) ထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်ဆိုင်ရာ တိုးတက်သော နည်းပညာများ ပံ့ပိုးပေးခြင်း၊သွင်းအားစုများနှင့် ဈေးကွက်များကို တိုးတက်ရရှိလာစေခြင်းဖြင့် စိုက်ပျိုးရေး ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်စေခြင်း | | | | | |
| (Q1.1) တိုးတက်လာသော စိုက်ပျိုးရေး နည်းပညာ သစ်များကို သတိပြု သိရှိလာသည့် ရည်မှန်းအိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၁၄၀,၀၀၀ | ၁၁၀,၀၀၀ | ၇၀,၇၇၀ | ၆၄% | IP တင်ပြချက် |
| (Q1.2) တိုးတက်လာသော စိုက်ပျိုးရေးနည်းစနစ် များကို လက်ခံ အသုံးပြုလာကြသည့် ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၁၀၀,၀၀၀ | ၇၀,၀၀၀ | ၈၇,၀၀၀ (LIFT ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် ၂၉ရာခိုင်နှုန်း) | ၁၂၄%* | LIFT၏ စစ်တမ်းများ |
| (Q1.3) LIFT ကထောက်ပံ့သော ကျေးရွာများအတွင်း စိုက်ပျိုးရေးအတွက် အတိုးနှုန်းသက်သာ ချေးငွေ ရယူနိုင်ခဲ့သည့် အိမ်ထောင်စု အရေအတွက် | ၁၁၀,၀၀၀ | ၉၀,၀၀၀ | ၁၈၀,၇၃၃ | ၂၀၀% | IP တင်ပြချက် |
| (Q2) ရည်မှန်းထားသည့် အိမ်ထောင်စုများအား စိုက်ပျိုးရေးမဟုတ်သည့် အခြားသော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ လုပ်ကိုင်ရန် ထောက်ပံ့ပေးခြင်းနှင့်/ သို့မဟုတ် အလုပ်အကိုင်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ကြားပေးခြင်း | | | | | |
| (Q2.1) လုပ်ငန်းထူထောင်နိုင်ခဲ့သည့် လေ့ကျင့်ပေးထားသူ အရေအတွက် (ကျား/ မ ပိုင်းခြား တွက်ချက်သည်) | ၆၀,၀၀၀ | ၄၀,၀၀၀ | ၆၀,၂၆၂<br>ကျား ၂,၄၀၂<br>မ ၅၇,၈၆၀ | ၁၅၁% | IP တင်ပြချက် |
| (Q2.2) LIFT က ထောက်ပံ့သော ကျေးရွာများ အတွင်း စိုက်ပျိုးရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်း အလုပ်များအတွက် အတိုးနှုန်းနိမ့် ချေးငွေ ရယူနိုင်ခဲ့သည့် အိမ်ထောင်စု အရေအတွက် | ၃၅,၀၀၀ | ၂၅,၀၀၀ | ၃၅,၃၄၅ | ၁၄၁% | IP တင်ပြချက် |
| (Q2.3) စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများ နှင့်/ သို့မ ဟုတ် အသက်မွေးဝမ်းကျောင်းသင်တန်းများကြောင့် ဝင်ငွေ တိုးတက်လာသည့် ရည်မှန်း အိမ်ထောင်စု အရေ အတွက် | ၃၅,၀၀၀ | ၂၅,၀၀၀ | ၁၇,၉၂၈ | ၇၂% | IP တင်ပြချက် |
| (Q3) သဘာဝအရင်းအမြစ် သယံဇာတများအား ရေရှည် သုံးစွဲနိုင်ရန် စီမံခန့်ခွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပြန်လည်ပြုစု ပျိုးထောင်ခြင်းဖြင့် ဒေသတွင်းရှိ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ခြင်း | | | | | |
| (Q3.1) တိုးတက်ကောင်းမွန်သည့် သယံဇာတ စီမံခန့်ခွဲ ရေး သို့မဟုတ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တွင် ပါဝင်နေသော အိမ်ထောင်စု အရေအတွက် | ၄၀,၀၀၀ | ၂၄,၀၀၀ | ၃၆,၁၀၇ | ၁၅၀% | IP တင်ပြချက် |
| (Q3.2) သင်တန်းက အကျိုးရှိသည်ဟု ယူဆသော ရေရှည် တည်တံ့နိုင်မြဲသော သယံဇာတစီမံ ခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ သင်တန်းများ တက် ရောက် ခဲ့သူ ဦးရေ (ကျား/မ ပိုင်းခြား တွက်ချက်သည်) | သတ်မှတ် မထားး | သတ်မှတ် မထား | ၁၆၅,၁၇<br>ကျား ၈,၁၈၈<br>မ - ၈,၃၂၉ | - | IP တင်ပြချက် |
| (Q4) ကာလရှည်စွာ ဆင်းရဲနွမ်းပါးခဲ့သည့် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကို ကာကွယ် စောင့်ရှောက်ပေးမည့် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို မြှင့်တင်ပေးမည့် (သို့မဟုတ်) ဝင်ငွေ မြှင့်တင် ပေးမည့် ထိရောက်သော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအမံများ ဆောင်ရွက်ပေးခြင်း | | | | | |
| (Q4.1) အချိန်ကိုက်ဖြစ်ပြီး ထိရောက် မှုရှိသည်ဟုယူဆရသည့် CfW အစီအစဉ်ဖြင့် ထောက်ပံ့ခံရသော အိမ်ထောင်စု အရေအတွက် | ၁၈၀,၀၀၀ | ၁၀၀,၀၀၀ | ၁၂၉,၃၈၉ | ၁၂၉% | IP တင်ပြချက် |
| (Q4.2) ယင်းတို့၏ ဝင်ငွေကို တိုးပွားစေမည့် အကျိုးအမြတ်ရှိသော လုပ်ငန်းများ/ ပစ္စည်းဉစ္စာ များတွင် ရင်းနှီးမြုပ်နှံနိုင်သည့် ငွေကြေးနှင့် ပစ္စည်းဉစ္စာ ထောက်ပံ့ခံရသည့် အိမ်ထောင်စု အရေအတွက် | ၁၂၀,၀၀၀ | ၉၀,၀၀၀ | ၂၈,၉၈၄ | ၃၂% | IP တင်ပြချက် |
| (Q4.3) စားနပ်ရိက္ခာ မလုံလောက်သည့် လများ သို့မဟုတ် ရက်များကို လျှော့ချနိုင်ခဲ့သော အိမ်ထောင်စု အရေအတွက် | ၁၄၀,၀၀၀ | ၈၀,၀၀၀ | ၂၅၂,၀၀၀ (LIFT ၏ အကျိုးခံစားV နေသော အိမ်ထောင်စု များ၏ ၄၉%) | ၃၁၅% | LIFT၏ စစ်တမ်းများ |
| (Q5) ဆင်းရဲသားများအတွက် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးကို မြှင့်တင်ထောက်ပံ့ပေးရန် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း | | | | | |
| (Q5.1) နည်းပညာဆိုင်ရာကိစ္စများနှင့် စီမံကိန်းနှင့် ငွေကြေး စီမံခန့်ခွဲမှုတွင် ပိုမိုကျွမ်းကျင်လာသော ဒေသခံ NGO အရေအတွက် | ၄၅ | ၃၅ | ၂၀၂ | ၅၇၇% | IP တင်ပြချက် |
| (Q5.2) သင်ကြားတတ်မြောက်လာသည်များကို LIFTက ထောက်ပံ့သော လုပ်ငန်းများတွင် ပြန်လည် အသုံးချနေသည့် CBO အရေအတွက် | ၁၀,၀၀၀ | ၈,၀၀၀ | ၄,၄၂၆ | ၅၅% | IP တင်ပြချက် |

* ၂၀၁၄-၁၅အိမ်ထောင်စုစစ်တမ်းတွင် ပါဝင်သော ဤအညွှန်းဆိုင်ရာ ကိန်းဂဏန်းများမှာ မပြည့်စုံသဖြင့် ၂၀၁၃ခုနှစ် အိမ်ထောင်စုစစ်တမ်းမှ ကိန်းဂဏန်းများကို အသုံးပြုထားသည်။

**ရလဒ် ၃ (Q3)။** သဘာဝအရင်းအမြစ် သယံဇာတများအား ရေရှည်သုံးစွဲနိုင်ရန် စီမံခန့်ခွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပြန်လည်ပြုစုပျိုးထောင်ခြင်းဖြင့် ဒေသတွင်းရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ခြင်း

**ရလဒ် ၃.၁ (Q3.1)။ တိုးတက်ကောင်းမွန်သည့် သယံဇာတ စီမံခန့်ခွဲရေး သို့မဟုတ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်နေသော အိမ်ထောင်စု အရေအတွက်**

IP ၁၄ဖွဲ့သည် ဤအညွှန်းနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မှုရှိကြောင်း တင်ပြကြသည်။ အကြီးမားဆုံး ဆောင်ရွက်နိုင်သူမှာ Mangrove Service Network (MSN) ဖြစ်ပြီး ယင်းတို့၏ သယံဇာတ စီမံခန့်ခွဲမှုတွင် အိမ်ထောင်စု ၉၁၆၅စုတို့က ပါဝင်ဆောင်ရွက်ခဲ့ကြသည်။[18]ထို့ပြင် Mercy Corps ကလည်း အိမ်ထောင်စု ၆၉၂၆တို့ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း တင်ပြသည်။

**ရလဒ် ၃.၂ (Q3.2)။ သင်တန်းသည် အကျိုးရှိသည်ဟု ယူဆသော ရေရှည် တည်တံ့ခိုင်မြဲသည့် သဘာဝသယံဇာတ စီမံခန့်ခွဲရေး သို့မဟုတ် ပြန်လည်ထူထောင်ရေးဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့သူဦးရေ (ကျား/မ ပိုင်းခြား တွက်ချက်သည်)**

IP၁၂ဖွဲ့က ဤအညွှန်းနှင့်ပတ်သက်၍ ဆောင်ရွက်မှုရှိကြောင်း တင်ပြကြသည်။ အကြီးမားဆုံးဆောင်ရွက်နိုင်သူမှာ GRET ဖြစ်ပြီး ၅၅၆၄ဦးရှိကြောင်းသိရသည်။ သင်တန်းဆင်းသောအခါ သင်တန်းသားများက သင်တန်းတက်ရောက်ပြီး အကဲဖြတ်ပုံစံဖြင့် ဆန်းစစ်ခဲ့ကြသည်။ သင်တန်းသား ၅၀%မှာ အမျိုးသမီးများ ဖြစ်ကြသည်။

**ရလဒ် ၄ (Q4)။** ကာလရှည်စွာ ဆင်းရဲနေခဲ့သည့် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကို ကာကွယ်စောင့်ရှောက်ပေးမည့် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကို မြှင့်တင်ပေးမည့် (သို့မဟုတ်) ဝင်ငွေမြှင့်တင်ပေးမည့် ထိရောက်သော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအမံများ ဆောင်ရွက်ပေးခြင်း

**ရလဒ် ၄.၁ (Q4.1)။အချိန်ကိုက်ဖြစ်ပြီး ထိရောက်မှုရှိသည်ဟု ယူဆရသည့် CfW အစီအစဉ်ဖြင့် ထောက်ပံ့ခံရသော အိမ်ထောင်စု အရေအတွက်**

၂၀၁၄ခုနှစ်တွင် IP၁၃ဖွဲ့သည် CfWလုပ်ငန်းများကို အိမ်ထောင်စု ၁၂၉,၃၈၉စု ဆောင်ရွက်ခဲ့ကြောင်း တင်ပြခဲ့ကြသည်။[19] သို့သော် ယင်းလုပ်ငန်းများကို အသင့်လျော်ဆုံးအချိန်တွင် ဆောင်ရွက်ခဲ့သည် သို့မဟုတ်ထိရောက်မှုရှိသည်ကို ဆန်းစစ်နိုင်ရန်ခဲယဉ်းသည်။[20]

**ရလဒ် ၄.၂ (Q4.2)။ ဝင်ငွေတိုးပွားစေမည့် အကျိုးအမြတ်ရှိသော လုပ်ငန်းများ/ ပစ္စည်းဥစ္စာများတွင် ရင်းနှီးမြှုပ်နှံနိုင်သည့် ငွေကြေးနှင့် ပစ္စည်းထောက်ပံ့ခံရသော အိမ်ထောင်စု အရေအတွက်**

IP၁၀ဖွဲ့တို့က ဤအညွှန်းနှင့်ပတ်သက်၍ ယင်းတို့၏ ဆောင်ရွက်မှုများကို တင်ပြခဲ့သည်။ အကြီးမားဆုံး ဆောင်ရွက်မှုမှာ CfW လုပ်ငန်းများဖြင့် ကျေးရွာအခြေခံအဆောက်အအုံကို တည်ဆောက်သည့် စီမံချက်များဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အိမ်ထောင်စုများသည် CfWမှရရှိသောငွေများကို ကုန်ထုတ်အရင်းအနှီးများအတွက် အသုံးပြုကြကြောင်း သိရသည်။ IP၁၀ဖွဲ့၏ ဆောင်ရွက်ချက်စုစုပေါင်းမှာ ၂၀၁၄နှစ်ကုန်ထိ အိမ်ထောင်စု ၂၈,၉၈၄စု ဖြစ်ကြောင်း တင်ပြထားသည်။

**ရလဒ် ၄.၃ (Q4.3)။ စားနပ်ရိက္ခာ မလုံလောက်သည့်လများ သို့မဟုတ် ရက်များကို လျှော့ချနိုင်ခဲ့သောအိမ်ထောင်စုအရေအတွက်**

IP ၈ဖွဲ့ကသာ ဤအညွှန်းနှင့်ပတ်သက်၍ တင်ပြခဲ့ကြသည်။ ယင်းတို့တွင် အကြီးဆုံးမှာ Proximity Designs အဖွဲ့၏ စီမံချက်၂ခုဖြစ်ပြီး IPအားလုံး၏ စုစုပေါင်းဆောင်ရွက်မှုဖြစ်သည့် အိမ်ထောင်စု၁၁၅,၀၀၀အနက်မှ ၉၂,၉၉၈စုအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။[21]

အထက်ပါ အညွှန်း၄တွင်ပါရှိသကဲ့သို့ LIFT၏ ၂၀၁၄-၁၅ အိမ်ထောင်စုစစ်တမ်းတွင် အိမ်ထောင်စုပေါင်း ၅၁၁,၀၀၀၏ ၄၉% သည်[22] လွန်ခဲ့သောနှစ်အတွင်း ရိက္ခာလုံလောက်သည့် ပျမ်းမျှလရမှတ်(MAHFP)တွင် ၁၀လနှင့် အောက်မှ ၁၁လ သို့မဟုတ် ၁၂လထိ တိုးတက်ခဲ့ကြောင်း တွေ့ရသည်။[23] ယင်းမှာ CfWလုပ်ငန်းသက်သက်ကြောင့်သာ မဟုတ်ဘဲ LIFT၏ ထောက်ပံ့မှု အမျိုးမျိုးတို့ကြောင့် ဖြစ်သည်။

**ရလဒ် ၅ (Q5)။** နွမ်းပါးသူများအတွက် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးကို မြှင့်တင်ထောက်ပံ့ပေးရန် အရပ်ဘက်အဖွဲ့ အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်း

**ရလဒ် ၅.၁ (Q5.1)။ နည်းပညာဆိုင်ရာကိစ္စများနှင့်၊ စီမံကိန်းနှင့် ငွေကြေးစီမံခန့်ခွဲမှုတွင် ပိုမိုကျွမ်းကျင်လာသော ဒေသခံ NGO အရေအတွက်**

ဆောင်ရွက်ပြီးစီးမှုများမှာ ၂၀၁၄ခုနှစ် ရည်မှန်းချက်ကို များစွာ ကျော်လွန်ခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ သင်ယူခြင်းနှင့် တီထွင်ခြင်းရန်ပုံငွေအောက်တွင် ထောက်ပံ့ခဲ့သောစီမံချက်များကြောင့် ဖြစ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ စီမံကိန်းတစ်ခုဖြစ်သော Vulnerability, Analysis and Mapping in Myanmar က ဒေသခံ NGO၅၁ဖွဲ့ကို ရိက္ခာဖူလုံမှုစောင့်ကြည့်စစ်ဆေးရေးဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ကြားပေးခဲ့ခြင်းကြောင့်ဖြစ်သည်။

18 ဤရလဒ်တွင် MSN၏ပင်မကျေးရွာ ၁၀ရွာအပြင် ပတ်ဝန်းကျင်မှ ၁၁၉ရွာလည်းပါဝင်သည်။ ဤစီမံချက်၏ သွယ်ဝိုက် အကျိုးကျေးဇူးတစ်ရပ်မှာ စီမံချက်ပျိုးဥယျာဉ်များမှ ပျိုးပင်များကိုဖြန့်ဝေခြင်း ဖြစ်သည်။

19 CfWကိုလက်ခံရရှိသော အိမ်ထောင်စုအရေအတွက်အားလုံးကို ရရှိပြီးဖြစ်သည်။ အများဆုံးမှာ Proximity Designsဖြစ်ပြီး အပူပိုင်းဇုန်ရှိ ယင်း၏စီမံချက်သည် အိမ်ထောင်စု ၇၂,၅၃၈ကို ထောက်ပံ့ခဲ့သည်။

20 အသင့်အလျော်ဆုံးအချိန်ဆိုသည်မှာ ပုံမှန်အလုပ်သမားများ အလုပ်ပါးဆုံးအချိန်ကို ဆိုလိုသည်။ ထိရောက်မှုဆိုသည်မှာ စားနပ်ရိက္ခာဖူလုံမှုနှင့်သက်ဆိုင်သည်။

21 Proximity Designs၏ အပြီးသတ် သုံးသပ်ချက်အရ CfW အိမ်ထောင်စုများ၏ ၈၆%မှာ အပူပိုင်းဇုန်မှ ဖြစ်သည်။ အခြားIPများကမူ ဤကဲ့သို့စစ်တမ်းကောက်ယူထားခြင်းမရှိပေ။


22 အိမ်ထောင်စု ၂၅၂,၀၀၀စု


23 Months of Adequate Household Food Provisioning

### ရလဒ် ၅.၂ (Q5.2)။ သင်ကြားတတ်မြောက်လာသည်များကို LIFT က ထောက်ပံ့သော လုပ်ငန်းများတွင် ပြန်လည် အသုံးချနေသည့် CBO အရေအတွက်

တင်ပြထားချက်များအရ ၂၀၁၄ခုနှစ်၏ ရည်မှန်းချက်ကိုမပြည့်မီကြောင်း တွေ့ရသည်။ အများဆုံးလုပ်ဆောင်နိုင်ခဲ့သူမှာ Proximity Designs ဖြစ်ပြီး ယင်း၏ ရေကန်ပြန်လည်တူးဖော်ခြင်း အဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် CBO ၇၁၂ဖွဲ့က ယင်းတို့၏ ကျွမ်းကျင်မှုများကို ပြန်လည်အသုံးချခဲ့ပြီးကြောင်း တင်ပြခဲ့ကြသည်။[24] ဤသင်တန်းကဲ့သို့ IPများက ကျေးရွာအခြေစိုက် အဖွဲ့အစည်းများနှင့်အတူ ဖွင့်လှစ်ခဲ့သော သင်တန်းအများစုမှာ စီမံကိန်းဆိုင်ရာနှင့် ငွေကြေးစီမံခန့်ခွဲရေးဆိုင်ရာ သင်တန်းများသာ ဖြစ်သည်။

IPများကတင်ပြသော တည်ထောင်ပြီး/ အားဖြည့်ပြီး CBO အရေအတွက်မှာ ၄၄၂၆ဖွဲ့ရှိသဖြင့် အညွှန်း (Q5.2)ပါ ပြီးစီးမှုသည် လျော့နည်း ခန့်မှန်းထားခြင်းဖြစ်သည်။




24 ကန်တူးဖော်ရေးအုပ်စုများကို CfWလုပ်ငန်းများတွင် စီမံနိုင်ရန်လေ့ကျင့်ပေးထားသည်။

# ၂.၂။လုပ်ငန်းစဉ် စောင့်ကြည့်စစ်ဆေးခြင်း

၆လတစ်ကြိမ် ယင်းတို့၏ ဆောင်ရွက်ပြီးစီးမှုများကို လုပ်ငန်းစဉ်အဆင့် အညွှန်းများနှင့်နှိုင်းယှဉ်လျက် IPတို့က တင်ပြကြသည်။ ၂၀၁၄ခုနှစ်တွင်လည်း လုပ်ဖော်ကိုင်ဖက်များသည် ခိုင်မာသောရလဒ်များကို ဆောင်ကြဉ်းခဲ့ကြပြန်သည်။

*ဇယား ၂.၃။ ၂၀၁၄ခုနှစ်ကုန်အထိ LIFTက ရန်ပုံငွေထောက်ပံ့ထားသော စီမံချက်များ၏ အကောင်အထည်ဖော်နိုင်မှု အကျဉ်းချုပ်*

| အကြောင်းအရာ | ၂၀၁၄ခုနှစ် ပြီးစီးမှု | ၂၀၁၄ခုနှစ်ကုန်အထိ စုစုပေါင်း ပြီးစီးမှု |
|---|---|---|
| စုစုပေါင်းရည်မှန်းချက်များ | | |
| အကျိုးခံစားခွင့်ရှိသော အိမ်ထောင်စု စုစုပေါင်း | ၁၁၆,၉၂၂ | ၆၂၈,၄၂၇ |
| အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စု အရေအတွက် | ၁၄,၆၃၇ | ၅၅,၀၀၁ |
| မသန်စွမ်းသူများရှိသည့် အိမ်ထောင်စု အရေအတွက် | ၁,၅၀၈ | ၈,၀၃၇ |
| စိုက်ပျိုးရေးလုပ်ငန်း(သီးနှံ) | | |
| စိုက်ပျိုးရေးလုပ်ငန်းတွင် ထောက်ပံ့မှုရသော အိမ်ထောင်စု အရေအတွက် | ၂၀,၆၅၉ | ၁၇၄,၉၇၈ |
| ဈေးကွက်သတင်းနှင့် အချိတ်အဆက်ဆိုင်ရာတွင် ထောက်ပံ့မှုရသော အိမ်ထောင်စု အရေအတွက် | ၁၀,၆၉၁ | ၃၈,၇၁၅ |
| မွေးမြူရေးလုပ်ငန်း | | |
| မွေးမြူရေးလုပ်ငန်းတွင် ထောက်ပံ့မှုရသော အိမ်ထောင်စု အရေအတွက် | ၁,၄၄၇ | ၂၁,၈၀၂ |
| ရေလုပ်ငန်း | | |
| ရေလုပ်ငန်းတွင် ထောက်ပံ့မှုရသော အိမ်ထောင်စု အရေအတွက် | ၁,၆၅၄ | ၁၁,၅၈၆ |
| အခြားဝင်ငွေရလုပ်ငန်းများ(စိုက်ပျိုး/မွေးမြူ/ရေလုပ်ငန်းမှအပ) | | |
| အခြားဝင်ငွေရလုပ်ငန်းများတွင် ထောက်ပံ့မှု မှုရသော အိမ်ထောင်စု အရေအတွက် | ၂,၆၃၆ | ၂၆,၇၄၈ |
| ချေးငွေ | | |
| စိုက်ပျိုးရေး(မွေးမြူ/ငါးမွေးမြူရေးအပါအဝင်)ချေးငွေရရှိသော အိမ်ထောင်စုအရေအတွက် | ၄၈,၄၃၄ | ၁၈၀,၇၃၃ |
| စိုက်ပျိုးရေးမဟုတ်သောအခြားလုပ်ငန်းများအတွက် ချေးငွေရရှိသောအိမ်ထောင်စုအရေအတွက် | ၃,၂၈၇ | ၃၅,၃၄၅ |
| လှည့်ပတ်ရန်ပုံငွေများ | | |
| လှည့်ပတ်ရန်ပုံငွေဖြင့်ထောက်ပံ့မှုရသော အိမ်ထောင်စုအရေအတွက် | ၄,၁၃၃ | ၃၁,၄၇၇ |
| သင်တန်း | | |
| စုစုပေါင်းသင်တန်းသားဦးရေ | ၈၀,၅၂၀ | ၂၉၂,၁၈၀ |
| စိုက်ပျိုးရေးဆိုင်ရာ သင်တန်းတက်ပြီးသူဦးရေ(မွေးမြူ/ငါးမွေးမြူရေးအပါအဝင်) | ၃၇,၁၇၁ | ၁၂၉,၇၄၂ |
| အခြားဝင်ငွေရလုပ်ငန်းဆိုင်ရာ သင်တန်းတက်ပြီးသူဦးရေ(စိုက်ပျိုး/မွေးမြူ/ငါးမွေးမြူရေးမပါ) | ၁,၅၇၂ | ၁၃,၄၈၆ |
| ရေလုပ်ငန်းဆိုင်ရာ သင်တန်းတက်ပြီးသူဦးရေ | ၂၈၃ | ၅၉၉ |
| စိုက်ပျိုး/မွေးမြူ/ငါးမွေးမြူရေးဆိုင်ရာ သင်တန်းတက်ပြီးလုပ်သားဦးရေ | ၃,၀၁၈ | ၁၆,၄၂၈ |
| သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး/ထိန်းသိမ်းရေး/ပြန်တည်ဆောက်ရေး ဆိုင်ရာသင်တန်းတက်ပြီးသူဦးရေ | ၆,၉၇၆ | ၂၃,၂၁၀ |
| CBO စီမံခန့်ခွဲရေးစွမ်းရည်တည်ဆောက်ရေးသင်တန်းတက်ပြီးသူဦးရေ | ၃၁,၅၀၀ | ၁၀၉,၉၂၅ |
| လုပ်အားဖြင့်ငွေကြေးဖလှယ်ခြင်း(CfW) | | |
| CfWဆောင်ရွက်ခဲ့သော လူ/နေ့ အရေအတွက် | ၃၀၁,၉၅၇ | ၁,၉၃၆,၀၄၈ |
| အမျိုးသမီးများအတွက် CfWဆောင်ရွက်ခဲ့သော လူ/နေ့ အရေအတွက် | ၁၂၀,၂၈၁ | ၈၀၁,၂၃၀ |
| CfWဖြင့်ထောက်ပံ့ခဲ့သော စုစုပေါင်းအိမ်ထောင်စုအရေအတွက် | ၇၄,၅၉၈ | ၂၂၁,၂၁၆ |
| ပိုင်ဆိုင်မှုနှင့်အခြေခံအဆောက်အအုံ | | |
| တည်ထောင်/စွမ်းရည်မြှင့်ပေးခဲ့သောCBOအရေအတွက် | ၁,၆၁၃ | ၁၁,၀၀၂ |

* အချက်အလက်များကို နိုင်ငံတဝန်း၊ မြစ်ဝကျွန်းပေါ် (၂)စီမံကိန်းများအပြင် လေ့လာသင်ယူခြင်းနှင့် ဆန်းသစ်တီထွင်ခြင်း၊ နှင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ရန်ပုံငွေများမှ ရယူထားသည်။ အချက်အလက်အားလုံးသည် ၂၀၁၁ ခုနှစ်တွင်ပိတ်သိမ်းခဲ့သော မြစ်ဝကျွန်းပေါ် (၁) အပါအဝင် ၂၀၁၄ ခုနှစ်နှစ်ကုန်အထိ စုစုပေါင်း ကောက်ယူထားခြင်းဖြစ်သည်။




မေတ္တာဖောင်ဒေးရှင်း၏ လယ်သမားသင်တန်းကျောင်းမှ ပို့ချပေးသည့် တောင်ယာစပါး စိုက်ပျိုးရေးကို သင်ယူပြီးနောက် တစ်နှစ်တွင် ၉လမျှ စားနပ်ရိက္ခာ ဖူလုံခြင်းမရှိခဲ့သည့် ကိုခွန်အောင်ဆန်းအဖို့ ၂နှစ်စာမျှ ရိက္ခာပိုစုဆောင်းနိုင်ခဲ့သည်။ အခုဆိုလျှင် သူ့ရွာထဲမှ အနွမ်းပါးဆုံးသူများကို ဆန်အတိုးမဲ့ချေးငှားပေးလျက်ရှိသည်။


# အခန်း ၃

# ၃။ ဒေသအလိုက် စီမံကိန်းများ

ဤအခန်းတွင် စိုက်ပျိုးရေး-ဂေဟဇုန်လေးခုမှ LIFT၏တိုးတက်မှုများကို အသီးသီးတင်ပြမည်ဖြစ်သည်။ ယင်းတို့မှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အလယ်ပိုင်းအပူပိုင်းဇုန် (မကွေး၊မန္တလေး၊စစ်ကိုင်းတိုင်းတောင်ပိုင်း)၊ ကချင်၊ ကရင်၊ ချင်း၊ ရှမ်းကုန်းမြင့်တောင်တန်းဒေသများ၊ ရခိုင်ကမ်းရိုးတန်းဒေသတို့ ဖြစ်သည်။[25] ၂၀၁၄ခုနှစ် နှစ်ကုန်တွင် LIFTသည် ပြည်နယ်တိုင်းဒေသကြီး ၁၃ခုရှိ ခရိုင်၄၄ခုတွင် စီမံကိန်းများကိုရန်ပုံငွေ ထောက်ပံ့ခဲ့ပြီးဖြစ်သည့်အပြင် လက်ရှိအနေဖြင့် နိုင်ငံတွင်းရှိမြို့နယ်ထက်ဝက်ကျော် (မြို့နယ်၃၃၀အနက်၁၅၇)တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ၂၀၁၃ခုနှစ် နှစ်ကုန်ပိုင်းမှသည် သိသာစွာတိုးချဲ့ခဲ့ခြင်းဖြစ်သည်။[26] ဤဇုန်များတွင် ဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုဆိုင်ရာ စီမံချက်များကို အခန်း၄တွင် ဖော်ပြထားသည်။

၂၀၁၀-၁၄ ခုနှစ်အတွင်း စိုက်ပျိုး-ဂေဟဇုန်အလိုက် ရန်ပုံငွေ ချထားပေးမှု




25 ၂၀၁၄ခုနှစ်တွင် LIFTသည် စီမံချက်၆၄ခုကို ငွေကြေးထောက်ပံ့ခဲ့ရာ စိုက်ပျိုးရေး-ဂေဟဇုန်များသာမက စစ်တမ်း၊ သုတေသန၊ ဆွေးနွေးပွဲများ တို့ပါပါဝင်သည်။ ၂၀၁၄ခုနှစ်အတွင်း လုပ်ငန်းပြီးဆုံးပြီးစာရင်းစစ်ရန်စောင့်ဆိုင်းနေသော၊ ပြီးစီးသွားသော၊ ဆောင်ရွက်နေသော စီမံချက်များ ကို နောက်ဆက်တွဲ(၁)တွင် ဖော်ပြထားသည်။ဤအပိုင်းတွင်ဖော်ပြထားသော မြေပုံများသည် ၂၀၀၉-၁၄ကာလအတွင်း LIFT လုပ်ငန်းဆောင်ရွက်ခဲ့သော စိုက်ပျိုးရေး-ဂေဟဇုန်အလိုက်နေရာများကို ပြသသည်။

26 ၂၀၁၃ခုနှစ်နှစ်ကုန်တွင် LIFTသည် ပြည်နယ်/တိုင်း ၁၂ခုရှိ၊ ခရိုင်၃၆ခု ရှိ၊ မြို့နယ် ၁၀၇မြို့နယ်တွင်ရှိသော စီမံချက်များကို ရန်ပုံငွေထောက်ပံ့ခဲ့ပြီးဖြစ်သည်။

# ၃.၁။ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ



**ခြုံငုံဖော်ပြချက် ။**

ဆန်စပါးစိုက်ပျိုးခြင်းသည် မြစ်ဝကျွန်းပေါ်ဒေသ၏ စီးပွားရေးကျောရိုးဖြစ်သည်။ အထူးသဖြင့် LIFT လုပ်ငန်းဆောင်ရွက်နေသော ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာမြို့နယ်တို့တွင် စိုက်ပျိုးသောသီးနှံတို့မှာ များပြားမှုမရှိလှပေ။ အသေးစားငါးဖမ်းလုပ်ငန်းများသည်လည်း မြေယာမဲ့များနှင့်ထိခိုက်လွယ်သော အိမ်ထောင်စုများ၏ အဓိကကျသောအသက်မွေးဝမ်းကျောင်းမှု ဖြစ်နေဆဲပင်ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသ တောင်ပိုင်းကိုကျယ်ပြန့်သော စိုက်ပျိုးရေး-ဂေဟဇုန်နယ်မြေခွဲ၃ခု အဖြစ် သတ်မှတ်ထားပြီး (၁)မြောက်ပိုင်းနယ်မြေတွင် ရေချိုရနိုင်သဖြင့် သီးထပ်သီးနှံကို နှစ်စဉ်စိုက်ပျိုးနိုင်သည် (၂)တောင်ပိုင်းရေငန်ဝင်သော နယ်မြေတွင် မိုးရေအဓိကအားပြုရသည့် စပါးကိုသာ စိုက်ပျိုးနိုင်သည်။ (၃)ကြားနယ်မြေတွင်မူ သီးထပ်သီးနှံကိုစိုက်ပျိုးရန် အာမခံချက်မရှိပါ။ အကြောင်းမှာ ရေတွင် ဆားငန်ဓာတ်ပါဝင်မှုမှာ နွေရာသီတွင် တဖြည်းဖြည်း မြင့်တက်လာသောကြောင့်ဖြစ်သည်။

ဆင်းရဲမွဲတေမှုနန်းမှာ မြင့်မားလျက်ရှိသည့် နိုင်ငံ၏လူဦးရေအများဆုံး နယ်မြေဖြစ်သောကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ဆင်းရဲနွမ်းပါးသူ အမြောက်အမြားရှိနေပြီး ဆင်းရဲမွဲတေမှုပျံ့နှံ့နန်းမှာ မြင့်မားလှသည်(၂၆%)[27]။ မညီမျှမှုမှာလည်းပြဿနာတစ်ခုပင်ဖြစ်နေပြီးမြစ်ဝကျွန်းပေါ်ဒေသရှိမြေယာမဲ့အိမ်ထောင်စုအချိုးမှာ တစ်နိုင်ငံလုံး၏ ကျန်ဒေသများထက် မြင့်မားသည်(၆၆%)။[28] ဤပြဿနာမှာ မြစ်ဝကျွန်းပေါ်ဒေသတောင်ဘက်စွန်း တွင် ပိုမိုသိသာသည်။ ကလေးများ အမည်စုံစားသောက်နိုင်မှုတွင် တစ်နိုင်ငံလုံး၌ အကောင်းဆုံးဖြစ်သော်လည်း ၂နှစ်အောက်ကလေးများ၏ ၄၃%သာ လုံလုံလောက်လောက် စားသောက်နိုင်ကြသည်။ သေးလှီမှုနှုန်းနှင့် ချည့်နဲ့မှုနှုန်း (၂၇% နှင့် ၉.၄%) တို့မှာလည်းတောင်ပေါ်ဒေသထက် မြစ်ဝကျွန်းပေါ်ဒေသတွင် ပိုမြင့်သည်။ အပူပိုင်းဇုန်အောက် အနည်းငယ်သာ လျော့နည်းသည်။[29]

27 LIFT၏ ၂၀၁၃ခုနှစ် အိမ်ထောင်စုစစ်တမ်း၊ WFP၏ရိက္ခာဖူလုံမှုအကဲဖြတ်ချက်(၂၀၁၄)
28 LIFT၏ ၂၀၁၃ခုနှစ် အိမ်ထောင်စုစစ်တမ်း
29 LIFT၏ ၂၀၁၃ခုနှစ် အိမ်ထောင်စုစစ်တမ်း (LIFTလုပ်ငန်းဆောင်ရွက်နေသော နယ်မြေများအတွက်သာ)

## ရာသီဥတု။

ဤဒေသသည် မုန်တိုင်းကြောင့်လှိုင်းကြီးခြင်း၊ ရေကြီးခြင်း၊ ဆိုင်ကလုန်း မုန်တိုင်းများ၊ ပင်လယ်ရေငန်ဝင်ခြင်းစသည့် ပြင်းထန်သောမိုးလေဝသအခြေအနေများကိုခံစားနေရသည်။[30] နှစ်စဉ် မိုးရေချိန်မှာ ၂၀၀၀-၃၀၀၀ မီလီမီတာဖြစ်သည်။ ကျေးရွာအားလုံး၏ ၅၀%ကျော်မှာ ရေရှားပါးမှု ကြုံတွေ့ရပြီး အထူးသဖြင့် မတ်လမှမေလတစ်လျှောက်တွင် ဖြစ်သည်။[31] ရာသီဥတု အပြောင်းအလဲသည် အကြီးအကျယ်သက်ရောက်မှုရှိလာမည်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသောကြောင့် ဤဒေသရှိ မြစ်ချောင်းများသည် ပိုမိုဆားငန်ပေါက်လာသည်။

## မြစ်ဝကျွန်းပေါ်ဒေသတွင် LIFT ၏လုပ်ဆောင်ချက် ။

LIFTသည် မြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်မုန်တိုင်းအပြီး၌ အရေးပေါ်ကာလလွန်အစီအစဉ်အဖြစ် ၂၀၁၀ခုနှစ်တွင်လုပ်ငန်းစတင်ခဲ့သည်။ ၂၀၁၁-ခုနှစ်တွင် မြို့နယ်၄-ခု၌ ၃နှစ်စီမံချက် အသစ်ပေါင်း ၁၃-ခုကို ရန်ပုံငွေချထားဆောင်ရွက်ခဲ့သည်။ ရည်ရွယ်ချက်မှာ စီမံချက်များအကြား အံဝင်ခွင်ကျရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေရှည်အတွက် မျှော်မှန်းဆောင်ရွက်ရန် ဖြစ်သည်။ ဤစီမံချက်အများစုကို ၂၀၁၅-ခုနှစ် နှစ်လယ်အထိ တိုးချဲ့ခဲ့ပြီးဖြစ်သည်။

## လက်ရှိအခြေအနေ ။

ဤနယ်မြေသည် ၂၀၀၈-ခုနှစ်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်မှ နလန်ထူဆဲပင်ဖြစ်သည်။ အထူးသဖြင့် တောင်ဘက်ပိုင်းတွင် ဖြစ်သည်။ ယခုနှစ်တွင်၂၀၁၃ခုနှစ်နှင့် နှိုင်းယှဉ်ပါက မိုးစပါးပိုထွက်လာသည်ဟု လယ်သမားများက တင်ပြကြသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် စိုက်ပျိုးရေးကဏ္ဍသည် သက်ဝင်လှုပ်ရှားလျက်ရှိပြီး တန်ဖိုးကွင်းဆက်ဖြစ်ထွန်းရေး၊ စပါးကြိတ်ခွဲခြင်းနှင့် စိုက်ပျိုးရေး သွင်းအားစုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ များပြားလာနေသည့် အပြင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ လည်းဖြစ်ထွန်းလာနေသည်။ မြစ်ဝကျွန်းပေါ်ဒေသ၏ အပြောင်းအလဲကို အဓိကတွန်းအားပေးနေသည်မှာ အလုပ်အကိုင် အခွင့်အလမ်းရှိရာသို့ ပြောင်းရွှေ့ခြင်းပင်ဖြစ်၍ အထူးသဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့ကြသည်။[32] လယ်သမားများအနေဖြင့် လုပ်သားခကြီးခြင်း၊ မိုးနှင့်ဆောင်းကြားရှိ အရေးကြီးဆုံးသော အချိန်တွင် အလုပ်သမားရရန် ခက်ခဲခြင်းတို့နှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် ရာသီကိုလိုက်၍ လုပ်သားခများမြင့်မားနေပြီး စက်မှုလယ်ယာစနစ်မှာလည်း အရှိန်ကောင်းလာကာ လုပ်ကွယ်ငယ်လယ်ယာစီးပွားရေးလုပ်ငန်းရှင်များသည်လည်း တနိုင်တပိုင်လုပ်ငန်းများကို ထူထောင်လာကြသည်။

မြစ်ဝကျွန်းပေါ်ရှိ LIFT ၏ဆောင်ရွက်ချက်များ ၂၀၁၄




30 http://www.mm.undp.org/content/dam/myanmar/docs/Documents/UNDP_MM_Pillar_2_Project_ Document.pdf

31 LIFT၏ ၂၀၁၃ခုနှစ် အိမ်ထောင်စုစစ်တမ်း

32 EMR & WB (2014) QSEM Round Four Report.



ဇယား၃.၁။ ၂၀၁၄ခုနှစ်အတွင်း LIFTက ထောက်ပံ့ခဲ့သော စီမံချက်၁၅ခု၏ အရေးပါသောတင်ပြချက်များ

| IP၊ အချိန်သတ်မှတ်ချက်၊<br>ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
| --- | --- |
| ActionAid - Thadar Consortium။<br>၁၆-၉-၂၀၁၁ မှ ၁၅-၉-၂၀၁၄ထိ ။<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ<br>၁,၅၇၁,၃၆၀။<br><br>စီမံချက်ကို ၁၁-၄၂၀၁၅ထိ<br>ခုနှစ်လတိုးချဲ့ခဲ့ပြီးဘတ်ဂျက်<br>ကိုလည်း ကန်ဒေါ်လာ<br>၁,၉၉၇,၄၈၈ထိ<br>ကန်ဒေါ်လာ ၄၂၆,၁၂၈ကို<br>ထပ်မံချမှတ်ပေးခဲ့သည်။<br><br>ဆောင်ရွက်ဆဲ | ***ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်အသက်မွေးဝမ်းကျောင်းမှုစနစ်များအတွက်ဒေသခံစွမ်းဆောင်ရည်ကို တည်ဆောက်ခြင်း။***<br>1. မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်ချုပ်သည်  ActionAid သင်တန်းဆင်းများ၏ ပါဝင်ပံ့ပိုးကူညီမှုဖြင့် ဆင်းရဲနွမ်းပါးသော မိသားစုပေါင်း ၄၀ ကို ပန်းစိုက်ပျိုးထုတ်လုပ်ရန် ဆောင်ရွက်ခဲ့သည်။၃၈ ယင်းပန်းများကို ရန်ကုန်လက်ကားဈေးသို့တင်ပို့ရောင်းချပြီး ရရှိငွေကို ကျေးရွာလည်ပတ်စီးဆင်းရန်ပုံငွေမှတစ်ဆင့် စီမံခန့်ခွဲကြသည်။ ၂၀၁၄ခုနှစ်အတွင်း အိမ်ထောင်စုတစုလျှင် တစ်လလျှင် အမြတ်ငွေ ကန်ဒေါ်လာ ၃၈ မှ ၁၁၄ထိ ရရှိခဲ့သည်။ ထိုလှည့်ပတ်စီးဆင်းရန်ပုံငွေမှာ တိုးပွားနေသဖြင့် အခြားအိမ်ထောင်စု၁၀၉စုကိုပင် ထောက်ပံ့နိုင်သည့်အပြင် ယခုအခါ ယင်းလုပ်ငန်းမှာ လုံးဝကိုယ်ထူကိုယ်ထရပ်တည် နေပြီဖြစ်သည်။<br>2. နောက်ထပ် Thadar အဖွဲ့ဝင်တစ်ခုဖြစ်သော စွမ်းရည်ဖောင်ဒေးရှင်းသည် ကျေးရွာနှစ်ခုရှိ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု၁၀ ခုဖြင့် ငါးရှဉ့်အသားတိုးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းတို့၏နမူနာကို မြန်မာမြေထည်အသင်း(MCS)က အတုယူကာ အိမ်ထောင်စု ၆-စု ဖြင့် လုပ်ငန်းဆောင်ရွက်သည်။ ငါးရှဉ့်ကန်တစ်ကန်အတွက် အရင်းအနှီးမှာ ကန်ဒေါ်လာ၁၅၀ခန့်ဖြစ်ပြီး အမြတ်ငွေ ကန်ဒေါ်လာ၃၀၀ ခန့်ရရှိသည်။<br>3. မြေဩဇာပြီးစိုက်ပျိုးကြရသော မြေယာမဲ့လယ်သမား၁၉-ဦးတို့သည် (ဘုံသုံးကျွဲများမွေးမြူခြင်း/ ကျွဲဘဏ်)မှ အကျိုးခံစားရရှိနေပြီး ယင်းလယ်သမားများသည် တစ်ရာသီ မြေယာပြင်ဆင်ရေး ကုန်ကျစရိတ် ကန်ဒေါ်လာ ၉၅ခန့်ကို စုဆောင်းနိုင်ခဲ့သည်။ ဤစီမံချက်သည် တစ်နှစ်လျှင် နှစ်ကြိမ် ရှားပါးသောအချိန် (ဝင်ငွေမရှိသောခြောက်သွေ့ရာသီကာလ) (ဧပြီ/မေ နှင့် စက်တင်ဘာ/နိုဝင်ဘာ)တို့တွင် စားနပ်ရိက္ခာကို အတိုးမဲ့အကြွေးစနစ်ဖြင့် ထုတ်ပေးနေသည်။ ဤလှုမှုကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်ချက်ကို ရပ်ရွာလူထုကသာ စီမံခန့်ခွဲလျက်ရှိပြီး မိသားစု ၁၀၀၀ကျော်ကို ထောက်ပံ့နေသည်။ |
| ADRA (Adventist Development & Relief Agency)။<br>၁၆-၆-၂၀၁၁ မှ ၁၅-၆-၂၀၁၄ ထိ။<br><br>ဘတ်ဂျက် ကန်ဒေါ်လာ<br>၁,၄၆၅,၆၈၀။<br><br>စီမံချက်ကိုသုံးသပ်ရန်အတွက်<br>၃၁-၇-၂၀၁၄ထိ တိုးချဲ့ခဲ့ပြီး<br>စရိတ်တိုးချဲ့ခြင်းမရှိပါ။<br><br>လုပ်ငန်းများမှာ ၁၅-၆-၂၀၁၄တွင်<br>ပြီးစီးပိတ်သိမ်းပြီးဖြစ်သည်။ | ***SCALE UP စီမံချက်***<br>1. ရေထွက်ကုန်ထုတ်လုပ်ရေးနှင့် သိုလှောင်ရေးအဖွဲ့၁၈ခုကို ဖွဲ့စည်းခဲ့ပြီး ၁၄ခုတွင် သိုလှောင်ရုံနှင့် အဓိကအားဖြင့် ပုဇွန်ငါးပိထုတ်လုပ်ရန်အတွက် ကြိတ်စက်ပါ ထားရှိသည်။ ဤအဖွဲ့အများစုသည် ငါးဖမ်းရာသီတွင် ပုံမှန်ဝင်ငွေရှာနိုင်ခဲ့သည်။ အဆောက်အအုံများ၊ ကိရိယာများကိုလည်း ကောင်းစွာထိန်းသိမ်းထားကြသည်။<br>2. ထိန်းသိမ်းဒီရေတော ဟက်တာ ၃၀၀အတွက် သစ်တောစောင့်ရှောက်အသုံးပြုသူ ၈-ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။  အဖွဲ့၄-စုသည် ၁၉၆-ဟက်တာကို အများပိုင်သစ်တောအဖြစ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားနိုင်ခဲ့ပြီး ကျန်အဖွဲ့များမှာ စောင့်ဆိုင်းဆဲဖြစ်သည်။<br>3. ဒီရေတောနှင့် သင့်လျော်သောငါးကန်-၅၀ကို လျာထားခဲ့သော်လည်း ၂၆-ကန်သာ တူးဖော်နိုင်ခဲ့သည်။ ကနဦးပိုင်းတွင် အဆင်မပြေမှုနှင့်ကြုံတွေ့ခဲ့သောကြောင့် ကန်၈-ကန်ကို ပြန်လည်တည်ဆောက်ခဲ့ရသည်။ ငွေကုန် လူပင်ပန်းခံခဲ့သော်လည်း စီမံချက်ပြီးဆုံးချိန်တွင် စီးပွားရေးအရ မအောင်မြင်ကြပေ။<br>4. ရေထွက်ကုန်ထုတ်လုပ်ရောင်းချရေးအုပ်စု ၁၈-ခုကို ဖွင့်လှစ်ခဲ့သော်လည်း ရင်းနှီးမြှုပ်နှံစွမ်း ချို့ငဲ့ခြင်း၊ ထွက်ကုန်အများစုမှာ အမြတ်အစွန်းနည်းပါးခြင်းတို့ကြောင့် အဖွဲ့ဝင်များသိသာစွာ လျော့နည်းသွားပြီး အချို့မှာ ဆက်လက်ဆောင်ရွက်ခြင်း မရှိကြတော့ပေ။ |



| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| AVSI (The Association of Volunteers in International Service)<br><br>၁၉-၅-၂၀၁၁ မှ ၁၈-၅-၂၀၁၄ ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၃၀၄,၅၅၇။ စီမံချက်ကို ၁၈-၉-၂၀၁၄ထိ စရိတ်မဲ့ လေးလတိုးချဲ့ခဲ့သည်။<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး။ | ***လပွတ္တာမြို့နယ်ရှိ အသေးစားလယ်ယာသမဝါယမများကို မတည်ပေးခြင်း***<br><br>1. ကျွန်းဇရာသမဝါယမအသင်းတွင် အသင်းဝင်၈၁-ဦးရှိပြီး ငွေရေးကြေးရေးနှင့် လုပ်ငန်းဆောင်ရွက်ပုံ ကောင်းမွန်သည့်အပြင် လယ်သမားများသို့ ဝန်ဆောင်မှုပေးနိုင်သောကြောင့် အကျိုးအမြတ်ရရှိခဲ့သည်။ ယင်းကို သမဝါယမဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားပြီး မြို့နယ်သမဝါယမဌာနကလည်း ငွေစာရင်းဆိုင်ရာသင်တန်းများ ပေးခဲ့သည်။ နောင်တွင် သမဝါယမဝန်ကြီးဌာနထံမှ ချေးငွေများရရှိနိုင်မည်ဖြစ်သည်။<br>2. ဤသမဝါယမအသင်းသည် လယ်သမားများ၏ပြန်ဆပ်ငွေဖြင့် လှည့်ပတ်စီးဆင်းရန်ပုံငွေ တစ်ရပ်ကို ထူထောင်ထားသည်။ ယင်းရန်ပုံငွေသည် ကျပ်ငွေ ၄-သန်း (ကန်ဒေါ်လာ ၃၈၀၉ ခန့်) အထိ တိုးတက်လာပြီး စပါးဘဏ်အဖြစ် စပါး၂၈-တန်ကို စီမံခန့်ခွဲနေသည်။ ဆန်စက်တစ်စက်၊ သိုလှောင်ရုံအကြီးတစ်လုံးနှင့် အသေးတစ်လုံး၊ နယ်လှေ့စက် ၆-ခု၊ လယ်ထွန်စက်၁လုံး၊ ကျွဲ၁၂-ရှဉ်း ကိုလည်း စီမံခန့်ခွဲလျက်ရှိသည်။<br>3. စပါးနယ်လှေ့ခြင်းနှင့် ခိုင်းကျွဲငှားရမ်းခြင်းဖြင့် ဝင်ငွေအများဆုံး ရရှိသည်။ |
| IRRI (International Rice Research Institute)<br><br>၈-၂-၂၀၁၂ မှ ၇-၂-၂၀၁၅ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၂,၁၀၀,၀၀၀။<br><br>စီမံချက်ကို ၇-၂-၂၀၁၅ မှ ၁၆-၉-၂၀၁၅ ထိ စရိတ်မဲ့တိုးချဲ့ခဲ့သည်။<br><br>ဆောင်ရွက်ဆဲ | ***မြစ်ဝကျွန်းပေါ်ဒေသအောက်ပိုင်းရှိ ဆန်စပါးအခြေခံ ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်ကောင်းမွန်စေခြင်း***<br><br>1. ဤစီမံချက်၏ အဓိကရည်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသအခြေအနေနှင့် ကိုက်ညီမည့် ဒဏ်ခံအထွက်တိုး စပါးမျိုးသစ်များကို ဖော်ထုတ်ရန်ဖြစ်သည်။ (အသေးစိတ်ကို စာမျက်နှာ ၃၂ပါ ဆွေးနွေးချက်များ တွင်ကြည့်ပါ)။<br>2. IRRIသည် ပေါင်းစည်းထားသောအကောင်းဆုံးစိုက်နည်းစံနစ်များ(IBMP)ဖြင့် စမ်းသပ်စိုက်ကွက် ၁၁ခုတွင် စိုက်ပျိုးခဲ့သည်။ ပျိုးခင်းဖြင့်စိုက်ပျိုးခြင်း၊ မျှတသောမြေဩဇာကျွေးခြင်း၊ ပေါင်းသင်ခြင်းစသည့် စိုက်ပျိုးရေး နည်းနာကောင်းများကိုသုံးကာ ဒဏ်ခံအထွက်တိုးစပါးမျိုးသစ်များကို စိုက်ပျိုးခဲ့ပြီး ရလဒ်ကို ပုံမှန်စိုက်ပျိုးနေ ခြင်းမှရသောရလဒ်နှင့် နှိုင်းယှဉ်ပြခဲ့သည်။ IBMPစမ်းသပ်ကွက်မှ အထွက်နှုန်းမှာ ရေမကြီးသောနေရာများတွင် ၂၀% (၀.၇တန်/ဟက်တာ) နှင့် ရေကြီးသောနေရာများတွင် ၃၀%ကျော် (၁တန်/ဟက်တာ)ထိ တိုးတက်လာသည်။<br>3. ရိတ်သိမ်းချိန်လွန်သင်ယူမှုမဟာမိတ်အဖွဲ့ *  ၏မူဘောင်အတွင်း၌ IRRI နှင့် မိတ်ဖက်များသည် အပြန့်လိုက် အခြောက်ခံစက်၊ လေလုံပိတ်သိုလှောင်ရေးစနစ်၊ ပေါ့ပါးသည့်ခြွေလှေ့စက်တို့၏ စွမ်းရည်များကို စမ်းသပ်ခဲ့ကြသည်။<br><br>* ၂၀၁၃ခုနှစ်တွင် IRRIသည် ရိတ်သိမ်းချိန်လွန်သင်ယူမှုမဟာမိတ်အဖွဲ့ကို ထူထောင်ခဲ့သည်။ ယင်းတွင် NGOများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍတို့မှ ကိုယ်စားလှယ်များ ပါဝင်သည်။ ယင်းအုပ်စုသည် စပါးအခြောက်ခံခြင်း၊ ကြိတ်ခွဲမည့် စပါးအရည်အသွေး၊ မျိုးစပါးသိုလှောင်ရေး စသော ရိတ်သိမ်းချိန်လွန်နည်းပညာတို့  ကို တစ်ခုချင်းကိုင်တွယ်ဖြေရှင်းခဲ့သည်။ |
| IRRI Research and Mapping (International Rice Research Institute)<br><br>၂၈-၈-၂၀၁၂မှ ၁၄-၈-၂၀၁၅ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၂,၀၁၃,၉၄၂<br><br>ဆောင်ရွက်ဆဲ | ***ဆန်စပါးစိုက်ပျိုးသည့်ပတ်ဝန်းကျင်တွင် ဆုံးရှုံးနိုင်ချေများကိုလျှော့ချခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း***<br><br>1. ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ ၃မြို့နယ်၏ ဆန်စပါးစိုက်ပျိုးမှုပြမြေပုံများကို အပြီးသတ်ရေးဆွဲပြီးဖြစ်သည်။  သီးနှံပုံစံအမျိုးမျိုးကို ရေးဆွဲထားသော ဤမြေပုံများကို စိုက်ပျိုးရေးဌာနအရာရှိများ၊ ဒေသခံလယ်သမားများနှင့် အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ကာ အကြံပြုချက်များကိုလည်း ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။<br>2. ဆားငန်ပေါက်သောနယ်မြေ၊ ရေလွှမ်းမိုးနိုင်သောနယ်မြေ၊ ရေရှားနိုင်သောနယ်မြေစသည် တို့အလိုက် စိုက်ပျိုးနိုင်မည့် စပါးမျိုးကွဲများနှင့် စိုက်နည်းစံနစ်အကြံပေးချက်များကိုလည်း စာစောင်များအဖြစ်ပြုစုပြီး လုပ်ဖော်ကိုင်ဖက်များသို့ မျှဝေထားပြီးဖြစ်သည်။ ဤစာစောင်များကို "မြန်မာနိုင်ငံရှိ ဆန်စပါးထုတ်လုပ်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်ဆိုင်ရာ စီမံရေးနည်းနာများ ပေါင်းစည်းမှု"ဟူသော အကြောင်းအရာကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် ကျင်းပခဲ့သည့် နှစ်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်မှ  အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။ |

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| LEAD (Link Emergency Aid Development)<br>၅-၇-၂၀၁၁ မှ ၄-၇-၂၀၁၄ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ၂၉၉,၉၉၉။<br><br>စီမံချက်ကို၄-၇-၂၀၁၅ထိ ၁၂လတိုးချဲ့ကာ ဘတ်ဂျက်ကိုလည်း ကန်ဒေါ်လာ၃၉၉,၉၉၅ထိ နောက်ထပ် ကန်ဒေါ်လာ ၉၉,၉၉၅ကို ထပ်မံချမှတ်ပေးခဲ့သည်။<br><br>ဆောင်ရွက်ဆဲ | ***စားနပ်ရိက္ခာဖူလုံမှုကို အရှိန်တိုးမြှင့်ခြင်း။ နည်းပညာဆိုင်ရာ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သွင်းအားစုများပေးအပ်ခြင်းဖြင့် လယ်သမားများ မြေယာမဲ့လယ်လုပ်သားများကို စားနပ်ရိက္ခာဖူလုံစေခြင်း***<br><br>1. ဤစီမံချက်သည် ဆားငန်ပေါက်နေရာများတွင် ဆောင်းသီးနှံများ (ဖရဲ၊ မြေပဲ၊ နှမ်း၊ ဘိုကိတ်ပဲ၊ ကုလားပဲ၊ ပဲတီစိမ်း) ကိုစိုက်ပျိုးရန် လယ်သမား၅၀ကို ထောက်ပံ့ခဲ့သည်။ ဖရဲနှင့် မြေပဲတို့သည်  (ခန့်မှန်းတစ်ဟက်တာလျှင် ကန်ဒေါ်လာ၆၂၅ခန့်) ဖြင့် ဈေးကောင်းရပြီး အထွက် နှုန်းကောင်းခြင်း၊ အရည်အသွေးကောင်းခြင်း၊ သီးနှံစောစောပေါ်ခြင်းတို့ကြောင့် လည်း ယခင်နှစ်ဝင်ငွေထက် ၂ဆခန့်တိုးလာသည်။ နှမ်းမှာအထွက်နှုန်းညံ့သည်။ ပဲမျိုးစုံမှာလည်း မြေဆီလွှာ၏ ချဉ်ငန်ဓာတ်မြင့်မားမှုနှင့် မျိုးစေ့ညံ့ဖျင်းသောကြောင့် မအောင်မြင်ပေ။ စီမံချက်တိုးချဲ့ကာလအတွင်းတွင် ကျေးရွာ၈ရွာမှ စပါးစိုက်လယ်သမား၁၀၀ကို နည်းပညာဆိုင်ရာ အကြံဉာဏ်နှင့် သွင်းအားစုများပေးခဲ့သည်။ လယ်သမားများအနေဖြင့် ပျမ်းမျှတစ်ဟက်တာလျှင် စပါး၂တန်ခန့်ရရှိခဲ့ရာ ဆားပေါက်သောနေရာများအတွက် အထွက်ကောင်းသည်ဟု ဆိုရမည်။<br>2. ဤစီမံချက်သည် အစိုက်အများဆုံး ဒေသခံစပါးမျိုးများကို မျိုးစပါးအဖြစ်ထုတ်လုပ်ပြီး အနီးအနားမှ လယ်သမားများကိုရောင်းချမည့် လယ်သမား ၁၄ဦးပါဝင်သော ကွန်ရက်တစ်ခုကို ထူထောင်ခဲ့သည်။<br>3. နွမ်းပါးသောအိမ်ထောင်စု ၇၂စုသည် အသေးစားမွေးမြူရေး (ကြက်နှင့်ဝက် မွေးမြူရေး) လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ စီမံချက်သည် ကာကွယ်ဆေးထိုးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကောင်းမွန်သော အစာကျွေးနည်းများကိုအကြံပေးခြင်းတို့ဖြင့် ထောက်ပံ့ခဲ့သည်။ |
| Mercy Corps (MC) Ar Yone Oo။<br>၁-၇-၂၀၁၁ မှ  ၃၀-၆-၂၀၁၄ ထိ။<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၃,၃၂၄,၅၃၃<br><br>ဤစီမံချက်ကို  ၃၀-၆-၂၀၁၅ ထိ ၁၂ လတိုးချဲ့ခဲ့ပြီး ဘတ်ဂျက်ကိုလည်း ကန်ဒေါ်လာ ၄,၂၈၇,၄၃၁ထိ ကန်ဒေါ်လာ ၈၆၈,၉၄၈ကို ထပ်မံချမှတ်ပေးခဲ့သည်။<br><br>ဆောင်ရွက်ဆဲ | ***ပြန်လည်ထူထောင်ခြင်းမှသည်ဈေးကွက်ကဦးဆောင်သည့် နွမ်းပါးသူများအကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးတိုးတက်မှု။***<br><br>1. ဤစီမံချက်က ထူထောင်ပေးခဲ့သော လယ်သမားကုန်ထုတ်လုပ်ရေးလုပ်ငန်း (FPE)  ၃-ဖွဲ့ကို သမဝါယမများအဖြစ် တရားဝင်မှတ်ပုံတင်ထားသည်။ ၉-ဖွဲ့မှာလည်း မှတ်ပုံတင်ခွင့် တင်ထားကြသည်။ သမဝါယမအဖြစ် မှတ်ပုံတင်ရရှိပါက ယင်းတို့သည် စီးပွားရေးရာသင်တန်းများ၊ ၆လတစ်ကြိမ် လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာ စာရင်းစစ်ခြင်း၊ အတိုးနည်းချေးငွေများ၊ ပစ္စည်းကိရိယာဝယ်ယူရန်ချေးငွေများ စသော ဝန်ဆောင်မှုများကို မြို့နယ်သမဝါယမဌာနထံမှ ရရှိခံစားရမည်ဖြစ်သည်။<br>2. ကန်ထရိုက်လယ်ယာပုံစံအသစ်တစ်ခုအနေဖြင့် MCသည် ဒေသခံဆန်စက်ပိုင်ရှင်များကို မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများဖြန့်ဖြူးခြင်းတို့တွင် ကြားခံလူအဖြစ်ဆောင်ရွက်ရန် အသိပညာပေးစည်းရုံးခဲ့သည်။ ဤစီမံချက်သည် ဩဘာဓာတ်မြေဩဇာကုမ္ပဏီ၊ ဆန်စက်ပိုင်ရှင်၆ဦး၊ FPE၁၅-ဖွဲ့တို့ကို သဘောတူ စာချုပ်ချုပ်ဆိုကာ လယ်သမား ၂၉၃- ဦးသို့ ၂၀၁၄ခုနှစ် မိုးစပါးနှင့် ၂၀၁၅ခုနှစ် နွေစပါးအတွက် ဓာတ်မြေဩဇာများကို အတိုးသက်သာအကြွေးစနစ်ဖြင့် ရောင်းချနိုင်အောင် စီစဉ်ပေးနိုင်ခဲ့သည်။ ထို့ပြင် FPE ၂၂-အုပ်စုနှင့် ဆန်စက်ပိုင်ရှင်၈ဦးတို့က စပါးလက်ကားရောင်းရန် သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့သောကြောင့် လယ်သမား ၈၃၅-ဦး အကျိုးခံစားခွင့်ရရှိခဲ့ကြသည်။<br>3. ၂၀၁၄-ခုနှစ်မိုးရာသီတွင် ဆန်စက်ပိုင်ရှင်၅-ဦးသည် MCက သင်တန်းပေးထားသော မျိုးစပါးထုတ်လုပ်သူများထံမှ မျိုးကောင်းမျိုးသန့်၃၄-တန်ကို လက်ခံရရှိခဲ့သည်။ ယင်းမျိုးစပါးတို့ကို လယ်သမား-၁၇၀ ထံသို့ ဖြန့်ဝေပေးခဲ့ သည်။ ရန်ကုန်ဈေးကွက်သို့ ရောင်းချရန်အတွက် ပြန်လည်ဝယ်ယူမည်ဟု ယင်းတို့က သဘောတူထားသည်။<br>4. စွန့်ဦးစီးပွားရေးလုပ်ငန်းရှင်၃၅၈-ဦး(၈၃%မှာအမျိုးသမီးဖြစ်သည်)ကို လုပ်ငန်းစီမံချက် ရေးဆွဲခြင်းဆိုင်ရာ သင်တန်းပေးခဲ့ပြီး LIFTက ထောက်ပံ့ငွေများနှင့် သက်ဆိုင်ရာ အကြံဉာဏ်များကိုပေးခဲ့သည့်အပြင် ယင်းတို့၏စီမံချက်များကို အကောင်အထည်ဖော်နိုင်ရန် အနီးကပ်ကြည့်ရှုအကြံပေးခဲ့ကြသည်။ အသေးစားစီးပွားရေးလုပ်ငန်းအသစ် ၃၂-ခုကို စတင်ခဲ့ပြီး ၃၂၇-ခုကို တိုးချဲ့ခဲ့သည်။<br>5. ဤစီမံချက်သည် စပါးစိုက်လယ်သမားများထံသို့ ဈေးကွက်သတင်းများ၊နည်းပညာ အကြံဉာဏ်များကို  ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးထုတ်လွှင့်နေသည့်ပဥ္စဂတိ FMမှ တဆင့် ဖြန့်ဖြူးအသိပညာပေးလျက်ရှိသည်။ |

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| MSN (Mangrove Service Network)။ ၁-၇-၂၀၁၁ မှ ၃၁-၆-၂၀၁၄ ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၃၀၇,၉၃၀။<br><br>ဤစီမံချက်ကို ၃၁-၁၂-၂၀၁၄ ထိ ၆လတိုးချဲ့ခဲ့ပြီး ဘတ်ဂျက်ကိုလည်း ကန်ဒေါ်လာ ၃၄၉,၀၀၄ထိ ကန်ဒေါ်လာ ၄၁,၀၇၄ ထပ်မံချမှတ်ပေးခဲ့သည်။<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး | ***မြစ်ဝကျွန်းပေါ်ဒေသတွင် ဒေသနှင့်ကိုက်ညီသည့် အဆင့်မီပျိုးပင်များနှင့် စွမ်းအင်ချွေတာရေးမီးဖိုများထုတ်လုပ်ရာတွင် စွမ်းဆောင်ရည်နှင့် ဈေးကွက်အခွင့်အလမ်းများကို အားဖြည့်ပေးခြင်း***<br><br>1. စီမံချက်ပြီးဆုံးချိန်တွင် သမဝါယမအသင်း ၂-သင်းသည် မီးဖိုများကို ထုတ်လုပ်ရောင်းချနေပြီး ပျိုးဥယျာဉ်၆-ခု သည်လည်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ မီးဖိုအကြမ်းထုတ်လုပ်သူ ၂၂၆ ဦးရရှိနေပြီဖြစ်ပြီး ခိုင်မာသော ဈေးကွက်အဆက်အသွယ်လည်း ထူထောင်ထားပြီးဖြစ်သည်။<br>2. စွမ်းအင်ချွေတာရေးမီးဖိုသုံးစွဲသည့် အိမ်ထောင်စုဦးရေမှာ စီမံကိန်းမစတင်မီက ၁၀၉၂-စုသာ ရှိခဲ့သော်လည်း ၂၀၁၄ခုနှစ် နှစ်ကုန်တွင် ၁၅၅၉၄-စု ရှိလာပြီဖြစ်သည်။ ဤမီးဖိုများကို စီမံချက်နယ်မြေတွင်သာမက ပတ်ဝန်းကျင်မြို့နယ်ကများကပါ သုံးစွဲကြသည်။ |
| Oxfam International - Network Activities Group (NAG)။ ၁၂-၄-၂၀၁၁ မှ ၁၁-၄-၂၀၁၄ထိ။<br><br>ဘက်ဂျက် ကန်ဒေါ်လာ ၇၂၁,၃၈၄။<br><br>စီမံချက်ကို ၁၁-၄-၂၀၁၄ မှ ၃၁-၈-၂၀၁၄ထိ စရိတ်မဲ့တိုးချဲ့ခဲ့သည်။<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး | ***စားနပ်ရိက္ခာဖူလုံမှုအတွက် ရေလုပ်ငန်းကဏ္ဍတွင် အုပ်ချုပ်မှုကောင်းမွန်စေခြင်းဖြင့် လုပ်ကွက်ငယ်များအတွက် အသက်မွေးမှုလုံခြုံစေခြင်းနှင့် အခွင့်အရေးကိုအခြေပြုသော စည်းရုံးတိုက်တွန်းမှုတွင် ပါဝင်နိုင်ရန် အစိုးရမဟုတ်သော လူ့ပ်ရှားသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။***<br><br>1. ဤစီမံချက်သည် လုပ်ကွက်ငယ်ရေလုပ်ငန်းအဖွဲ့၂၀ဖြင့် ဧရာဝတီတိုင်း အသေးစား ရေလုပ်ငန်းကွန်ရက်ကို ထူထောင်ပေးခဲ့သည်။<br>2. NAGသည် တိုင်းအဆင့်တွင် ရေလုပ်ငန်းကို ပူးတွဲစီမံအုပ်ချုပ်ရန်အတွက် မူဝါဒဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၅ခုနှစ်ဖေဖေါ်ဝါရီလတွင် ကျင်းပခဲ့သည်။<br>3. ဒေးဒရဲမြို့နယ်ရှိ ကျေးရွာ၁၀-ရွာတွင် ရေလုပ်ငန်းကို ပူးတွဲစီမံအုပ်ချုပ်သည့်အဖွဲ့ပုံစံကို ရှေ့ပြေးအဖြစ် ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်ခွင့်ပြုထားသည်။ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် ဤအဖွဲ့ပုံစံကို MERN(မြန်မာ့ပတ်ဂန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ကွန်ရက်) နှင့် အခြားငွေကြေးအထောက်အပံ့တို့ဖြင့် အကောင်အထည်ဖော်နေသည်။ |
| PACT - Pyapon<br>၆-၇-၂၀၁၁ မှ ၅-၇-၂၀၁၄ ထိ ။<br><br>ဘတ်ဂျက်ကန်ဒေါ်လာ ၂၉၉,၉၉၉။<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး | ***ဖျာပုံအသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးရေးစီမံချက်***<br><br>1. ဤစီမံချက်သည် ယခုအခါတွင် ရေရှည်ဝန်ဆောင်မှုပေးနိုင်မည့် မှတ်ပုံတင်ထားသည့် အသေးစားငွေချေးလုပ်ငန်းအဖြစ် ရပ်တည်လျက်ရှိသည်။<br>2. မိုးရာသီစိုက်ပျိုးချေးငွေကိုလည်း ကျပ်၁၆၀,၀၀၀မှ ၃၀၀,၀၀၀သို့ (ကန်ဒေါ်လာ၁၅၂မှ ၂၈၅အထိ) တိုးမြှင့်ခဲ့သည်။<br>3. ဤစီမံချက်သည် ဖျာပုံမြို့နယ်တွင် လက်ရှိငွေချေးသူ ၃၃၄၂ဦးကို ဝန်ဆောင်မှုပေးနေရာမှ ၂၀၁၆ ခုနှစ်ကုန် တွင် ၄၅၀၀ ဦးထိ ဝန်ဆောင်မှုပေးသွားရန် စီမံလျက်ရှိသည်။ (အခန်း ၄.၁ကိုလည်းကြည့်ပါ) |
| PACT (ex-UNDP under Delta 2 funding)၊<br>၁-၁-၂၀၁၄မှ ၁-၂-၂၀၁၅ထိ။<br><br>ဘတ်ဂျက်၊ကန်ဒေါ်လာ ၄၄၀,၈၂၀။<br><br>ဆောင်ရွက်ဆဲ။ | ***မြစ်ဝကျွန်းပေါ်ဒေသရှိ မုန်တိုင်းဒဏ်ခံဆင်းရဲသားများ၏ အသက်မွေးဝမ်းကျောင်းမှုကို ကောင်းမွန် စေမည့် ရေရှည်တည်တံ့သော အသေးစားငွေကြေးလုပ်ငန်း***<br><br>1. ဤစီမံချက်သည် မြစ်ဝကျွန်းပေါ်ဒေသ၃မြို့နယ်ရှိ ကျေးရွာ ၃၅၃ရွာမှ အိမ်ထောင်စု၂၁,၂၃၀စုကို အသေးစား ချေးငွေများ ထုတ်ချေးပေးနေသည်။ ယင်းကို ၂၀၁၅ခုနှစ်မေလအထိ တိုးချဲ့ခဲ့သည်။<br>2. ၂၀၁၄ခုနှစ်တွင် ဤစီမံချက်သည် ကန်ဒေါ်လာ ၂.၀၉သန်းတန်ဖိုးရှိသော အသေးစား ချေးငွေများကို ထုတ်ချေးခဲ့ရာတွင် ၃၂%မှာ စိုက်ပျိုးရေးအတွက်လည်းကောင်း၊ ၂၈%မှာ မွေးမြူရေးအတွက်လည်းကောင်း၊ ၄၀%မှာ လယ်ယာပြင်ပအခြားအသုံးစရိတ်များ အတွက်လည်းကောင်း ဖြစ်သည်။ ဤစီမံချက်သည် ရာနှုန်းပြည့်ချေးငွေပြန်ဆပ်မှုကို ရရှိခဲ့သည်။ (အခန်း၄.၁တွင် ကြည့်ပါ) |

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| Proximity Designs။<br>၁၁-၁-၂၀၁၂မှ ၁၀-၁-၂၀၁၅အထိ။<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂,၆၉၁,၂၇၉။<br><br>ဆောင်ရွက်ဆဲ။ | ***ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာရှိ ထိခိုက်ခံရလွယ်သောရပ်ရွာများသို့ အသက်မွေးဝမ်းကျောင်း အထောက်အပံ့ပေးခြင်း***<br><br>1. ၂၀၁၄ခုနှစ်ခြောက်သွေ့ရာသီတွင် တာရိုးဂုခု၊ လူသွားလမ်း၅၆ခု၊ တူးမြောင်း၁ခု၊ တမံ၂ခု၊ ရေကန်၂ကန်တို့ကို ပြန်လည်မွမ်းမံပြင်ဆင်ခဲ့ရာ အိမ်ထောင်စု၄၇၄၄စုသို့ လုပ်အားခပေါင်း ၁၁၂၀၀၀ (အလုပ်လုပ်ရသည့်ရက်ပေါင်း/အိမ်ထောင်စုဦးရေ) ထုတ်ပေးနိုင်ခဲ့သည်။<br>2. ရေချိုရေငန်စပ်နေရာများတွင် ဤစီမံချက်က ဖော်ထုတ်လိုက်သော 'စိတ်ချရသည့် ရေသေရက်များတွင် ရေတင်ခြင်း'ဖြင့် နွေစပါးကို လယ်သမား၁၀၇၁ဦးတို့ စိုက်ပျိုးနိုင်ခဲ့ကြသည်။ ယင်းအချက်အလက်မှာ စီမံချက်ပထမနှစ်၂၀၁၂-၁၃တွင် လယ်သမား၂၅၁ဦးတို့ဖြင့် စမ်းသပ်ခဲ့ရာမှ ရရှိခဲ့ခြင်းဖြစ်သည်။ (စာမျက်နှာ၃၀တွင်ကြည့်ပါ)<br>3. နွေစပါးသီးနှံအသစ်သည် ဤလယ်သမားများအတွက် အရေးပါသောဒုတိယ ဝင်ငွေရလမ်းတစ်ခု ဖြစ်လာသည်။ ပျမ်းမျှ အမြတ်ငွေမှာ တစ်ဟက်တာလျှင် ကျပ်၁၂၃,၀၀၀မှ ၃၇၀,၀၀၀ (ကန်ဒေါ်လာ ၁၁၆မှ ၃၅၁)ထိ ရှိသည်။ |
| Proximity Designs။<br>၁၄-၆-၂၀၁၃မှ ၃၁-၁၂-၂၀၁၅အထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၂,၃၀၀,၀၀၀။<br><br>ဆောင်ရွက်ဆဲ။ | ***လုပ်ကွက်ငယ်လယ်သမားများကို စိုက်ပျိုးရေးချေးငွေရရှိစေခြင်း***<br><br>1. ယခုနှစ်ကုန်တွင် ဤစီမံချက်သည် ရန်ကုန်တိုင်း၊ အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့ရှိ ၇၇မြို့နယ်မှ လယ်သမား အိမ်ထောင်စုပေါင်း ၃၇,၀၉၈ကို ချေးငွေထုတ်ပေးမည်ဖြစ်သည်။ ပျမ်းမျှချေးငွေမှာ ကန်ဒေါ်လာ၂၂၆ ဖြစ်သည်။<br>2. မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံစိုက်ပျိုးရာသီနှစ်ခုစာလွှမ်းခြုံနိုင်မည့် ရေရှည်စိုက်ပျိုးရေး ချေးငွေများကို စမ်းသပ်ဖော်ထုတ်လျက်ရှိသည်။ ဤသို့ဆိုလျှင် လယ်သမားများသည် ငွေအရင်းအနှီးများကို အကျိုးရှိစွာစီမံခန့်ခွဲနိုင်မည်ဖြစ်ပြီး သီးနှံများကိုလည်း မိမိစိတ်ကြိုက်ရောင်းချနိုင်မည်ဖြစ်သည်။<br>3. ဤစီမံချက်ကို LIFT၊ Proximity Designs နှင့် Nor Fund တို့က ငွေကြေးထောက်ပံ့ထားရာတွင် LIFTက ၃၀% ထည့်ဝင်ထားသည်။ (အခန်း၄.၁ကိုလည်းကြည့်ပါ) |
| Radanar Ayar<br>၁၁-၁-၂၀၁၂ မှ ၁၀-၁-၂၀၁၅ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၈၆၄,၁၁၀။<br><br>စီမံချက်ကို ၁၀-၁-၂၀၁၆ထိ ၁၂လတိုးချဲ့ခဲ့သည်။ ဘတ်ဂျက်ကိုလည်း ကန်ဒေါ်လာ ၁,၁၆၉,၉၄၁ ထိ နောက်ထပ် ကန်ဒေါ်လာ ၃၀၅,၇၃၁ ချမှတ်ပေးခဲ့သည်။<br><br>ဆောင်ရွက်ဆဲ။ | ***ဘိုကလေးမြို့တွင် လူမှု-စီးပွားရေး နှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး (SEED)***<br><br>1. ရတနာအေးသည် မြစ်ဝကျွန်းပေါ်ဒေသတွင် မျိုးကောင်းမျိုးသန့်စပါးများကို ထုတ်လုပ်ဖြန့်ဖြူးရန် လယ်သမားများနှင့်အတူ လုပ်ကိုင်နေသည်။<br>2. မိုးစပါးနှင့် နွေစပါး စိုက်ပျိုးရန်အတွက် မျိုးစပါးတန်ချိန်-၁၂၅၀တန်ကို ထုတ်လုပ်ခဲ့သည်။ ယခင်မိုးရာသီက မျိုးပွားခဲ့သောစပါးများကိုလည်း စိုက်ပျိုးရေးဌာန ဓာတ်ခွဲခန်းတွင် စစ်ဆေးခဲ့သည်။ ဆန်နီပါဝင်သော စပါးမျိုးတစ်ခုမှ အပ ကျန်မျိုးအားလုံးမှာ အသိအမှတ်ပြုရရှိခဲ့သည်။<br>3. ၂၀၁၃-ခုနှစ်မှ ရိတ်သိမ်းခဲ့သော မျိုးကောင်းမျိုးသန့် ၄၃၄-တန်ကို မိုးရာသီမတိုင်မီတွင် မျိုးစေ့စိုက်ပျိုးသူများမှ သော်လည်းကောင်း ဤစီမံချက်၏မျိုးစေ့ဘဏ်မှ သော်လည်းကောင်း ဖြန့်ဖြူးပေးခဲ့သည်။ ထို့ပြင် ဤစီမံချက်သည် လယ်သမား၄၈၁-ဦးသို့လည်း အသိအမှတ်ပြုမျိုးစပါးများကို မိုးစပါးအဖြစ်စိုက်ပျိုးရန် ထောက်ပံ့ခဲ့သည်။<br>4. ဤစီမံချက်သည် အထွက်ကောင်းစပါးမျိုးသစ်ဖြစ်သော ဆင်းသွယ်လတ်ကိုဖြန့်ဖြူးခဲ့ရာ ယင်းသည်ဆန်ထွက် ကောင်းခြင်း၊ ဈေးကောင်းရခြင်းတို့ကြောင့် တောင်းခံသူ များပြားလျက်ရှိသည်။ ယခုအခါတွင် ဆန်စက်ပိုင်ရှင်တစ်ဦးသည် ဤစပါးကိုကန်ထရိုက် လယ်ယာစနစ်ဖြင့် လယ်သမား၂၅၀-ဦးအား မြေဟက်တာ-၁၂၀ကျော်တွင် စိုက်ပျိုးစေလျက်ရှိသည်။<br>5. အခြားဆန်စက်ပိုင်ရှင်တစ်ဦးကလည်း ဤစီမံချက်ကထောက်ပံ့ထားသော လယ်သမား၅၀ကို ဤစပါးကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်ရန်ကမ်းလှမ်းလျက်ရှိသည်။ ယင်းဆန်စက်ပိုင်ရှင်တို့သည် ငွေနှင့်သွင်း အားစုများကို အကြွေးစနစ်ဖြင့် ထုတ်ပေးမည်ဖြစ်ပြီး စပါးတစ်တင်း* လျှင် ကျပ် ၄၀၀၀(ကန်ဒေါ်လာ၃.၈)နှုန်း ဖြင့်ဝယ်ရန် အာမခံထားသည်။<br><br>*တစ်တင်းသည် ၂၀ကီလိုဂရမ်ခန့်လေးသည်။ |

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| WHH-GRET (WeltHungerhilfe - Groupe de Recherche et-d`Echangers Technologies)။ ၁၆-၆-၂၀၁၁မှ ၁၅-၆-၂၀၁၄ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၄,၁၀၂,၈၅၅။<br><br>ဤစီမံချက်ကို ၁၅-၆-၂၀၁၅ ထိ ၁၂လတိုးချဲ့ခဲ့ပြီး ဘတ်ဂျက်ကိုလည်း ကန်ဒေါ်လာ၃,၉၀၃,၇၅၅ထိ နောက်ထပ် ကန်ဒေါ်လာ ၈၂၀,၃၅၇ ထပ်မံချမှတ်ပေး ခဲ့သည်။<br><br>ဆောင်ရွက်ဆဲ။ | ***ဘိုကလေးအလယ်ပိုင်းတွင် အားလုံးပါဝင်သောစီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် တန်ဖိုးကွင်းဆက်တည်ဆောက်ခြင်း***<br><br>1. ဤစီမံချက်သည် စွမ်းဆောင်ရည်သုံးသပ်ချက်တစ်ခုအရ အတောင့်တင်းဆုံး ကျေးလက်ဖွံ့ဖြိုးရေးကော်မတီ (VDC) ၄၅-ခုကို တိုးချဲ့သည့်ကာလအတွင်းတွင် ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။ ကျန်ကော်မတီများအတွက် ထွက်ပေါက်မဟာဗျူဟာ တစ်ခုကိုလည်း ရေးဆွဲမည်ဖြစ်သည်။<br>2. ရပ်ရွာစိုက်ပျိုး-စီးပွားဖွံ့ဖြိုးရေးစင်မြင့် (CAEDP) ၁၆-ခုစလုံးသည် လုပ်ငန်းဆောင်ရွက်နေကြသည်။ ၆-ခုမှာ သွင်းအားစုဆိုင်များကို ဖွင့်လှစ်ရောင်းချနေရာ ဒေသခံလက်လီ အရောင်းသမားများ၊ မြို့များမှ တိုက်ရိုက်သယ်ယူရောင်းချသည့် လှေများနှင့် အပြိုင်ရောင်းချရန် အခက်အခဲတွေ့နေသည်။ CAEDP အများစုမှာ ငွေကြေးအရ မအောင်မြင်ကြပေ။ ယင်းတို့၏ စီမံခန့်ခွဲမှုစရိတ်မှာလည်းမြင့်မားလှသည်။ GRET သည် ကုန်ကျစရိတ်လျှော့ချရန် ယင်းတို့၏ လုပ်ငန်းပုံစံကို ပြန်လည်သုံးသပ်နေသည်။<br>3. GRETသည် စပါးလှောင်ငွေချေးအုပ်စု(IC )အသစ်နှစ်ခုကို ၂၀၁၄-ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ လုပ်ကိုင်နေသော IC ၅-အုပ်စုသည် ၂၀၁၄-ခုနှစ်မိုးရာသီက ထုတ်လုပ်သော စပါးနှင့်အရည်အသွေးကောင်းမျိုးစပါးများတို့ကို သိမ်းဆည်းသိုလှောင်ထားနိုင်ရန် လယ်သမား ၈၇-ဦးသို့ ချေးငွေများထုတ်ပေးခဲ့သည်။<br>4. ဇူလိုင်လအတွင်းက ဤစီမံချက်သည် စပါးစုပေါင်းရောင်းချနိုင်မည့် ဈေးကွက်အချိတ်အဆက် ပိုမိုကောင်းမွန် စေမည့်နည်းလမ်းကိုရှာဖွေရန် IC အုပ်စုဝင်များနှင့် ကုန်သည် ၄-ဦးတို့ကို အလုပ်ရုံဆွေးနွေးပွဲကျင်းပပေးခဲ့သည်။ IC အုပ်စုများ သိုလှောင်ထားသည့်စပါးများကို ဈေးကောင်းပေးဝယ်ယူရန် ကုန်သည်များက သဘောတူ ကြသည်။<br>5. ၂၀၁၂-ခုနှစ်မတ်လမှ ၂၀၁၄-ခုနှစ်အထိ အကျုံးဝင်သော စပါးနှင့်ဆန်ဈေးသုံးသပ်မှုအစီရင်ခံစာ တစ်စောင်ကို ထုတ်ဝေခဲ့သည်။ ယင်းသည် ဤစီမံချက်၏ ဈေးကွက်သတင်းဖြန့်ဖြူးခြင်းစနစ်ကို အခြေခံထားသည်။<br>6. ကျေးရွာအခြေပြု ဆန်စက်၆-ခုကို မွမ်းမံခဲ့သည်။ ယင်းတို့၏ ဆန်ထွက်နှုန်းမှာ ၁၇၅%အထိ တိုးတက်လာသည်။<br>7. BATWG * (ဘိုကလေးစိုက်ပျိုးရေးနည်းပညာလုပ်ငန်းအဖွဲ့)၏ဦးဆောင်မှုဖြင့် ဤစီမံချက်သည် အခမ်းအနားအချို့ကိုကျင်းပနိုင်ခဲ့သည်။<br><br>• တတိယအကြိမ် ဘိုကလေးစိုက်ပျိုးရေးပြပွဲကို ဖေဖော်ဝါရီလတွင်ကျင်းပခဲ့ရာ လူဦးရေ ၂၀၀၀ခန့်လာရောက်ခဲ့သည်။<br>• အလေအလွင့်လျှော့ပါးရေးနှင့် စပါးအရည်အသွေးတိုးမြှင့်ရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာဆွေးနွေးပွဲကို နိုဝင်ဘာလတွင် ကျင်းပခဲ့သည်။<br>• မျိုးသန့်စပါးထုတ်လုပ်ခြင်းကို ပိုမိုနားလည်နိုင်ရန် လယ်သမားများနှင့် NGO ဝန်ထမ်းများကို မှော်ဘီမျိုးစေ့ဘဏ်သို့ လေ့လာရေးခရီးစေလွှတ်ခဲ့သည်။<br><br>* Bogale Agriculture Technical Working Group |

## ၂၀၁၄ခုနှစ်အတွင်း ဖြစ်ထွန်းမှုများမှ ထုတ်နုတ်တင်ပြချက်

LIFTသည် လုပ်ကွက်ငယ်လယ်သမားများကို မျိုးကောင်းမျိုးသန့် နည်းပညာအသစ်များ ရိတ်သိမ်းချိန်လွန်ကိရိယာများ၊ ကုန်သွယ်ရေးလုပ်ငန်းစဉ်များစသည်တို့ကို ပိုမိုလက်လှမ်းမီလာစေရန် အတွက် ဆန်စပါးဆိုင်ရာတန်ဖိုးကွင်းဆက်တွင် အရင်းအမြစ်များကို သိသာစွာရင်းနှီးမြှုပ်နှံခဲ့ပြီးဖြစ်သည်။

ရေကြီးမှု၊ ရေငန်တိုးဝင်မှုတို့၏ဒဏ်ကို မကြာခဏခံစားနေရသည့် မြစ်ဝကျွန်းပေါ်ဒေသ စိုက်ပျိုးရေးလုပ်ငန်းကို ပတ်ဝန်းကျင်ဆိုင်ရာ အကန့်အသတ်များက အထူးသဖြင့်စိန်ခေါ်လျက်ရှိသည်။ ဤသို့စိန်ခေါ်မှုများရှိနေသဖြင့် အထွက်အကောင်းဆုံးဖြစ်စေမည့်သေချာစွာ လက်တွေ့စမ်းသပ်ပြီးသော မျိုးကောင်းမျိုးသန့်များ၊ နည်းပညာသစ်များကို လယ်သမားတို့ထံသို့ LIFTနှင့် လုပ်ဖော်ကိုင်ဖက်များက ယူဆောင်လာခဲ့သည်။

Proximity Designs အဖွဲ့သည် ရေငန်ဝင်သော နေရာများတွင်လည်း နှစ်သီးစားစိုက်ပျိုးနိုင်ကြောင်း သက်သေပြခဲ့သည့်နည်းတူ၊ IRRIကလည်း ယင်းတို့၏ နှစ်လကြာ ရှည်စွာ သုတေသနပြုရလဒ်များကို လယ်သမားများထံသို့တိုက်ရိုက်ပေးအပ်နိုင်ခဲ့သည်။ အချို့စပါးမျိုးသစ်များမှာ ဒေသခံမျိုးများထက် ရေမြေဒေသအမျိုးမျိုးတွင် ပိုမိုဖြစ်ထွန်းနိုင်ကြောင်း၊ ဒဏ်ခံနိုင်ကြောင်းတွေ့ရသဖြင့် ယင်းတို့ကိုတိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေသည်။

နောက်ထပ်စိန်ခေါ်မှုတစ်ခုမှာ အလုပ်အများဆုံးချိန်တွင် လုပ်သားများမရရှိခြင်းပင်ဖြစ်ပြီး ယင်းစိုက်ပျိုးရေးစနစ်များအပေါ်တွင် ဖိအားသက်ရောက်နေသည်။ လယ်သမားများသည် စပါးထုတ်လုပ်ရေးကို တိုးချဲ့လိုလျှင်ဖြစ်စေ၊ အထွက်နှုန်း

တိုးတက်စေလိုလျှင်ဖြစ်စေ၊စက်မှုလယ်ယာ(လယ်ထွန်စက်များ၊ ရိတ်သိမ်းစက်များ၊ ရေစုပ်စက်များစသည်) ဖြစ်အောင် ရင်းနှီးမြှုပ်နှံနိုင်ရန် လိုအပ်လာသည်။ ယခုအခါတွင်လယ်သမားများအတွက် နည်းလမ်းအသစ်များ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ လမ်းပွင့်လာပြီဖြစ်သော်လည်း အရင်းအနှီး ရရှိရန်နှင့် မှန်မှန်ကန်ကန် ရင်းနှီးမြှုပ်နှံရေးအတွက် ဆုံးဖြတ်ရန်မှာ ခက်ခဲလျက်ပင်ရှိနေသေးသည်။ အထူးသဖြင့် လုပ်ကွက်ငယ်လယ်သမားများတွင် ဖြစ်သည်။ GRETနှင့် WHH တို့သည် လယ်သမားများ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကူညီနိုင်မည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို စမ်းသပ်တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။

## ရေငန်ဝင်သောနေရာများတွင် နွေစပါးစိုက်ပျိုးခြင်းဖြင့် လယ်သမားများ ဝင်ငွေနှစ်ဆတိုးစေရန် Proximity Designs ၏ တီထွင်ဖြေရှင်းချက်

၁၉၇၅ခုနှစ်ကတည်းက မြစ်ဝကျွန်းပေါ်ဒေသရှိ ရေငန်ဝင်သောနေရာများ ရေချိုရေငန်စပ် နေရာများတွင် နွေစပါး (နိုဝင်ဘာနှင့်ဇန်နဝါရီကြားတွင်) စိုက်ပျိုးနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသ တစ်ခုလုံး၏ ဆားငန်ပေါက်မှုအခြေအနေကို မြေအသုံးချရေးဌာနက မြေပုံရေးဆွဲထားပြီး ဖြစ်သော်လည်း[33] လယ်သမားများသည် နွေစပါး မစိုက်ပျိုးနိုင်ကြပေ။ အကြောင်းမှာ စိုက်ပျိုးရေတင်သွင်းရယူရမည့် မြစ်ရေချောင်းရေများ၌ စပါးသီးနှံက ဒဏ်မခံနိုင်လောက်အောင်အငန်ဓါတ်စိမ့်ဝင် မလာမီအချိန်အတွင်း စိုက်ပျိုးနိုင်ရန် အချိန်မရသောကြောင့် ဖြစ်သည်။

Proximity Designs သည် မြစ်ရေတင်ရန် စိတ်ချရသည့် အချိန်ကို ဖော်ထုတ်နိုင်ခဲ့သောကြောင့် ယခုအခါ လယ်သမားများသည် လဆန်းလဆုတ်ရက်များကို ကြည့်ကာ ဒီရေအသေဆုံးရက်တွင် မြစ်ရေတင်နိုင်ကြပြီဖြစ်သည်။[34] Proximity Designs ၏ စိုက်ပျိုးရေးအကြံပေးအဖွဲ့သည် ရေချိုရေငန်စပ်နေရာများတွင် နွေစပါးကိုစိုက်ပျိုးနိုင်မည့် လွယ်ကူပြီး စရိတ်သက်သာသောနည်းလမ်းတစ်ခုကို ဖော်ထုတ်နိုင်ပြီဖြစ်ရာ ယင်းတွင် အောက်ပါတို့ပါဝင်သည်_

- မိုးစပါးအတွက် သက်တမ်းတိုကောက်လျင်စပါးမျိုးများ (ရက်၉၀မှ၁၂၀) ကို စိုက်ပျိုးခြင်းဖြင့်စောစော (ဒီဇင်ဘာလအစား အောက်တိုဘာလကုန်ပိုင်းတွင်) ရိတ်သိမ်းနိုင်ခြင်း။
- နွေစပါးအတွက် သက်တမ်းအလွန်တိုသော (ရက်၉၀မှ ၁၀၀) စပါးမျိုးကို နိုဝင်ဘာလဆန်းတွင် စိုက်ပျိုးခြင်းဖြင့် ရေငန်တိုးမဝင်မီ ဖန်နဝါရီလကုန်ပိုင်းတွင် ရိတ်သိမ်းနိုင်ခြင်း။
- ရေငန်အဝင်အနည်းဆုံးဖြစ်သည့် လဆန်း/လဆုတ် ၈ရက်ပတ်ဝန်းကျင် ရေသေရက်များတွင် မြစ်ရေတင်ခြင်း။
- ချောင်းငယ်မြောင်းငယ်များ တစ်လျှောက်တွင် ရေငန်တားတာတမံတည်ဆောက်ခြင်းဖြင့် ရေငန်ဝင်ရောက်မှုကို ကာကွယ်နိုင်သည့်ပြင် ရေချိုကိုပါသိုလှောင်ထားနိုင်ခြင်း။

၂၀၁၂-၁၃ခြောက်သွေ့ရာသီတွင် ကျေးရွာ၁၀ရွာမှ လယ်သမား ၂၅၁ဦးတို့သည် ဤနည်းကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြသည်။ ၂၀၁၃-၁၄ခုနှစ်တွင် ယခင်ကနွေစပါး မစိုက်ပျိုးခဲ့သည့် ဘိုကလေးနှင့်မော်လမြိုင်ကျွန်းရှိ ကျေးရွာ၂၄ရွာမှ နောက်ထပ်လယ်သမား ၆၂၃-ဦးသည်လည်း တိုးချဲ့စိုက်ပျိုးခဲ့သည်။ ၂၀၁၄-၁၅-ခုနှစ်တွင် နောက်ထပ် လယ်သမား ၄၀၈-ဦးသည် ဤအထောက်အပံ့ဖြင့် နွေစပါးစိုက်ပျိုးနေကြသည်။

ဤလယ်သမားအများစုမှာ လယ်ယာမြေ အလယ်အလတ်မှ အကြီးစားထိ ပိုင်ဆိုင်ကြသည်။ သို့သော် ဤနည်းစနစ် ပိုမိုပျံ့နှံ့သွားသောအခါ အရင်းအနှီးလုံလောက်သော အခြားလယ်သမားများသည်လည်း ဤနည်းကို စမ်းသပ်လိုလာကြပြီး နွေစပါးမစိုက်ပျိုးလိုသော လယ်သမားအချို့၏ လယ်မြေတစ်ဧက (တစ်ဟက်တာ လေးပုံတစ်ပုံ)ခန့်ကို မြေယာမဲ့လယ်သမား ၁၂-ဦးက သုံးစွဲ စိုက်ပျိုးလျက် ရှိကြသည်။


ပျမ်းမျှအထွက်နှုန်းအနေဖြင့် ရေချိုရေငန်စပ် နေရာများတွင် တစ်ဟက်တာလျှင် ၃-တန်ခန့်နှင့် ရေငန်ဝင်သောနေရာများတွင် တစ်ဟက်တာလျှင် ၂.၅-တန်ခန့်ဖြစ်သည်။ (ရေချိုနယ်မြေများတွင် တစ်ဟက်တာလျှင် ၄-တန်ခန့်ထွက်ရှိသည်)။ ပျမ်းမျှအသားတင်အမြတ်မှာ တစ်ဟက်တာလျှင် ကျပ် ၁၂၅,၀၀၀ မှ ၃၇၀,၀၀၀ (ကန်ဒေါ်လာ ၁၂၅မှ ၃၇၅ထိ) ဖြစ်ပြီးလယ်သမားများအနေဖြင့် ဒုတိယဝင်ငွေ တစ်ရပ်အဖြစ် နှစ်စဉ်ရရှိနေသည်။ နွေစပါးသည် လယ်ယာလုပ်သားများကိုလည်း အလုပ်အကိုင် ပိုမိုရရှိစေသည်။

စိန်ခေါ်မှုအချို့မှာရှိနေဆဲဖြစ်သည်။ အဓိကမှာ မုတ်သုန်ရာသီ နောက်ကျခြင်းဖြစ်သည်။ (ဆိုလိုသည်မှာ သာမန်ထက်ပို၍ မိုးဆက်လက်ရွာနေခြင်းဖြစ်သည်) ထို့ကြောင့် မိုးစပါးရိတ်သိမ်းမှုနှင့် နွေစပါးစိုက်ပျိုးမှုတို့ နှောင့်နှေးရသည်။ ထို့အပြင် ရိတ်သိမ်းခြင်း၊ စိုက်ပျိုးခြင်း၊ ရေတင်ခြင်းတို့ကို အချိန်တိုတိုအတွင်း ဆောင်ရွက်ရန် လိုအပ်သည့် ခြွေလှေ့စက်များ၊ ကျွဲနွားများ၊ ရေစုပ်စက်များကိုလည်းလုပ်ကွက်ငယ် လယ်သမားများက မဝယ်ယူနိုင်ကြပေ။


## မိသားစုလယ်ယာ စီမံခန့်ခွဲရေးရာအကြံပေးခြင်း (MAFF) သည် GRETနှင့်WHHတို့၏ ထူးခြားသော တိုးချဲ့ပညာပေးရေးဝန်ဆောင်မှုတစ်ခုပင်ဖြစ်ပြီး ကြီးကြီးမားမားအကျိုးသက်ရောက်နိုင်မည့် အလားအလာလည်း ရှိနေသည်။

ဒေသခံတို့က **မလစက**ဟုခေါ်ဆိုကြသော ဤဝန်ဆောင်မှုသည် နည်းပညာဆိုင်ရာ အကြံဉာဏ်များသာမက အခြားဝန်ဆောင်မှုများကိုပါ တိုးချဲ့ပေးအပ်နေသည်။ လယ်သမားများကို လယ်ယာလုပ်ငန်းသာမက ငွေရေးကြေးရေး၊ ချေးငွေ၊ သုံးစွဲမှုစသော ကိစ္စရပ်များတွင်လည်း မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရန်အတွက် သင်ကြားပေးလျက်ရှိသည်။ ၂၀၁၂ ခုနှစ်မှစ၍ GRETနှင့်WHHသည် ကျေးရွာ၈ရွာမှ လယ်သမား၂၁၂ဦး (အမျိုးသမီး၇၇ဦး အပါအဝင်)ကို ထောက်ပံ့ခဲ့သည်။ပထမဆုံး အနေဖြင့် အကြံပေးတစ်ဦးသည် လယ်သမားတစ်ဦးဆီသို့ သွားရောက်ပြီး အဆိုပါလယ်သမား၏ လယ်မြေပုံကို ဆွဲပေးသည်။ စိုက်ပျိုးရေးပြက္ခဒိန်တစ်ခုကို လည်း ရေးဆွဲပေးသည်။ ယင်း၏ပိုင်ဆိုင်မှုများကို စာရင်းပြုစုပေးပြီး ဝင်ငွေထွက်ငွေမှတ်တမ်းကိုလည်း ဖြည့်သွင်း ပေးသည်။ ယင်းမှတ်တမ်းကို အသုံးပြု၍ အသုံးစရိတ်အဝင်အထွက်ကို စီမံခန့်ခွဲနိုင်သကဲ့သို့ လယ်ယာနှင့် အခြားလုပ်ငန်းများမှ ရရှိသော အမြတ်အရှုံးကိုလည်း တွက်ချက်နိုင်သည်။

33 ၁၉၈၀ပြည့်လွန်နှစ်များကဆောင်ရွက်ခဲ့သည်။
34 ရေသေရက်များတွင် ရေတွင်ဆားပါဝင်မှု အနည်းဆုံး ဖြစ်သည်။




*ပြက္ခဒိန်ရက် (ရေသေရက်) အလိုက် ရေသွင်းစိုက်ပျိုးနည်းကို Proximity Design မှ ဦးမျိုးမြင့် မှ ရှင်းလင်းပြောကြားစဉ်.*



အနည်းဆုံး တစ်နှစ်ကြာအောင် လည်ပတ်ပြီးမှသာလျှင် လယ်သမားတစ်ဦး၏ စီးပွားရေး အခြေအနေကို အပြည့်အဝ သုံးသပ်နိုင်မည်ဖြစ်သည်။ ထို့နောက်တွင်မူ လယ်သမားများသည် အကြံပေးများနှင့် တိုင်ပင်၍လယ်ယာလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် စီမံနိုင်မည့်နည်းလမ်းများကိုအတူဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်တို့၏ အကြောင်းရင်းများကို အတူတကွသုံးသပ်ခြင်းတို့ကို ပြုလုပ်လာကြခြင်းဖြင့် အချင်းချင်း ယုံကြည်မှုရှိလာကြသည်။ အခြား'မလစက'အဖွဲ့ဝင်များနှင့် လည်းပုံမှန်တွေ့ဆုံကြပြီးအမြင်များကိုဖလှယ်ကြကာလယ်ယာလုပ်ငန်းတိုးတက်စေမည့် နည်းလမ်းများကိုစဉ်းစား ကြသည်။ အဖွဲ့ဝင်များနှင့် အကြံပေးတို့ကမေးသော အချို့မေးခွန်းတို့ကို ပြင်ပကျွမ်းကျင်သူများက လာရောက် ဖြေကြားပေးကြသည်။ အတက်ကြွဆုံးသော အဖွဲ့ဝင်များကို တန်းတူပညာပေးသူများ အဖြစ် လေ့ကျင့်ပေးပြီးသောအခါ ဒုတိယအဆင့်အဖြစ် လုပ်ငန်း တိုးချဲ့သည်။ တန်းတူပညာပေးသူတစ်ဦးသည် အခြား လယ်သမား ၁၀ဦးနှင့်အတူ အလုပ်လုပ်ကိုင်ကြမည်ဖြစ်သည်။ 'မလစက'အတွေ့အကြုံများကို အစည်းအဝေးများ အလည်အပတ်ခရီးစဉ်များတွင်ဖလှယ်ကြပြီး သတင်းအချက်အလက် ပညာပေးစာရွက်စာတမ်းများကိုလည်းဖြန့်ဝေကြမည်ဖြစ်သည်။ ဤနည်းဖြင့် ရွာသား ၁၁၆-ဦးသည် ဤစီမံချက်နှင့် ဆက်သွယ်ထားကြသည်။

၂၀၁၄ခုနှစ်မေလတွင် ကျင်းပသော အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုတွင် 'မလစက'အဖွဲ့များသည် ယင်းတို့ဆောင်ရွက်ခဲ့သည့် အောက်ပါ တိုးတက်ပြောင်းလဲမှုများကို ပြောပြခဲ့ကြသည်။

- အဖွဲ့ဝင်သုံးပုံတစ်ပုံသည် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအသစ်များကို ကျင့်သုံးလာကြသည်။ ကြဲခင်းအစား စိုက်ခင်းကိုကျင့်သုံးခြင်း၊ မျိုးကုန်ကျမှု သက်သာအောင် မျိုးစေ့ချစက်ကို သုံးစွဲခြင်း၊ အထွက်ကောင်း စပါးမျိုးသစ်များကို စိုက်ပျိုးခြင်း၊ လယ်ထွန်စက်စသော စက်ကိရိယာများကို ဝယ်ယူခြင်းတို့ဖြစ်သည်။
- အချို့မှာ စပါးသိုလှောင်ရုံများကို မွမ်းမံဆောက်လုပ်ခဲ့ကြသည်။
- ရာသီအလိုက် ငွေကြေးပြတ်တောက်မှုကို ထိန်းသိမ်းနိုင်အောင် ဝင်ငွေရလမ်းအမျိုးမျိုးရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးကို ပြုလုပ်ခြင်းဖြင့် ဝင်ငွေပုံမှန်ရှိလာသည်။ ထို့ကြောင့် စားနပ်ရိက္ခာဝယ်ယူရန်အတွက် ကာလတိုချေးငွေများကို အတိုးကြီးကြီးဖြင့်ချေးယူရန် မလိုတော့ပေ။ အခြား ဝင်ငွေရရှိမည့်လုပ်ငန်းများတွင် မွေးမြူရေးလုပ်ငန်း အသေးစား (ကြက်၊ဝက်၊ဘဲ)၊ ငါးရှဉ့်အသားတိုးလုပ်ငန်း၊ ပန်းစိုက်ပျိုးခြင်း၊ မှိုစိုက်ပျိုးခြင်း၊ ဘက်ထရီအား သွင်းခြင်းလုပ်ငန်းတို့ပါဝင်သည်။ WHHအဖွဲ့ဝင် ၇-ဦးတို့သည် ယခုအခါတွင် တရားဝင်ရော အလွတ်သဘောအရပါ ငွေမချေးယူကြတော့ပေ။
- မလစကသည် လူထု၏အမူအကျင့်ပြောင်းလဲအောင် တိုက်တွန်းနှိုးဆော်နိုင်ခဲ့သဖြင့် ဝင်ငွေ-ထွက်ငွေသဘောကို နားလည်လာသည့်အလျောက် အချို့အဖွဲ့ဝင်များသည် ကွမ်းစားခြင်း ဆေးလိပ်သောက်ခြင်းတို့ကိုပါ လျှော့ချလာကြသည်။

မလစကသည် အဖွဲ့ဝင်များကို သက်ရောက်မှုများစွာ ရှိခဲ့သော်လည်း လယ်သမားအိမ်ထောင်စု အနည်းငယ်ထံသို့သာ ပျံ့နှံ့ရခြင်းမှာ အစီအစဉ်အစပိုင်းတွင် ကြပ်ကြပ်မတ်မတ် လေ့ကျင့်ပေးရန်လိုအပ်သော ကြောင့်ဖြစ်သည်။ တန်းတူပညာပေးသူများ များပြားလာသောအခါတွင် ဤအစီအစဉ်တွင် ပါဝင်သူပိုများ လာမည် ဖြစ်သည်။

မလစကသည် နည်းပညာတစ်ရပ်ရပ်ကို သုံးစွဲအောင်လှုံ့ဆော်ခြင်း မဟုတ်ဘဲ ဆုံးဖြတ်နိုင်စွမ်းကို လေ့ကျင့်ပေးခြင်းကိုသာ အခြေခံသဖြင့် ထူးခြားသော တိုးချဲ့ ဝန်ဆောင်မှု တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် အဖွဲ့ဝင်များ၏ ပြောင်းလဲမှု များသည် ခိုင်မာ၍ တာရှည်ခံသည်။LIFTသည် ငွေကြေးစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အကြံပေး ဝန်ဆောင်မှုများကို ဆက်လက်ရင်းနှီးမြှုပ်နှံသွားရန် စဉ်းစားနေသည်။

### IRRIမှ ဦးဆောင်သော စုပေါင်းပါဝင်မျိုးရွေးချယ်မှု(PVS) ဖြင့် ဒဏ်ခံအထွက်တိုးစပါးမျိုးသစ်များကို လယ်သမားများက ရွေးချယ်ခြင်း

PVSဆိုသည်မှာ စပါးမျိုးစေ့သစ်များကို လယ်သမားများကိုယ်တိုင် မိမိပိုင်လယ်များတွင် စမ်းသပ်စိုက်ပျိုးခြင်းပင်ဖြစ်သည်။[35] ၂၀၁၂ခုနှစ်မှစ၍ IRRIသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဌာန၊ LIFT၏ လုပ်ဖော်ကိုင်ဖက်ဂုဖွဲ့နှင့် ပူးပေါင်းကာ အထွက်တိုးစပါးမျိုးများနှင့် ဆားငန်ဒဏ်ခံ၊ ရေကြီးဒဏ်ခံစပါးမျိုးများကို ရွေးချယ်ခဲ့ကြသည်။

ရွေးချယ်ရာတွင် အထွက်ကောင်းရုံသာမက ဆန်အရည်အသွေး၊ အသွင်အပြင်၊ အနံ့၊ အရသာတို့ကိုပါထည့်သွင်း စဉ်းစားကြသည်။ PVSကို အဆင့်နှစ်ဆင့်ဖြင့် လုပ်ဆောင်သည်။ယင်းကို "သုတေသီဦးဆောင် စမ်းသပ်ကွက်နှင့် တောင်သူဦးဆောင် စမ်းသပ်ကွက်" (Mother Trials နှင့်Baby Trials)ဟုခေါ်သည်။ MTများကို ရေမြေဒေသအခြေအနေအမျိုးမျိုးတွင် စိုက်ပျိုးကာ လိုက်လျောညီထွေမှုရှိမရှိ စမ်းသပ်သည်။ စပါးမျိုးများအားလုံးကိုယှဉ်၍ သုတေသီများက ကြီးကြပ်စိုက်ပျိုးကြသည်။ ထို့နောက်အစိုက်များသော ဒေသမျိုးနှင့် နှိုင်းယှဉ်ကြည့်သည်။ လယ်သမားများကို စိုက်ကွင်းများသို့ဖိတ်ခေါ်ပြီး ယင်းတို့စိတ်ကြိုက်ကို ရွေးချယ်စေသည်။ ထို့နောက် ချက်ပြုတ်ပြီးထမင်းကို မြည်းစမ်းကြည့်စေကာ အကဲဖြတ်ခိုင်းသည်။ အကောင်းဆုံးမျိုးစပါးများကို ရေဆင်းသုတေသနဌာနတွင် BTများ ဆောင်ရွက်ရန် အတွက် မျိုးပွားယူသည်။

ရွေးချယ်ထားသည့် မျိုးအသစ်နှစ်မျိုးသုံးမျိုးကို ၅-ကီလိုဂရမ်မှ ၁၀ကီလိုဂရမ်ထိ လယ်သမားများသို့ ထုတ်ပေးပြီး၊ယင်းတို့၏ လယ်ကွက်ကြီးများတွင် စိုက်ပျိုးစေသည်။ လက်ရှိစိုက်ပျိုးနေသောမျိုးများကိုလည်း ဆက်လက်စိုက်ပျိုးစေသည်။ BT၏ ရည်ရွယ်ချက်မှာ MTများ၏ရလဒ်အတိုင်း ရမရကို အတည်ပြုရန်၊ ဒေသခံစိုက်ပျိုးနည်းစနစ်များနှင့် လိုက်လျောညီထွေရှိမရှိကို စမ်းသပ်ရန်၊ လယ်သမားများသည် လက်ရှိမျိုးများအစား မျိုးသစ်များကို ပြောင်းလဲ သုံးစွဲရန် အသင့်ရှိမရှိတို့ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ဤလုပ်ငန်းစဉ်ကို ၂၀၁၂-ခုနှစ်မိုးရာသီမှစ၍ ဆောင်ရွက်နေဆဲ ဖြစ်ပြီး BTများသည် အောင်မြင်သဖြင့် မျိုးသစ်များကို တောင်းဆိုနေကြသည်။

35 ယခင်က စိုက်ပျိုးရေးဌာနသည် စပါးမျိုးသစ်များကို သမရိုးကျ မျိုးပွားရေးအစီအစဉ်ဖြင့်သာ ဆောင်ရွက်ခဲ့သည်။ ယင်းသည် လယ်သမားများ၏လယ်တွင် မဟုတ်ဘဲ သုတေသနစခန်းများတွင်သာ စမ်းသပ်စိုက်ပျိုးခြင်းဖြစ်သည်။

*ဇယား၃.၂။ မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်ဒေသတို့တွင် IRRIကဆောင်ရွက်ခဲ့သော PVSရာသီအလိုက် စမ်းသပ်မှုများ*

| ရာသီ။ PVSအဆင့် | လယ်ကွက်/ လယ်သမား အရေအတွက် | စမ်းသပ်သည့် မျိုး အရေ အတွက် | ရွေးချယ်ခဲ့သည့် မျိုးများ |
|---|---|---|---|
| ၂၀၁၂၊ မိုးရာသီ၊ MT | ၆ | ၁၅ | ဆားငန်ခံဆင်းသွယ်လတ်၊ ဆင်းသုခ၊ ရွှေပြည်ဒွေး၊ ရွှေတဆုပ် |
| ၂၀၁၂-၁၃၊ ခြောက်သွေ့ရာသီ၊ MT | ၁၅ | ၁၂ | IR10T 107၊ IR10T 108၊ IR10T 109၊ IR10T 111 ၊ CSR 36 |
| ၂၀၁၃၊ မိုးရာသီ၊ M T | ၆ | ၁၅ | ရွှေပြည်တန်၊ ဆင်းသွယ်လတ်၊ BR-11-Sub1 ၊ IR 81340-B-11-B |
| ၂၀၁၃၊ မိုးရာသီ၊ BT | ၃၁၉ | ၄ | ဆားငန်ခံဆင်းသွယ်လတ်၊ ဆင်းသုခ၊ ရွှေပြည်ဒွေး |
| ၂၀၁၃-၁၄၊ ခြောက်သွေ့ရာသီ၊ MT | ၉ | ၁၅ | ဆလီနာ၁၅၊ ဆလီနာ၁၈၊ ဆလီနာ ၁၂၊ ဆလီနာ ၁၁ |
| ၂၀၁၃-၁၄၊ နွေရာသီ၊ BT | ၂၁၉ | ၄ | IR10T 108 ၊ CSR 36 |
| ၂၀၁၄၊ မိုးရာသီ၊ BT | ၁၉၈ | ၄ | သုံးသပ်ဆဲ |
| ၂၀၁၄-၁၅၊ ခြောက်သွေ့ရာသီ၊ BT | ၁၅၇ | ၉ | သုံးသပ်ဆဲ |

*IRRIသုတေသနစီမံချက်အရ မြစ်ဝကျွန်းပေါ်ဒေသ၏အခြားနေရာများနှင့် အပူပိုင်းဇုန်တွင် ဆောင်ရွက်နေသော စမ်းသပ်မှုများ*

| ရာသီ။ PVSအဆင့် | လယ်ကွက်/ လယ်သမား အရေအတွက် | စမ်းသပ်သည့် မျိုး အရေ အတွက် | ရွေးချယ်ခဲ့သည့် မျိုးများ |
|---|---|---|---|
| ၂၀၁၃၊ မိုးရာသီ၊ MT၊ မြစ်ဝကျွန်းပေါ် | ၁ | ၁၅ | GSR IR1-12 D10-S1-D1၊ STK၊ ရေငန်ဗိုလ်(ဒေသခံ) |
| ၂၀၁၄၊ မိုးရာသီ၊ MT၊ မြစ်ဝကျွန်းပေါ် | ၂ | ၁၃ | Inpra 3၊ STSTL ၊ IR 85309-Sub 1-156-1-1-1၊ PSBRC 18 Sub 1 |
| ၂၀၁၃၊ မိုးရာသီ၊ MT အပူပိုင်းဇုန် | ၄ | ၁၅ | IR10T 107 (ဆင်းရွှေယဉ်)၊ IR 87705-44-4-B၊ IR 87707-182-B-B-B |
| ၂၀၁၄၊ ခြောက်သွေ့ရာသီ၊ MT အပူပိုင်းဇုန် | ၇ | ၁၄ | IR10T 107၊IR 87705-44-4-B၊ ရွှေပြည်ဒွေး၊ IR 87707-446-B-B-B၊ IR 07A 234 |
| ၂၀၁၃၊ မိုးရာသီ၊ MT အပူပိုင်းဇုန် | ၂ | ၁၃ | IR10T 107၊ IR 87705-446-B-B-B (ရေနည်းလို ၄)၊ IR 09 A 152 |
| ၂၀၁၃၊ မိုးရာသီ၊ BT ပဲခူး၊ မြစ်ဝကျွန်းပေါ် ၊ ရန်ကုန် | ၄၄၈ | ၁ | Swarna Sub-1 (ရေမြုပ်ခံစပါး ၁) |
| ၂၀၁၄၊ မိုးရာသီ၊ BT အပူပိုင်းဇုန် | ၃၄၂ | ၄ | IR10T 107၊ IR 87705-44-4-B၊ IR 87707-182-B-B-B၊ ရွှေပြည်ဒွေး |
| ၂၀၁၅၊ ခြောက်သွေ့ရာသီ၊ BT၊ အပူပိုင်းဇုန် | ၅၈ | ၄ | IR10T 107၊IR 87705-44-4-B၊ ရွှေပြည်ဒွေး ၊IR 87707-446-B-B-B |

## မိုးစပါးအတွက်သင့်လျော်သောမျိုးများ

မိုးရာသီတွင် မြေနိမ့်ပိုင်းများ၌ ရေကြီးနိုင်သည့်အန္တရာယ်ရှိသည်။ တောင်ပိုင်းကမ်းရိုးတန်းနေရာများတွင် ရေငန်တိုးဝင်နိုင်သော အန္တရာယ်လည်း ရှိသည်။

၂၀၁၁-ခုနှစ်မိုးရာသီတွင်ဆောင်ရွက်သော MTများအရ ဆားငန်ဒဏ်ခံ ဆင်းသွယ်လတ်(STL) စပါးမျိုးကို လယ်သမားများအားလုံးက ရွေးချယ်ခဲ့ကြသည်။ အကြောင်းမှာ ယင်း၏အရသာ၊ အရောင်တောက်ပမှု၊ နူးညံ့မှု၊ မျိုးသန့်မှုတို့ကြောင့် ဖြစ်သည်။ STLသည် အထွက်ကောင်းဒဏ်ခံစပါးမျိုး ဖြစ်ပြီး ရေမြေကောင်းသောနေရာ များတွင်လည်း ကောင်းစွာဖြစ်ထွန်းသည်။ စမ်းသပ်သည့်နေရာတိုင်းတွင် ပျမ်းမျှအထွက်နှုန်း အများဆုံးဖြစ်၍ တစ်ဟက်တာလျှင် ၃.၉-တန်အထိ ထွက်ခဲ့သည်။

၂၀၁၃-ခုနှစ်မိုးရာသီတွင် စမ်းသပ်စိုက်ပျိုးခဲ့သော BT ၁၁၉-ခုမှ ရလဒ်များသည်လည်း STL၏ တန်ဖိုးကို ထပ်မံအတည်ပြုခဲ့သည်။ (ပျမ်းမျှတစ်ဟက်တာလျှင် ၄.၅၇-တန် ထွက်ရှိသည်) ရွေးချယ်ထားသော အခြားမျိုးနှစ်ခုဖြစ်သည့် ဆင်းသုခနှင့် ရွှေပြည်‌ဖွေးသည်လည်း ကောင်းမွန်ကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် ရွှေပြည်ဖွေးသည် ညံ့ဖျင်းသော ရေမြေပတ်ဝန်းကျင်တွင် ပို၍သင့်လျော်သည်။

သို့သော်လည်း ယေဘုယျအားဖြင့် လယ်သမားများသည် ဒေသခံ ပေါ်ဆန်းမွှေးကို ပို၍သဘောကျနေဆဲဖြစ်သည်။ အကြောင်းမှာ ယင်းသည် ပို၍ဈေးကောင်းရသောကြောင့် ဖြစ်သည်။ STL၏အထွက်တိုးမှုသည် ပေါ်ဆန်းမွှေး၏ အရည်အသွေးနှင့် ဈေးကောင်းရမှုကို မယှဉ်နိုင်သေးပေ။

သို့သော် ရေကြီးနိုင်သောနေရာများနှင့် ရေငန်ဝင်သောနေရာများတွင် STLနှင့်ရွှေပြည်ဖွေးသည် အလားအလာပိုကောင်းကြောင်းပြနိုင်သဖြင့် လယ်သမားတို့က ထပ်တောင်းခံနေကြသည်။ ရေပိုနက်နိုင်သော ရေကြာကြာပိုကြီး နိုင်သောနေရာများတွင်မူ ဒေသမျိုး နံကားကို အရည်အသွေးညံ့ပြီး ဈေးမကောင်းသော်လည်း လယ်သမားတို့က ပိုသဘောကျကြသည်။

## နွေစပါးအတွက်သင့်လျော်သောမျိုးများ

ခြောက်သွေ့ရာသီ (နိုဝင်ဘာလမှ ဧပြီ) အတွင်းတွင် ရေငန်တိုးဝင်နိုင်သည့် အန္တရာယ်ကြီးမားသည်။ တောင်ပိုင်းသို့ ရောက်လေလေ တိုးလေလေဖြစ်သောကြောင့် ရေချိုရေငန်စပ် နေရာများတွင် နွေစပါးစိုက်ပျိုးနိုင်ရန်မဖြစ်နိုင်ပေ။

၂၀၁၂-၁၃ နွေရာသီတွင် စပါး၅-မျိုးသည် တစ်ဟက်တာလျှင် ၃.၃မှ၄.၁-တန်အထိ ထွက်ခဲ့သည်။ ယင်းတို့အနက် ၄-မျိုးကို ရွေးကာ ၂၀၁၃-၁၄-နွေရာသီတွင် လယ်သမား ၂၁၉-ဦးဖြင့် အခြေအနေကောင်းသည့်၊ အသင့်အတင့် ဒဏ်ခံရသည့်၊ ဆိုးရွားစွာ ဒဏ်ခံရသည့် ရေမြေ ပတ်ဝန်းကျင်အမျိုးမျိုးတို့တွင် စမ်းသပ်စိုက်ပျိုးခဲ့သည်။ အထွက်နှုန်း အကောင်းဆုံးမျိုးမှာ အခြေအနေကောင်းသည့် နေရာများတွင် IR10T၁၀၈ဖြစ်ပြီး ဒဏ်ခံရသောနေရာများတွင် CSR-၃၆ဖြစ်သည်။

အစိုက်အများဆုံးဖြစ်သည့် သီးထပ်ယဉ်အပါအဝင် လက်ရှိစိုက်ပျိုးနေသောမျိုးများ၏ အထွက်နှုန်းမှာလည်း မျိုးအသစ်များနှင့် မကွာခြားလှသောကြောင့် လယ်သမားတို့က ကြိုက်နှစ်သက်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့် သက်တမ်းတိုသည့် မျိုးသစ်များကို ရေချိုရေငန်စပ်နေရာများတွင်သာ အဓိကစိုက်ပျိုးရန် အကြံပြုခဲ့ကြသည်။ အကြောင်းမှာ ရေငန်စောစောတိုးဝင်သဖြင့် စိုက်ပျိုးချိန်တိုသောကြောင့်ဖြစ်သည်။

စမ်းသပ်မှုများကို ဆက်လုပ်ဆောင်လျက်ရှိသည်။ ၂၀၁၃-၁၄ နွေရာသီတွင် အထွက်ကောင်းဆားငန်ဒဏ်ခံ စပါးမျိုးသစ် ၁၄မျိုးကို MT၉နေရာတွင် စမ်းသပ်ခဲ့သည်။ ယင်းတို့အနက်မှ အကြိုက်ဆုံးစပါး၄-မျိုးနှင့် IR10T108 တို့ကို ၂၀၁၄-၁၅ နွေရာသီတွင် BTအဖြစ်စိုက်ပျိုးရန် လယ်သမားများသို့ ဖြန့်ဝေထားသည်။

## မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်ဒေသတို့ရှိနေရာအနှံ့အပြားနှင့် သင့်လျော်သည့် မျိုးများ

စိုက်ပျိုးရေးဌာနနှင့်IRRIက ထောက်ပံ့ခဲ့သော ဒုတိယစီမံချက်၏ တစ်စိတ်တစ်ဒေသအနေဖြင့် PVSစမ်းသပ်မှုများကို အပူပိုင်းဇုန် နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ထပ်မံပြုလုပ်ခဲ့သည်။ IRRIသည် ဒေသနှစ်ခုလုံးနှင့် သင့်လျော်သော မျိုးသစ်၅မျိုးကို ထပ်မံဖော်ထုတ်ခဲ့သည်။ ယင်းတို့တွင် ဆားငန်ဒဏ်ခံ "ဆင်းရွှေယဉ်"နှင့် ရေတတ်ခံ "ရေအနည်းလို-၄"တို့ကိုမျိုးစေ့ ကော်မတီမှဖော်ထုတ်ခဲ့သည်။ အပူပိုင်းဇုန်တွင် စပါးမျိုးနှစ်မျိုးကိုလည်း လယ်သမားများကရွေးချယ်ခဲ့ရာ BTများဆောင်ရွက်ရန်အတွက် မျိုးစေ့ပွားများလျက်ရှိသည်။ ရေကြီးတတ်သော ရေ၀ တီနှင့် ပဲခူးတိုင်းတို့တွင် ရေနစ်ဒဏ်ခံစပါးမျိုး SWARNASub-1မျိုးကို လယ်သမား၄၄၈-ဦးတို့က ၂၀၁၃-ခုနှစ်တွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ ၄-ရက်ထက် ရေပိုမကြီးသည့်နေရာများတွင် စိုက်နေကျမျိုးများထက် တစ်ဟတ်တာလျှင် ၀.၅-တန် ပိုထွက်ရှိကြောင်း တွေ့ရသည်။ ယင်းကို ချက်ချင်းပင် ဖြန့်ဖြူးပေးခဲ့ပြီး အမည်ကိုလည်း "ရေမြုပ်ခံစပါး-၁"(YMKSP-1)ဟု ပြောင်းခဲ့သည်။ အခြားစပါးမျိုးများအတွက် ဖြန့်ဖြူးခွင့်ကို စိုက်ပျိုးရေးဌာနက အမျိုးသား မျိုးစေ့ကော်မီတီ ထံတင်ပြထားပြီး သုတေသီများကအသုံးပြုခဲ့ သောကုတ်နံပါတ်များအစား ဒေသအမည်များကို ရွေးချယ်နေသည်။

PVSကြောင့် မျိုးအသစ်များကို ပိုမိုတောင်းဆိုနေကြသည်။ BTစမ်းသပ်မှုများတွင်ပါဝင်ခဲ့သော လယ်သမားများသည်လည်း ယင်းမျိုးအသစ်များကို ပွားများနေကြပြီ ဖြစ်သည်။IRRIကလည်း ယင်းတို့ကို အဆင့်မြင့်မျိုးစေ့ ထုတ်လုပ်ရေးသင်တန်းများပေးနေသည်။ LIFTသည်လယ်/ဆည်ဝန်ကြီးဌာနနှင့်ဆက်လက်လက်တွဲလုပ်ဆောင်ကာ ဤစပါးမျိုးများကို ပိုမိုမျိုးပွားရန်၊ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရန်နှင့် မျိုးစပါးအရည်အသွေး အာမခံနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

## ဆက်လုပ်မည့်ခြေလှမ်းများ။ မြစ်ဝကျွန်းပေါ် (၃) အစီအစဉ်






၂၀၁၄-ခုနှစ်တွင် LIFTသည် ၂၀၁၅-၁၈-ခုနှစ်ကာလအတွက် စီမံကိန်းအသစ်တစ်ခုကို ပြင်ဆင်ခဲ့သည်။ မြစ်ဝကျွန်းပေါ် (၃)စီမံကိန်းသည် ဆန်စပါးတန်ဖိုးကွင်းဆက်တွင် လုပ်ကွက်ငယ်လယ်သမားတို့၏ အနေအထားကို အားဖြည့်ပေးခြင်းဖြင့် ဆန်စပါးထုတ်လုပ်မှုကို ပိုမိုအောင်မြင်စေရန်၊ လယ်မြေမဲ့အိမ်ထောင်စုများကို စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးအခွင့်အလမ်းသစ်များကို ပေးအပ်ရန်၊ အာဟာရပြည့်ဝမှုကို မြှင့်တင်ရန်၊ ထိခိုက်လွယ်မှု ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ရည်ရွယ်သည်။ စီမံကိန်းမူဘောင်အသေးစိတ်ကို www.lift-fund.org/deltaတွင် တွေ့ရှိနိုင်သည်။ ဤစီမံကိန်းကို မြစ်ဝကျွန်းပေါ် (၂)၏ စီမံချက်များမှရရှိသော အတွေ့အကြုံနှင့်အသိပညာများကို အခြေခံသည်။ ပြည်တွင်းကျွမ်းကျင်ပညာရှင်တစ်ဦးသည် အရေးကြီးဆုံးသော ဖော်ထုတ်ချက်များကို ကွင်းဆင်းအဖွဲ့များနှင့်အတူ ဖော်ထုတ်ခဲ့သည်။[36] ယင်းတို့ကို အောက်တိုဘာလအတွင်း ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် တင်ပြခဲ့သည်။ အဆိုပါပညာရှင်သည် ၂၀၁၅ခုနှစ်တွင်ထုတ်ဝေမည့် မှတ်တမ်းစာအုပ်မူကြမ်းပြုစုရာတွင်လည်း LIFT၏ လုပ်ဖော်ကိုင်ဖက်များကို ကူညီခဲ့သည်။

စီမံကိန်းအတွက်အဆိုပြုလွှာများကို ၂၀၁၅-ခုနှစ်ဖေဖော်ဝါရီလနှင့်မတ်လတွင် ခေါ်ယူရန် LIFTရန်ပုံငွေဘုတ်အဖွဲ့က အတည်ပြုခဲ့သည်။ ရန်ပုံငွေသဘောတူညီမှုများကို ဩဂုတ်လတွင် လက်မှတ်ရေးထိုးနိုင်ပြီး ၂၀၁၅-ခုနှစ် နောက်ဆုံး၃-လပတ်တွင် လုပ်ဖော်ကိုင်ဖက်များက စီမံချက်အသစ်များကို စတင်နိုင်မည်ဟု မျှော်လင့်သည်။

36 လုပ်ဖော်ကိုင်ဖက်တို့၏ တင်ပြချက်များတို့ကို www.lift-fund.org/best-practices တွင်ကြည့်ပါ။

# တက်လှမ်း

## စီးပွားဖြစ်ကုန်ထုတ်လုပ်ငန်းသို့ - မြို့ချောင်းရွာမှ ပန်းစိုက်သူများ



"အရင်ကဆို တစ်ယောက်နှင့်တစ်ယောက် အသွားလာတောင် သိပ်မရှိကြဘူး ခုဆို တစ်ဖွဲ့တည်းမှာ ဝိုင်းလုပ်နေကြပြီ"

*LIFTသည် လယ်မြေလုပ်အားစသော စီးပွားဖြစ်နိုင်စွမ်းများကို ပိုင်ဆိုင်သည့် ကျေးလက်အိမ်ထောင်စုများကို ၎င်းတို့၏ ထုတ်လုပ်နိုင်စွမ်းကိုသာမက ထုတ်ကုန်ကို ဈေးကွက်သို့တင်ပို့နိုင်စွမ်းကိုပါမြှင့်တင်ပေးပြီး 'တက်လှမ်း' နိုင်အောင် ကူညီပါမည်။*

ActionAid/Thadarမဟာမိတ်အဖွဲ့၏ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အသက်မွေးဝမ်းကျောင်းမှုစနစ်များအတွက် ဒေသခံစွမ်းဆောင်ရည်ကိုတည်ဆောက်ခြင်းစီမံချက်သည် လုပ်ကွက်ငယ်လယ်သမားများကို ယင်းတို့၏ စီးပွားဖြစ်နိုင်စွမ်းများနှင့် ဈေးကွက်သို့ ချိတ်ဆက်နိုင်စွမ်းများကို တိုးတက်စေခြင်းဖြင့် 'တက်လှမ်း'နိုင်အောင် ကူညီနေသည်။ အထူးသဖြင့် မြို့ချောင်းကျေးရွာလူထုသည် ဤစီမံချက်၏အကျိုးကြောင့် စီးပွားရေးအရရော လူမှုရေးအရပါ အောင်မြင်လျက်ရှိသည်။

မြန်မာနစ်ခြင်းခရစ်ယာန်အသင်းတော်ချုပ်(MBCU)၏လမ်းညွှန်မှုဖြင့် ရွာသားများသည် ကိုယ်ပိုင်စီးပွားရေးစီမံချက်ကို ရေးဆွဲကာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဝယ်လိုအားကောင်းနေသော ဇော်စိမ်းပန်းများကို စိုက်ပျိုးရောင်းချခဲ့သည်။ ဤစီမံချက်သည် စိုက်ခင်းပြုပြင်ချိန်တွင် ငွေကြေးထောက်ပံ့ခဲ့သည့်အပြင် စိုက်ပျိုးခြင်း၊ ထုပ်ပိုးခြင်းဆိုင်ရာ နည်းပညာများကိုလည်း သင်တန်းပေးခဲ့သည်။

လစဉ်အစည်းအဝေးများကျင်းပကာ အကြံဉာဏ်များ အတွေ့အကြုံများကို ဖလှယ်ကြသည့်အပြင် လူ၃ယောက်/ ၄ယောက်ပါ အုပ်စုများဖြင့် ရန်ကုန်ဈေးကွက်များသို့ သွားရောက်ကြည့်ရှုကြသည်။ ဤရွာ၏ လစဉ်ပျမ်းမျှဝင်ငွေမှာ ကျပ်၉၀၀၀၀မှ ၁၀၀၀၀၀ (ကန်ဒေါ်လာ၈၅မှ ၉၅)ထိ ရှိသည်။ ဝင်ငွေများကို ချေးငွေပြန်ဆပ်ခြင်း၊ ကျေးရွာတွင်း ပြုပြင်မွမ်းမံခြင်း၊ (ကွန်ကရစ်တံတားတစ်ခုနှင့် အိမ်အမိုးပြုပြင်ခြင်းများ) မြေဝယ်ခြင်း၊ ဆေးဝါးကုသခြင်းတို့တွင် သုံးစွဲခဲ့ကြသည်။ ဤလုပ်ဆောင်မှုများသည် ယခင်ကဝင်ငွေရလမ်း နည်းပါးခဲ့သည့် အမျိုးသမီးများကို အထူးသဖြင့် အကျိုးရှိစေသည်။ ယခင်ကမူ ပျံကျလယ်ယာလုပ်သားအလုပ်ကိုအမျိုးသားများသာ ရခဲ့ကြသည်။ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးနိုင်ခဲ့သဖြင့် အနီးအနားရွာများကလည်း ဤစီးပွားရေးစီမံချက်ကို လိုက်နာဆောင်ရွက်နေကြသည်။

အိမ်ထောင်စုတိုင်းသည် တစ်လလျှင် ကျပ် ၅၀၀ ကို လူမှုရေးရန်ပုံငွေအဖြစ် ထည့်ဝင်ကြသည်။ ဤရန်ပုံငွေ၏အကျိုးကျေးဇူးကို ပထမဆုံးတွေ့မြင်ခဲ့ရသူမှာ လူမှုကာကွယ်စောင့်ရှောက်ရေးအုပ်စုခေါင်းဆောင် ဒေါ်သိန်းဆွေ ဖြစ်သည်။ကလေးပြောင်းပြန်အနေအထားဖြစ်ပြီး အရေးပေါ်မီးဖွားရန်အခြေအနေကြုံတွေ့ရသည့် သူ့အိမ်နီးချင်းအမျိုးသမီး မီးဖွားရာတွင် ဆေးရုံသို့အရေးပေါ်ပို့ဆောင်ရန်အတွက် ဤရန်ပုံငွေမှ အတိုးမဲ့ထုတ်ချေးပြီး ကူညီနိုင်ခဲ့သည်။

ပန်းစိုက်သူများဆိုသည့် ဗီဒီယိုကို www.youtube.com/liftfundmyanmar တွင်ကြည့်ရှုနိုင်ပါသည်။

# ၃.၂ အပူပိုင်းဇုန်



**ခြုံငုံဖော်ပြချက်။**
အပူပိုင်းဇုန်သည် မြန်မာနိုင်ငံတွင် ပဲမျိုးစုံ (ကုလားပဲ၊ မတ်ပဲ၊ ပဲစဉ်းငုံ)၊ ဆီထွက်သီးနှံ (နှမ်း၊ မြေပဲ၊ နေကြာ)၊ နှံစားပြောင်းတို့ကို အဓိကထုတ်လုပ်သော နယ်မြေဖြစ်သည်။ ဈေးကွက်နှင့် တန်ဖိုးကွင်းဆက်တို့ကို ကောင်းစွာတည်ဆောက်ထားပြီးဖြစ်သော်လည်း ဤဒေသ၏စိုက်ပျိုးကုန်ထုတ်လုပ်ငန်းမှာမိုးရေရရှိမှုနည်းပါးခြင်း၊မမျှတခြင်း၊ဓာတ်မြေသြဇာ၊မျိုးစေ့၊ပိုးသတ်ဆေးနှင့်အခြားသင့်လျော်သော သွင်းအားစုတို့ကို လိုအပ်သလောက် မသုံးစွဲနိုင်ခြင်းတို့ကြောင့် ကောင်းစွာဖွံ့ဖြိုးခြင်းမရှိပေ။ ဤဒေသရှိစနယ်မြေ၊ သဲဆန်သောမြေတို့သည်လည်း ရေနှင့်လေတိုက်စားမှုတို့ကို များစွာခံရသဖြင့် မြေယာအဆင့်အတန်းနိမ့်ကျနေပြီး အချို့နေရာများတွင် စိုက်ပျိုးကုန်ထုတ်လုပ်ငန်းပါ ကျဆင်းနေသည်။[37] ခိုင်းနွားများကိုသာ အဓိက အသုံးပြု၍ ထွန်ယက်ခြင်း၊ ကုန်သယ်ခြင်းတို့ကို ဆောင်ရွက်နေရသဖြင့် အခက်အခဲကြုံချိန်တွင် ၎င်းတို့သည်အဖိုးတန်သော ပစ္စည်းဥစ္စာများ ဖြစ်လာသည်။ ဤဒေသ၏ ပြင်ပသို့ရွှေ့ပြောင်းခြင်းသည်လည်း အရေးပါသောအသက်မွေးမှု မဟာဗျူဟာ ဖြစ်လာသည်။

ဤဒေသသည်နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုမရှိဆုံးဒေသများထဲမှ တစ်ခုဖြစ်သည်။ အထူးသဖြင့် မြေယာမဲ့နှင့် လုပ်ကွက်ငယ်(၀.၈ ဟက်တာထက်လျော့နည်းသော) လယ်သမားများတို့တွင်ဖြစ်သည်။ အစားအစာဝယ်ယူရန်အတွက် ငွေချေးရခြင်းမှာ အိမ်ထောင်စုများ လုပ်နေကျအလုပ်ပင် ဖြစ်နေသည်။[38] လုံလောက်အောင် မစားသောက်ရခြင်း၊ သန့်ရှင်းမှုအလေ့အထ အားနည်းခြင်းတို့ကြောင့် ကလေးသူငယ်များ၏ ကြီးထွားနှုန်းနေးခြင်းနှင့် ချည့်နဲ့နှုန်းမှာလည်း မြင့်မားသည်။ (၃၁%နှင့် ၁၄% အသီးသီး ရှိသည်။)[39]

**ကျားမရေးရာ။**
အပူပိုင်းဇုန်တွင် ကျန်ဒေသများနှင့်မတူဘဲ အမျိုးသမီးများသည် ယောကျ်ားများထက် လယ်ယာလုပ်ငန်းခွင်တွင် အလုပ်လုပ်ရက် ပို၍ကြာအောင် အလုပ်လုပ်ကြရသည်။[40] မိုးရာသီတွင်၃၀%နှင့် ခြောက်သွေ့ရာသီတွင် ၅၀% ပိုမို၍လုပ်ကိုင်ကြရသည်။ သို့သော် အခြားဒေသများနည်းတူ ဤဒေသတွင်လည်း အမျိုးသမီးများသည် အမျိုးသားများအောက် လုပ်ခလျော့နည်းရရှိကြသည်။

37 အပူပိုင်းဇုန်တွင် ရိက္ခာဖူလုံမှုစစ်တမ်း http://documents.wfp.org/stellent/groups/public/documents/ena/ wfp234780.pdf
38 ၂၀၁၃ LIFTအိမ်ထောင်စုစစ်တမ်း
39 အပူပိုင်းဇုန်တွင် ရိက္ခာဖူလုံမှုစစ်တမ်း http://documents.wfp.org/stellent/groups/public/documents/ena/ wfp234780.pdf
40 ၂၀၁၃ LIFTအိမ်ထောင်စုစစ်တမ်း

အမျိုးသားများ ပုံမှန်ရရှိသော လုပ်အားခ၏၇၅%ကိုသာ ရရှိကြသည်။ ထို့ပြင် တစ်နိုင်မွေးမြူခြင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း၊ စပါးလှေ့ခြင်း၊ ကြိတ်ခွဲခြင်းစသည့် ရိတ်သိမ်းချိန်လွန် အလုပ်များကို အမျိုးသမီးများ ကသာ တာဝန်ယူကြရသည်။

## ရာသီဥတု။

ဤဒေသ၏ရာသီဥတုမှာ ခြောက်သွေ့ပြီး နွေရာသီတွင် အပူချိန် အများဆုံးဖြစ်သည့်ပြင် တစ်နိုင်ငံလုံးတွင် မိုးရေချိန် အနည်းဆုံးဖြစ်သည်။ (နှစ်ပတ်လည်မိုးရေချိန်မှာ၁၀၀၀ မမအောက် ဖြစ်သည်။) ဤဒေသသည် မိုးခေါင်ခြင်းနှင့် လျှပ်တစ်ပြက်ရေကြီးခြင်းဒဏ်ကို ရာသီဥတုပြောင်းလဲမှုကြောင့် ကာလရှည်စွာ ခံစားနေရသည်။ ဤဒေသအတွက် ရာသီဥတု ကြိုတင်ခန့်မှန်းချက်မှာ အပူချိန်တိုးလာခြင်း၊ မိုးရွာသွန်းမှု မမှန်ခြင်း၊ မုတ်သုံနောက်ကျဝင်ပြီး စောစော ထွက်ခြင်းကြောင့် ရေကြီးမည့်ဘေးပိုမိုလာခြင်း၊ ဆိုင်ကလုန်းနှင့်လေပြင်းတိုက်ခတ်မှု ပိုမိုလာခြင်းတို့ ဖြစ်ကြသည်။[41]ယခုနှစ်ပိုင်းများတွင်လည်း ဖွန်လ၌ မိုးရေချိန် သိသိသာသာ လျော့ကျနေပြီး မိုးဦးကျချိန် မမှန်ကန်သောကြောင့်[42] လယ်သမားများမှာ ပို၍ခန့်မှန်းရ ခက်လာပြီး ဆုံးရှုံးမှု ပိုများလာလေသည်။[43]

## အပူပိုင်းဇုန်တွင် LIFT၏လုပ်ဆောင်ချက်။

အပူပိုင်းဇုန်တွင် လုပ်ဆောင်နေသော စီမံချက်များကို ၂၀၁၁ ခုနှစ် ကပင် LIFTက ရန်ပုံငွေထောက်ပံ့နေခဲ့သည်။ LIFTသည် နိုင်ငံတဝန်းစီမံကိန်းဟုခေါ်သော အစီအစဉ်အတွက်အဆိုပြုလွှာများကို ခေါ်ယူခဲ့ပြီး ၃နှစ်တာစီမံချက်အချို့ကို ထောက်ပံ့ခဲ့သည်။ ယင်းစီမံချက်အများစုကို ၂၀၁၅ခုနှစ်အထိ တိုးချဲ့ခဲ့ပြီးဖြစ်သည်။

## လက်ရှိအခြေအနေ။

၂၀၁၄ခုနှစ်တွင် အပူပိုင်းဇုန်မှ လယ်သမားများသည် အဆိုးရော အကောင်းပါတွေ့ကြုံခဲ့ရသည်။ မကွေးတိုင်းမှ ရွာအချို့တွင် နှမ်းနှင့်ကြံမှ ဝင်ငွေကောင်းခဲ့သော်လည်း မြေပဲကဲ့သို့သော အခြားသီးနှံများတွင် ပျမ်းမျှသို့မဟုတ် လျော့နည်းခဲ့သည်။ မန္တလေးတိုင်းတွင် ကုလားပဲနှင့် မြေပဲစိုက်ပျိုးသော လယ်သမားများသည် ပဲဈေးကျသောကြောင့် ဝင်ငွေမကောင်းကြပေ။ လွန်ခဲ့သော ၂နှစ်ကျော်အတွင်းတွင် ရွှေ့ပြောင်းမှုနှုန်းမှာ မြင့်တက်ခဲ့ပြီး အထူးသဖြင့် လယ်ယာလုပ်ငန်းအပြီးတွင် ရှမ်းပြည်နယ်သို့ စိုက်ပျိုးရေးလုပ်သားအဖြစ် လည်းကောင်း၊ ရန်ကုန်နှင့် မန္တလေးသို့ ဆောက်လုပ်ရေးလုပ်သားအဖြစ် လည်းကောင်း ရွှေ့ပြောင်းသွားကြခြင်းဖြစ်သည်။[44]ရွာအများစုတွင် လယ်ယာမဟုတ်သော လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားများ စီးပွားရေးလုပ်ငန်းများ တိုးတက်လာသည်ကို သိသိသာသာတွေ့ရှိရသည်။[45]

41 Bates C., DFID, 2014, Climate change resilience – a new emphasis for LIFT
42 International Water Management Institute, 2013.
43 IWMI, 2013, Water Resource Assessment of the Dry Zone of Myanmar

44 QSEM4 (World Bank/LIFT, 2014) estimates that 81 percent of migrants from Mandalay engage in seasonal migration.
45 QSEM4 (World Bank/LIFT, 2014).

အပူပိုင်းဇုန်ရှိ LIFT ၏ဆောင်ရွက်ချက်များ ၂၀၁၄






## ဇယား ၃.၃။ ၂၀၁၄ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သောစီမံချက် ၁၇ခု၏ နောက်ဆုံးအခြေအနေ

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
| --- | --- |
| ActionAid/ Thadar Consortium<br>၁၂-၆-၂၀၁၁ မှ ၁၁-၄-၂၀၁၅။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၂,၄၅၇,၁၆၉၊<br><br>ဤစီမံချက်ကို ၀၄-၂၀၁၅ထိ တိုးချဲ့ခဲ့ပြီး ဘတ်ဂျက်ကိုလည်း ကန်ဒေါ်လာ၁,၉၆၀,၀၀၀ထိ၊ ကန်ဒေါ်လာ၂,၄၅၀,၀၀၀ ထပ်မံ ချမှတ်ပေးခဲ့ သည်။<br><br>ဆောင်ရွက်ဆဲ | ***အပူပိုင်းဇုန်တွင် အရပ်ဘက်လူထုအဖွဲ့ အစည်းကဦးဆောင်သော အသက်မွေးဝမ်းကျောင်းမှု အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်မှု***<br>1. မြေယာဥပဒေပညာပေးသင်တန်းတက်ရောက်ပြီးနောက် လယ်သမားများနှင့် VDC တို့သည် ယင်းတို့၏လယ်ယာမြေ စီမံခန့်ခွဲမှုများကို စနစ်တကျလေ့လာကြပြီး မြို့နယ် မြေစာရင်းဦးစီးဌာနတွင် စနစ်တကျ မှတ်ပုံတင်ထားခြင်းရှိမရှိကို စစ်ဆေးခဲ့ကြသည်။ အောင်လံမြို့နယ်မှ လယ်သမားတစ်ဦးသည် တစ်လအတွင်းတွင် သူ့လယ်ကို ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။<br>2. ဤစီမံချက်၏ နောက်ဆုံးသုံးသပ်ချက်အရ စစ်မှန်သောရပ်ရွာအခြေပြု လှည့်ပတ်စီးဆင်းရန်ပုံငွေ ကိုင်တွယ်မှု (စပါးဘဏ်တစ်ခုပါပူးတွဲလျက်)သည် တစ်နိုင်မွေးမြူရေး၊ အသေးစားစီးပွားရေးနှင့် အငယ်စားစီးပွားရေး၊ ရိက္ခာဖူလုံရေးတို့ကို ထိရောက်စွာ ထောက်ပံ့နိုင်ခဲ့ကြောင်း တွေ့ရသည်။ |
| ActionAid-SEDN<br>၈-၃-၂၀၁၃မှ ၇-၃-၂၀၁၇ထိ။<br><br>ဘတ်ဂျက် ကန်ဒေါ်လာ ၁,၃၁၂,၉၃၆<br><br>ဆောင်ရွက်ဆဲ။ | ***နယ်မြေဖွံ့ဖြိုးရေးအတွက် လူမှု-စီးပွားရေးဖွံ့ဖြိုးရေးကွန်ရက်***<br>1. SEDNသည် မိုးတွင်းကာလအတွင်း ဟိုတယ်များမွမ်းမံရာတွင် အိပ်ရာခင်းနှင့် ကန့်လန့်ကာများကို တင်သွင်းနိုင်မည့် လုပ်ငန်းသစ်တစ်ခုကို တိုးချဲ့ခဲ့သည်။ ၂၀၁၄ခုနှစ်အတွင်း ပစ္စည်းတင်သွင်းရမှုတစ်ဟုန်ထိုးတိုးတက်လာပြီး ရောင်းရငွေလည်း တိုးလာခဲ့သည်။<br>2. ဤစီမံချက်၏ ညှန်းပို့လွှဲပြောင်းခြင်းကွန်ရက်သည် ၂၀၁၄ခုနှစ်တွင် အမျိုးသမီး၃၀၀၀ခန့်ကို ထောက်ပံ့ကူညီခဲ့ သည်။ ကျန်းမာရေးနှင့်မိသားစု အထောက်အပံ့များသာမက နိုင်ငံသားလက်မှတ်လျှောက်ထားရန်အတွက် ပါ ပါဝင်သည်။ ညွှန်းပို့လွှဲပြောင်းစနစ်မှာ ဌာနဆိုင်ရာများနှင့် ယခင်နှစ်အတွင်းက ဆွေးနွေးညှိနှိုင်းခဲ့နိုင်သဖြင့် ကောင်းမွန်စွာ လည်ပတ်လျက်ရှိသည်။<br>3. ဈေးကွက်လိုအပ်ချက်အရ ချည်ထည်နှင့် သဘာဝဆိုးဆေးတို့ကို အသုံးပြုကာ လက်ဝတ်လက်စားများ၊ ကစားစရာများစသည့် ဈေးကွက်တန်းဝင်ပစ္စည်းအသစ်များကို တီထွင်နိုင်ခဲ့သည်။ |
| DPDO (Disabled People Development Organisation)<br>၃၁-၁-၂၀၁၁မှ ၃၁-၃-၂၀၁၅ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၃၃၄,၁၆၀။<br><br>ဤစီမံချက်ကို ၃၁-၃-၂၀၁၅ထိ စရိတ်မဲ့၂လတိုးချဲ့ခဲ့ပြီး စရိတ်ဖြင့်၁နှစ်တိုးချဲ့ခဲ့သည်။<br><br>ဆောင်ရွက်ဆဲ။ | ***အပူပိုင်းဇုန်တွင် မသန်စွမ်းသူများအတွက်မျိုးစေ့ချခြင်း***<br>1. အမျိုးသမီးများက တကိုယ်ရေသန့်ရှင်းရေးနှင့်အာဟာရသင်တန်းများသည် ကိုယ်ထူ ကိုယ်ထအုပ်စုအဖွဲ့ဝင်များသို့ အမှုအကျင့်နှင့်အလေ့အထပိုင်းဆိုင်ရာများတွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိကြောင်း LIFTလေ့လာရေးအဖွဲ့များသို့ တင်ပြခဲ့ကြသည်။<br>2. ကျေးရွာရန်ပုံငွေများမှအရင်းအနှီးဖြင့် အသားစားကြက်မွေးမြူရေးခြံသုံးခြံနှင့် ဝက်မွေးမြူရေးခြံတစ်ခြံကို ထူထောင်နိုင်ခဲ့သည်။ အောင်မြင်စွာ လည်ပတ်နိုင်သော်လည်း အစာဈေးကြီးသောကြောင့် အမြတ်မှာ ပြောပလောက်အောင် မရပေ။ ဤအုပ်စုများသည် ပိုမိုမြတ်စွန်းနိုင်မည့် အစာထုတ်လုပ်နည်းများကို ရှာဖွေလျက်ရှိသည်။<br>3. စီမံချက်၏လေ့ကျင့်ပေးမှုနှင့် အုပ်စုလုပ်ငန်းများ၏ စီးပွားရေးအောင်မြင်မှုများကြောင့် မသန်စွမ်းသူများအကြားတွင်လည်း ပိုမိုစည်းလုံးလာကြောင်း ကျေးရွာအားလုံးက တင်ပြကြသည်။ |

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
| --- | --- |
| GRET (Groupe de Recherache et d` Echanges Technologies)<br>၁-၁၂-၂၀၁၃မှ ၃၀-၁၁-၂၀၁၆ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၂,၅၈၂,၃၆၂။<br><br>ဆောင်ရွက်ဆဲ | ***အပူပိုင်းဇုန်တွင် အသေးစားငွေကြေးလုပ်ငန်းထူထောင်ခြင်း***<br>1. မုံရွာတွင် အသေးစားငွေကြေးလုပ်ငန်းခွဲတစ်ခုကို ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ခုနှစ်ဇွန်လမှ စတင်ကာ ချေးငွေများကို ထုတ်ပေးနေသည်။ ၆လအတွင်းတွင် ဤစီမံချက်သည် ကျေးရွာ ၅၅ ရွာမှ ငွေချေးသူ ၁၂၈၉ဦး (အမျိုးသမီး၇၈%)ကို ငွေချေးပေးခဲ့သည်။ ပျမ်းမျှချေးငွေပမာဏမှာ ကန်ဒေါ်လာ၁၄၃ဖြစ်သည်။<br>2. ငွေချေးသူအများစု(၄၇%)သည် ဆိတ်နှင့် ဝက်မွေးမြူရေးတွင် ရင်းနှီးမြှုပ်နှံကြသည်။ ၈လအကြာတွင် ယင်းတို့၏ ပျမ်းမျှဝင်ငွေမှာ ကန်ဒေါ်လာ၂၀၀ဖြစ်သဖြင့် ရင်းနှီးငွေ ကန်ဒေါ်လာ ၁၄၃တွင်ဒေါ်လာ၅၇ အမြတ်ရရှိကြသည်။<br>3. ငွေချေးသူ၄၀%သည် ရောင်းဝယ်ရေးနှင့် ကုန်ထုတ်လုပ်ရေးတို့တွင် ရင်းနှီးမြှုပ်နှံကြသည်။ အမျိုးသမီးဝတ်လုံချည်ကို အများဆုံးထုတ်လုပ်ကြသည်။ ချေးငွေကန်ဒေါ်လာ၁၄၃ဖြင့် သုံးပတ်စာကုန်ကြမ်းများကို ဝယ်ယူနိုင်သည်။ ယင်းတို့သည် ပျမ်းမျှအမြတ် တစ်ရက်လျှင် ကန်ဒေါ်လာ၂.၅ခန့် ရရှိကြသည်။ (သုံးပတ်အတွက် ကန်ဒေါ်လာ၅၂)။<br>4. အဖွဲ့ဝင် ၁၃%သာ စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံကြသည်။ ပျမ်းမျှမြေ၂.၁ဟက်တာခန့်တွင် ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ကြက်သွန်နီ၊ ခရမ်းချဉ်တို့ကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရေး ချေးငွေများကို အဓိကအားဖြင့် ပျိုးခင်းပြင်ဆင်စရိတ်အဖြစ်သာ အသုံးပြုကြသည်။<br>5. ဤစီမံချက်သည် အသေးစားငွေကြေးလုပ်ငန်းခွဲများကို စစ်ကိုင်းတိုင်းဒေသကြီးရှိ ယင်းမာပင်နှင့် ပုလဲမြို့တို့တွင် တိုးချဲ့ဖွင့်လှစ်သွားရန်စီစဉ်ထားသည်။ |
| ECODEV (Economically Progressive Ecosystem Development Group)<br>၁၄-၃-၂၀၁၁မှ ၃၀-၄-၂၀၁၄ထိ၊<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂၈၀,၈၉၀။<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး။ | ***အပူပိုင်းဇုန်တွင် ကျေးလက်လုပ်ငန်းများကို တိုးချဲ့ခြင်းစီမံချက် (SURE)***<br>1. ဤစီမံချက်၏ နောက်ဆုံးသုံးသပ်ချက်အရ နွမ်းပါးသော ကျေးလက်အိမ်ထောင်စုများကို ကြက်သွန်ခြောက်နှင့် အခြားသီးနှံအခြောက်များ ထုတ်လုပ်သည့် လုပ်ငန်းရှင်များ အဖြစ်သို့ အောင်မြင်စွာအကူအညီပေးခဲ့ကြောင်း တင်ပြထားသည်။ သို့သော် ရည်မှန်းအိမ်ထောင်စုများ၏ နှစ်စဉ်ဝင်ငွေသည် စီမချက်ရည်မှန်းချက်များကို မပြည့်မီပေ။<br>2. ဤစီမံချက်သည် ရွာမှကိုယ်စားလှယ်များပါဝင်သော မြို့နယ်ဈေးကွက်တင် ရောင်းချရေးကော်မတီတစ်ခုကို စတင်ဖွဲ့စည်းပေးခဲ့သည်။ ဤကော်မတီသည် ကြက်သွန်ခြောက်ထုတ်လုပ်ရေးနှင့် ရောင်းချရေးတာဝန်ကို ဆက်လက်ဆောင်ရွက် နေသည်။<br>3. ၂၀၁၄ခုနှစ်ဧပြီလတွင် ဤစီမံချက်က ဦးစီးဆောင်ရွက်ခဲ့သော ကျေးရွာတစ်ရွာ-ကုန်ပစ္စည်းတစ်ခု ကုန်စည်ပြပွဲကို နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းမှ ဖွင့်လှစ်ပေးခဲ့သည်။ စီမံကိန်း၏အကျိုးခံစားရသူများနှင့် ပုဂ္ဂလိကကဏ္ဍတို့ တွေ့ဆုံကာ စီးပွားရေးကွန်ရက်များကို တည်ထောင်နိုင်ခဲ့ကြသည်။ စူပါမားကက်လုပ်ငန်းတစ်ခုသည် ပထမနှစ်အတွင်း ကြက်သွန်ခြောက် ၃၂တန်ပေးသွင်းရန် ECODEVနှင့် စာချုပ် ချုပ်ဆိုခဲ့သည်။ |
| UNESCAP (United Nations Economic and Social Commission for Asia and the Pacific)<br>၁-၁-၂၀၁၄မှ ၃၁-၁၂-၂၀၁၆။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၁,၁၀၄,၉၀၅<br><br>ဆောင်ရွက်ဆဲ | ***အပူပိုင်းဇုန်တွင် အသက်မွေးဝမ်းကျောင်းမှုကောင်းမွန်စေရေးအတွက် ကျေးလက်စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုပေါင်းစည်းအစီအစဉ်***<br>1. ဤစီမံချက်သည် အပူပိုင်းဇုန်တွင် လုပ်ငန်းဆောင်ရွက်နေကြသော လုပ်ဖော်ကိုင်ဖက်များနှင့် မူဝါဒချမှတ်သူများသို့ ဦးတည်ကာ ယင်းတို့ စိုက်ပျိုးရေးဆိုင်ရာ မူဝါဒချမှတ်ရာတွင် ပိုမိုကောင်းမွန်စေရန် အာရှပစိဖိတ်ဒေသမှ အကောင်းဆုံးနည်းနာများကို အခြေခံကာလေ့ကျင့်ပေးရန် ရည်ရွယ်သည်။<br>2. သဘောတူစာချွန်လွှာကို ၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့သော်လည်း လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကို ပြန်လည်ရေးဆွဲခဲ့ရသဖြင့် ၂၀၁၄ခုနှစ်နောက်ဆုံး သုံးလပတ်တွင်မှ လုပ်ငန်းစတင်နိုင်ခဲ့သည်။<br>3. UNESCAPသည် အကြံပြုချက်များကိုအခြေခံ၍ လုပ်ငန်းဆောင်ရွက်မည့်အချိန်ကို လျှော့ချလိုက်ပြီး လုပ်ငန်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည်ဖြစ်သည်။ ပထမဆုံးသင်တန်းကို ၂၀၁၅ခုနှစ်တွင် စတင်မည်။ |

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| HelpAge<br>၁၅-၁၂-၂၀၁၁မှ ၃၁-၀၃-၂၀၁၅ထိ၊<br><br>ဘတ်ဂျက် ကန်ဒေါ်လာ ၃,၄၁၃,၈၂၅<br><br>ဤစီမံချက်ကို ၁-၁၂-၂၀၁၃မှ ၃၁-၀၃-၂၀၁၄ထိ စရိတ်မဲ့တိုးချဲ့ခဲ့ပြီး ဆက်လက်၍ ၀၁-၀၄-၂၀၁၄မှ ၀၁-၀၃-၂၀၁၅ထိ ကန်ဒေါ်လာ ၃,၄၀၀,၀၀၀ ထိ ကန်ဒေါ်လာ ၂,၇၀၀,၀၀၀ကို ထပ်မံချမှတ်ပေးခဲ့သည်။<br><br>ဆောင်ရွက်ဆဲ။ | ***အသက်မွေးဝမ်းကျောင်းမှုကို ညီမျှသော အားလုံးပါဝင်စေသော နည်းဖြင့် ဆောင်ရွက်ကာ စီးပွားရေးအထိခိုက်ခံလွယ်မှုကို လျှော့ချခြင်း (REVEAL)******<br>1. HelpAge/REVEAL၏ ရပ်ရွာလူ့ပ်ရှားမှုပေါင်းစပ်စီမံချက် (ICAP)တွင်** ပါဝင်သော ကျေးရွာဖွံ့ဖြိုးမှုပုံစံကို အစိုးရပိုင်း ဝန်ကြီးဌာနများကပင် စိတ်ဝင်စားမှုရှိခဲ့ပြီး။*** အစိုးရဝန်ထမ်းများကိုလည်း အသိပညာပေးရန် တောင်းဆိုခဲ့သည်။ ဤစီမံချက်၏အထောက်အပံ့ဖြင့် ကရင်ပြည်နယ်အစိုးရသည် ဤပုံစံအတိုင်း ဆင့်ပွားဆောင်ရွက်ပေးရန် ဥရောပသမဂ္ဂသို့ တင်ပြခဲ့သည်။ တင်ပြချက်ကိုလက်ခံခဲ့ပြီး ယခုအခါ အဆိုပြုလွှာအပြည့်အစုံကို ရေးဆွဲလျက်ရှိသည်။<br>2. အရာတော် ကျေးလက်ဖွံ့ဖြိုးရေးကော်မတီ(VDC)အဖွဲ့သည် ရက်ကန်းကုန်ချောများကို မကွေးလက်ကားကုန်စည်ဒိုင်တွင် အောင်မြင်စွာရောင်းချနေသည်။ တန်ဖိုးကွင်းဆက်နှင့် ချိတ်မိသဖြင့် ရက်ကန်းသမားများသာမက VDCအဖွဲ့ပါ ဈေးကောင်းရကြပြီး ယင်းဝင်ငွေကို လုပ်ငန်းတိုးချဲ့ရန် အသုံးပြုကြသည်။<br>3. HelpAgeစီမံချက်ဝင်ကျေးရွာများသည် ရပ်ရွာအတွင်း ညီမျှမှုနှင့် ပူးပေါင်းဆောင်ရွက်မှု များရရှိခဲ့ကြပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကိုပင် ကိုယ်ပိုင်စိတ်ကူး စိတ်သန်းများဖြင့်ဆောင်ရွက်နေကြသည်။ (ဥပမာ-ကလေးထိန်းဌာနများ၊ စာမျက်နှာ၄၆ တွင်ကြည့်ပါ)။<br>* REVEALသည် YMCA၊ NAG၊ TLMI၊ GPတို့နှင့် ပူးပေါင်းထားသော မဟာမိတ်အဖွဲ့ဖြစ်သည်။<br>** ICAPsများကို ရေးဆွဲအကောင်အထည်ဖော်ကာ ပုံမှန်စစ်ဆေးအကဲဖြတ်လျက်ရှိသည်။<br>*** စီမံချက်များကို မွေး/ရေ ဒုဝန်ကြီး၊ ကမ္ဘာဘဏ်၊ ဥရောပသမဂ္ဂတို့က လာရောက်လေ့လာခဲ့သည်။ |
| IRRI<br>(International Rice Research Institute)<br>၂၈-၀၈-၂၀၁၂မှ၁၄-၀၈-၂၀၁၅ ထိ<br><br>ဘတ်ဂျက် ကန်ဒေါ်လာ ၂,၀၁၃,၉၄၂<br><br>ဆောင်ရွက်ဆဲ။ | ***ဆန်စပါးစိုက်ပျိုးရေးပတ်ဝန်းကျင်တွင် အသက်မွေးဝမ်းကျောင်းမှုတိုးတက်စေရေးနှင့် ဘေးအန္တရာယ်လျှော့ချရေး***<br>1. ဆားပေါက်သောနယ်မြေ၊ ရေကြီးနိုင်သောနယ်မြေ၊ မိုးခေါင်နိုင်သောနယ်မြေများ အတွက် သီးနှံများနှင့်စိုက်ပျိုး နည်းများကို စာတမ်းပြုစုကာ IPများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဌာနတို့သို့ မျှဝေပေးခဲ့သည်။ ဤအချက်အလက်များကို မြန်မာနိုင်ငံနှင့် အခြားနေရာများတွင် ပြုလုပ်ခဲ့သည့် လေ့လာမှုများမှရရှိခဲ့ခြင်း ဖြစ်သည်။<br>2. PVS စမ်းသပ်မှုများ၏ရလဒ်များကို အခြေခံ၍ ဆားငန်ဒဏ်ခံစပါးမျိုးသစ် "ဆင်းရွှေယဉ်"နှင့် ရေငတ်ဒဏ်ခံ မျိုးသစ် "ရေနည်းလို-၄"တို့ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ အခြားရေငတ်ဒဏ်ခံမျိုးသစ်၂မျိုးကိုလည်း ထုတ်ဝေခွင့်ရရန် တင်ပြထားသည်။ အခြားစပ်မျိုးသစ်၂မျိုးကိုလည်း လယ်သမားများက ရွေးချယ်ခဲ့ပြီး BT အဆင့် စမ်းသပ်စိုက်ပျိုးရန် မျိုးပွားလျက်ရှိသည်။<br>3. မြို့နယ်တိုင်းတွင်အသုံးပြုနိုင်မည့် အပူပိုင်းဇုန်အတွင်းရှိ သီးနှံပုံစံအမျိုးမျိုးကို မြေပုံရေးဆွဲရန် နည်းနာသစ်တစ်ခုကို ပြုစုခဲ့သည်။ မြို့နယ်ဝန်ထမ်းများ၏ သီးနှံပုံစံ ဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့်သိရှိမှုကို ဖော်ထုတ်ရန်နှင့် သီးနှံပုံစံအားလုံးကို နယ်မြေအလိုက် စောင့်ကြည့်စခန်းများဖြင့် နမူနာကောက်ယူစေကာ ကွင်းဆင်းအချက် အလက်စုဆောင်းခြင်းကို အထောက်အကူပြုရန်တို့အတွက် မြေပုံ၏အညွှန်းကို ရေးဆွဲရာတွင် အကြိမ်ကြိမ်အဖန်ဖန် ပူးပေါင်းဆောင်ရွက်ခြင်းကိုလည်း အသုံးပြုခဲ့သည်။ ဤနည်းကို နိုဝင်ဘာလတွင် အကောင်အထည်ဖော်ခဲ့ပြီး မြေပုံများကို ၂၀၁၄ခုဒီဇင်ဘာလတွင် ရေးဆွဲခဲ့သည်။ |

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| MBCA (Myanmar Business Coalition on Aid)<br>၁၅-၆-၂၀၁၁မှ ၁၄-၆-၂၀၁၄ထိ၊<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၇၀၉,၀၈၅၊<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး။ | ***အပူပိုင်းဇုန်ရှိ ဆင်းရဲနွမ်းပါးသော ထိခိုက်လွယ်သော ကျေးလက်နေအိမ်ထောင်စုများ၏ ရိက္ခာဖူလုံမှုနှင့် ဝင်ငွေတိုးတက်စေရန် ဈေးကွက်ကိုလက်လှမ်းမီစေရန် ဆောင်ရွက်ခြင်း***<br>1. ၂၀၁၄ခုနှစ်ဖွန်လတွင်တင်ပြသော အပြီးသတ်သုံးသပ်ချက်အရ စီမံချက်၏ ရည်မှန်းချက်များ အောင်မြင်ခဲ့ကြောင်း သိရသည်။ အထူးသဖြင့် ဈေးကွက်သတင်း ဖြန့်ဖြူးရာတွင်ဖြစ်သည်။ စစ်တမ်းကောက်ခံရသူများ၏ ၉၂%က ရေဒီယိုမှထုတ်လွှင့်သော သီးနှံဈေးကွက်သတင်းကို နားထောင်ကြောင်း ပြောကြားခဲ့ကြသည်။ ထို့ပြင် ဝါဂွမ်းမျိုးသစ်တစ်ခုကို မိတ်ဆက်တင်သွင်းပေးခဲ့သောကြောင့် အသက်မွေးဝမ်းကျောင်း နိုင်စွမ်းအသစ်များကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။<br>2. MBCAသည် ပညာပေးဆွေးနွေးပွဲများ အသိပညာဖြန့်ဖြူးခြင်းများ၊ ညှိနှိုင်းဆွေးနွေးခြင်းများ၊ ထုတ်လုပ်မှုကောင်းမွန်ခြင်း၊ ဈေးကွက်လက်လှမ်းမီခြင်းတို့ဖြင့် ဝင်ငွေတိုးမြှင့်ရန်အတွက် သတင်းအချက်အလက်များကို ဖလှယ်ရန် စီးပွားရေးအသိုင်းအဝိုင်းနှင့် လယ်သမားများကို ဈေးနှုန်းမတည်ငြိမ်မှုနှင့် ဈေးကွက်အကဲဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပပေးခဲ့သည်။အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် လယ်သမားများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးသမားများ၊ ဒေသခံစီးပွားရေးသမားများတို့ တက်ရောက်ခြင်းဖြင့် လယ်သမားများအတွက် ငွေကြေးအရင်းအမြစ်အသစ်များ လမ်းပွင့်စေသည့်အပြင် ရပ်ရွာနှင့်ပုဂ္ဂလိကကဏ္ဍတို့ လည်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်လာကြသည်။<br>3. သုံးသပ်ချက်တွင် သိုလှောင်ရုံများမရှိခြင်းသည် လယ်သမားများက စပါးဈေးတက်သည့် အချိန်ထိ မစောင့်နိုင်ဘဲ ရိတ်သိမ်းချိန်တွင် ရောင်းချရသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်ဟု ဖော်ထုတ်ထားသည်။ |
| MCS (Myanmar Ceramics Society)<br>၂၅-၂-၂၀၁၁မှ ၃၀-၄-၂၀၁၄ထိ။<br><br>ဘတ်ဂျက်ကန်ဒေါ်လာ ၁၈၇,၃၂၃<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး | ***မြစ်ဝကျွန်းပေါ်ဒေသပြင်ပရှိ အိုးလုပ်ငန်းများသို့ အသက်မွေးဝမ်းကျောင်းမှုအထောက်အကူပြုခြင်း (LAPEN)***<br>1. အပြီးသတ်သုံးသပ်ချက်အရ အိမ်ထောင်စု၈၆၇စုသည် အိုးလုပ်ငန်းမှဝင်ငွေတိုးလာကြောင်း တွေ့ရသည်။ လုပ်အားနှင့်ငွေဖလှယ်ခြင်း၊ ကျေးရွာသစ်တော၊ သင်တန်းဆရာများကို လေ့ကျင့်ပေးခြင်းဆိုသည့် လုပ်ငန်းတို့မှာ အောင်မြင်မှု အချို့သာရရှိကြသည်။<br>2. လူ၈၀၀ကျော်(အမျိုးသမီး၄၁%)တို့ကို အိုးလုပ်နည်းအသစ်များကို သင်တန်းပေးခဲ့သော်လည်း အိမ်ထောင်စု ၂၀၄စုသာ ကုန်ထုတ်လုပ်ငန်း ၅%ထက်ကျော်၍ တိုးတက်ခဲ့ကြောင်းသိရသည်။ (အချို့မှာ၁လလျှင် အိုးအလုံး ၄၀၀မှ ၈၀၀အထိ ထုတ်လုပ်နိုင်ခဲ့သော်လည်း အများစုမှာ ၅၀မှ ၂၀၀ထိသာ ထုတ်လုပ်နိုင်ခဲ့ကြသည်)<br>3. အိုးလုပ်သူများကို ရိုးရာနည်းများအစား တီထွင်ဆန်းသစ်မှုများကို မိတ်ဆက်ပေးခဲ့သည်။ ဥပမာ-ခဲမပါသော စဉ့်ထည်များထုတ်လုပ်ခြင်းဖြစ်သည်။ ယင်းတို့ကို စားသောက်ဖွယ်ရာများထည့်၍ စားသုံးနိုင်သောကြောင့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ နိုင်ငံခြားဈေးကွက်များသို့ ရောင်းချတင်ပို့နိုင်သည့်အလားအလာ ကောင်းစွာရှိသည်။<br>4. စီမံချက်ရွာများတွင် ခဲမပါသောပြာဖြင့်စဉ့်ရည်သုတ်ခြင်းစနစ်ကို အလုပ်ရုံဆွေးနွေးပွဲများနှင့်စကားရည်လုပွဲများကျင်းပပြီး ဆွေးနွေးခဲ့ကြသည်။ ပြာစဉ့်ရည်သုတ်အထည် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းလက်စွဲစာစောင်ကိုလည်း ထုတ်ဝေခဲ့သည်။ |
| Mercy Corps<br>၁-၂-၂၀၁၁မှ ၃၁-၁-၂၀၁၄ထိ၊<br><br>ဘတ်ဂျက်ကန်ဒေါ်လာ ၃,၄၉၉,၉၉၆<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး | ***စားနပ်ရိက္ခာဖူလုံရေးတွင် ရပ်ရွာအလိုက် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်ကို တည်ဆောက်ခြင်း။***<br>1. စီမံချက်ကျေးရွာများတွင် စီမံချက်အကောင်အထည်ဖော်နေစဉ်အတွင်း အားလုံးပါဝင်စေသောနည်းကို ကျင့်သုံး၍ လူမှုအရင်းအနှီးနှင့် ညီညွတ်မှုတို့ကို သိသာစွာအားဖြည့်ပေးနိုင်ခဲ့သည်။ ဤစီမံချက်ကို စိုက်ပျိုး-ဂေဟာဇုန် ၃ခုတွင် အကောင်အထည်ဖော်ခဲ့သည်။<br>2. MCနှင့် ဒေသခံလုပ်ဖော်ကိုင်ဖက်တို့၏ ဆက်ဆံရေးမှာ တစ်ခါတစ်ရံတွင် အကြိတ်အနယ်ရှိခဲ့ကြသည်။ ဤသို့ဖြစ်ရခြင်းမှာ စီမံချက်၏ရည်ရွယ်ချက်ကြီးမားလွန်းသောကြောင့်လည်း ဖြစ်နိုင်သည်။ စီမံချက်ခွဲ၃ခုမှာလည်း ထွေပြားလှသည့်အပြင် ပူးပေါင်းဆောင်ရွက်မှုမှာလည်း အားနည်းလှသည်။<br>3. ဒေသခံလုပ်ဖော်ကိုင်ဖက်၃ဖွဲ့၏ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်အညွှန်း(OIC)မှာ တိုးတက်လာခဲ့သည်။ အထူးသဖြင့် ငွေကြေးနှင့်လူသားရင်းမြစ်စီမံခန့်ခွဲမှုတွင် ဖြစ်သည်။ |

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| Oxfam/Network Activities Group<br>၂-၅-၂၀၁၁မှ ၁-၇-၂၀၁၄ထိ၊<br><br>ဘတ်ဂျက်ကန်ဒေါ်လာ ၂,၁၃၃,၅၈၅<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး | ***အပူပိုင်းဇုန်တွင် ကြံ့ကြံ့ခံနိုင်မှုရှိသော အသက်မွေးဝမ်းကျောင်းမှုကို တည်ဆောက်ခြင်း***<br>1. အညွှန်းများကပြဆိုနေသည်မှာ အဖွဲ့ဝင်ရွာ ၆၄ရွာလုံးတွင် ယင်းတို့၏ အဖွဲ့ဝင်များကို စည်းရုံးနိုင်စွမ်း ရှိလာကြောင်း၊ အခြားရွာများနှင့်လည်း ကွန်ရက်ဆက်သွယ်ပူးပေါင်းနိုင်စွမ်းရှိလာကြောင်း၊ အစိုးရဌာနများ၊ ပုဂ္ဂလိကပစ္စည်းပေးသွင်းသူများ၊ ကုန်သည်များနှင့်လည်း ထိတွေ့ဆက်ဆံလာနိုင်စွမ်းရှိကြောင်း တွေ့ရသည်။<br>2. သာစည်မြို့နယ်တွင် အဖွဲ့ဝင်ရွာ ၉ရွာသည် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီသို့ ကျေးရွာ၏ အခြေခံအဆောက်အအုံဆောက်လုပ်ရန် (နှင့်/သို့)  စာသင်ကျောင်း၊ ဆေးပေးခန်း၊ လမ်း၊ တံတားများပြုပြင်ရန် အဆိုပြုလွှာများ တင်ပြခဲ့ကြသည်။ စုစုပေါင်း ကျပ် ၁၇၁,၆၀၀,၀၀၀(ကန်ဒေါ်လာ ၁၆၃,၄၂၈)ရှိသော စီမံချက်များကို ဒေသအာဏာပိုင်များက အတည်ပြုပေးခဲ့သည်။<br>3. စီမံချက်များတွင် ဆောင်ရွက်မှုများပြီးစီးပြီဖြစ်၍ အကျိုးခံစားခွင့်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီဖြစ်သည်။ |
| PGMF (PACT Global Microfinance)<br>၁-၁-၂၀၁၄မှ ၃၀-၆-၂၀၁၄ထိ၊<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၄၅,၂၉၉<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး | ***မြန်မာနိုင်ငံကျေးလက်ဒေသရှိ ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်းမှု ပိုမိုတိုးတက်စေမည့် ရေရှည်ခံသော အသေးစားငွေကြေးလုပ်ငန်း***<br>1. ဤစီမံချက်သည် အပူပိုင်းဇုန်နှင့် ရှမ်းပြည်နယ်ရှိမြို့နယ်များကို လွှမ်းခြုံမှုရှိခဲ့သည်။ စီမံချက်လုပ်ငန်းများသည် ငွေကြေးအရ မိမိဘာသာရပ်တည်နိုင်သည်။ အသေးစားငွေချေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိသည်။<br>2. အပူပိုင်းဇုန်တွင် မြို့နယ်၁၄မြို့နယ်မှ ကျေးရွာ၂၀၃ရွာရှိ ငွေချေးသူ ၂၆၆၁၉ဦးတို့ကို ဝန်ဆောင်မှုပေးခဲ့သည်။ ၉၄%သောငွေချေးသူများသည် ချေးငွေများကို စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံကြသည်။ ချေးငွေမှာလည်း ၂၀၁၂ခုနှစ်တွင် ကျပ်၂၄၀,၀၀၀(ကန်ဒေါ်လာ ၂၂၈)မှ ၂၀၁၅ခုနှစ်တွင် ကျပ်၄၀၀,၀၀၀ (ကန်ဒေါ်လာ ၃၈၀)ထိ တိုးမြှင့်ခဲ့သည်။ ငွေချေးသူအများစုသည် ပြောင်း၊ စပါး၊ နှမ်း၊ မြေပဲ၊ ကြက်သွန်နီ၊ ပဲမျိုးစုံတို့ကို စိုက်ပျိုးရာတွင် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ချေးငွေများကို မြေသြဇာဝယ်ရန်နှင့် MADB ချေးငွေများပေးဆပ်ရန် အသုံးပြုခဲ့ကြသည်။<br>3. အသေးစားစီးပွားရေးလုပ်ငန်းချေးငွေမှာလည်း ၂၀၁၂ခုနှစ်တွင် ကျပ် ၈၀၀၀၀ (ကန်ဒေါ်လာ၇၆)မှ ၂၀၁၅ခုနှစ် တွင် ကျပ်၂၀၀,၀၀၀(ကန်ဒေါ်လာ၁၉၀) ထိ တိုးမြှင့်ခဲ့သည်။ ၂၀၁၅ခုနှစ် နှစ်ကုန်တွင် အများဆုံး ချေးငွေအဖြစ် ကျပ် ၅၀၀,၀၀၀(ကန်ဒေါ်လာ၄၇၆)ကို ထုတ်ပေးနိုင်မည်ဖြစ်သည်။ |
| PACT<br>၁၆-၇-၂၀၁၂မှ ၁၅-၇-၂၀၁၅ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၅,၄၉၉,၁၄၃<br><br>ဆောင်ရွက်ဆဲ။ | ***အဖွဲ့အစည်းဆိုင်ရာတွင် အားဖြည့်ပေးခြင်းဖြင့် ကျေးလက်ချေးငွေရရှိစေခြင်း (MARC)***<br>1. ဒေသခံ အသေးစားငွေချေးလုပ်ငန်း၉ခုတို့သည် အပူပိုင်းဇုန်၊ ပဲခူး၊ နေပြည်တော်၊ ရခိုင်၊ မြစ်ဝကျွန်းပေါ်ဒေသတို့တွင် လုပ်ငန်းဆောင်ရွက်နေကြသည်။ အရှေ့ဦးနှင့်နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (BDA)တို့သည် စစ်ကိုင်းတိုင်းအတွင်းတွင် လုပ်ဆောင်နေကြသည်။ ဤအသေးစားငွေကြေးလုပ်ငန်း၉ခုတွင် ငွေချေးသူစုစုပေါင်း ၁၀၇၇၉ဦးရှိ သည်။<br>2. အရှေ့ဦးသည် ချင်းရက်ကန်းထည်များကို တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့သည်။ အသေးစား လုပ်ငန်းချေးငွေမှာလည်း ၂၀၁၂ခုနှစ်တွင် ကျပ်၈၀,၀၀၀(ကန်ဒေါ်လာ၇၆)မှ ကျပ်၁၂၀,၀၀၀ (ကန်ဒေါ်လာ၁၁၄)ထိ တိုးတက်ခဲ့သည်။ ငွေချေးသူအများစုမှာ ရက်ကန်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ တစ်နေ့လျှင် ကျပ်၂၅၀၀ (ကန်ဒေါ်လာ၂.၃၈) ခန့် ဝင်ငွေရရှိကြသည်။<br>3. BDAသည် စိုက်ပျိုးရေးဈေးကွက်၏အပြောင်းအလဲကို ကိုင်တွယ်နိုင်ရန်ကူညီခဲ့သည်။ ယခင်နှစ်က စစ်ကိုင်းတိုင်းဒေသကြီး  မုံရွာမှ လယ်သမားများသည် ထိုင်းCPကုမ္ပဏီက တင်သွင်းလာသော ပြောင်းဖူးမျိုးအသစ်ကို စတင်စိုက်ပျိုးခဲ့သည်။ ရေတင်ခပိုကုန်ကျ၍ ချေးငွေများပိုမိုလိုအပ်လာသော်လည်း BDA၏ အဖွဲ့ဝင်အားလုံးနီးပါးသည် ယခုအခါ ယင်းပြောင်းဖူးမျိုးကို စိုက်ပျိုးနေကြသည်။ ဤမျိုးသည် ရာသီဥတုဒဏ်ကိုပိုခံနိုင်ပြီး အကျိုးအမြတ်ရနိုင်သည်ဟု သူတို့က ယူဆကြသည်။ မိမိအဖွဲ့ဝင်တို့၏ လိုအပ်ချက်ကို ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် BDAသည် စိုက်ပျိုးရေးတစ်လုံးတည်းချေးငွေကို ကျပ်၁၀၀,၀၀၀မှ ကျပ်၂၅၀,၀၀၀(ကန်ဒေါ်လာ၉၅မှ၂၃၈)အထိ တိုးပေးခဲ့သည်။ CPပြောင်းစိုက်တောင်သူများကို အသေးစားစီးပွားရေးချေးငွေများကိုလည်း ထပ်မံထုတ်ပေးခဲ့သည်။ တောင်သူများ သည် ယခုအခါ အများဆုံးချေးငွေ ကျပ် ၅၀၀,၀၀၀(ကန်ဒေါ်လာ ၄၇၆) ထိ ရနိုင်မည် ဖြစ်သည်။ |

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| Proximity Designs<br>၁၄-၁-၂၀၁၁မှ ၃၁-၁၀-၂၀၁၄ထိ။<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၅,၉၄၀,၄၈၉<br><br>ရည်မှန်းချက်ပြည့်မီစေရန်အတွက် စရိတ်မဲ့တိုးချဲ့ခြင်းကို ၂၀၁၃ခုဒီဇင်ဘာမှ ၂၀၁၄ခုဇွန်လအထိ တိုးချဲ့ခဲ့သည်။ အပြီးသတ်စီမံချက် အကဲဖြတ်ရန်အတွက် စရိတ်ပါတိုးချဲ့ခြင်းကို ၂၀၁၄အောက်တိုဘာလအထိ ဆောင်ရွက်ခဲ့သည်။<br><br>စီမံချက်ပြီးစီးပိတ်သိမ်းပြီး။ | ***အပူပိုင်းဇုန်မှ ထိခိုက်လွယ်သောရပ်ရွာများသို့ အသက်မွေးဝမ်းကျောင်းမှုထောက်ပံ့ခြင်း***<br>1. အပြီးသတ်သုံးသပ်ချက်အရ ပြုပြင်မွမ်းမံလိုက်သောရေကန်များမှ ရေရရှိမှုသည် တစ်လမှ နှစ်လအတွင်း တိုးတက်လာကြောင်း တွေ့ရှိရသည်။ ရေရရှိမှုတိုးတက်လာသဖြင့် အိမ်ထောင်စုများသည် အခြားအရပ်သို့သွား၍ ရေသယ်ယူရသော အချိန် လျော့နည်းလာသည်။<br>2. ထုတ်လုပ်မှုချေးငွေများကို ၅မြို့နယ် (ကျေးရွာ၁၇၂၄ရွာ)ရှိ စွန့်စားရနိုင်ချေမြင့်မားသော လယ်သမား၁၁,၀၅၇ဦးသို့ ထုတ်ချေးခဲ့သည်။ (ယင်းတွင်အပူပိုင်းဇုန်ပြင်ပမှ ၁၁၆၅ဦးပါဝင်သည်)။ |
| TdH  (Terre Des Hommes)<br>၁-၂-၂၀၁၄မှ ၃၁-၁-၂၀၁၇<br><br>ဘတ်ဂျက် ကန်ဒေါ်လာ ၁,၃၁၈,၅၁၉<br><br>ဆောင်ရွက်ဆဲ။ | ***မြေမဲ့ယာမဲ့များနှင့်အချို့တဲ့ဆုံးလယ်သမားများအတွက် မြေမဲ့စိုက်ပျိုးခြင်းနှင့် အခြားရေရွှေ့တာသော နည်းပညာအသစ်များ***<br>1. အိမ်ထောင်စု ၃၈၉စုကို မြေမဲ့စိုက်ပျိုးရေးနည်းသင်တန်းပေးခဲ့ပြီး ၁၄၂စုကို အစက်ချ စိုက်ပျိုးနည်းသင်တန်းပေးခဲ့ သည်။ ကျေးရွာ၁၄ရွာတွင် မှန်လုံအိမ်၆၂လုံး၊ အကုန်အကျ သက်သာသောမှန်လုံအိမ်၁၃၉လုံး၊ အစက်ချရေပေးရေးစနစ် ၉၁ခုတို့ကို တည်ဆောက်ပေးခဲ့ပြီး လေ့ကျင့်ထားသော ကျေးရွာတိုးချဲ့ရေးအရာရှိတို့က အထောက်အကူပြုနေကြသည်။ (စာမျက်နှာ၄၆ရှိ ဆွေးနွေးချက်များကိုကြည့်ပါ)။<br>2. မှန်လုံအိမ်များ၏ထက်ဝက်ကျော်ကို အမျိုးသမီးများက လုပ်ကိုင်နေကြသည်။<br>3. ရေကန်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ပြီးနောက် ရေကော်မတီများကို ရေပေးရေးလုပ်ငန်းများကို စီမံခန့်ခွဲရန်၊ အသုံးပြုရန်၊ ပြုပြင်ထိန်းသိမ်းရန် လေ့ကျင့်ပေးခဲ့သည်။ ရည်ရွယ်ချက်မှာ ရေရှားပါးမှုကိုကာကွယ်ရန်နှင့် လူမှုရေးတင်းမာမှုများကို ကာကွယ်ရန်ဖြစ်သည်။<br>4. သစ်သီးနှင့်ဟင်းသီးဟင်းရွက်ပင် (အဓိကမှာအရွက်စားဟင်းသီးဟင်းရွက်များ) ၆၂,၀၀၀ခန့်ကို မြေမဲ့စိုက်ပျိုး နည်းဖြင့်ထုတ်လုပ်ခဲ့ပြီး ဟင်းသီးဟင်းရွက်ကီလိုဂရမ်၁၀၀၀ ကျော်ကို အစက်ချရေပေးနည်းဖြင့် ထုတ်လုပ်ခဲ့သည်။<br>5. စီမံချက်ကျေးရွာများရှိ ရေပေးရေးစနစ်အားလုံး၏ တန်ဖိုးတက်မှုမှာတစ်ရက်လျှင် ကျပ်ငွေ ၅၀,၇၀၀မှ ၁၀၁,၀၀၀ (ကန်ဒေါ်လာ ၄၈မှ ၉၆)ထိရှိသည်။ မြေမဲ့စိုက်ပျိုးနည်းနှင့် အစက်ချစိုက်ပျိုးနည်းတို့ကို ယခုအခါ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မကွေး တက္ကသိုလ်တို့၏ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲပြီးဖြစ်သည်။ ကျောင်းသားများသည် သုတေသနများ ပြုလုပ်ကာ လက်စွဲစာအုပ်များထုတ်လုပ်ပြီး အခြားရပ်ရွာများသို့လည်း မျှဝေခဲ့ကြသည်။ |
| UNCDF- Microlead (United Nations Capital Development Fund MicroLead)<br>၁၀/၂၀၁၂မှ ၁၂/၂၀၁၇ထိ။<br><br>ဘတ်ဂျက် ကန်ဒေါ်လာ ၇,၀၀၆,၂၆၂<br><br>ဆောင်ရွက်ဆဲ | ***အသေးစားငွေကြေးချေးကွက်ခေါင်းဆောင်များသို့ ထောက်ပံ့ခြင်း။***<br>1. ဤစီမံချက်က နိုင်ငံတကာအသေးစားငွေကြေးအဖွဲ့အစည်း ၃ခုကိုရွေးချယ်ထားသည်။ ယင်းတို့မှာ BASIX ASA (Association of Social Advancement) International၊ ACCU (Asia Credit Cooperative Union) တို့ဖြစ်သည်။<br>2. BAXIS သည် ၂၀၁၄ခုနှစ်ဩဂုတ်လမှစတင်၍ မန္တလေးတိုင်းရှိ ငွေချေးသူ၆၂၈ဦးကို အသေးစားချေးငွေများ ထုတ်ပေးနေသည်။ ချေးငွေမှာကျပ်၈၀၀၀၀မှ ကျပ်၃၀၀၀၀၀ထိ (ကန်ဒေါ်လာ၇၆မှ၂၈၅)ဖြစ်သည်။ ၆၀%သော ငွေချေးသူများက ယင်းချေးငွေများကို စက်ရက်ကန်း၊ လက်ရက်ကန်းများ၊ ချည်ဆေးဆိုးခြင်း၊ ချည်ငင်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြသည်။ အမျိုးသမီးဝတ် ချင်းနှင့်ရိုးရာဒီဇိုင်းများကို လူကြိုက်များကြသည်။<br>3. လက်ရက်ကန်းပိုင်ရှင်အဖွဲ့ဝင်များက စက်ရက်ကန်းဝယ်ယူရန်အတွက် ကျပ်ငွေနှစ်သန်း(ကန်ဒေါ်လာ ၁၉၀၄)ထိ ချေးယူလိုကြသည်။ ဤစီမံချက်သည် နောက်တစ်ကြိမ် ချေးငွေထုတ်ပေးသောအခါ ယင်းကိစ္စကို စဉ်းစားမည်ဖြစ်သည်။ |



ခြောက်သွေ့ရာသီအတွင်း လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးနိုင်ရန်အတွက် ရေအစက်ချစိုက်ပျိုးနည်းကို အသုံးပြုနေသည့် လယ်သမားကြီး ဦးအောင်မြင့်က "ကျွန်တော့် အိမ်နီးချင်းတွေက ကျွန်တော့် လို့ ဝှက်ချက်ကို သိချင်နေကြတယ်" ဟုပြောသည်။

## ၂၀၁၄ခုနှစ်အတွင်း ဖြစ်ထွန်းမှုများမှ ကောက်နှုတ်ချက်

၂၀၁၀-၁၁တွင်စတင်ခဲ့သော စီမံချက်များအနက် တစ်ခုမှလွဲ၍ အားလုံးသည် ၂၀၁၄ခုနှစ်တွင်ဆောင်ရွက်ဆဲဖြစ်သည်။[46] ရရှိလာသော ရလဒ်များသည် နယ်ပယ်ပေါင်းစုံမှပါဝင်သည်။ စိုက်ပျိုးရေး အသက်မွေးမှုသင်တန်း၊ အသေးစားချေးငွေလုပ်ငန်း၊ လယ်ယာမှ အပအခြားဝင်ငွေလုပ်ငန်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ထောက်ပံ့ခြင်း၊ ဈေးကွက်လက်လှမ်း မီမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ အဟာရပြည့်ဝမှု၊ အလုံး စုံရပ်ရွာဖွံ့ဖြိုးရေးစသည်တို့ ဖြစ်သည်။ ဤဆောင်ရွက်မှု များကြောင့် ဝင်ငွေ တိုးတက်လာပြီး အသက်မွေးဝမ်းကျောင်းမှု ကောင်းမွန်လာကာ မိမိတို့ရပ်ရွာ၏ဖွံ့ဖြိုးရေးကို ဆောင်ရွက် နိုင်စွမ်းလည်း တိုးမြင့်လာခဲ့ကြသည်။ သို့သော်လည်း အဆိုပြု လွှာများကို ခေါ်ယူစဉ်က စီမံချက်အလိုက်ဆောင်ရွက်ရန် ဦးတည်ထားသဖြင့် စီမံချက်ပြင်ပ ကျေးရွာများတွင် အကျိုးသက်ရောက်မှုမရှိပေ။ ဤအချက်သည် ၂၀၁၅ခုနှစ် အပူပိုင်းဇုန်စီမံကိန်းသစ်တွင် LIFT၏ရင်းနှီးမြှုပ်နှံမှုပိုမို သက် ရောက်မှု ရှိလာစေရန်အတွက်ဆင့်ပွားရန်နှင့် ရေရှည်တည်တံ့ ရန်အတွက်ပါ ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ကြောင်းကို ထောက်ပြနေသည်။

ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲစီမံချက်များမှ အတွေ့အကြုံနှင့် သင်ခန်းစာများကို အသုံးပြုကာ အစီအစဉ်သစ်များကို ရေးဆွဲခဲ့သည်။ ဥပမာအားဖြင့် ဈေးကွက် သတင်းဖြန့်ဝေမှု စနစ်များ ကုန်စည်ဖလှယ်မှုများဖြင့် ဈေးကွက်လက်လှမ်းမီမှု ကို အထောက်အပံ့ပြုခြင်းဖြင့် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံတို့၏ တန်ဖိုးကွင်းဆက် ကို ပုဂ္ဂလိကကဏ္ဍမှ ထူထောင်နိုင်ခဲ့ပြီး ထိရောက်စွာ စီမံခန့်ခွဲနိုင်ကြောင်း LIFTက တွေ့ကြုံခဲ့သည်။ ပုဂ္ဂလိကကဏ္ဍမှဆောင်ရွက်မှုသည် အပူပိုင်းဇုန်တွင် ဈေးကွက် လက်လှမ်းမီမှုကို အဓိကမောင်းနှင်နေကြောင်း LIFTက အသိ အမှတ်ပြုပြီး ဖြစ်သောကြောင့် အစီအစဉ်သစ်တွင် ပုဂ္ဂလိက ကဏ္ဍ၏ပါဝင်ဆောင်ရွက်မှုကို တိုးချဲ့ရန် ဦးတည်မည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် လူမှုကာကွယ် စောင့်ရှောက်ရေး အဖြစ်ဖြင့် လုပ်အားနှင့် ငွေဖလှယ်သော ဆောင်ရွက်မှုများကို LIFT၏ လုပ်ဖော်ကိုင်ဖက်တို့က ကျယ်ပြန့်စွာ အသုံးပြုခဲ့ကြသည်။ သို့သော်လည်း နွမ်းပါးသော အိမ်ထောင်စုများသို့ ရေတို ငွေကြေးထောက်ပံ့ခြင်းသည် သေချာစွာ ရည်ရွယ်ဆောင်ရွက်သည့်တိုင် လူမှုကာကွယ် စောင့်ရှောက်ရေးကို များစွာမပေးနိုင်ကြောင်း တွေ့ရှိရသည်။ ဝင်ငွေနှင့်ရိက္ခာပြတ်လပ်ချိန်တွင် ဆင်းရဲသော အိမ်ထောင်စု များကို ဝင်ငွေရလာအောင် ဆောင်ရွက်ပေးရမည် ဖြစ်သော်လည်း ကြုံသလိုသင့်သလို လုပ်ရန်မသင့်ပေ။ လုပ်အားနှင့်ငွေဖလှယ်ရန် ကျေးလက်အခြေခံအဆောက်အအုံ လုပ်ငန်းများသည်လည်း အမြဲရှိမည် မဟုတ်ပေ။ ထို့ကြောင့် အပူပိုင်းဇုန်စီမံကိန်းသစ်တွင် ရေရှည် လုပ်ဆောင်နိုင်မည့် ကျေးရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များကို အာရုံစိုက်ရမည် ဖြစ်သည်။

စိုက်ပျိုးရေးတွင် ချေးငွေနှင့် စိုက်ပျိုးရေတို့ကို လက်လှမ်း မမီခြင်းသည် အကြီးဆုံးသောအဟန့်အတားများ ဖြစ်ကြောင်း လယ်သမားများနှင့်ဝန်ထမ်းများက အမြဲပြောဆိုခဲ့ကြသည်။ ယခင်စီမံချက်များက ဆောင်ရွက်ခဲ့သောအသေးစားချေးငွေ လုပ်ငန်းများသည် ကျေးရွာအဆင့်တွင် ထူးထူးခြားခြားရလဒ် ကောင်းများကိုရရှိခဲ့သော်လည်း အပူပိုင်းဇုန်တစ်ခုလုံးအတွက်မူ အကန့်အသတ် ဖြင့်သာရှိနေသည်။ အပူပိုင်းဇုန်စီမံကိန်းသစ်ကို LIFT၏စီမံချက်များမှ ရရှိသောအတွေ့ အကြုံသစ်များကို အခြေခံကာ တည်ဆောက်မည်ဖြစ်ပြီး အောင်မြင်သည့် ဆောင်ရွက်ဆဲစီမံချက်များကို ပွားများမည် ဖြစ်သည်။ ယင်းသို့သော နမူနာတစ်ခုမှာ TdH(အီတလီ)က ထောက်ပံ့ခဲ့

46 သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း လုပ်ကွက်ဖြင့်အတည်ပြုထားသော စီမံချက်များအပါအဝင်ဖြစ်သည်။

သော ထိရောက်သည့် ရေပေးစနစ်များဖြစ်သည်။ မျိုးကောင်းမျိုးသန့်များကို ဖော်ထုတ်ခြင်း မျိုးပွားများခြင်းတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှုကို ထောက်ပံ့ခြင်း ကဲ့သို့သော အကြံအစည်သစ်များကိုလည်း မွေးမြူရေးကဏ္ဍကဲ့သို့သော LIFTက အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခဲ့သော နယ်ပယ်များနည်းတူ စတင်ဆောင်ရွက်မည်ဖြစ်သည်။

## ရေရှားပါးသည့်နယ်မြေများတွင် သုံးရလွယ်သည့် နည်းပညာဖြင့် ရေပေးရေးနည်းစနစ်များသည် ထိရောက်မှုရှိကြောင်းသက်သေပြနေခြင်း။

အပူပိုင်းဇုန်တစ်ဝန်းလုံးရှိ ကျေးရွာများတွင် သောက်သုံးရေနှင့် စိုက်ရေပျိုးရေ မလုံလောက်မှုကို အမြဲရင်ဆိုင်နေရသည်။ လယ်သမားအများစုသည် ယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြပြီး အနည်းစုသာလျှင် ရေသွင်းလယ်များတွင် လုပ်ကိုင်နိုင်ကြသည်။ အကြီးစား ရေသွင်းစနစ်များကို အစိုးရကတည်ဆောက်ကာ စီမံခန့်ခွဲနေသည်။ လယ်သမားများ ပိုင်ဆိုင်သည့်ရေသွင်းစနစ်များမှာ သေးငယ်သည်။ တတ်နိုင်သောလယ်သမားများက ဤစနစ်များကို တည်ဆောက်နိုင်ရန်အတွက် ငွေချေးယူကြရသည်။ ထိုချေးငွေများ ကိုပေးဆပ်ရန်အတွက် ဝင်ငွေကောင်းသော သီးနှံများကို စိုက်ပျိုးနေကြရသည်။

LIFTနှင့် လုပ်ဖော်ကိုင်ဖက်များသည် လုပ်ကွက်ငယ်လယ်သမားများက ဟင်းသီးဟင်းရွက်နှင့် အခြားဈေးကောင်းသော သီးနှံများကို ဈေးကွက်သို့တင်ပို့နိုင်ရန်အတွက် ယင်းတို့ကိုယ်တိုင် ရေသွင်းနိုင်ရန် ဆောင်ရွက်ပေးနိုင်ကြသည်_

- TdHသည် လယ်သမားများကို ရေအစက်ချစိုက်နည်းကို သင်ကြားပေးခဲ့ရာတွင် လက်ရှိကျေးရွာရေကန်များကို အသုံးပြုရသည်။ ထို့ကြောင့် သောက်ရေသုံးရေနှင့် စိုက်ပျိုးရေး ဦးစားပေးမှု အပြိုင်အဆိုင်ဖြစ်လာရာ TdH သည်ရေကို ချွေတာနိုင်ရန်စနစ်များကိုထပ်မံပြုပြင်မွမ်းမံခဲ့ရသည်။[47] အချို့လယ်သမားများသည် TdH၏မြေမဲ့စိုက်ပျိုးရေးစနစ်ကို ပိုသဘောကျကြသည်။ ယင်းစနစ်တွင်ရေကို ပြန်လည်အသုံးပြု၍ရသည်။ ရွာ ၁၉ရွာမှ အိမ်ထောင်စု၁၁၈စုထံမှရသော အတွေ့အကြုံအရ ရေအစက်ချစိုက်ခင်းများမှ တစ်နေ့လျှင်ကျပ်၃၀၀မှ ၇၀၀ထိ တန်ဖိုးရှိသော ဟင်းသီးဟင်းရွက်များကို ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရသည်။ မိသားစုများသည် ထုတ်လုပ်ရရှိသော ယင်းဟင်းသီးဟင်းရွက် အချို့ကို စားသုံးကြသည့်အတွက် ယခင်က ယင်းတို့ကို ဝယ်ယူစားသုံးရမည့် ပိုက်ဆံကို စုဆောင်းမိကြသည်။ အချို့ကို ကျေးရွာတွင်း၌ ရောင်းချကြသည်။ ၂၀၁၄ခုနှစ်အတွင်းတွင် ကျေးရွာ၁၄ရွာရှိပျမ်းမျှ၅၆စတုရန်းမီတာကျယ်ဝန်းသောဟင်းခင်းများမှ ခရမ်းသီး၊ ရုံးပတီသီး၊ သခွားသီး၊ မုန်လာဥနီ၊ ပဲတောင့်ရှည်စသော သီးနှံ၂.၃တန်ကို ထုတ်လုပ်နိုင်ခဲ့သည်။ ငွေကြေးနှင့် အဝီစိတွင်းကဲ့သို့သော အခြားရေအရင်းအမြစ်များကိုရရှိပါက ဤနည်း စနစ်များကို ဒေသတစ်ခုလုံးတွင်ဆင့်ပွားပြီး တစ်နှစ်ပတ်လုံး ဈေးကွက်တွင် ရောင်းချနိုင်မည် ဖြစ်သည်။.

- Proximity Designsသည် လယ်သမားများကို ယင်း၏ ခြေနင်း ရေတင်စက်များ သို့မဟုတ်အခြားရေ ရရှိရေး ကိရိယာများ (ရေတွင်းများ) ဓာတ်မြေသြဇာများဝယ်ယူရန်အတွက် တစ်လုံးတည်းချေးငွေ- ချေးငွေကျပ် ၅၀,၀၀၀မှ ၁၀၀,၀၀၀ (ကန်ဒေါ်လာ၄၇မှ၉၅)ထိ ထုတ်ချေးခဲ့သည်။ လယ်သမားများသည် ထိုရေတင်စက်များကို ရေအလေအလွင့်များသော ထွန်ကြောင်းဖြင့် ရေသွင်းခြင်းစနစ်တွင် အသုံးပြုကြသည်။ ၂၈%ကသာ ရေချွေတာနိုင်သော ရေအစက်ချစနစ်အတွက် အသုံးပြုခဲ့ကြသည်။နောက်ဆုံးသုံးသပ်ချက်တွင် အစက်ချ စိုက်ပျိုးနည်းအတွက် ထုတ်ပေးသော ချေးငွေသည် လယ်သမားတို့၏ဝင်ငွေကို မည်သို့အကျိုးသက်ရောက်မှု ရှိကြောင်းကို မဖော်ပြနိုင်ပေ။[48] သို့သော် Proximityထံမှ ငွေချေးသူ၆၂%က ဝင်ငွေတိုးတက်ကြောင်း သတင်းပို့ခဲ့ကြသည်။သို့သော် ရေတင်စက်သုံးစွဲသူ ၄၁%ကရေတင်စက်များ တာရှည်မခံကြောင်း တင်ပြကြသည်။

ယခုရေးဆွဲမည့် အပူပိုင်းဇုန်စီမံကိန်းအသစ်ကို ဤကဲ့သို့သော အတွေ့အကြုံများကို အခြေခံမည်ဖြစ်သည်။ LIFTသည် ရေကို အကျိုးရှိစွာအသုံးချနိုင်မည့် အပြင်ဈေးကွက်သို့ ရောင်းချနိုင်မည့်သီးနှံများကို ထုတ်လုပ်နိုင်မည့် ရေသွင်းစနစ်များ၊ ရေအရင်းအမြစ်များပိုင်ဆိုင်မှုကိုဆက်လက်ထောက်ပံ့မည်ဖြစ်သည်။ လယ်သမားများကို ငွေကြေးနှင့်စိုက်ပျိုးရေးဆိုင်ရာ အကြံဉာဏ်များကို လက်လှမ်းမီစေရန် LIFT၏ လုပ်ဖော်ကိုင်ဖက်များက ထောက်ပံ့သွားမည် ဖြစ်သည်။

## ကျေးရွာတွင်းညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိလာသောကြောင့် ကျေးရွာများကိုယ်တိုင် လူမှုကာကွယ်စောင့်ရှောက်ရေးကို ကြံစည်ဆောင်ရွက်လာကြခြင်း။

HelpAge၏ ကျေးရွာဖွံ့ဖြိုးရေးနည်းစဉ်သည် အားလုံးပါဝင်စေမှုနှင့် ကျေးရွာအတွင်း စွမ်းဆောင်ရည်နှင့် ယုံကြည်မှု မြင့်တက်လာခြင်းတို့ကို အခြေခံသည်။ စီမံချက်ပြီးဆုံးချိန်တွင် ကျေးရွာသားများသည် စည်းရုံးနိုင်စွမ်း ပိုမိုမြင့်မားလာကြောင်း ပြသခဲ့ကြသည်။ ဥပမာအားဖြင့် မလှိုင်မြို့နယ်ရှိ ကျေးရွာသုံးရွာတွင် နေ့ကလေးထိန်းဌာနများဖွင့်လှစ်ရန် အမျိုးသမီးများကို ခန့်အပ်နိုင်ခဲ့သည်။ နည်းပညာဆိုင်ရာကို လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့ပြီး ကလေးထိန်းဆရာမများ၏ လစဉ်လစာ (ကျပ်၂၀,၀၀၀ သို့မဟုတ် ကန်ဒေါ်လာ ၁၉ခန့်)အပါအဝင် ငွေကြေး အထောက်အပံ့ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ VDCတို့က ပေးအပ်ခဲ့သည်။

မြို့နယ်အတွင်းရှိ VDCတိုင်း၏ နှစ်စဉ်စီမံချက်တွင် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများတို့ အတွက် ဆေးရုံသို့ သွားသည့် ခရီးစရိတ်ကို ထည့်သွင်းထားသည်။VDCများသည် ပျိုးဥယျာဉ်စိုက်ခင်းများ ထူထောင်ထားကာ သစ်သီးနှင့် ဟင်းသီးဟင်းရွက်တို့ကို မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုများကို ဟင်းသီးဟင်းရွက်များ ထောက်ပံ့နေသည်။ ရပ်ရွာများသည် ယခင်ကထက် သိသာစွာ စည်းလုံးညီညွတ်လာကြသည်။ ရပ်ရွာ၏လိုအင်များကို မိမိတို့ဘာသာ ဖော်ထုတ်၍ အတူတကွ

47 ၁၈စတုရန်းမီတာလျှင် မြေမဲ့စိုက်ပျိုးရေးအတွက် ရေ ၁၆.၆ဂါလန်လိုအပ်ပြီး အစက်ချစနစ်အတွက် ၉ဂါလန်သာလိုအပ် သည်။ မြေမဲ့စိုက်ပျိုးရေးစနစ်အတွက် ရေကို ဖွင့်ထားရပြီး အစက်ချစိုက်စနစ်အတွက် တစ်နေ့၂ကြိမ်သာရေဖွင့်ရန်လိုသည်။ မြေမဲ့စိုက်နည်းမှာ ရေငွေ့ပြန်မှုများသည်။

48 ဝင်ငွေကောင်းသော ကြက်သွန်၊ငရုတ်၊ အာလူး၊ ခရမ်းချဉ်၊ ကွမ်း၊ ပန်းစသည်တို့ကို စိုက်ပျိုးသောကြောင့် ဝင်ငွေကောင်းလာသည်။

ဖြေရှင်းနေကြသည်။ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများကိုလည်း သဘောထား အမြင်ပြောင်းလဲလာကာ ယင်းတို့၏ဘဝ အဆင်ပြေရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ပေးလာကြသည်။

စီမံချက်ထံမှအကျိုးခံစားရရှိသူများကအောက်ပါသင်ခန်းစာများကို ဖော်ထုတ်ခဲ့ကြသည်_

- ဒီမိုကရေစီနည်းကျ ဖွဲ့စည်းထားသော ရပ်ရွာအဖွဲ့အစည်းများသည်ပိုမိုညီညွတ်အောင်၊အမျိုးသမီးတို့၏အခန်းကဏ္ဍ ပိုမိုပါဝင်လာအောင်၊ အစဉ်အလာအင်အားချိန်ခွင်လျှာကို ပြောင်းလဲအောင် ဆောင်ရွက်နိုင်သည်။
- သင်တန်းများတွင် VDC အဖွဲ့ဝင်အားလုံး တက်ရောက်ခွင့်ရပါက ပိုမိုအကျိုးရှိသည်။ ယင်းအချက်ကစီမံချက် အပေါ် ပိုမို နားလည်စေပြီး အဖွဲ့အတွင်းညီညွတ်မှုကိုလည်း အားကောင်း စေသည်။
- လူငယ်များသည် အတွေ့အကြုံနှင့် ပညာရေးတွင်ချို့တဲ့စေကာမူ စီမံချက်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုစိတ် ထက်သန်ကြသည်။

SPPRG သည် ရပ်ရွာလူထုဦးဆောင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ဆောင်မှု (CLASP)ရှေ့ပြေးစီမံချက်အားဖြင့် ကျေးရွာအဖွဲ့အစည်းများအား လူမှုကာကွယ်စောင့်ရှောက်ရေး အကြံညဏ်သစ်များရရှိအောင်ကူညီပေးပြီး ရပ်ရွာတွင်း ညီညွတ်မှုနှင့် အိမ်ထောင်စုများ ကြံ့ကြံ့ခံနိုင်မှုကို ရရှိစေပါသည်။ ဤရှေ့ပြေးစီမံချက်ကို စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာ ၅ရွာ တွင် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ခုနှစ်တွင် ရွာများထပ်တိုးပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင်လည်း တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ထားသည်။

## ဆက်လှမ်းမည့်ခြေလှမ်းများ။ အပူပိုင်းဇုန်တွင် အစီအစဉ် ဖြစ်ထွန်းမှု

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ရင်းနှီးမြှုပ်နှံမှုဌာန၊ (FAO IC)၏ အစပျိုးရေးမစ်ရှင်သည် ၂၀၁၃ခုနှစ် အောက်တိုဘာလ-နိုဝင်ဘာလအတွင်းတွင် အပူပိုင်းဇုန်အစီအစဉ်၌ ဆောင်ရွက်နိုင်မည့်လုပ်ငန်းများနှင့် ပတ်သက်သော ယေဘုယျ အခြေအနေကို LIFTသို့ ပေးအပ်ခဲ့သည်။ ၂၀၁၄ခုနှစ် နှစ်ဆန်းတွင် FAO IC ၏ စူးစမ်းရေးမစ်ရှင်သည် ဦးတည်မြို့နယ်၆ခုရှိ ရွေးချယ်ထားသော ကျေးရွာများကို ကွင်းဆင်းလေ့လာပြီး အပူပိုင်းဇုန်ဒေသ၏ အားသာချက် အားနည်းချက်များကို အပြီးသတ်သုံးသပ်ကာ ထပ်မံပေးအပ်ခဲ့သည်။[49] LIFTသည်လည်း အပူပိုင်းဇုန်တွင် ပတ်သက်နေသူများဖြစ်သော LIFT၏လုပ်ဖော်ကိုင်ဖက်များ၊ ဒေသခံနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ စီမံကိန်းအသစ်အတွက် အဆိုပြုရလဒ်မူဘောင်ကို ရေးဆွဲခဲ့သည်။ ဆက်လက်၍ ယင်းကို စီမံကိန်းမူဘောင်အဖြစ် ရေးဆွဲမည်ဖြစ်ပြီး စီမံကိန်း၏အခြေခံအဖြစ် (၂၀၁၅မှ၂၀၁၈ထိ) အကောင်အထည်ဖော်ရာတွင် သုံးစွဲမည် ဖြစ်သည်။

ရလဒ်မူဘောင်ကိုရေးဆွဲရာတွင် FAO IC က ဖော်ထုတ်ခဲ့သော ဆောင်ရွက်ချက်များ၏ အဆိုပြုအစီအစဉ်ရလဒ်နှင့် အကျိုးများကို ဖော်ထုတ်ခြင်းလည်း ပါဝင်သည်။

အပူပိုင်းဇုန်စီမံကိန်း၏ အကျိုးရလဒ်မူဘောင်ပုံစံကို ဦးတည်ထားသည့် အိမ်ထောင်စုများအတွက် LIFT၏ မဟာဗျူဟာအသစ်တွင်ရေးဆွဲထားသည့် တက်လှမ်း၊ ထွက်ခွာ၊ တောင့်ထားဟုဆိုသည့် အတိုင်းရရှိနိုင်အောင် အကောင်အထည်ဖော်သွားမည်။ ထိခိုက်လွယ်ဆုံးသော မိသားစုများအတွက် မိခင်နှင့်ကလေးအာဟာရ၊ ရေနှင့်သန့်ရှင်းရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များကိုလည်း အလေးထားလုပ်ဆောင်သွားမည်။

ငွေကြေးလက်လှမ်းမီမှုသည် ဦးတည်ထားသည့် အထက်ပါလူဦးရေ အုပ်စုသုံးစုလုံးကို ထောက်ပံ့ရာတွင် အချက်အချာကျသည်။

အချို့စီမံချက်များသည် LIFT၏ ယခင်သင်ယူခြင်းနှင့် ဆန်းသစ်တီထွင်ခြင်းလုပ်ကွက်ကို ဆက်လက်ဆောင်ရွက်နေကြပြီဖြစ်သည်။ အခြားစီမံချက်များကိုလည်း အတည်ပြုပြီးဖြစ်သည်။ စီမံချက်လုပ်ငန်းအများစုမှာ ၂၀၁၅ခုနှစ်ပထမနစ်ဝက်တွင် ခေါ်ယူမည့် အဆိုပြုချက်များကို အခြေခံမည် ဖြစ်သည်။

49 ယင်း ၆မြို့နယ်မှာ မန္တလေးတိုင်းမှ တောင်သာ၊ နွားထိုးကြီး၊ မလှိုင်၊ မြင်းခြံနှင့် မကွေးတိုင်းမှ ပခုက္ကူနှင့်ရေစကြိုတို့ဖြစ်သည်။



# ထွက်ခွာ

## ပုံကျလယ်ယာလုပ်သားဘဝမှ ထွက်ခွာနိုင်ရန် ကူညီခြင်း



"အရင်ကထက် ဝင်ငွေပိုကောင်းလာတယ်၊ ကိုယ့်အိမ်ကိုယ့်ယာမှာပဲ အေးအေးဆေးဆေး အလုပ်လုပ်နိုင်တယ်"

*ကျေးလက်ရှိအိမ်ထောင်စုများ၊ အိမ်ထောင်စုဝင်များကို စိုက်ပျိုးရေးမှထွက်ခွာနိုင်အောင် ကူညီပါမည်။ ဒေသအတွင်းရှိ လယ်ယာလုပ်ငန်း မဟုတ်သော ဝင်ငွေကောင်းသည့်အလုပ်အကိုင်များကိုရှာဖွေရန် ဒေသတွင်းထွက်ခွာခြင်းလည်းဖြစ်နိုင်သကဲ့သို့ အခြားဒေသရှိ အလုပ်အကိုင်အခွင့်အလမ်းများထံသို့ ရွှေ့ပြောင်းထွက်ခွာခြင်းလည်း ဖြစ်နိုင်သည်။*

ဦးမောင်ထွန်းသည် ကလေးဘဝက စက်ချုပ်နေသောမိခင်၏ပေါင်ပေါ်တွင်ထိုင်နေရင်း တစ်နေ့တွင် သူလည်း စက်ချုပ်သမား ဖြစ်ရမည်ဟု မျှော်လင့်နေခဲ့သည်။ သို့သော် သူ့မိဘများမှာ သူ၁၀နှစ်မတိုင်ခင်ကတည်းက ကွယ်လွန်သွားသဖြင့် အသက်၄၅နှစ် ကျော်သည်အထိ ကျပန်းလယ်လုပ်သားတစ်ဦးအဖြစ်ဖြင့် တစ်နေ့လျှင် ကျပ်၁၀၀၀ခန့် လုပ်ခဖြင့် လုပ်ကိုင်နေခဲ့သည်။ မသန်စွမ်းသူ တစ်ဦးဖြစ်သော ဦးမောင်ထွန်းအဖို့ များစွာပင်ပန်းလှသည်။

မသန်စွမ်းသူများဖွံ့ဖြိုးရေးအဖွဲ့(DPDO) သူတို့ရွာသို့ရောက်ရှိသောအခါ တစ်ပတ်ရစ်အပ်ချုပ်စက်တစ်လုံးကို ဝယ်ယူရန်အတွက် ငွေကျပ် ၈၀၀၀၀ ကို ချေးယူခွင့်ပြုရန် လျှောက်ထားခဲ့သည်။ ဦးမောင်ထွန်းသည် စက်ချုပ်ပညာကိုတတ်မြောက်အောင် ကြိုးစားအားထုတ်ခဲ့သဖြင့် ဖောက်သည်များ ရရှိလာခဲ့သည်။ သူ့သတင်းမှာ ပတ်ဝန်းကျင်ရွာများသို့ပင် ပျံ့နှံ့သွားပြီး ချေးငွေကို လည်း ၈လအတွင်း ပြန်ဆပ် နိုင်ခဲ့သည်။ ယခုအခါ သူသည် တစ်နေ့လျှင် ကျပ်၂၀၀၀ခန့် ဝင်ငွေကို သူ့အိမ်တွင် အေးအေး ဆေးဆေးနေထိုင်ရင်း ရရှိနေပြီဖြစ်သည်။

DPDOသည် မသန်စွမ်းသူများရှိသည့် မိသားစုများအတွက် သီးခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထူထောင်ပေး လျက်ရှိသည်။ ယင်းတို့မှာ အိမ်ခြံတွင်းဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ စသည်တို့ဖြစ်သည်။ ထို့ပြင် စာရင်းအင်းထိန်းသိမ်းနည်း၊ လက်မှုပညာ၊ စိုက်နည်းပျိုးနည်းများကိုပါ လေ့ကျင့်ပေးသည်။ နောက်ပိုင်းတွင် ဤအိမ်ထောင်စုများသည် ကိုယ်ထူကိုယ်ထငွေစုအဖွဲ့များကို ထူထောင်လာကြသည်။ မတည်ရင်းနှီးငွေကို ဤစီမံချက်က ထုတ်ပေးပြီး အသင်းဝင်များက ၃လ သို့မဟုတ် ၈လ သက်တမ်းပြည့်မြောက်ချိန်တွင် ချေးငွေ ကျပ်၃၀,၀၀၀မှ ၁၀၀,၀၀၀ (ကန်ဒေါ်လာ ၂၈မှ ၉၅ခန့်)ကို ပြန်လည်ပေးဆပ်ရသည်။ တစ်လလျှင်၂%အတိုးသည် ကျေးရွာမှ ငွေချေးသူများ၏ ၈%အတိုးထက် များစွာသက်သာသည်။

DPDOသည် LIFT၏ အခြားလုပ်ဖော်ကိုင်ဖက်များဖြစ်သော HelpAge၊ Action Aid၊ SPPRGတို့နှင့်အတူ ဒေသနှင့် အမျိုးသား အဆင့်တွင် လူမှုရေးကာကွယ်စောင့်ရှောက်ရေးကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး မသန်စွမ်းသူများရှိသည့် မိသားစု၈၀၀၀ထံသို့ ရောက်ရှိ အကူအညီပေးနေကြပြီ ဖြစ်သည်။

# ၃.၃။ တောင်တန်းဒေသ



**ခြုံငုံဖော်ပြချက်။**

မြန်မာနိုင်ငံ၏တောင်တန်းဒေသသည် နိုင်ငံပိုင်နက်၅၅%ကို လွှမ်းခြုံလျက်ရှိပြီး နိုင်ငံလူဦးရေ ၂၃%ခန့် နေထိုင်ကြသည်။ ဤဒေသသည် ရှုပ်ထွေးထွေပြားလှပြီး အဓိကလုပ်ငန်းဆိုင်ရာစိန်ခေါ်မှုများမှာ လူမျိုးစုနှင့် ဂေဟာဗေဒအခြေအနေ အထူးများပြားခြင်း၊ နှစ်၅၀ကြာ ပဋိပက္ခကြောင့် လူများရွှေ့ပြောင်းနေထိုင်ကြရခြင်း၊ ဘိန်းအခြေခံစီးပွားရေးပျံ့နှံ့နေခြင်း၊ နိုင်ငံ့နယ်နိမိတ်တွင် ယိုပေါက်များခြင်း၊ ပြည်တွင်းနှင့်နယ်စပ် ဖြတ်ကျော်ရွှေ့ပြောင်းသွားလာမှုနှုန်းမြင့်မားခြင်းတို့ဖြစ်သည်။ ဤနယ်မြေတွင် ပြည်ပသို့ ရွှေ့ပြောင်းသွားလာခြင်းအပြင် ပြည်တွင်းမှရွှေ့ပြောင်းလာခြင်းလည်းရှိသည်။

**အဓိကသီးနှံများ။**

သီးနှံများမှာလည်း အလွန်များပြားပြီး ယင်းတွင် တောင်ယာစပါး၊ ပြောင်းဖူး၊ ဂျုံ၊ အာလူး၊ ပဲပိစပ်၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များပါဝင်သည်။ စိုက်ပျိုးထုတ်လုပ်ရာတွင် ဒေသစားသုံးမှုအတွက်ရွှေ့ပြောင်းတောင်ယာစနစ်များ ရှိသကဲ့သို့ မြို့ကြီးများသို့ သမပိုင်းသစ်သီးနှင့် ဟင်းသီးဟင်းရွက်များပေးပို့ရန်အတွက် လုပ်ငန်းတိုးချဲ့ခြင်းများလည်းရှိနေသည်။ တရုတ်နိုင်ငံဈေးကွက်ကြောင့် ပြောင်းဖူး၊ ရော်ဘာ၊ ကြံ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းနေသည်။

**ရာသီဥတု။**

ယေဘုယျအားဖြင့် နွေရာသီတွင်ပူပြင်းပြီး မိုးရာသီတွင်မိုးများကာ ဆောင်းရာသီတွင် ချမ်းအေးသည်။ သို့သော် မြေနိမ့်ပိုင်းများတွင် ပူအိုက်စွတ်စိုသည့်ရာသီဥတုများရှိပြီး မြေမြင့်ပိုင်းတွင် ရေခဲမှတ်အောက်ရောက်သည်အထိ ရာသီဥတုအမျိုးမျိုးရှိနေသည်။

## နောက်ခံအခြေအနေ


၂၀၁၂ခုနှစ်တွင် LIFTက ကောက်ယူခဲ့သော အခြေခံမျဉ်း စစ်တမ်းအရ ၂၅%သော အိမ်ထောင်စုများသည်မြေမဲ့ယာမဲ့ ဖြစ်နေကြောင်း တွေ့ရှိရသည်။ လက်နက်ကိုင်ပဋိပက္ခကြောင့် ဤနယ်မြေ၏အချို့ နေရာများသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရပြီး ဖြစ်သည်။ ခန့်မှန်းချက်အရ လူ ၅၀၀,၀၀၀ ခန့်သည် မိမိတို့အိမ်ရာကိုစွန့်ပစ်ကာ ကယ်ဆယ်ရေးစခန်းများနှင့် အခြားနေရာများတွင် နေထိုင်ကြရသည်။

## လက်ရှိအခြေအနေ

LIFTလုပ်ငန်း ဆောင်ရွက်နေသော တောင်ပေါ်ဒေသတွင် ၂၀၁၄ခုနှစ်သည် လယ်သမားများအတွက် ဝင်ငွေကောင်းသော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာသီးထွက်အသင့်အတင့် ကောင်းခြင်းကြောင့်သို့မဟုတ် စိုက်ပျိုးရေးထုတ်ကုန်ဈေးကောင်းသောကြောင့် သို့မဟုတ် နှစ်ခုလုံးပေါင်းစပ်မှုကြောင့်ဖြစ်နိုင်သည်။[50] ဥပမာအားဖြင့် ရှမ်းပြည်တောင်ပိုင်းရော မြောက်ပိုင်းတွင်ပါ ပြောင်းဖူးဈေးကောင်းသောကြောင့် လယ်သမားများသည် မြေပဲနှင့်နှမ်းတို့ကိုလျှော့စိုက်ခဲ့ကြရုံသာမက ပြောင်းဖူးကိုပိုမိုစိုက်ပျိုးကာ မြေရိုင်းများတွင်ပါ တိုး၍ စိုက်ခဲ့ကြသည်။

ချင်းပြည်နယ်တွင် ရွှေ့ပြောင်းတောင်ယာစနစ်ကို စွန့်ပစ်ကာ အမြဲတမ်းစိုက်ခင်းများအဖြစ် ပြောင်းရွှေ့စိုက်ပျိုးလာကြသဖြင့် လယ်သမားများ အကျိုးဖြစ်ထွန်းလာကြသည်။ ထိုသို့ဖြစ်ထွန်းရခြင်းမှာ မကြာသေးမီက လမ်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့သောကြောင့် ဖြစ်သည်။[51] ရွာပေါင်းများစွာတွင် ခန့်မှန်း၅၀%မှ ၇၀%ခန့်ထိ အိမ်ထောင်စုများသည်ရွှေ့ပြောင်းတောင်ယာမှလှေကား ထစ်လယ်ယာများတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးလာကြသည့်ပြင် လိမ္မော်၊ သရက်၊ ထောပတ်သီးစသည့် သစ်သီးခြံများကို စိုက်ပျိုးလာကြသည်။

တော်တန်းဒေသရှိ LIFT ၏ဆောင်ရွက်ချက်များ ၂၀၁၄




50 QSEM4 (World Bank/LIFT, 2014)
51 QSEM4 (World Bank/LIFT, 2014)



## ဇယား ၃.၄။ ၂၀၁၄ခုနှစ်အတွင်းဆောင်ရွက်ခဲ့သည့် LIFTရန်ပုံငွေစီမံချက် ၁၀ခု၏အခြေအနေ

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| ADRA  (Adventist Development and Relief Agency)<br>၁၁-၄-၂၀၁၄မှ ၁၀-၄-၂၀၁၅ထိ<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ၁၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ။ | ***အသက်မွေးဝမ်းကျောင်းမှုကို ထောက်ပံ့မည့်အသက်မွေးပညာသင်တန်း(VTSL)***<br>1. ဘားအံနည်းပညာအထက်တန်းကျောင်း (THS)မှ ဆရာမ၆ဦးနှင့် ADRAမှ ဝန်ထမ်း၃ဦးသည် ထိုင်းနိုင်ငံ အသက်မွေးဝမ်းကျောင်းပညာရေးကော်မရှင်ရုံး တွင် အချိန်တိုမွမ်းမံသင်တန်းကို တက်ခဲ့ကြသည်။ ဘားအံနည်း ပညာတက္ကသိုလ်မှ ကျောင်းအုပ်နှင့်ဆရာ၂ဦးသည် ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြသည်။<br>2. ဘားအံTHSမှ စာသင်ခန်း၃ခန်းကို လေ့လာရေးသင်တန်းများအတွက် ပြင်ဆင်မွမ်းမံခဲ့သည်။<br>3. သင်တန်းများကို ၂၀၁၄ခုနှစ်ဇူလိုင်လမှစတင်ခဲ့ပြီး ဒီဇင်ဘာလတွင် သင်တန်းသား ၁၁၃ဦးကို သင်တန်းပေးခဲ့ပြီး ဖြစ်သည်။ ယင်းတို့၏၇၀%မှာ အလုပ်အကိုင်ရရှိနေပြီ သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်းစလုပ်နေကြပြီဖြစ်၍ လစဉ်ဝင်ငွေမှာ ကန်ဒေါ်လာ၂၅မှ ၂၀၀ထိ အသီးသီးရရှိနေကြသည်။ (စာမျက်နှာ၅၆ကိုကြည့်ပါ)။ |
| CARE International in Myanmar (Cooperative for Assistance and Relief Everywhere)<br>၁၀-၇-၂၀၁၂မှ ၃၁-၁၂-၂၀၁၅ထိ၊<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၇၆၈,၁၉၉<br>စီမံချက်ကို ၁-၇-၂၀၁၄မှ ၃၁-၁၂-၂၀၁၄ထိ စရိတ်မဲ့တိုးချဲ့ခဲ့ပြီး၊ စရိတ်ဖြင့် ၃၁-၁၂-၂၀၁၅ထိ တိုးချဲ့ခဲ့သည်။<br><br>ဆောင်ရွက်ဆဲ။ | ***ကိုးကန့်ဒေသရှိ ယခင်ဘိန်းစိုက်တောင်သူများအတွက် လက်ဖက်ခြောက်***<br>1. ဤစီမံချက်၏ လက်ဖက်ခြောက်ထုတ်လုပ်သောအုပ်စုများမှာ ၂၀၁၄ခုနှစ်အတွင်းတွင် အသင်းဝင် ၁၅၀%ကျော် တိုးတက်လာခဲ့သည်။<br>2. လက်ဖက်ခြောက်ထုတ်လုပ်ရေးနည်းလမ်းများနှင့် မိတ်ဆက်ပေးခဲ့သောကြောင့် တောင်သူများမှာ ထွက်နှုန်း ရော ဈေးနှုန်းပါ ပိုမိုရရှိခဲ့ကြသည်။ ၂၀၁၃ခုနှစ်ဇန်နဝါရီလက ခန့်မှန်းခဲ့သော ပျမ်းမျှနှစ်စဉ်ဝင်ငွေမှာ ကန်ဒေါ်လာ ၂၃၀ရှိရာမှ ၂၀၁၄ခုနှစ်ဒီဇင်ဘာလတွင် ကန်ဒေါ်လာ၉၂၄သို့ တိုးတက်လာခဲ့သည်။<br>3. ဤစီမံချက်သည် ဈေးကွက်စနစ်တစ်ခုကို ထူထောင်ခဲ့သဖြင့် လက်ဖက်ခြောက်ထုတ်လုပ်သူများသည် မည် သည့်အချိန်၊ မည်သည့်နေရာတွင် လက်ဖက်ခြောက်မည်မျှကို ရောင်းချပါက အကျိုးအမြတ်ပိုရရှိမည်ကို သိလာကြသည်။<br>4. ဤစီမံချက်က ပုံစံရေးဆွဲကာ တည်ဆောက်ပေးခဲ့သော လက်ဖက်အခြောက်ခံ စက်ကြောင့် လက်ဖက်ခြောက်များကို ကောင်းမွန်စွာသိုလှောင်ခဲ့နိုင်သည်။<br>5. လက်ဖက်တောင်သူ၉၀၂ဦး(ကျား၄၈၃၊ မ၄၁၉)တို့ သင်တန်းတက်ခဲ့ကြသည်။. |
| ICRAF<br>(World Agroforestry Centre)<br><br>၂၂/၁၀/၂၀၁၄ မှ ၂၁/၁၀/၂၀၁၈<br><br>ဘတ်ဂျက်: ကန်ဒေါ်လာ ၅၉၉,၈၉၆<br><br>ဆောင်ရွက်ဆဲ | ***ရွှေပြောင်းတောင်ယာစနစ်ကိုအစားထိုးမည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်း***<br>1. ကနဦးအစပျိုးကာလတွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လောင်းမြို့နယ်၌ လေ့လာ စမ်းသပ်ကွင်းတစ်ခုကို သတ်မှတ်ခဲ့သည်။<br>2. အခြေခံစစ်တမ်းကို လေ့လာစမ်းသပ်ကွင်းနှင့် နီးသည့် ရွာနှစ်ရွာတွင် ကောက်ယူ ခဲ့သည်။ |



| IPı အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
| --- | --- |
| GRET (Groupe de Recherche et d`Echanges Technologies)<br>၄-၁၁-၂၀၁၀မှ ၃-၃-၂၀၁၄<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ၂,၇၇၆,၉၆၅၊<br><br>ဤစီမံချက်ကို ၃-၇-၂၀၁၅ထိတိုးချဲ့ခဲ့ပြီး ဘတ်ဂျက်ကိုလည်း ကန်ဒေါ်လာ ၃,၄၇၁,၂၀၅ထိ ထပ်မံချမှတ်ပေးခဲ့သည်။<br><br>ဆောင်ရွက်ဆဲ။ | ***ချင်းပြည်နယ်မြောက်ပိုင်းရှိမြို့နယ်တွင် ရေရှည်ခံသောအသက်မွေးမှုနှင့် သယံဇာတစီမံအုပ်ချုပ်မှု***<br>1. CORAD (ကျေးလက်နှင့်စိုက်ပျိုးရေးဖွံ့ဖြိုးမှုချင်းအဖွဲ့အစည်း)သည် ၂၀၁၄ခုနှစ်တွင် မှတ်ပုံတင်ခွင့်လျှောက်ထားရာ ချင်းပြည်နယ်အစိုးရထံမှ ယာယီမှတ်ပုံတင်စာရွက်စာတမ်းကို ရရှိထားသည်။<br>2. CORADသည် ကျေးရွာအခြေပြုအုပ်စု၁၀၅စု အဖွဲ့ဝင်၃၄၉၉ဦး(အမျိုးသမီး၁၂၇၇ဦး)ကို သင်တန်းအမျိုးမျိုးနှင့် နည်းပညာအထောက်အပံ့များပေးခဲ့သည်။ ယင်းအုပ်စုများသည် ရပ်ရွာလူ့ပ်ရှားမှုစီမံချက်များကို ရေးဆွဲခဲ့ပြီးဖြစ် သည်။ (စာမျက်နှာ ၅၆သို့ကြည့်ပါ)<br>3. ဤစီမံချက်က သင်ကြားပေးသော စိုက်ပျိုးနည်းပညာများကို လက်ခံသည့်နှုန်းမှာ ပျမ်းမျှ၄၆% ရှိသည်။ ဤကိန်းဂဏန်းသည် နယ်မြေနှင့်နည်းပညာများကိုလိုက်၍ ကွာခြားမှုရှိနေသည်ကို မဖော်ပြနိုင်ပါ။ စပါးအထွက် တိုးစိုက်ပျိုးခြင်းကို လှေကားထစ်လယ်ယာရှိသော ကျေးရွာများတွင် ကျင့်သုံးမှုများပြားသည်။ သဘာဝမြေသြဇာ ပြုလုပ်ခြင်းနှင့် သဘာဝအပင်များဖြင့် ပိုးသတ်ဆေးပြုလုပ်ခြင်းတို့ကို ဖလမ်းနှင့်တီးတိမ်မြို့နယ်များရှိ ဟင်းသီး ဟင်းရွက်စိုက်ပျိုးသော နယ်မြေများတွင် ကျယ်ပြန့်စွာအသုံးပြုကြသည်။<br>4. ချင်းအသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းအုပ်စုသည် ဒေသခံအဖွဲ့အစည်းအသစ် ၄ခု အပါအဝင် အဖွဲ့ဝင်၂၃ဦးထိရှိပြီဖြစ်သည်။ |
| GRET (Ex-UNDP under countrywide)<br>၁-၁-၂၀၁၄မှ ၃၀-၆-၂၀၁၄၊<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၅၃,၅၃၉<br><br>ပိတ်ပြီး။ | ***ချင်းပြည်နယ်ရှိကိုယ်ထူကိုယ်ထအုပ်စု (SRG)များသို့ လက်ကားအသေးစားငွေချေးခြင်း***<br>1. ဤစီမံချက်သည် ကိုယ်ထူကိုယ်ထအုပ်စု(SRG)၄၃အုပ်စုရှိ အိမ်ထောင်စု၇၁စုကို လက်ကားချေးငွေများ ထုတ်ပေးခဲ့သည်။<br>2. SRGအဖွဲ့ဝင်အများစုသည် ယင်းတို့၏ချေးငွေများ (ကျပ်၁၀၀,၀၀၀မှ ၃၀၀,၀၀၀ သို့မဟုတ် ကန်ဒေါ်လာ၉၅မှ ၂၈၅)ကို စိုက်ပျိုးရေးတိုးချဲ့ရာတွင် အသုံးပြုကြသည်။ ဥပမာ။ ပြောင်းဖူးနှင့်ဟင်းသီးဟင်းရွက်။ MADBမှ ထုတ်ပေးသော စပါးမဟုတ်သည့် သီးနှံများအတွက် ချေးငွေမှာနည်းပါးသည်။<br>3. ချင်းအသေးစားငွေကြေးအဖွဲ့သည် စီမံချက်ပိတ်သိမ်းသောအခါ ငွေကြေးလုပ်ငန်းကို လွှဲပြောင်းယူခဲ့ပြီး စီမံချက်၏ အဖွဲ့ဝင်များကို ဆက်လက်ငွေချေးပေးနေသည်။ ယင်းချေးငွေများတွင် အသေးစားစီးပွားရေးလုပ်ငန်းချေးငွေနှင့် စိုက်ပျိုးရေးလုပ်ငန်း ချေးငွေများ ပါဝင်သည်။ |



| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| CESVI (Cooperazione e SviluppoOnlus)<br>၁၄-၁၀-၂၀၁၀မှ ၃၁-၃-၂၀၁၄ထိ၊<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၁,၈၃၀,၉၄၈<br><br>ဤစီမံချက်ကို ၃၁-၆-၂၀၁၅ထိ တိုးချဲ့ခဲ့ပြီး ဘတ်ဂျက်ကိုလည်း ကန်ဒေါ်လာ ၂,၂၈၈,၂၄၂ထိ ချမှတ်ပေးခဲ့သည်။<br><br>ဆောင်ရွက်ဆဲ။ | ***ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲနှင့် နောင်ချိုမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းမှု လုံခြုံရေး***<br>1. တိုးချဲ့ကာလအတွင်းတွင် ဤစီမံချက်သည် စုစုပေါင်း VDC၁၀၁ဖွဲ့အနက်မှ ပိုမိုကောင်းမွန်သောအဖွဲ့၇၀ကို ဦးတည်ကာ ထောက်ပံ့ခဲ့သည်။ဤသို့ဆောင်ရွက်ရာတွင် စီမံချက်အဖွဲ့က အားလုံးပါဝင်သောအကဲဖြတ်အဖွဲ့ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဤကျေးရွာ၇၀လုံးသည် ကျေးရွာလုပ်ငန်းစီမံချက်(VAP)ကို ပြန်လည်ရေးဆွဲခဲ့ကြသည်။<br>2. ဤစီမံချက်သည် ကျေးရွာ၈၇ရွာတွင် မျိုးစေ့ဘဏ်များထူထောင်ပေးထားပြီး လယ်သမား၁၆၂ဦးကို အဆင့်မီ မြေပဲ၊ စပါး၊ ဂျုံ၊ ပဲပိစပ်၊ ပန်းနှမ်း၊ ပဲစဉ်းငုံမျိုးစေ့များကို ထောက်ပံ့နေသည်။ အချို့မျိုးစေ့ဘဏ်များသည် အပိုငွေ ကြေးများကို လည်ပတ်စီးဆင်းရန်ပုံငွေအဖြစ် အိမ်ထောင်၅၁၂စုသို့ ထုတ်ချေးခဲ့သည်။<br>3. အသက်မွေးမှုသင်တန်းဆင်းအားလုံး၏ ၆၀%ဖြစ်သော လူ၂၇၇ဦးသည် ယင်းတို့၏လုပ်ငန်းများကို အားဖြည့်နိုင်ခဲ့ပြီး ဝင်ငွေများတိုးလာခဲ့ကြသည်။<br>4. အိမ်ထောင်စု ၈၉၆စုသည် မွေးမြူရေးဘဏ်အကူအညီဖြင့် ဝက်များမွေးမြူနိုင်သည်။<br>5. ဤစီမံချက်သည် ကလေးသူငယ်များက အဟာရကြွယ်ဝသည့်ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို ကိုယ်တိုင် စိုက်ပျိုးစားသောက်နိုင်သည့် ကျောင်းဥယျာဉ်၃၁ခုကိုလည်း ထောက်ပံ့ခဲ့သည်။ |
| Mercy Corps, Swisscontact and East-West Seed International<br>၁၁-၆-၂၀၁၄မှ ၁၀-၆-၂၀၁၇၊<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၄,၀၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ။ | ***ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ချင်းပြည်နယ်တွင် လုပ်ကွက်ငယ်လယ်သမားများအတွက် ဟင်းသီး ဟင်းရွက်ဈေးကွက်ပြုလုပ်ပေးခြင်း***<br>1. ဤစီမံချက်ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ လယ်သမားများကို လုပ်ငန်းအုပ်စုများအဖြစ် ဖွဲ့စည်းပေးခဲ့ပြီး သင်တန်းများပေးကာ အရှေ့အနောက်မျိုးစေ့ကုမ္ပဏီက ဝန်ဆောင်မှုများပေးခဲ့ကြသည်။ ဤနှစ်ကုန်တွင် လယ်သမား ၄၃၁ဦးသည် အုပ်စု၃၉စုတွင် လုပ်ငန်းဆောင်ရွက်နေကြသည်။<br>2. East-West Seeds နှင့်အတူ ဤစီမံချက်သည် ဒတ်ချ်စီးပွားရေးမစ်ရှင်နှင့် လယ်/ဆည်ဝန်ကြီးဌာန တို့က ပူးပေါင်းကျင်းပသော ဟင်းသီးဟင်းရွက်ကဏ္ဍ စားပွဲဝိုင်း ဆွေးနွေးပွဲကို ထောက်ပံ့ခဲ့သည်။ ဤအခမ်းအနားတွင် အစိုးရ၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ ဖွံ့ဖြိုးရေးလုပ်ဖော်ကိုင်ဖက်များတွေ့ဆုံကြပြီး လုပ်ထုံးလုပ်နည်းနှင့် ဈေးကွက်ဆိုင်ရာတို့တွင် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ကြသည်။<br>3. အဆိုပြုထားသော ဟင်းသီးဟင်းရွက်ကဏ္ဍအရှိန်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့(VSAT) အတွက် စည်းကမ်းချက်များ ကို ဒတ်ချ်စီးပွားရေးမစ်ရှင်၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေးဆွဲခဲ့သည်။ ဤVSATသည် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ဖွံ့ဖြိုးရေးလုပ်ဖော်ကိုင်ဖက်တို့ထံမှ ကျွမ်းကျင်မှုနှင့် ခေါင်းဆောင်မှုကို ဆောင်ကြဉ်းပေးမည့် ပတ်သက်ဆက်နွယ်သူပေါင်းစုံပါဝင်သည့် စင်မြင့်တစ်ခု ဖြစ်လာမည်။ ယင်းသည် ဟင်းသီးဟင်းရွက်ဖွံ့ဖြိုးရေးအတွက် ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်းနှင့် တိုးတက်အောင်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဖြင့် ကျေးလက်စီးပွားရေးဝင်ငွေ၊ အလုပ်အကိုင်၊ လူထုတစ်ရပ်လုံး၏ အာဟာရနှင့်လူမှုရေးတို့ကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်နိုင်မည်ဖြစ်သည်။ |
| Metta Develpoment Foundation<br>၁-၁၂-၂၀၁၀မှ ၃၀-၃-၂၀၁၅၊<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၁,၅၈၂,၁၀၃<br><br>ဆောင်ရွက်ဆဲ။ | ***လုပ်ကွက်ငယ်လယ်သမားများ စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ပေးမည့် လယ်သမားသင်တန်းကျောင်း***<br>1. ရှမ်းပြည်တောင်ပိုင်းတွင် လူ ၂၄၈၁ (ကျား၁၅၆၇နှင့် မ၉၁၄)ဦးတို့သည် လယ်သမားသင်တန်းကျောင်းကို တက်ရောက်ခဲ့ကြသည်။ တောင်ယာစပါးအထွက်နှုန်းသိသိသာသာ တိုးတက်လာကြောင်း လယ်သမားများက တင်ပြခဲ့ကြပြီး တစ်နှစ်လျှင် ၉လမျှ ရိက္ခာဖူလုံမှု မရခဲ့သည့် လယ်သမားတစ်ဦးသည် တစ်ကြိမ်ရိတ်သိမ်းပြီးနောက် ၂နှစ်စာမျှရိက္ခာဖူလုံလာကြောင်း တွေ့ရှိခဲ့ရသည်။ ဒေသထွက်ပစ္စည်းများကို သုံးကာမျိုးစေ့ချကိရိယာများကိုပင် တီထွင်ဖန်တီးနိုင်ခဲ့ကြသည်။<br>2. စမ်းသပ်စိုက်ကွက် ၁၀၀ကို အသုံးပြု၍ သီးနှံမျိုးကွဲအမျိုးမျိုးနှင့် စိုက်ပျိုးနည်းအမျိုးမျိုးကို စမ်းသပ်ခဲ့ကြသည်။<br>3. ကချင်ပြည်နယ်တွင် ကျေးရွာ၂၀၃ ကျေးရွာကော်မတီများက စီမံခန့်ခွဲသော စပါးဘဏ်များကို ထူထောင်ပေး ခဲ့ရာ လယ်သမား၅၃၅ (ကျား၃၁၃၊ မ၂၂၂)ဦးတို့ အကျိုးခံစားခဲ့ရသည်။ ရွာသား၁၄၀ဦးကိုလည်း စီမံခန့်ခွဲမှု သင်တန်းပေးခဲ့သည်။<br>4. ပိုးမွှားနှိမ်နင်းရေးသင်ရိုးညွှန်းတမ်းတစ်ခုကို ပြုစုခဲ့ပြီး ၂ရက်အကြာ သင်တန်းတစ်ခုပေးခဲ့ပြီး လက်ကမ်းစာ စောင်၅၀၀ကို ဖြန့်ဖြူးပေးခဲ့သည်။ |

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| SWISSAID (Swiss Foundation for Development Cooperation)<br>၁-၃-၂၀၁၁မှ ၂၈-၂-၂၀၁၄၊<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၁,၀၇၃,၃၁၁<br><br>ဤစီမံချက်ကို ၃၁-၃-၂၀၁၅ထိ တိုးချဲ့ခဲ့ပြီး ဘတ်ဂျက်ကိုလည်း ကန်ဒေါ်လာ ၁၂၆၀၉၄၅ထိ ကန်ဒေါ်လာ ၁၈၇၆၃၃ကို ထပ်မံချမှတ်ပေးခဲ့သည်။<br><br>ဆောင်ရွက်ဆဲ။ | ***အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အားဖြည့်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်ကောင်းမွန်စေခြင်း***<br>1. ဤစီမံချက်သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံဖွံ့ဖြိုးရေးအဖွဲ့ (LDO)၆ဖွဲ့ကို ဖွဲ့စည်းမှုဆိုင် ရာနှင့် နည်းပညာဆိုင်ရာအထောက်အပံ့များ ပေးအပ်ခဲ့သည်။ တိုးချဲ့သည့်ကာလအတွင်းတွင် ဗန်းမော် နှင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ LDOများကို ထောက်ပံ့ရန် ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။<br>2. ရပ်ရွာ၏မျှော်မှန်းချက်ကိုရရှိရန်နှင့် ခိုင်မာသောစီမံခန့်ခွဲမှုကော်မတီများကို တည်ဆောက်သည့် နည်းလမ်းများ၊ အကြံအစည်များကို ဖလှယ်ရန် ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။<br>3. ကြေးတိုင်နှင့် မြေစာရင်းဦးစီဌာန(SLRD) နှင့် ပူးပေါင်းကာ ဤစီမံချက်သည် ရွာသား၄၅၂ဦးတို့၏ လယ်မြေ မှတ်ပုံတင်ရေးကို ဆောင်ရွက်ပေးခဲ့သည်။ ဤသင်တန်း၏ အားပေးမှုဖြင့် သင်တန်းသားများသည် ယင်းတို့စိုက်ပျိုးနေသော လယ်ယာများကို လုပ်ပိုင်ခွင့်လက်မှတ်များ လျှောက်ထားခဲ့ကြသည်။ ထို့နောက်တွင် ရွာသားအချို့တို့က စုပေါင်းကာ ထပ်မံတိုင်းတာပေးရန် SLRDသို့ တောင်းဆိုခဲ့ကြသည်။ အခြားကျေးရွာများကလည်း ယင်းတို့၏သစ်တောကို ရပ်ရွာသစ်တောမြေအဖြစ် မှတ်ပုံတင်ရန် စတင်ဆောင်ရွက်ခဲ့ကြသည်။<br>4. ဤစီမံချက်သည် နတလ၊ စိုက်ပျိုးရေးဌာန၊ ကျေးရွာ၁၈ရွာမှ ကချင်CSOများနှင့် ပူးပေါင်းကာ ဒေသမျိုး ပြပွဲပြိုင်ပွဲတစ်ခုကို ကျင်းပခဲ့သည်။ ဤပြပွဲသည် ဒေသမျိုးများကိုထိန်းသိမ်းရန် လှုံ့ဆော်နိုင်ခဲ့ပြီး သီးနှံစနစ် အမျိုးမျိုး၏ အရေးပါပုံကို ပိုမိုသိစေသည့်အပြင် အစဉ်အလာကစိုက်ခဲ့သောမျိုးစေ့များကို ဒေသအခြေအနေနှင့် ကိုက်ညီအောင် စိုက်ပျိုးရန်လည်း ပါဝင်သည်။<br>5. ကျေးရွာကော်မတီ၁၀ခုသည် ကျွဲနွားနှင့် စိုက်ပျိုးရေးသွင်းအားစုများ လွှဲပြောင်းပေးအပ်ရာမှ ရရှိသော ကျေးရွာ ရန်ပုံငွေများကို စုဆောင်းကာ စပါးသိုလှောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ခဲ့သည်။ ယခုအခါတွင် အိမ်ထောင်စု၃၄၃ကို ဝမ်းစာစပါးထုတ်ချေးပေးသော စပါးဘဏ်၁၇ခုရှိနေပြီ ဖြစ်သည်။<br>6. တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၁၅၁ဦးကိုလည်း အခြေခံနှင့်တိုးမြှင့် တိရစ္ဆာန်ဆေးဝါးကုသရေးသင်တန်းများ ပေးခဲ့ပြီးဖြစ်သည်။ သင်တန်းဆင်း၈၀%သည် လုပ်ငန်းဆောင်ရွက်နေကြပြီး ယင်းတို့၏ထက်ဝက်မှာ နှစ်စဉ် ပျမ်းမျှဝင်ငွေကျပ် ၁၃၀,၀၀၀(ကန်ဒေါ်လာ၁၂၃)ကို ရရှိနေကြသည်။ ကာကွယ်ဆေးများကို မြို့နယ်တိမွေးကု ဦးစီးဌာနက ထောက်ပံ့ပေးသည်။<br>7. ၂၀၁၄ခုနှစ်တွင် လူ၅၁ဦးသည် အသက်မွေးမှုပညာသင်တန်း တက်ခဲ့ကြသည်။ ဤစီမံချက်၏သင်တန်းသား စုစုပေါင်း၏ ၆၀%ဖြစ်သော လူ၁၆၃ဦးသည် စီးပွားရေး လုပ်ငန်းအသေးစားများကို ထူထောင်ခဲ့ကြပြီဖြစ်သည်။ |
| TAG International Development<br>၂၃.၁၀.၂၀၁၃ မှ ၂၂.၁၀.၂၀၁၅၊<br><br>ဘတ်ဂျက်၊ ကန်ဒေါ်လာ ၇၁၆,၃၄၁<br><br>စီမံချက်ကို ၃၁-၀၃-၂၀၀၆ အထိ သက်တမ်းတိုးပြီး<br><br>ဆောင်ရွက်ဆဲ | ***ပျားစီမံချက်။ ရှမ်းပြည်နယ်တွင် ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ခြင်းကို မိတ်ဆက် ပေးခြင်းနှင့် တိုးချဲ့ခြင်း***<br>1. ပျားမွေးမြူရေးအသိပညာပေးမှုများကို ခနစာပေနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးရေးအသင်းနှင့် ပါရမီဖွံ့ဖြိုးရေးကွန်ရက် တို့၏ အထောက်အကူဖြင့် ကျေးရွာ ၂၉ ရွာ (တက်ရောက်သူ ၉၅၈ ဦး) ဖြင့် ဆောင်ရွက်ခဲ့သည်။<br>2. လယ်/ဆည်ဝန်ကြီးဌာန၏အထောက်အကူဖြင့် ပြောင်းဖူးနှင့်နေကြာတို့ကို ဝတ်မှုန်ကူးရန် သရုပ်ပြခြံနှစ်ခုကို ထူထောင်ခဲ့သည်။<br>3. ရပ်ရွာအခြေပြုလုပ်ငန်း (CBE) ၁၉ခုသည် ပျားအုံ ၇၀၀အုံ၊ ပျားရည်ထုတ်စက်နှင့် အခြားကိရိယာများကိုရရှိခဲ့ ကြသည်။ CBEအဖွဲ့ဝင်များသည် ဆင့်ပွားသင်တန်း ပေးကြပြီး ပျားရည်ထုတ်လုပ်ပုံကိုလည်း လက်တွေ့သရုပ်ပြခဲ့ကြသည်။<br>4. CBE ၁၉ခုမှ ၁၄ခုသည် ၂၀၁၄ခုနှစ်အတွင်း ပျားရည်စုစုပေါင်း ၂၁၆၀.၈၁ ကီလိုဂရမ် (ပျား၁အုံတွင် ၃.၀၈ ကီလိုနှုန်း) ရရှိခဲ့သည်။<br>5. ၂၀၁၄ခုဒီဇင်ဘာလတွင် ပျားဘုရင်မကို မေထုန်မဲ့မျိုးစပ်ခြင်းနှင့် ရောဂါဆိုင်ရာ သင်တန်းကို ဖွင့်လှစ်ခဲ့သည်။ သင်တန်းသားများတွင် စီးပွားဖြစ်ပျားမွေးသူများ၊ ပျားမွေးမြူရေးဌာနမှဝန်ထမ်းများ၊ တက္ကသိုလ် ကျောင်းဆရာ များပါဝင်ကြသည်။ ဤစီမံချက်သည် GIZ* နှင့်ပူးပေါင်းကာ သရက်စိုက်ခင်း ၁၆၂၀ဟက်တာကို ဝတ်မှုန်ကူးရန် ဆောင်ရွက်နိုင်ခဲ့ သည်။ ထို့ပြင် အေးသာယာပိုင်စက်ရုံနှင့်ပူးပေါင်းကာ ပျားရည်ကို ပုလင်းသွတ်ရန်နှင့် ဈေးကွက်တင်ရန် ဆောင်ရွက်နိုင်ခဲ့သည်။<br><br>*Deutsche Gesellschaft für Internationale Zusammenarbeit |



ဒေါ်စန္ဒာဝင်း (ပုံတွင် သူမအမေနှင့်အတူ) သည် ADRA ၏ အသက်မွေးမှု သင်တန်းဆင်း ၅ဦးကို သူမ၏ စက်ချုပ်ဆိုင်အတွက် ခန့်အပ်ထားသည်။ "ဒါဟာနှစ်ဦး နှစ်ဖက်အကျိုးရှိပါတယ်" ဟု သူမ ကပြောသည်။

## ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ထွန်းမှုများမှ ကောက်နုတ်တင်ပြချက်

တောင်တန်းဒေသတွင် LIFT၏ လုပ်ငန်းနယ်မြေများမှာ အရှေ့ဘက်ရှိရှမ်းပြည်နယ် မှ အနောက်ဘက်ရှိ ချင်းပြည်နယ် အထိ များပြားကျယ်ပြန့်သည်။ စိုက်ပျိုးသည့်သီးနှံနှင့် မြေယာစနစ်မှာလည်း အလားတူပင် များပြားသည်။ ရှမ်းပြည်နယ်တောင်ပိုင်း ကဲ့သို့သော နယ်မြေအချို့တို့တွင်မှအပ အောင်မြင်သော အသက်မွေးဝမ်းကျောင်းဖြစ်ရန် မလွယ်ကူပါ။ မြောက်ပိုင်းချင်းပြည်နယ်မှာ ဝေးလံခြင်း၊ တောင်စောင်းများ မတ်စောက်ခြင်း၊ မြေမြင့်ခြင်း တို့ကြောင့် တမူထူးခြားသည်။ ရာသီဥတုအေးမြသဖြင့် တောင်ယာစပါး၊ ချင်း၊ ပြောင်းဖူး၊ အာလူး၊ နေကြာ၊ ဝါဂွမ်း၊ လက်ဖက်၊ ကော်ဖီ စသည့်သီးနှံများကို စိုက်ပျိုးရန်သင့်လျော်သော်လည်း တောင်စောင်းများ မတ်စောက်သဖြင့် ထွန်ယက်ရန်နှင့် ရေရရှိရန် ခက်ခဲသည်။ ရွှေ့ပြောင်း တောင်ယာစနစ်မှာလည်း အနှံ့အပြား ရှိနေဆဲဖြစ်သည်။

လှေကားထစ်လယ်ယာဖော်ထုတ်ရေးနှင့် ရေရရှိရေးတို့မှာ ချင်းပြည်နယ်အစိုးရ နှင့် ဒေသခံလယ်သမားတို့က တင်ပြသော အဓိကဦးစားပေးလုပ်ငန်း ၂ရပ် ဖြစ်သည်။ CORAD နှင့် GRET တို့က လှေကားထစ်လယ်ယာဖော်ထုတ်ခြင်းနှင့် ရိုးရှင်းသော ရေရရှိရေး နည်းနာများကို တိုးချဲ့ရန် အားထုတ်ခြင်းကို ကျေးဇူးတင်စွာဖြင့် လက်ခံကြသည်။ ထိုသို့ဆောင်ရွက်ခြင်းမှာ ငွေအကုန်အကျ မသက်သာပေ။ သို့သော်လည်း လှေကားထစ်လယ်ယာများကြောင့် အထွက်တိုးခြင်း၊ သီးနှံမျိုးစုံ စိုက်ပျိုးနိုင်ခြင်း၊ သီးထပ်စိုက်ပျိုးနိုင်ခြင်းကြောင့် ကုန်ထုတ်တိုးကာ ဝင်ငွေတိုးလာ မည်ကိုလည်း စဉ်းစားဆင်ခြင်ရပါမည်။

တောင်တန်းဒေသတွင် အသေးစားငွေကြေးလုပ်ငန်းများကို LIFTက ထောက်ပံ့နေရာတွင် ချင်းပြည်နယ်တွင်လည်း ချင်း အသေးစားငွေကြေးအဖွဲ့မှ တစ်ဆင့် ဆောင်ရွက်နေသည်။ ထိုငွေကြေးလုပ်ငန်းများကို ထပ်မံတိုးချဲ့ရမည့်အပြင် လှေကား ထစ်လယ်ယာ၊ ရေသွင်းစနစ်၊ ဒေသနှင့် သင့်လျော်သော အခြားသီးနှံပုံစံများစသည် တို့ကို အထောက်အကူပြုမည့် ငွေကြေးချေးငှားမှုမျိုး ဖြစ်စေရန်လည်း လိုအပ်သည်။

တောင်တန်းဒေသ၏ ထူးခြားမှုတစ်ခုမှာ အလုပ်အကိုင်ရှာဖွေရန် ရာသီအလိုက်နှင့်ကာလကြာရှည် ရွှေ့ပြောင်းခြင်းပင်ဖြစ်သည်။ LIFTသည်ယခင်အခါက ကျွမ်းကျင်သင်တန်းများကို အနည်းငယ်သာဆောင်ရွက်ခဲ့သည်။ သို့သော် ၂၀၁၄ခုနှစ်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ရှေ့ပြေးနည်းပညာနှင့် အသက်မွေးမှု သင်တန်း(TVET)ကို ADRAနှင့်အတူ ထောက်ပံ့ခဲ့သည်။ ဤသင်တန်းများမှာ လူကြိုက်များလှပြီး သင်တန်းဆင်းများသည်လည်း ပိုမိုအလုပ်ရလွယ်သော ကျွမ်းကျင်မှုများကို တတ်မြောက်ခဲ့ကြသည်။ ဤစီမံချက်မှရ ရှိသောအတွေ့အကြုံများ အရကျွမ်းကျင်မှု သင်တန်းများကို မည်သည့် အထောက်အပံ့များပေးရမည်ဟု LIFT၏ မဟာဗျူဟာအသစ်တွင် ထည့်သွင်းနိုင်မည်ဖြစ်သည်။

### လှေကားထစ်လယ်ယာနှင့် ရေပေးရေးစနစ်ကောင်းမွန်စေရေး ဆောင်ရွက်ခြင်းသည် ချင်းပြည်နယ်ရှိ ဆင်းရဲနွမ်းပါးသော လယ်သမားများ ကို ဝင်ငွေတိုးစေသည်

ကုန်းမြင့်ဒေသတို့တွင် လှေကားထစ်လယ်ယာများကိုဖော်ထုတ်ခြင်းသည် ငွေကုန်ကြေးကျအလွန်များသကဲ့သို့ လူ့လုပ်အားလည်း များစွာအသုံးပြုရသည်။ လှေကားထစ် လယ်ယာသည် ရွှေ့ပြောင်းတောင်ယာထက် အထွက်တိုးကာ မိသားစုဝင်ငွေ သိသာစွာတိုးတက်လာမည်ကို တောင်ပေါ်ဒေသရှိ လယ်သမားတို့က သိကြသော်လည်း ယင်းတို့တွင် မတည်အရင်းအနှီး သို့မဟုတ် လှေကားထစ်များကို ဖော်ထုတ်ရန်မိသားစု လုပ်အား မရှိကြချေ။ ရေရရှိရေးမှာလည်း လှေကားထစ်လယ်ယာ အထွက်တိုးရေးတွင် အရေးပါသည်။ အထူးသဖြင့် တစ်နှစ်တွင် တစ်သီးထက်ပို၍ စိုက်ပျိုးလိုလျှင်ဖြစ်သည်။ ရေအရင်းအမြစ်တို့မှာ စိုက်ခင်းတို့နှင့် ဝေးကွာတတ်သည်။ ထို့ကြောင့်လှေကားထစ်များထံသို့ ရေရောက်ရှိရန်အတွက် စုပေါင်းလုပ်အားနှင့် အရင်းအနှီးကိုလိုအပ်သည်။ ချင်းပြည်နယ်တွင်GRETနှင့် ဒေသခံလုပ်ဖော်ကိုင်ဖက် CORADတို့ သည် လှေကားထစ်လယ်ယာလုပ်ငန်းကို ရိုးရှင်းသော အလိုအလျောက် ရေသွယ်စနစ်များဖြင့် တည်ဆောက်တိုးချဲ့ခဲ့ကြသည်။ဤလုပ်ငန်းကို ရပ်ရွာလှုပ်ရှားမှုစီမံချက် (CAP) များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းစီမံချက်အရ ရွာသားတို့ စုပေါင်းကာ စိုက်ပျိုးရေးအဆောက်အအုံများကို စီမံချက်ရေးဆွဲကြ တည်ဆောက်ကြသည်။ ဤစီမံချက်က ကျေးရွာအခြေပြု လယ်သမားအုပ်စု ၁၀၅ခုကို အရင်းအနှီးနှင့် သင်တန်းများ ပေးခဲ့သည်။

၂၀၁၄ခုနှစ်တွင် CAPများသည် လယ်သမားအိမ်ထောင်စု ၁၀၃၈စုကို အောက်ပါအတိုင်း ကူညီခဲ့ရာသည်။

| | ကျေးရွာပေါင်း | ဧရိယာ | အိမ်ထောင် စုပေါင်း |
|---|---|---|---|
| လှေကားထစ် စိုက်ခင်း | ၉ | ၅၂ ဟတ်တာ | ၁၈၉ |
| ရေသွယ်ခြင်း | ၂၇ | ၁၈၆ ဟတ်တာ | ၈၄၉ |

ဤစီမံချက်ကထောက်ပံ့သော ပီဗီစီပိုက်များ၊ရေဖျန်းကိရိယာများကြောင့် လယ်သမားတို့၏ လုပ်အားသက်သာခဲ့ရသည်။ ရေကြောင့် ပဋိပက္ခမဖြစ်ပေါ်စေရန် လယ်သမားတို့ကို စိုက်ပျိုးရေစီမံခန့်ခွဲမှု သင်တန်းများပေးခဲ့သည်။

လှေကားထစ် လယ်ယာဖော်ရန် ပျမ်းမျှကုန်ကျစရိတ်မှာ တစ်ဟက်တာလျှင် ကန်ဒေါ်လာ၇၄၁ခန့်ဖြစ်ပြီး၊ ရေသွင်းရန်အတွက်ပျမ်းမျှကုန်ကျစရိတ်မှာ တစ်ဟက်တာလျှင် ကန်ဒေါ်လာ ၉၉၀ခန့်ဖြစ်သည်။ တည်နေရာ၊ တောင်များ၏ မတ်စောက်မှု၊ ဒေသအလိုက် လုပ်အားခ စသည်တို့ကိုလိုက်၍ ကုန်ကျစရိတ်မှာ သိသာစွာ ကွာခြားသည်။ လယ်သမားအများစုသည် ကိုယ်ပိုင် အရင်းအနှီးများကိုပါ ထည့်ဝင်၍ လုပ်ငန်းကို ပြီးအောင်လုပ်ကြသည်။ လှေကားထစ်များ ကို တိုးချဲ့ကြသည်။ မိမိတို့၏ လယ်ကွက်များသို့ ရေပေးရေး ကွန်ရက်များကို တည်ဆောက်ကြသည်။

လှေကားထစ်လယ်ယာတွင် ရင်းနှီးမြှုပ်နှံလာသောကြောင့် ချင်းစီမံ ချက်ရွာများတွင် ရွှေ့ပြောင်းတောင်ယာများလျော့နည်းလာသည်။ ရေပေးသွင်းနိုင်သောလှေကားထစ် လယ်ယာများသည် တောင်ယာများလောက် လုပ်အားခမကုန်ဘဲမိသားစုအလိုက်ထုတ်လုပ်မှုနှင့် ရိက္ခာဖူလုံမှုတိုးတက်လာသည်။ မြေနိမ့်အရပ်များတွင် စပါးအထွက်မှာ တစ်ဟက်တာလျှင် ၃တန်ခန့် ရှိပြီး ယင်းကို ဝမ်းစာအဖြစ်သာ အသုံးပြုကြသည်။ ယင်းသည် အသားတင်ဝင်ငွေ (သို့မဟုတ် ဆန်ဝယ်မစားရသောကြောင့် ရရှိသောငွေပို) တစ်နှစ်လျှင်တစ်ဟက်တာလျှင်ကန်ဒေါ်လာ၃၇၅ခန့် ရရှိခြင်းပင်ဖြစ်သည်။ ဝင်ငွေကောင်းသော ကြက်သွန်ဖြူ၊ ပန်းဂေါ်ဖီ၊ နနွင်းနှင့် အခြား ဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုးရန်မှာ အရင်းအနှီး ပိုလိုအပ်သည်။ သို့သော် ရေသွင်းထားသော လှေကားထစ်လယ်ယာမှ တစ်နှစ်လျှင် တစ်ဟက်တာလျှင် ကန်ဒေါ်လာ ၇၅၀ မှ ၂၅၀၀ခန့် အထိ အမြတ်ငွေရရှိကြသည်။

လှေကားထစ်လယ်ယာဖော်ထုတ်နိုင် ရေသွင်းနိုင်ခဲ့သော်လည်း အသုံးပြုပုံမှာကွာခြားနေကြောင်း စီမံချက်ကဖော်ပြခဲ့သည်။ အချို့ရွာများသည် သီးထပ်စိုက်ပျိုးနိုင်စွမ်းကိုအရယူခဲ့ကြသော်လည်း အချို့တို့မှာ အစဉ်အလာအတိုင်း စပါးတစ်သီးကိုသာ စိုက်ပျိုးနေဆဲဖြစ်သည်။ ရေနှင့်ငွေကြေး မရရှိနိုင်ခြင်းကြောင့်သာမက စိုက်ပျိုးရေးဆိုင်ရာ အသိအမြင်ကွာခြားခြင်းကြောင့်လည်း ဖြစ်သည်။

### ရက်တိုTVETသင်တန်းများသည် ပညာကောင်းစွာမပြည့်ဝသော အလုပ်လက်မဲ့ လူငယ်လူရွယ်တို့ကို ကျွမ်းကျင်မှု တည်ဆောက်ပေးကာ ကူညီသည်။

မြန်မာထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းတို့တွင် အောင်မြင်ခဲ့သော ADRA၏ စီမံချက်များကို အခြေခံသည့်ADRA၏ ဘားအံစီမံချက်ကို မြန်မာနှင့်ထိုင်းအစိုးရတို့က ထောက်ပံ့ခဲ့သောကြောင့် ဤရက်တို TVET သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့သည်။ ဤသင်ရိုးညွှန်းတမ်းကို ထိုင်းနိုင်ငံအသက်မွေးပညာကော်မရှင်ရုံး(OVEC)က ပြုစုထားခြင်းဖြစ်ပြီး ADRAက ကူးယူခဲ့ခြင်းဖြစ်သည်။ ဤစီမံချက်သည် ကရင်ပြည်နယ်ရှိ လူငယ်လူရွယ်တို့ကို ပေါ်ထွန်းနေသော ဈေးကွက်လိုအင်နှင့် အညီ အသက်မွေးမှုဆိုင်ရာကျွမ်းကျင်မှုများကို လေ့ကျင့်ပေးခြင်းဖြင့် ယင်းတို့၏ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းတို့ကို တိုးတက်စေရန် ရည်ရွယ်သည်။[52] သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ စက်မှုသက်မွေးပညာဦးစီးဌာနနှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဘားအံနည်းပညာအထက်တန်းကျောင်း(THS)ရှိ ကျောင်းဆောင်များကိုအဆင့်မြှင့်ကာ TVETရက်တိုသင်တန်း၃မျိုး ကို ဖွင့်လှစ်ပေးနေသည်။

ဘားအံ THSမှ ဆရာများကို ထိုင်းနိုင်ငံရှိ OVEC ၏ TVET ကောလိပ်များတွင် နည်းပြသင်တန်းများ တက်စေခဲ့သည်။ အလုပ်ခွင် အကြိုသင်တန်း၊ အသေးစား စီးပွားရေးကျွမ်းကျင်မှုများ၊ အခြား ကျွမ်းကျင်မှုများအပါအဝင် အချိန်တိုသင်တန်းပို့ချရာတွင် လိုအပ်မည့် ကျွမ်းကျင်မှုနှင့်နည်းပညာကို လေ့ကျင့်ပေးခဲ့သည်။ နာရီ၁၅၀ကြာသော သင်တန်းတွင် လက်တွေ့လေ့ကျင့်ခန်းများလည်း ပါဝင်သည်။ သင်တန်း

52 ဤစီမံချက်ကို LIFTနှင့် ဆွစ်ဇာလန်မှ ADRAတို့ပူးပေါင်းထောက်ပံ့သည်။

အဆုံးတွင် သက်ဆိုင်ရာလုပ်ငန်းအလိုက် အလုပ်သင်အဖြစ် ၂ပတ်ကြာ ဆောင်ရွက်ရသည်။ ဆရာများကလည်း သင်တန်းသားများ၏ အလုပ်အကိုင်အလားအလာကို အကဲဖြတ်ပေးရသည်။ ၂၀၁၃ခုနှစ်ဒီဇင်ဘာလတွင် သင်တန်းသား ၁၁၃ဦးကိုလေ့ကျင့်ပေးပြီးဖြစ်သည်။[53] သင်တန်းဆင်း များသည် အလုပ်အလွယ်တကူရရှိကြပြီး လစဉ်ဝင်ငွေမှာ ကန်ဒေါ်လာ၂၅ မှ ၂၀၀ ထိရှိသည်။

သင်တန်းသားများသည် ကရင်ပြည်နယ်အတွင်းရှိ ပဋိပက္ခဖြစ်ပွားခဲ့သောနေရာများ၊ ဆင်းရဲနွမ်းပါးသောမိသားစုများ အပါအဝင် ဘဝအမျိုးမျိုးမှလာကြသူများဖြစ်ကြသည်။ သင်တန်းသားများကိုသင်တန်းကာလနှင့် အလုပ်သင်ကာလ အတွက် နေထိုင်စရိတ် ထောက်ပံ့ကြေးများ ပေးခဲ့သည်။ ယင်းငွေကို သင်တန်းဆင်းချိန်တွင် တစ်လုံးတခဲတည်း ပေးအပ်ခဲ့ရာ အချို့သင်တန်းသားတို့က ယင်းတို့၏ ကိုယ်ပိုင်လုပ်ငန်း ထူထောင်ရာတွင် အသုံးပြုကြသည်။ ဤနည်းသည် ဆင်းရဲသော အိမ်ထောင်စုများမှ သင်တန်းတက်ရန် အလားအလာရှိသူများကို ဖယ်ရှားရာရောက်ကြောင်း တွေ့ရှိရသည်။ အကြောင်းမှာ ယင်းတို့သည် သင်တန်းတက်စဉ်နေရေးထိုင်ရေး အတွက် စရိတ်မတတ် နိုင်သောကြောင့်ဖြစ်သည်။

### ဆက်လုပ်မည့်ခြေလှမ်းများ။ တောင်တန်းဒေသ အစီအစဉ်ဆိုင်ရာ အစီအစဉ်ဖြစ်ထွန်းမှု

မြန်မာနိုင်ငံတောင်တန်းဒေသအတွက် စီမံကိန်းသစ်တစ်ခုကို LIFTကပြင်ဆင်နေသည်။ ဤအစီအစဉ်တွင် အရှေ့တောင်ပိုင်း နယ်မြေများ (ကယား၊ ကရင်၊ မွန်ပြည်နယ်များ၊တနင်္သာရီတိုင်းဒေသကြီး)တို့ကို ထည့်သွင်းမည်ဖြစ်ရာ ယခင်အစီအစဉ်ထက် ပိုမိုကျယ်ဝန်းလာမည်ဖြစ်သည်။ သို့သော် ရခိုင်ပြည်နယ်ကို ထည့်သွင်းခြင်းမပြုပါ။ ယင်းအတွက် သီးခြားအစီအစဉ်ဖြင့် စဉ်းစား မည်ဖြစ်သည်။

အဆိုပြုလာသော စီမံကိန်းပုံစံများအတွက် စူးစမ်းလေ့လာရေး မစ်ရှင်တစ်ခုကို ၂၀၁၄ခုနှစ်စက်တင်ဘာလမှ ဒီဇင်ဘာလအထိ စေလွှတ်ခဲ့သည်။ ယင်းအဖွဲ့သည် ရှမ်းနှင့်ကရင်ပြည်နယ်တို့သို့ သွားရောက်ကာ အစိုးရအရာရှိများ၊ အစိုးရမဟုတ်သော အုပ်စုများ၊ ဒေသခံCSOများ၊ လုပ်ငန်းဆောင်ရွက်နေသော လုပ်ဖော်ကိုင်ဖက်တို့ကို တွေ့ဆုံခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတစ်ခုဖြင့် အစီအစဉ်၏ ဦးစားပေးများကို ဆွေးနွေးခဲ့သည်။ LIFTသည် ယခုအခါတွင် စူးစမ်းရေးအဖွဲ့အစီရင်ခံစာ၊ ယင်းနှင့် ယခင် LIFT စီမံချက်တို့ထံမှ သိရှိချက်များကို အခြေခံကာ တောင်တန်းဒေသ စီမံကိန်းမူဘောင်ကို ပြင်ဆင်နေသည်။

မြန်မာ့တောင်တန်းဒေသသည် မြန်မာနိုင်ငံပိုင်နက်နယ်မြေ၏ ၅၅%ကို လွှမ်းခြုံထားကာ လူဦးရေ၏၂၃%နေထိုင်ကြသည်။ တောင်တန်းဒေသ၏ ကျယ်ပြန့်စုံလင်မှုကြောင့် အစီအစဉ်တစ်ခုတည်းဖြင့် မလွှမ်းခြုံနိုင်သဖြင့် အဆိုပြုထားသော စီမံကိန်းတွင် ရပ်ရွာလူထု သုံးမျိုးခွဲခြားကာ ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။ ယင်းတို့သည် စီးပွားရေး လက်လှမ်းမီမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အရ ကွာခြားမည်ဖြစ်သည်_

- နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူများ
- ရိက္ခာဖူလုံမှုနိမ့်ပါးပြီး ဝန်ဆောင်မှုများနှင့် လက်လှမ်းမမီသည့် ဝေးလံခေါင်ဖျားသော တောင်တန်းဒေသနေလူထု
- တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးမှုတွင် ပါဝင်နိုင်စွမ်းရှိသည့်ကုန်ထုတ်စွမ်းအားရှိသောလူထု

Cesvi၊ SwissAID၊ မေတ္တာဖောင်ဒေးရှင်းတို့က အကောင်အထည်ဖော်နေသော LIFT၏ လက်ရှိစီမံချက်၃ခုတွင် လောလောဆယ်၌ လက်နက်ကိုင်ပဋိပက္ခနှင့် ရင်ဆိုင်နေရသော ကချင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှ မြို့နယ်များ ပါဝင်နေသည်။ မူလက LIFTသည် ပဋိပက္ခဒဏ်ခံနေရာများသို့ ရည်မှန်းချက်ထားရန် မရည်ရွယ်ခဲ့ပါ။ တောင်တန်းဒေသတွင် အမျိုးသားငြိမ်းချမ်းရေး အားထုတ်မှုကို အဆင့်ဆင့် ဆောင်ရွက်နေသောကြောင့် ထိုနေရာတွင် လုပ်ငန်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာပြီဖြစ်သည်။ ဤအခွင့်အလမ်းများကိုဖြစ်နိုင်သည့်နေရာများတွင်ဖော်ထုတ်ရန် LIFTက စိတ်နှစ်ထားပါသည်။ အထူးသဖြင့် ရွှေ့ပြောင်းခဲ့ရသူများကို လက်ရှိ လူသားချင်း စာနာမှုအကူအညီပေးနေခြင်းမှ ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းတို့ကို မည်သို့မည်ပုံပေးနိုင်မည်ကို LIFTက ရှာဖွေပါမည်။ တောင်တန်းဒေသတွင် လူမျိုးနွယ်စု အမျိုးမျိုးရှိသည့်ပြင် သီးခြားနယ်မြေများကို တောင်းဆိုနေသည့် နိုင်ငံရေးနှင့် လက်နက်အုပ်စုများလည်း ရှိနေကြသည်။ LIFTသည် မနစ်နာစေရေးဆိုင်ရာ နိုင်ငံတကာအလေ့အကျင့်ကောင်းများကိုကိုင်စွဲလျက် ပဋိပက္ခကို အလေးထားတုံ့ပြန်သော မူဝါဒများကိုလည်း ဤရှုပ်ထွေးသော ပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရာ၌လမ်းညွှန်မှုပေးရန် ရေးဆွဲထားပါသည်။

တောင်တန်းဒေသစီမံကိန်းကို ၂၀၁၅ခုနှစ် ပထမနှစ်ဝက်အထိ ဆက်လက်ရေးဆွဲသွားမည်ဖြစ်၍ အဆိုပြုလွှာများကို နှစ်လယ်ခန့်တွင် စတင်ခေါ်ယူရန် မျှော်လင့်ပါသည်။

53 စက်ချုပ်၄၄၊ ကွန်ပျူတာ၄၀၊ အသေးစားစက်ကိရိယာ၂၉

*ဇယား ၃.၅ ၂၀၁၄ခုနှစ် ဇူလိုင်မှ စက်တင်ဘာထိ ADRA ၏ TVET ပထမသင်တန်းမှရလဒ်များ*

| သင်တန်းများ | အလုပ်သင် | အကျိုး |
|---|---|---|
| လယ်ယာသုံးစက်ကိရိယာ | ဝပ်ရှော့များ | သင်တန်းဆင်း၅၀%သည် ကိုယ်ပိုင်လုပ်ငန်းများထူထောင်ကြသည် သို့မဟုတ် သက်ဆိုင်ရာလုပ်ငန်းများတွင် အလုပ်လုပ်နေကြသည်။ ၉%မှာ အလုပ်သင်နေဆဲဖြစ်သည်။ ၁၈%မှာ စာပေဆက်လက်သင်ယူနေကြသည်။ ၁၁%မှာ မသက်ဆိုင်သောလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည်။ ၁၂%မှာ မူလအလုပ်များကိုဆက်လုပ်နေကြသည်။ |
| ကွန်ပျူတာသုံးစွဲနည်း | စာစီစာရိုက်လုပ်ငန်း၊ ဟိုတယ်များ | |
| အပ်ချုပ်ခြင်း | အပ်ချုပ်ဆိုင်များ | |

# တောင့်ထား

## ထိခိုက်အလွယ်ဆုံးသူကို စိုက်ပျိုးရေးအကူအညီဖြင့် ထောက်ကူခြင်း



"စီမံချက်ကကူညီလို့ ခုတော့ မြေဝယ်ဖို့ ငွေစုနေတယ်"

*LIFTသည် စီးပွားဖြစ်နိုင်စွမ်းများကို မပိုင်ဆိုင်သည့် သို့မဟုတ် ထွက်ခွာနိုင်စွမ်းမရှိသည့် အိမ်ထောင်စုများကို တောင့်ထားနိုင်ရန် ကူညီပါမည်။ မြန်မာ့စီးပွားရေးအသွင်ကူးပြောင်းဆဲကာလတွင် စိုက်ပျိုးရေးကို သက်စောင့်ပိုက်ကွန်အဖြစ် အသုံးပြုကာ ရိက္ခာဖူလုံစေမည်၊ အာဟာရပြည့်ဝစေမည် ဖြစ်သည်။*

ရခိုင်ပြည်နယ်တောင်ပိုင်းရှိ MERN၏ ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသ အသက်မွေးဝမ်းကျောင်းမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပိုင်ဆိုင်မှုများ ပြန်လည်အသက်သွင်းခြင်း စီမံချက်တွင် မပါဝင်မီကဆိုလျှင် မခင်ယမုံကျော်နှင့် သူ့ခင်ပွန်းတို့သည် ရွာတွင် အဆင်းရဲဆုံး ဖြစ်ကြသည်။ မြေယာမဲ့ လယ်လုပ်သားများဖြစ်ကြပြီး နေ့တိုင်းအလုပ်မရှိကြဘဲ ရှိသောနေ့တွင်လည်း ကျပ်၁၀၀၀ခန့်သာ ဝင်ငွေရှိကြသည်။

စပါးစိုက်ရန်အတွက် လိုအပ်သောရေနှင့် သွင်းအားစုတို့ကြောင့် ကျေးရွာ၏အရင်းအမြစ်တို့ ကုန်ခမ်းလှသဖြင့် စပါးအစားထိုးစိုက်ပျိုးရေးကို လှုံ့ဆော်ရန် အတွက် ကျေးရွာတွင် သရုပ်ပြသီးနှံခင်းတစ်ခုကို ဤစီမံချက်က ထူထောင်ပေးလာသောအခါတွင် သူတို့ဘဝ ပြောင်းလဲသွားသည်။ သရုပ်ပြခရမ်းချဉ်ခင်းကို တာဝန်ယူရန် ရွာသားများက မခင်ယမုံကျော်ကိုရွေးချယ်သဖြင့် စနစ်တကျစိုက်ပျိုးနည်းနှင့် မြေသြဇာ မှန်ကန်စွာသုံးစွဲနည်း သင်တန်းများကို တက်ခဲ့ရသည်။ တတ်မြောက်လာသောကျွမ်းကျင်မှုတို့ကို အသုံးချပြီး အလုပ်ကြိုးစားမှုကြောင့် သူ့စိုက်ခင်းမှာ အောင်မြင်လှသဖြင့် ရွာကပင် နမူနာယူစရာ ဖြစ်လာသည်။ သူ့တွင် ပုံမှန်ဝင်ငွေရှိလာကြောင်းမြင်ရသဖြင့် အခြားသူများလည်း အားကျကာ ပါဝင်လုပ်ဆောင်လာကြသည်။

စိုက်ခင်းမှရသောငွေဖြင့် သူသည် ကွမ်းခြံ တစ်ခုကို ထူထောင်ကာ နွားတစ်ကောင်နှင့် ဝက်တစ်ကောင်ကို ဝယ်ခဲ့သည်။ ဝက်ကို အသားတိုးအောင်မွေးပြီး ပြန်ရောင်းသော အခါ ကျပ် ၂၅၀,၀၀၀(ကန်ဒေါ်လာ၂၅၀ခန့်) ရရှိသဖြင့် ဝက်ပေါက်၂ကောင်ကို ထပ်ဝယ်ခဲ့သည်။

"မိုးရာသီမှာ လယ်တစ်ခင်းကို နွားငှားလိုက်တာ စပါးအိတ်၂၀ရတယ်"ဟု သူကပြောသည်။ "ကွမ်းခြံစိုက်တဲ့မြေက ကျွန်မမြေမဟုတ်ဘူး၊ ဒါပေမယ့် ရွာကော်မတီက အချိန်ပိုင်းနဲ့ပေးစိုက်ထားတာ၊ စီမံချက်က ကူညီလို့ ခုတော့မြေဝယ်ဖို့ငွေစုနေတယ်"

မခင်ယမုံကျော်အကြောင်းဗီဒီယိုကို www.youtube/liftfundmyanmarတွင်ကြည့်ရှုနိုင်သည်။

# ၃.၄။ ကမ်းရိုးတန်းဒေသ



**မြုံငုံဖော်ပြချက်။**
ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသတလျှောက်တွင်ဖွံ့ဖြိုးမှုနေးကွေးဆုံးသော ဒေသတစ်ခုဖြစ်သည်။ ဤနိုင်ငံတွင် မဖွံ့ဖြိုးဆုံးသော နယ်မြေများထဲမှ တစ်ခုဖြစ်သည်။ ယင်းသည် အဟာရမပြည့်ဝခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ပဋိပက္ခဖြစ်ပွားခြင်း၊ အခြေခံအဆောက်အအုံများ မပြည့်စုံခြင်းချို့တဲ့ခြင်း၊ ရာသီဥတု ဆိုးရွားပြင်းထန်ခြင်းတို့ကို ရင်ဆိုင်နေရသည်။ ဒေသအတွင်း နေထိုင်သူများအနေဖြင့် ရေလုပ်ငန်း၊ လုပ်ကွက်ငယ်လယ်ယာလုပ်ငန်းနှင့်ဒီရေတောအပါအဝင်သစ်တောများမှ အရင်းအမြစ်များကိုသာ ယင်းတို့၏ အခြေခံလိုအပ်ချက်များအတွက် မှီခိုနေရသည်။ အိမ်ထောင်စု ၆၂%ကျော်သည် စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ သစ်တောလုပ်ငန်းတို့တွင် ပုံမှန်အလုပ်သမားများအဖြစ် လုပ်ကိုင်နေကြသည်။ ဤနယ်မြေသည် မြေဆီလွှာညံ့ဖျင်းမှုနှင့် စိုက်ပျိုးရေးသွင်းအားစုချို့တဲ့မှုဒဏ်ကို ခံစားနေရသည်။ ထို့ပြင် ကမ်းခြေတစ်လျှောက်တွင် နွေရာသီ၌ ရေချိုပြတ်လပ်ခြင်း မြေအောက်ရေတွင်လည်း ဆားငန်ရေဝင်နေခြင်း၊ ရေလှောင် ကန်များလည်း မရှိခြင်းကြောင့် လယ်မြေများသည် အလဟဿဖြစ်နေသည်။

ရခိုင်ပြည်နယ်တွင်းမှ ရွှေ့ပြောင်းထွက်ခွာခြင်းသည် အရေးပါသော အသက်မွေးမှု မဟာဗျူဟာတစ်ခု ဖြစ်လာသည်။ မြန်မာနိုင်ငံ၏ အခြားဒေသများနှင့် မတူညီသည်မှာ ဤဒေသမှ ရာသီအလိုက်ရွှေ့ပြောင်းမှုမှာ အနည်းဆုံးဖြစ်ပြီး ရွှေ့ပြောင်းသူများမှာလည်း အမျိုးသားများသာ (ခန့်မှန်းခြေ ၈၈%)[54] အဓိကဖြစ်သည်။ ရခိုင်ပြည်နယ်မှ အမျိုးသမီးများ ရွှေ့ပြောင်းမှုမှာမူ လူတန်းစားအုပ်စု အားလုံးပါဝင်သည်။

54 QSEM4 (World Bank/LIFT, 2014).

ကမ်းရိုးတန်းဒေသရှိ LIFT၏
ဆောင်ရွက်ချက်များ ၂၀၁၄



**ရာသီဥတု။**
ပြင်းထန်သော မုတ်သုန်ရာသီဥတုဒဏ်ကို အထူးခံစားရသည်။ နှစ်စဉ်မိုးရေချိန်မှာ ၃၇၀၀မှ ၅၀၀၀ မမ အတွင်းတွင်ရှိသည်။ ကျန်ကာလများတွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထွက်နှုန်းလျော့နည်းခြင်း (သို့မဟုတ်) အထွက်နှုန်းကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

**အဓိကသီးနှံ။**
ဆန်စပါးဖြစ်ပြီး၊ စိုက်ပျိုးမြေ၏ ၈၅%မှာ စပါးစိုက်ပျိုးကြသည်။ သို့သော် အထွက်နှုန်းမှာ တစ်ပြည်လုံးတွင် အနိမ့်ဆုံးထဲ၌ ပါဝင်သည်။

**လက်ရှိအခြေအနေ။**
LIFTက လုပ်ငန်းဆောင်ရွက်နေသော အဓိကကျသော မြို့နယ်များသည် ၂၀၀၈ခုနှစ် အောက်တိုဘာလတွင် တိုက်ခတ်ခဲ့သော ဂီရီမုန်တိုင်းဒဏ်ကြောင့် လူ ၇၀၀၀၀ အိုးအိမ်မဲ့ခဲ့ရသည့်ဒဏ်မှ နလန်ထူဆဲ ဖြစ်သည်။ ၂၀၁၃နှင့်၂၀၁၄ခုနှစ်တွင် ဤနယ်မြေတို့သည်လူမျိုးရေး အကြမ်းဖက်မှုများ ကျယ်ပြန့်စွာဖြစ်ပွားမှုဒဏ်ကို ခံစားကြရပြန်သည်။ သို့သော် လွန်ခဲ့သောနှစ်နှစ်အတွင်းတွင် လယ်သမားတို့၏ အခြေအနေမှာစပါးမှအမြတ်အစွန်းရရှိသဖြင့် အသင့်အတင့် အခြေအနေကောင်းသည်ဟုဆိုနိုင်သည်။[55] ရေလုပ်ငန်းမှာမူ ကျဆင်းနေသည်။ လွန်ခဲ့သောနှစ်ရာသီချိန်တွင် လုပ်ငန်းလိုအပ်ချက်များသောကြောင့် လုပ်အားခများ စျေးတက်လာသည်။ အကြမ်းအားဖြင့် ရှေ့နှစ်ကထက် တစ်နေ့လုပ်အားခသည် ကျပ်၅၀၀ခန့် တက်လာသည်။ မည်သို့ဆိုစေ

## ဇယား၃.၆။ ၂၀၁၄ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သောစီမံချက်များ၏ အရေးပါသော နောက်ဆုံး သတင်း အချက်အလက်များ

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသောနောက်ဆုံးတင်ပြချက်များ |
|---|---|
| Myanmar Environment Rehabilitation conservation Network (MERN) ၃၀.၆.၂၀၁၁မှ၂၉.၆.၂၀၁၄။<br><br>ဘတ်ဂျက်၊ကန်ဒေါ်လာ၂,၉၉၉,၈၁၆။ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ၃၁ရက်နေ့အထိ စရိတ်မဲ့ဖြင့်တိုးချဲ့ခဲ့သည်။ | ***ရခိုင်ပြည်နယ်ရှိ သဘာဝတောပြန်လည်ထိန်းသိမ်းရေးနှင့် ကမ်းရိုးတန်းဒေသအသက်မွေးဝမ်းကျောင်းမှု မြှင့်တင်ရေး စီမံချက် (CLEARR)***<br>1. ၂၀၁၃ခုနှစ်တွင် တင်ပြထားသော အသက်မွေးဝမ်းကျောင်းမှုရလဒ်များအပြင် ထိန်းသိမ်းမှုဆိုင်ရာရလဒ်များကိုပါ အစီရင်ခံတင်ပြထားသည်။<br>2. အများပိုင်သစ်တော ၅၃၅ဟက်တာကို ၂၀၁၄ခုနှစ်ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ် သစ်တောဌာနက မှတ်ပုံတင်ပေးသည်။<br>3. ဒီရေတောနှင့် တောင်ပေါ်သစ်တောများကို အများပိုင်သစ်တောအဖြစ်မှတ်ပုံတင်ရန် စိတ်ဝင်စားသော ကျေးရွာများပြားလာသည်။ (စာမျက်နှာ ၆၁ကိုကြည့်ပါ။) |
| The Tat Lan Programme, implemented by a consortium led by IRC (International Rescue Committee), Save the Children, Oxfam, Better Life Organisation ၃/၂၀၁၃ မှ ၂/၂၀၁၇။<br><br>ဘတ်ဂျက် ကန်ဒေါ်လာ၂၂,၁၈၈,၀၆၅<br><br>ဆောင်ရွက်ဆဲ | ***တက်လမ်း ရေရှည်ရိက္ခာဖူလုံမှုနှင့် အသက်မွေးကျောင်းမှု အစီအစဉ်***<br>1. ၂၀၁၄ခုနှစ်မတ်လအတွင်း စစ်တွေ၌ဖြစ်ပွားခဲ့သော မငြိမ်သက်မှုများတွင် INGOများ နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများသို့ ပစ်မှတ်ထားလာကြသဖြင့် စီမံချက်၏ဝန်ထမ်းအများစုကို ရခိုင်မှ ကယ်ထုတ်ပေးရန် လိုအပ်လာသည်။ စီမံချက် ဆောင်ရွက်မှုအားလုံးသည်လည်း တစ်လခန့် ရပ်စဲသွားသည်။ ဝန်ထမ်းများသည် မေလဆန်းတွင် ပြန်လာခဲ့ကြသည်။ စီမံချက်လုပ်ငန်း ရပ်နားထားသည်မှာ ခြောက်ပတ်ခန့်ရှိခဲ့ပြီး လုံခြုံရေးအခြေအနေမှာလည်း အားနည်းဆဲဖြစ်ရာ စီမံကိန်းစီမံခန့်ခွဲရေးတွင် အခက်အခဲများရှိလာသည်။ အဖွဲ့များတွင် ဝန်ထမ်းနုတ်ထွက်မှု များပြားလာသည်။ ဒုတိယနှစ်၏ ရည်မှန်းချက်များကို ပြန်လည်သုံးသပ်ရန် လိုအပ်မည်ဖြစ်သည်။<br>2. ဆုတ်ယုတ်မှုများရှိနေသော်လည်း ၂၀၁၄ခုနှစ်တွင် အစီအစဉ်၏အချို့ကဏ္ဍတို့တွင် မျှော်လင့်ထားသည်ထက် ပိုကောင်းသည်ကို တွေ့ရသည်။ တာရိုးများတည်ဆောက်ရာတွင် ရည်မှန်းထားသောလယ်မြေ၏ ၄၄% သို့မဟုတ် ၄၄၂၉ဟက်တာကို ကာကွယ်နိုင်ခဲ့သည်။ VSLA ၁၆၂သင်းကို ထူထောင်နိုင်ခဲ့သည်။ (၈၄ရွာ၊ အမျိုးသမီးအဖွဲ့ဝင် ၈၈%၊ စုဆောင်းငွေ ကန်ဒေါ်လာ ၆၇,၀၃၈)<br>3. CAREသည် အကျိုးဖြစ်ထွန်းမှု စောင့်ကြည့်စစ်ဆေးခြင်း နှင့် ရပ်ရွာအဆင့် အရည်အသွေး သုံးသပ်ချက်ကို ၂၀၁၄ခုနှစ် နောက်ဆုံးသုံးလပတ်တွင် ဆောင်ရွက်ခဲ့သည်။<br>4. ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်တို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုသည် ပိုမိုခိုင်မာလာသည်။ တက်လမ်းသည် ပြည်နယ်လွှတ်တော်နှင့်ပူးပေါင်း၍ ကွင်းဆင်းလေ့လာမှု တစ်ရပ်ကို စစ်တွေတွင် ဆောင်ရွက်ခဲ့သည်။<br>5. တက်လမ်းအစီအစဉ်ကို သုံးသပ်သည့် နှစ်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်၌ ဇွန်လတွင် ကျင်းပခဲ့သည်။ ဆက်လက်၍ အောက်တိုဘာလတွင် အစီအစဉ်ကို ပြန်လည်မွမ်းမံရန်အချက်များကို ရန်ပုံငွေဘုတ်အဖွဲ့သို့ တင်ပြခဲ့သည်။ ယင်းတွင် စီမံကိန်းမူဘောင်နှင့်အချိန်ကို ၂၀၁၈ခုနှစ်အထိ တိုးချဲ့ရန် နည်းလမ်းများလည်း ပါဝင်သည်။<br>6. ဤသို့သောအခြေအနေတွင် ဒေသအုပ်ချုပ်ရေးပိုင်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းညှိနှိုင်းဆက်ဆံရေးတို့ တိုးတက်ခဲ့သည်။ |

55 QSEM4 (World Bank/LIFT, 2014).

လုပ်အားခတက်လာခြင်းမှာ ပျံကျလုပ်သမားများ၏ လူနေမှုအဆင့်အတန်းကို ထိရောက်ခြင်းမရှိပေ။ အကြောင်းမှာ တစ်နှစ်လုံး အလုပ်လုပ်ရက်၏ ထက်ဝက်မှ သုံးပုံတစ်ပုံ အတွင်း၌သာ ထိုသို့ဝင်ငွေကောင်းခြင်းကြောင့် ဖြစ်သည်။ ၂၀၁၄ခုနှစ်အတွင်း ဝင်ငွေတိုးခဲ့သော အိမ်ထောင်စုများအဖို့မှာလည်း အကြွေးဆပ်နိုင်ရေးသည်သာ ဦးစားပေးဖြစ်သည်။ *"ဒီနှစ်တော့ တင်နေတဲ့အကြွေးတွေ တော်တော်လျော့သွားတယ်၊ ငွေပိုရှိလာလို့ ရွှေဝယ်ပြီး စုထားတယ်၊ ဝက်တွေ လည်းမွေးနိုင်ပြီ" ပျံကျလုပ်သား၊ ရခိုင်ပြည်နယ်* [56]

## ၂၀၁၄ခုနှစ်အတွင်း ဖြစ်ထွန်းမှုများမှ ကောက်နုတ်ချက်

### *ဂွမြို့နယ်တွင် MERNကွန်ရက်အဖွဲ့က အသက်မွေးဝမ်းကျောင်းမှုနှင့် ထိန်းသိမ်းရေးစီမံချက်တို့ကို ပေါင်းစပ်နိုင်ကြောင်း ဖော်ပြခဲ့သည်။*

ဂွမြို့နယ်တွင် MERNစီမံချက်သည် ဒီရေတောကာကွယ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းတို့ကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည်။ ဤစီမံချက်သည် ပျိုးဥယျာဉ်များ၊ ဒီရေတောပြန်စိုက်ခြင်း၊ မိုးစပါးနှင့် ဆောင်းသီးနှံများအတွက် မျိုးကောင်းမျိုးသန့်များနှင့် မြေသြဇာ၊ အိမ်ခြံတွင်းဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ မွေးမြူရေး၊ လောင်စာစွမ်းရည်မြင့်မီးဖိုများ၊ လယ်ယာလုပ်ငန်းမဟုတ်သော အခြားသောဝင်ငွေတိုးလုပ်ငန်းများ၊ ငွေသားထောက်ပံ့ခြင်းတို့ပါဝင်သည့် လုပ်ငန်းရပ်များတွင် ထောက်ပံ့ခဲ့သည်။ စီမံချက်ပိတ်သိမ်းချိန်တွင် ကျေးရွာ၄၄ရွာ၌ ဘုံသစ်တော၃၁၇၂ဟက်တာကို မှတ်ပုံတင်ပြီးဖြစ်ရာ ထူးခြားသော အောင်မြင်မှုပင် ဖြစ်သည်။ ယင်းတွင် ဇီဝမျိုးကွဲပေါင်းစုံကို ထိန်းသိမ်းထားသော ဟက်တာ၂၁၅၉ရှိသည့် ဒီရေတော နေရာနှစ်နေရာနှင့် တောင်ပေါ်သစ်တော ဟက်တာ ၁၀၀၀တို့လည်း ပါဝင်သည်။ ဤသစ်တောအုပ်စုတို့တွင် အဖွဲ့ဝင်၂၁၀၂ဦးရှိသည်။

သစ်တောမှတ်ပုံတင်လက်မှတ်တို့သည် ဤစီမံချက်၏ အရေးပါသော အောင်မြင်မှုတစ်ခုပင်ဖြစ်သည်။ ယင်းတို့ကိုရရှိသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟူသော အသိနှင့် မိမိတို့၏ရွာမြေကို ထိန်းသိမ်းနိုင်ခဲ့သည်ဟူသော ဂုဏ်ကို ဒေသခံလူထုတို့က ရရှိကြသည်။ စီမံချက်နယ်မြေအတွင်းမှ အခြားရွာများမှလည်း ယင်းတို့၏ ဒီရေတောများ၊ တောင်ပေါ်သစ်တောများကို ဘုံသစ်တောများအဖြစ် ပြောင်းလဲ လိုကြကြောင်း MERNက တင်ပြထားသည်။

ဤစီမံချက်သည် မျိုးသုန်းလုနီးဖြစ်နေသောမျိုးစိတ်များကို ကာကွယ်ထိန်းသိမ်းမည့် ဇီဝမျိုးကွဲများရှိသည့် နေရာ၂ခုကို ထူထောင်ခဲ့သည်။ ယင်းတို့အနက် တစ်နေရာမှာ မျိုးသုန်းလုနီးဖြစ်နေသော ပင်လယ်လိပ်များအတွက်ဖြစ်သည်။ ဤနေရာများမှာ ကျောက်ခေါင်းကွင်းနှင့်စေတီကွင်းရွာကြားရှိ ကမ်းခြေသောင်ပြင်၄၈ဟက်တာတွင် ရှိသည်။ ဤရွာနှစ်ရွာမှရွာသားများနှင့် ဇီဝမျိုးကွဲထိန်းသိမ်းရေးအဖွဲ့တို့သည် အသိပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ရာတွင် လိပ်ဥများကို စိတ်ချရသောနေရာသို့ ပြောင်းရွှေ့ပေးခြင်းလည်း ပါဝင်သည်။ ကျေးရွာ ထိန်းသိမ်းရေးကော်မတီများကိုလည်း ထူထောင်ခဲ့သည်။ ယင်းတို့တွင် ကိုယ်ပိုင်လည်ပတ်စီးဆင်းရန်ပုံငွေများ ရှိကြသည်။ ယင်းမှ ရရှိသော အတိုးငွေကို စီမံချက်ရေရှည်တည်တံ့အောင် ထိန်းသိမ်းရာတွင် အသုံးပြုကြသည်။ ပထမနှစ်ဝက်အတွင်း လိပ်ဥ မျိုးဖောက်မှု အကြိမ်၂၀ရှိခဲ့ရာတွင် သားပေါက်နှုန်းမှာ ၈၀%ဖြစ်သည်။ MERN၏ စီမံချက်ကြောင့် ထိုဒီရေတောကို နိုင်ငံတကာမှ သိရှိသွားပြီး နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့ချုပ်နှင့် အဆက်အသွယ် ရရှိခဲ့သည်။

FMOက ဤစီမံချက်ကို အပြီးသတ်အကဲဖြတ်ရာတွင် ဒေသခံNGOကွန်ရက်တစ်ခုအနေဖြင့် စီမံချက်ကို အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများကို မှတ်တမ်းတင်ထားပါသည်။ စီမံချက်ကို ကွန်ရက်၏မိတ်ဖက် များက ယင်းတို့ဘာသာအကောင်းဆုံး အာရုံစိုက်ကာ အကောင်အထည်ဖော်သွားခြင်းဖြစ်ကြောင်း၊ MERNက ပေါင်းစပ်ညှိနှိုင်းပေးခြင်းကိုသာ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ဘုံသစ်တောများ ထူထောင်နိုင်ခြင်းကို စီမံခန့်ခွဲမှု နမူနာကောင်းအဖြစ် မှတ်ယူသည်။ ပင်လယ်လိပ်ထိန်းသိမ်းရေးကို ရွာသားများနှင့် လက်တွဲလုပ်ဆောင်နိုင်ခဲ့ခြင်းကလည်း လူမှုရေးတွင်တာဝန်ရှိမှုဆိုင်ရာ ဆောင်ရွက်ချက်များကို အသက်မွေးဝမ်းကျောင်း လိုအင်များ ကိုဖြည့်ဆည်းရင်း လုပ်ဆောင်သွားနိုင်ကြောင်းကို သရုပ်ပြနေသည်။ အဖွဲ့အစည်း ရေရှည်တည်တံ့မှုမှာလည်း အလားအလာကောင်းသည်။ ဤစီမံချက်သည် မြို့နယ်၊ခရိုင်၊ ပြည်နယ်အစိုးရတို့၏ အထောက်အပံ့ကိုပါရရှိခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေး၊ ဒီရေတောထိန်းသိမ်းရေးကို ဆက်လက်ဆောင်ရွက်ရန် ယင်းတို့က ကတိကဝတ်ပြုခဲ့ကြသည်။

## တက်လမ်းစီမံကိန်း

### လူထုမငြိမ်မသက်မှုနှင့် စီမံကိန်းပြတ်တောက်မှုရှိခဲ့သော်လည်း ပြောပလောက်သည့်တိုးတက်မှုများ

၂၀၁၄ခုနှစ်မတ်လအတွင်းက စစ်တွေနှင့်ပတ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့သော မငြိမ်မသက်မှုတွင် INGOများ ကုလသမဂ္ဂအဖွဲ့အစည်းများကို ဦးတည် တိုက်ခိုက်လာသောကြောင့် တက်လမ်းအစီအစဉ်သို့လည်း သက်ရောက်မှု အတော်အတန်ရှိလာသည်။ ကျောက်ဖြူ၊ ပေါက်တော၊ မြေပုံတို့မှ ဝန်ထမ်းအားလုံးကို ရန်ကုန်သို့ ကယ်ထုတ်ခဲ့ရပြီး လုပ်ငန်းများမှာလည်း တစ်လကျော် ရပ်ဆိုင်းခဲ့ရသည်။

56 QSEM4 (World Bank/LIFT, 2014).

ဤသို့ ရပ်ဆိုင်းခဲ့ရသည့်အပြင် တက်လမ်းအစီအစဉ်တွင် ရာသီအလိုက် အကန့်အသတ်များလည်း ရှိခဲ့သည်။ ပြတ်တောက်သွားသော လုပ်ငန်းဆောင်ရွက်မှုအချို့ကို နောက်ရာသီရောက်သည်အထိ ပြန်မစနိုင်ဘဲရှိနေသည်။ ဤအကြမ်းဖက်မှုများကြောင့် အဖွဲ့ဝင်များ၏ ဝန်ထမ်းများမှာလည်း နှုတ်ထွက်မှုများပြားခဲ့သည်။ မလုံခြုံဘဲရှိနေသေးသဖြင့် နိုင်ငံသားဝန်ထမ်းများကို ရခိုင်ပြည်နယ်တွင် အလုပ်မလုပ်ကိုင်ရန် မိသားစုတို့က ဖိအားပေးနေကြသည်။ မငြိမ်သက်သည့်ပြင် INGOရုံးများ၊ ကုလသမဂ္ဂရုံးများ၊ ဝန်ထမ်းနေအိမ်များကို ပစ်မှတ်ထားကြခြင်းတို့ကြောင့် စီမံကိန်း၏ ဝန်ထမ်းများသည် စစ်တွေတွင်နေထိုင်ရန်ပင် ဝန်လေးလာကြသည်။

ဤမငြိမ်မသက်မှုသည် ပြည်နယ်နှင့်မြို့နယ်အုပ်ချုပ်ရေးပိုင်းများနှင့် ခိုင်မာသော အလုပ်သဘောဆက်ဆံရေး တည်ဆောက်ရန် တက်လမ်း၏ ကြိုးစားမှုကို ရှုပ်ထွေးစေခဲ့သည်။ ၂၀၁၃ခုနှစ် ဒီဇင်ဘာလအတွင်းက စစ်တွေအခြေစိုက် စီမံချက်ညှိနှိုင်းရေးမှူးကို ခန့်အပ်ပေးခဲ့ခြင်းသည် မတ်လမငြိမ်မသက်မှု၏ နောက်ဆက်တွဲများကို အသင့်အတင့် လျင်မြန်စွာဖြေရှင်းနိုင်ခဲ့သောကြောင့် မေလဆန်းတွင် စစ်တွေသို့ ဝန်ထမ်းများ ပြန်လာခဲ့သည်။

### အစိုးရနှင့် ဆက်ဆံရေး

ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်တို့နှင့်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းမှာ ဤနှစ်အတွင်းတွင် သိသိသာသာဖြစ်ထွန်းလာခဲ့သည်။ စီမံချက်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လာရောက်လေ့လာခြင်းသည်သိသာသော အောင်မြင်မှုတစ်ခုပင်ဖြစ်သည်။ ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်၊ CSOများ၊ အခြားပတ်သက်ဆက်နွယ်သူများနှင့် အတူစီမံချက် ဝန်ထမ်းများသည် အလုပ်လုပ်ကိုင်နေကြပြီး မငြိမ်သက်မှုနောက်ပိုင်းတွင် ဖွဲ့စည်းခဲ့သည့်အရေးပေါ်ညှိနှိုင်းရေး ကော်မတီ(ECC)သို့လည်း အခြေအနေကို ပုံမှန်ရှင်းလင်းတင်ပြလျက်ရှိသည်။ယင်းကော်မတီသို့ တင်ပြမှုများသည် တက်လမ်း၏ ရည်မှန်းချက်များ၊ ရခိုင်တွင် လူမျိုးရေးကွဲပြားမှုအခြေအနေ မည်သို့ပင်ရှိသော် လည်း ခွဲခြားမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်မည့် တက်လမ်း၏ လုပ်နည်းများကို ပိုမိုကောင်းမွန်စွာနားလည်စေရန် အကူအညီပေးသည်။

ကျောက်ဖြူမြို့တွင် အစိုးရဝန်ထမ်းများနှင့် NGOများ လစဉ်ညှိနှိုင်း အစည်းအဝေးများကျင်းပခြင်း၊ သက်ဆိုင်ရာအစိုးရဌာနများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီများ(TDSC)၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မင်းပြား၊ မြေပုံ၊ ပေါက်တောမြို့နယ်တို့ရှိ ECCများထံသို့ လစဉ်အစီရင်ခံခြင်းများတို့ကြောင့် အစိုးရနှင့် မြို့နယ်အဆင့်၊ ကျေးရွာ အဆင့်တို့တွင် ထိတွေ့ ဆောင်ရွက်မှုမှာလည်း များပြားလာသည်။ လယ်သမား သင်တန်းကျောင်း ကဲ့သို့သော ကျေးရွာအဆင့် သင်တန်းများတွင်လည်း မြို့နယ် အဆင့်ဝန်ထမ်းများ ပါဝင်ဆောင်ရွက်လာသောကြောင့် ယင်းတို့ နှင့် အလုပ်သဘောဆက်ဆံရေးကိုလည်း ထူထောင်နိုင်ခဲ့သည်။

*ဇယား ၃.၇။ ၂၀၁၄ခုနှစ်အတွင်း တက်လမ်းအစီအစဉ်၏ ဆောင်ရွက်ချက်များ ကောက်နုတ်ချက်*

| လုပ်ငန်းတာဝန် | ၂၀၁၃ ခုနှစ် နှစ်ကုန်ထိ | ၂၀၁၄ ခုနှစ် နှစ်ကုန်ထိ | ဆောင်ရွက်ပြီး% | အမျိုးသမီးပါဝင်မှု % |
|---|---|---|---|---|
| တည်ထောင်ပြီးသော ကျေးရွာဖွံ့ဖြိုးမှုကော်မတီများ (VDC) | ၈၀ | ၁၅၁ | ၆၃% | ၁၀% |
| တည်ဆောက်ပြီးတာရိုးအလျားမိုင် | ၀ | ၃၀ | ၄၄% | ၅၂% |
| လုပ်အားနှင့်ငွေကြေးဖလှယ်ခြင်းများ (CfW)။ ဖြင့် ရေကန်ပြုပြင်ခြင်း | ၀ | ရေကန် ၄၁ကန် ရေတွင်း ၁၀တွင်း | ၅၅% | ၅၃% |
| တာရိုး၊ ရေကန်၊ CfW ဖြင့် ရေတံခါး ပြုပြင်ခြင်း တို့တွင် | ၀ | ၆,၇၆၅ | | ၅၃% |
| ထုတ်လုပ်မှုနည်းစဉ်နှင့်နည်းပညာ သင်တန်းဆင်းဦးရေ | ၂၀၁ | ၇,၇၅၃ | ၇၂% | ၂၃% |
| ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်၂နှစ်အောက်ရကလေးရှိသော အိမ်ထောင်စုများအား ငွေသားထောက်ပံ့ခြင်း | ၁ | အိမ်ထောင်စု ၂၅၃ ငွေထောက်ပံ့မှု ၆၉၇ ကြိမ် | ၃၂% | ၅၅% |
| အိမ်ထောင်စုကုန်ထုတ်လုပ်ငန်း/ ငါးဖမ်းခြင်းတွင် ပစ္စည်းထောက်ပံ့ခြင်း | ၆၃၇ | ၆,၀၉၂ | ၅၅% | ၂၁% |
| ဖွဲ့စည်းပြီး ကျေးရွာငွေစု/ချေးအသင်း (VSLA) | ၃ ရွာတွင် ၁၁သင်း | ၈၄ရွာတွင် ၁၆၂သင်းဖြင့် အသင်းဝင် ၃၁၅၁ဦး | ၅၃% | အသင်းဝင် ၈၈% ငွေချေးသူ ၉၃% |

အစီအစဉ်ရေးဆွဲရာမှ အကောင်အထည် ဖော်သည့်အထိ ကဏ္ဍတိုင်းတွင် အမျိုးသမီးတို့၏ ပါဝင်ဆောင်ရွက်မှုသည် အရေးကြီးကြောင်းကို အစိုးရအရာရှိများနှင့် တွေ့ဆုံတိုင်းတွင် အလေးထားပြောဆိုခဲ့သည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်လွှတ်တော်တွင် ကျင်းပသော ငါးလုပ်ငန်းဥပဒေသစ်များကို ဆွေးနွေးသည့် အလုပ်ရုံ ဆွေးနွေးပွဲတွင် ဒေသခံငါးလုပ်ငန်းတို့တွင် အမျိုးသမီးတို့၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ယင်းတို့၏ဘဝကို အကျိုးသက်ရောက်လာမည့် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အမျိုးသမီးများပါဝင်ရန် အရေးကြီးကြောင်းကို ကျားမရေးရာနှင့် အုပ်ချုပ်မှုသင်တန်းများတွင် လည်း ရှင်းလင်းတင်ပြခွင့် ရရှိခဲ့သည်။ တက်လမ်းဆောင်ရွက်မှုများသည်အမျိုးသမီးများ ပိုမိုပါဝင်လာရန် အရေးကြီးကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ(VDSC)များ၊ VDCများ၊ VSLAများတွင် အရေးကြီးသောနေရာများတွင် အမျိုးသမီးများကို တာဝန်ပေးရေး၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးပိုင်းများ (အထူးသဖြင့်ကျောက်ဖြူ)ကို သိမြင်လာစေရေး ဆောင်ရွက်ရန် အရေးကြီးကြောင်း ထောက်ပြနိုင်ခဲ့သည်။ ဤကျားမရေးရာနှင့် အုပ်ချုပ်မှုသင်တန်းများကြောင့် အဓိပ္ပာယ်ရှိသော ဆွေးနွေးမှုများ၊ ထိတွေ့ဆက်ဆံမှုများ၊ ပါဝင်ဆောင်ရွက်မှုများ ဖြစ်ပေါ်လာသည်။

## တက်လမ်း၏ ပထမပိုင်း - ခြောက်သွေ့ရာသီမှ ရရှိသော သင်ခန်းစာများ

### ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (VDC) ဖွဲ့စည်းခြင်း

VDC၁၅၁ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်သည်။ VDCဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကိုသုံးသပ်ရန်နှင့် တက်လမ်းဝန်ထမ်းများအတွက် လက်စွဲစာစောင်တစ်ခုကို ရေးသားပြုစုရန် ပြင်ပအတိုင်ပင်ခံတစ်ဦးကိုခေါ်ယူခဲ့သည်။ ဤသုံးသပ်ချက်တွင် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာလိုအပ်ချက်များက လုပ်နည်းကိုင်နည်းများကို ဝန်ထမ်းများ၏ အတွေ့အကြုံများမှ ရယူထားသည့်အပြင် တက်လမ်း၏ နည်းပညာအထောက်အကူပြုအစီအစဉ်တွင် ရပ်ရွာမှ ပိုမိုဆောင်ရွက်လာစေမည့် အကြံပြုချက်များကိုလည်း ဖေါ်ပြထားသည်။ အောက်ပါတွေ့ရှိချက်များကို မှတ်သားသင့်သည်_

- တက်လမ်း၏ နည်းပညာအထောက်ပံ့ကို အကောင်အထည်ဖော်မှုတို့သည် VDC ဖွဲ့စည်းခြင်းလုပ်ငန်းစဉ်တို့နှင့် ထိပ်တိုက်တွေ့လျက်ရှိသည်။ VDCတစ်ခုကို ထူထောင်ရန် လ အနည်းငယ် အချိန်ယူရသည်။ သို့သော် တက်လမ်းလုပ်ငန်းများ၏ တက်ကြွစွာခေါင်းဆောင်မှုကို VDCတို့ကစိတ်ချသည့်အထိ စောင့်ဆိုင်းနေရပါက အရေးကြီးသောအခြေခံအဆောက်အအုံနှင့် ဆန်စပါးစိုက်ပျိုးရေး အလုပ်များသည် ၂၀၁၄ခု နှစ် မိုးရာသီနှင့် နွေရာသီတွင် အချိန်မီပြီးစီးခြင်းမရှိ ဖြစ်ခဲ့နိုင်သည်။
- VDCများထူထောင်ရန် အချိန်ကန့်သတ်ချက်ကြောင့် သင့်လျော်သောရွာသားများကို ရွေးချယ်ရန်၊ ရွေးချယ်ခံရသူများ ကလည်း ယင်းတို့၏တာဝန်များကို နားလည်ရန်၊ တက်လမ်း၏ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ယင်းတို့ကိုယ်တိုင်စီမံခန့်ခွဲဆုံးဖြတ်နိုင်ကြောင်း သိရှိရန် အချိန်မလုံလောက်ပါ။ ထို့ကြောင့် VDCများ၏ ခေါင်းဆောင်မှုမှာ အားနည်းနေဆဲဖြစ်ပြီး ယင်းတို့တွေ့ကြုံနေကျ လူသားချင်းစာနာမှု အထောက်အကူလုပ်ငန်းများမှာကဲ့သို့ ရေတိုစီမံချက်များကိုသာ ဦးတည်နေကြသည်။
- ရေရှည် ချဉ်းကပ်ဆောင်ရွက်မှုသည်လည်း စီမံကိန်းဝန်ထမ်းအများစုအတွက်စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်နေသည်။ အကြောင်းမှာ ယင်းတို့သည်လည်း လူသားချင်းစာနာမှု အထောက်အကူ အစီအစဉ်များကိုသာ တွေ့ကြုံနေကျဖြစ်သော ကြောင့်ဖြစ်သည်။VDC တို့တွင် လုပ်ကိုင်နိုင်စွမ်းရှိရန် လေ့ကျင့်ခြင်း၊ ကျေးရွာ စီမံချက်ရေးဆွဲခြင်း၊ အစိုးရနှင့် ညှိနှိုင်းဆွေးနွေးခြင်းစသည့် အဖွဲ့အစည်းဆိုင်ရာစွမ်းရည်များရှိလာအောင် တက်လမ်းဝန်ထမ်းများကတည်ဆောက်ပေးနိုင်ရန်အတွက် ယင်းတို့ကိုလည်း အရည်အချင်းရှိလာအောင် ပို၍လေ့ကျင့်ပေးရန် လမ်းညွှန်ပေးရန် လိုအပ်သည်။
- VDCတို့အတွက်ဆောင်ရွက်ပေးသောအဖွဲ့အစည်းဆိုင်ရာ စီစဉ်မှုများ၊ နမူနာပုံစံများ၊ လုပ်နည်းများသည်နောက်ခံအခြေအနေနှင့် သင့်လျော်စေရန်နှင့်၊ ယင်းတို့သည် တက်လမ်း အစီအစဉ်ကပေးအပ်သော နည်းပညာအထောက်အကူတို့ကို ညွှန်ကြားခြင်း၊ စီမံခန့်ခွဲခြင်းတို့ကိုသာ အာရုံစိုက် ဆောင်ရွက်ရန် တက်လမ်းက ဆောင်ရွက်ရန်လိုအပ်သည်။ ထိုသို့ဖြစ်စေရန်အတွက် ကျေးရွာ၏ရေရှည်လိုအပ်ချက်များကို နှလုံးသွင်း၍ ယင်းတို့ကို ရေရှည်တည်တံ့ရန်၊ အစိုးရ၏ ကျေးရွာစီမံချက်ရေးဆွဲမှု လုပ်ငန်းစဉ်အသစ်တွင် ပေါင်းစည်းနိုင်ရန် သေချာစွာ ဆောင်ရွက်ရမည်ဖြစ်သည်။
- အမျိုးသမီးများပါဝင်ဆောင်ရွက်နှုန်းသည် ပျမ်းမျှ၃၀% ရှိသည်။ သို့သော် များသောအားဖြင့် VDC၏ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် ပါဝင်နှုန်းများမှာ နိမ့်သည်။

တက်လမ်း၏ VDCများသည် သတ်မှတ်ထားသော အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာနည်းနာများကို နည်းပညာအထောက်အကူပေးရန်ကိုသာ အာရုံစိုက်သင့်သည်။ ထိုသို့ဆောင်ရွက်ရန်အတွက် ဖွံ့ဖြိုးမှုဆိုင်ရာ နောက်ခံအခြေအနေအမျိုးမျိုး (ဥပမာ။ ရပ်ရွာမှဦးစီးဆောင်ရွက်သော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ)မှ လာခဲ့သော တက်လမ်း၏ လုပ်ဖော်ကိုင်ဖက်များသည် မိမိတို့၏ အမြင်ကိုပြောင်းရန် လိုအပ်မည်။ IRCသည် ဤကိစ္စအတွက် VDCဆိုင်ရာမန်နေဂျာတစ်ဦးကို ၂၀၁၅ခုနှစ်တွင်ခန့်ထားကာ ပြင်ဆင်ရန် အဆိုပြုခဲ့သည်။

အလားတူ အရေးပါသည်မှာ တက်လမ်း၏ VDCများသည် ရခိုင်ပြည်နယ်အစိုးရက (၂၀၁၃ခုနှစ်မတ်လတွင်) အသစ်ဖွဲ့စည်းခဲ့သော TDSCများ၊ ကျေးရွာအုပ်စု/ရပ်ကွက် ဖွံ့ဖြိုးရေးထောက်ကူပြုကော်မတီများ (VT/WDSC)များနှင့် မည်သို့ဆက်ဆံရမည်ကို ဆုံးဖြတ်ရန်ပင်ဖြစ်သည်။ ဤ အစိုးရအဖွဲ့အစည်းအသစ်များ အစီအစဉ်တွင် တက်လမ်းVDCများသည် တက်လမ်း အကောင်အထည်ဖော်ရေးနှင့် ကျေးရွာ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးကိုသာ ဆောင်ရွက်ရန်သင့်ကြောင်း ဖော်ပြထားသည်။

## ကျေးရွာ ငွေစုငွေချေး အသင်းများ(VSLAs)

၂၀၁၄ခုနှစ်တွင် VSLAများကို အဓိကအာရုံပြု၍ ဆောင်ရွက်ခဲ့ရာ ကျေးရွာ ၈၄ရွာတွင် ၁၆၂အသင်းထိ တိုးတက်လာခဲ့သည်။ (၂၀၁၃ခုနှစ် နှစ်ကုန်က ကျေးရွာ၃ရွာ၌ ၁၁သင်းသာရှိခဲ့သည်) VDCများနှင့် မတူသည်မှာ အမျိုးသမီးများက တက်ကြွစွာ ပါဝင်မှုပင်ဖြစ်သည်။ အသင်းဝင်စုစုရာခိုင်နှုန်းနှင့် ငွေချေးသူ ၉၃ရာခိုင်နှုန်းမှာ အမျိုးသမီးတို့ဖြစ်ကြသည်။ ငွေစုရန်အဓိက ဦးတည်ပြီး ငွေစုဆောင်းသည့် အလေ့အထရှိလာပြီးမှ ငွေထုတ်ချေးသည်။

စောစောပိုင်းက ထူထောင်ခဲ့သော အချို့VSLAတို့သည် နောက်အဆင့်သို့ပင် တက်လှမ်းနေကြပြီဖြစ်သည်။ ယင်းမှာ တက်လှမ်း 'ဝေမျှခြင်းအစီအစဉ်'ပင်ဖြစ်သည်။ ဝေမျှခြင်းဆိုသည်မှာVSLAက အရင်းအနီးများကို သတ်မှတ်ချိန်ပြည့်သွားသောအသင်းသား တို့ကို ထုတ်ပေးခြင်းဖြစ်သည်။ ပထမနှစ်အတွင်း အဖွဲ့ဝင်တိုးတက်လာခြင်းမှာ ဤအစီအစဉ်၏ အကျိုးကျေးဇူးကို တွေ့မြင်သောကြောင့်ဟု တက်လမ်းကတင်ပြသည်။ ဝေမျှခြင်းအခမ်းအနားသို့ တက်ရောက်လာသော အမျိုးသမီးတို့က ယခုအခါတွင် အိမ်ထောင်၏ ငွေကြေးကိစ္စများကို ယင်းတို့ကပင် ဆုံးဖြတ် နေကြောင်း ပြောပြကြသည်။ ရပ်ရွာလူမှုကာကွယ်စောင့်ရှောက်ရေးရန်ပုံငွေများ၏ အရေးကြီးမှုနှင့် သုံးစွဲပုံများကို ပိုမိုနားလည်လာကြောင်း အဖွဲ့ဝင်တို့ တင်ပြကြသည်။ VLSAတွင် ငွေကြေးအင်အားတိုးတက် လာသဖြင့် အဖွဲ့ဝင်များသည် နာရေးကိစ္စနှင့် ဆေးဖိုးဝါးခ အတွက် ငွေချေးယူနိုင်လာကြသည်။

၂၀၁၄ခုနှစ်ကုန်ပိုင်းတွင် Save the Children အဖွဲ့က တာဝန်ပေးပြုလုပ်ခဲ့သော သုံးသပ်ချက်တွင် VSLAသို့အရင်းအနီးများကို ထည့်သွင်းပေးရန် အဆိုပြုထားသည်မှာ အကျိုးရှိမရှိမေးခွန်းထုတ်ထားသည်။ VSLAတို့၏ ရေရှည်တည်တံ့လိုသော စိတ်ဆန္ဒကို ရှင်းရှင်းလင်းလင်းနားလည် ပြီးမှသာ ၂၀၁၅ခုနှစ် တွင်မည်သို့ ရှေ့ဆက်ဆောင်ရွက်ရမည်ကိုဆုံးဖြတ်ရမည်။

## အခြေခံအဆောက်အအုံ ကုန်ကျစရိတ် တက်လာခြင်း

တာရိုးနှင့် ရေတံခါးများကို ဆောက်လုပ်ရသောစရိတ်သည် မူလခန့်မှန်းသည်ထက် သိသာစွာတက်လာခဲ့သည်။ ပြန်လည်တည်ဆောက်သော တာရိုးတစ်မိုင်တိုင်းက ကာကွယ်နိုင်မည့် လယ်မြေ အများဆုံးရရှိစေရန်အာရုံစိုက်ကာ ဆောင်ရွက်ခြင်းဖြင့် ဤကုန်ကျ စရိတ်ကို အတော်အတန်လျှော့ပါးအောင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ရွေးချယ်ထားသော အချို့နေရာများသည် ကုန်ကျစရိတ် ကြီးမားသဖြင့် စပါးပြန်လည်စိုက်ပျိုးနိုင်မည်မဟုတ်သော်လည်းတက်လမ်းသည်ပြန်လည်ဖော်ထုတ်နိုင်မည့် စပါးစိုက်လယ် မြေစုစုပေါင်း ၁၀၁၂၀ ဟက်တာကို ရရှိနိုင်မည့် အခြေအနေတွင်ရှိသည်။ ယင်းတို့အနက် ၄၄၂၉ဟက်တာမှာ စပါးပြန်စိုက်နိုင်ပြီ ဖြစ်သည်။

## ငွေနှင့်အလုပ်ဖလှယ်ခြင်း အစီအမံများ(CFW)

ငွေနှင့်အလုပ်ဖလှယ်သော အစီအစဉ်(CfW)က ပေးအပ်သော အခွင့်အလမ်းများမရပါက ရရှိနိုင်ရန်ခဲယဉ်းမည့် အပိုဝင်ငွေများကြောင့် ရွာအများမှာ အကျိုးကျေးဇူးခံစားခဲ့ရသည်ဟု တက်လမ်းအဖွဲ့များကတင်ပြကြသည်။ CfW အထောက်အပံ့ဖြင့် ဆောက်လုပ်ခဲ့သော တာရိုးများသည်ရွာချင်းဆက်လမ်းများ အဖြစ်ပါသုံးနိုင်သဖြင့် ကျောင်း၊ ဆေးရုံ၊ ဈေးတို့ကိုသွားရန် လမ်းပေါက်လာသည်။ CfW လုပ်ခငွေများ ပေးချေသောအခါတွင် ရွာမှဈေးသည်များလည်း အရောင်းအဝယ်ကောင်းကြသည်။ ရွာမှထွက်ကာ ပုံကျအလုပ် ထွက်လုပ်ရခြင်းမှာလည်း နည်းပါးလာသည်ဟု ရပ်ရွာများကတင်ပြကြသည်။ ယခင်က မိဘနှင့်အတူလိုက်ကာ ရွှေ့ပြောင်းနေရသော ကလေးများသည်လည်း ရပ်ရွာမှမခွာဘဲ ကျောင်းဆက်တက်နိုင်ကြပြီဖြစ်သည်။ CfWကြောင့် ဆောက်လုပ် ရေးစရိတ် လျှော့ကျကာ ဒေသခံရပ်ရွာတွင် တိုက်ရိုက်ငွေကြေးအကျိုး ခံစားလာရသော်လည်း ယင်းတွင်လည်း အကန့်အသတ်များ ရှိနေသည်။ အောက်ပါတို့ကို တွေ့ရှိရသည့်–

- ဆောက်လုပ်ရန် အသင့်တော်ဆုံးအချိန်တွင် ဒေသခံလုပ်အား မရရှိတတ်ခြင်း။
- လိုအပ်သော လုပ်သားဦးရေမှာ တာရိုး၏အရှည်နှင့်အဓိက သက်ဆိုင်သည်။ ဤဦးရေနှင့် အလုပ်လုပ်လိုသော အိမ်ထောင်စုဦးရေမှာ အမြဲတမ်းမတိုက်ဆိုင်ကြပေ။
- ဆောက်လုပ်ရမည့် အခြေခံအဆောက်အအုံကို ရည်မှန်းသတ်မှတ်ထားပြီး ပြောင်းလွယ်ပြင်လွယ် မဟုတ်သောကြောင့် လုပ်အားရရှိတိုင်း ရပ်ရွာကအလိုရှိတိုင်း ရှည်၍ တို၍ မရနိုင်ပေ။
- CfW တာရိုးဆောက်လုပ်မှုကြောင့် ရရှိလာသော အလုပ်အကိုင်မှာ အခြေခံအဆောက်အအုံ၏ အရွယ်အစားကိုလိုက်၍ တစ်ရွာနှင့်တစ်ရွာ မတူညီပါ။ ရွာများ၏ အလုပ်လုပ်ရက်မှာ ၄၆ရက်မှ ၈ရက်ထိ ကွာခြားကြောင်း ပထမနှစ်က တွေ့ရှိခဲ့သည်။
- နွေရာသီတွင် အလွန်ပူပြင်းသောကြောင့် အလုပ်လုပ်ချိန်မှာ ပို၍တိုသည်။
- ဆင်းရဲသော အိမ်ထောင်စုများ အလုပ်ပြတ်ချိန် ဝင်ငွေပြတ်ချိန်နှင့် မတိုက်ဆိုင်ပါက CfWအလုပ်သည် ထိရောက်သော လူမှုကာကွယ်စောင့်ရှောက်မှုကို မပေးနိုင်ပါ။ CfWကို အိမ်ထောင်စုဝင်ငွေအား ယာယီတိုးမြှင့်စေသော နည်းအဖြစ်သာ မှတ်ယူသင့် သည်။

ဤပြဿနာအချို့ကို ဖြေရှင်းရန်အတွက် တက်လမ်း၏ ဦးဆောင်မှုဖြင့် VDCတို့သည် အမျိုးသမီးများနှင့် ဆင်းရဲသော အိမ်ထောင်စုများ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာ စေမည့် အလုပ်လုပ် ခြင်းဆိုင်ရာ စံနှုန်းတစ်ခုကို သဘောတူခဲ့ကြသည်။ တစ်ရက် လုပ်အားခကို ကျပ်၂၅၀၀မှ ကျပ်၃၀၀၀သို့ တိုးမြှင့်ခဲ့ပြီး၊ အမျိုးသမီးရော အမျိုးသားပါ လုပ်ခအတူတူ ပေးချေသည်။ အလုပ်ချိန်ကိုလည်း တစ်နေ့၆နာရီထိ လျှော့ချခဲ့သည်။ အမျိုးသမီးများ ကလေးနို့တိုက်ရန် အတွက် အလုပ်ချိန်ကိုလည်း လိုသလို ညှိနှိုင်းခွင့်ပြုသည်။

စပါးကိုအစဉ်မပြတ် စိုက်ပျိုးနိုင်ရန်အတွက် တာရိုးများကိုပြုပြင်ထိန်းသိမ်းထားရန် အရေးကြီးသည်။ တာရိုးများကိုရေရှည်ထိန်းသိမ်းသွားနိုင်ရန် စောင့်ကြည့်ပြုပြင်ပေးမည့် အုပ်စုများကို လယ်သမားများက တက်လမ်း၏ အထောက်အပံ့ဖြင့် ဖွဲ့စည်းထားသည်။ မိမိတာဝန်ကျသည့် တာရိုးအပိုင်းကို စောင့်ကြည့်ရန် လယ်သမားတို့ကို ထောက်ပံ့ထားသည်။ ထို့ကြောင့် အကြောင်း

တစ်ခုခုပေါ်ပေါက်ပါက လျင်မြန်စွာအရေးယူဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ယာယီအဖွဲ့စီမံအုပ်ချုပ်မှု

တက်လမ်းအဖွဲ့သည် နိုင်ငံတကာNGOသုံးဖွဲ့နှင့် ပြည်တွင်းNGOတစ်ဖွဲ့ကို စုပေါင်းထားခြင်းဖြစ်သည်။[57] အဖွဲ့အစည်းလေးခု၏ စနစ်များ၊ လုပ်ထုံးလုပ်နည်းများတို့ကို ပေါင်းစပ်ညှိနှိုင်းရခြင်းသည်လည်း စိန်ခေါ်မှုတစ်ခုပင်ဖြစ်သည်။ယင်းသည် အစီအစဉ်တစ်ခုလုံး လုပ်ရမည့် လုပ်ဆောင်မှုများကို ညှိနှိုင်းခြင်း၊ ဘတ်ဂျက်ခွဲဝေမှုကို သဘောတူခြင်း၊ ကွင်းလုပ်ငန်းများကိုဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်သောအခါတို့တွင် ပေါ်ပေါက်လေ့ရှိပြီး လုပ်ငန်းအခက်အခဲကို ညီညီညွတ်ညွတ် ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်သည့်နည်းနာကို ရရှိစေနိုင်သည်။ နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ(IRC) သည် ဤအဖွဲ့၏ခေါင်းဆောင်ဖြစ်ပြီး တက်လမ်း အစီအစဉ်၏ စီမံခန့်ခွဲသူဖြစ်သည်။ သို့သော် လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက်ခွဲဝေမှုတို့တွင် ကျန်အဖွဲ့ဝင်တိုင်းနှင့် ညှိနှိုင်းသည်။ ၂၀၁၄ခုနှစ်နှစ်ကုန်တွင် ၂၀၁၈ခုနှစ်ထိ တက်လမ်းကို တိုးချဲ့ဆောင်ရွက်ရာတွင် သီးခြားမိတ်ဖက် စာချုပ်များဖြင့်ဆောင်ရွက်ရန် LIFTနှင့် အဖွဲ့ဝင်တို့ သဘောတူညီခဲ့ကြသည်။ LIFTကိုလည်း အစီအစဉ်ပေါင်းစပ်ညှိနှိုင်းရာတွင် ပိုမိုပါဝင်ခွင့်ပြုရန်လည်း သဘောတူခဲ့ကြသည်။

## တက်လမ်းအစီအစဉ်၏ ရှေ့ဆက် လှမ်းမည့် ခြေလှမ်းများ

***တာရှည်ခံမည့်သက်ရောက်မှုကို ရရှိရန်အတွက် ပြန်လည်မွမ်းမံခြင်း***

ပထမတစ်နှစ် လုပ်ငန်းအကောင်အထည်ဖော်ခဲ့ပြီး LIFTကလည်း မဟာဗျူဟာသစ်ကိုအပြီးသတ် ရေးဆွဲပြီးနောက်၂၀၁၄ ခုနှစ်တွင် LIFT နှင့် တက်လမ်းအဖွဲ့ဝင်တို့သည် အစီအစဉ်ကို ပြုပြင်မွမ်းမံရန် ဆွေးနွေးခဲ့ကြသည်။ အောက်ပါတို့မှာ တိုးချဲ့မည့် အထောက်အပံ့ သို့မဟုတ် အထောက်အပံ့အသစ်များ ဖြစ်ကြသည်။

- **အာဟာရအထောက်အပံ့။** ရခိုင်ဒေသ၏ အာဟာရပြည့်ဝမှုအခြေအနေမှာ မြန်မာနိုင်ငံတွင် အဆိုးဆုံးထဲ၌ ပါဝင်သည်။ ကိုယ်အလေးချိန်မပြည့်မီနှုန်း(၄၉.၉%)သည် ချင်းပြည်နယ်ပြီးလျှင် ဒုတိယလိုက်ပြီး ချည့်နဲ့မှုနှုန်း(၁၁%)မှာ နိုင်ငံတွင်အမြင့်ဆုံးပင်ဖြစ်သည်။ (WHO ၂၀၀၉ -၂၀၁၀)
- **ရေ၊မိလ္လာနှင့်သန့်ရှင်းရေး (WASH) ။** ရေ၊ အညစ်အကြေးစွန့်ပစ်မှု၊ တစ်ကိုယ်ရည်သန့်ရှင်းရေးတို့သည် အာဟာရချို့တဲ့ခြင်းကို ကိုယ်တွယ်ဖြေရှင်းရာတွင် အခရာကျသည်။ မကြာသေးမီကလည်း လန်းဆက်စာစောင်ပါ သုံးသပ်ချက်အရ ကြီးထွားနှုန်းနေးခြင်း၏ လေးပုံတစ်ပုံမှာ အသက်၂နှစ်မတိုင်မီ ၅ကြိမ်ထက်မနည်း ဝမ်းပျက်ဝမ်းလျှောခြင်းကြောင့်ဟုဆိုသည်။[58] WASHကို လှုံ့ဆော်ရန် တက်လမ်း၏ မွမ်းမံပြင်ဆင်မှုများတွင် ထည့်သွင်းမည် ဖြစ်သည်။
- **မြေယာမဲ့နှင့် ဝမ်းစာမဖူလုံသော အိမ်ထောင်စုများ။** CfW စီမံချက်များသည် မြေယာမဲ့နှင့် ဝမ်းစာမဖူလုံသောလယ်သမားတို့ကိုတစ်ရာသီသာလျှင် အပိုဝင်ငွေကို ပေးသည်။ စီးပွားရေးအရ အောင်မြင်မှုရစေမည့်နည်းလမ်းများ ကိုရှာဖွေကာ ယင်းတို့ကိုကူညီရမည်။ ယင်းတွင် ယခုလက်ရှိ ၁၅ရွာတွင် ရှေ့ပြေးကျင့်သုံးနေသော မိခင်များသို့ ငွေထောက်ပံ့ခြင်းကို ပိုမိုတိုးချဲ့ရန်နှင့် အချို့အိမ်ထောင်စုဝင်များ အလုပ်အကိုင်အခွင့်အလမ်းကောင်းသည့် နေရာများသို့ ရာသီအလိုက်ရွှေ့ပြောင်းသွားလာရာတွင် အထောက်အကူပြုမည့်ကျွမ်းကျင်မှုကို တည်ဆောက်ပေးရန်တို့လည်းပါနိုင်သည်။
- **အားလုံးနှင့်သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်မှုတို့ကို ကိုင်တွယ်ဖြေရှင်းခြင်း။** ရပ်ရွာအခြေပြုစီမံခြင်း၊ အာဟာရ၊ အုပ်ချုပ်မှုနှင့် ကျားမရေးရာစသည့် နယ်ပယ်များတွင် သိရှိကျွမ်းကျင်အောင် ဝန်ထမ်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်သည်။ ဝန်ထမ်းတို့၏လေ့ကျင့်ရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံရန်နှင့် လုပ်ငန်းခွင်အခြေအနေကို ပိုကောင်းအောင် ဆောင်ရွက်ရန် လိုအပ်သည့်ပြင် ကျွမ်းကျင်မှုနည်းသော ဝန်ထမ်းများကိုခန့်ထားကာ လေ့ကျင့်ပေးထောက်ပံ့ပေးလိုစိတ်လည်းရှိရန် လိုအပ်သည်။
- **ကျားမရေးရာ။** စီမံကိန်းဆောင်ရွက်ချက်များ ဖြစ်သော ကျေးရွာအခြေပြု စီမံချက်ရေးဆွဲခြင်း၊ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း၊ သင်ယူခြင်းစသည်တို့တွင် ကျားမရေးရာကို ပို၍ထိရောက်စွာထည့်သွင်းပေးရန် တက်လမ်းတွင် တာဝန်ရှိ သည်။ တက်လမ်းစီမံကိန်းဝန်ထမ်းများရော ရပ်ရွာလူထုပါ ကျားမရေးရာတွင် ပိုမိုသိမြင်လာရန်၊ အမျိုးသမီးများသည် အကျိုးကျေးဇူးခံစားရသူ အနေအထားထက်ပို၍ မည်သို့ပါဝင် ဆောင်ရွက်နိုင်မည်ကို ပိုမိုနားလည်ရန် လိုအပ်မည်။
- **တက်လမ်းအစီအစဉ်၏ ဆက်သွယ်ရေးကို အားဖြည့်ခြင်း။** ရခိုင်ပဋိပက္ခ၏ ရှုပ်ထွေးမှုများကြောင့် လည်းကောင်း၊ လူမျိုးရေးကွဲပြားမှုများကိုရင်ဆိုင်ကာအလုပ်လုပ်ကိုင်နေရသော ဖွံ့ဖြိုးရေးအစီအစဉ်ဖြစ်သည့် တက်လမ်း၏ အနေအထားကိုလည်းကောင်း ထောက်ရှုလျှင်၊ ယင်းသည် အထူးပင် အရေးကြီးလှသည်။ ထို့ကြောင့် ရခိုင်ဒေသရှိ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ကဲ့သို့သော အခြားအဖွဲ့ အစည်းများ၏ ဆက်သွယ်ရေးနှင့် နီးကပ်စွာ ပေါင်းစပ် ညှိနှိုင်းထားရန် လိုအပ်သည်။
- **အုပ်ချုပ်မှုအထောက်အပံ့။** ကျေးရွာနှင့်စိုက်ပျိုးရေးဖွံ့ဖြိုးရေး အတွက် မြို့နယ်အာဏာပိုင်တို့က ပေးအပ်သော ဝန်ဆောင်မှုတို့၏ ထိရောက်မှုကို အားဖြည့်ပေးရန် လိုအပ်သည်။ မြို့နယ်အဆင့်ရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ (ဥပမာ။ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ ကျေးလက်ဖွံ့ဖြိုးရေးဌာနများ) တို့ကို နည်းပညာသင်တန်းများ ဖွင့်ပေးရန် အခွင့်အရေး များရှိသည်။

၂၀၁၄ခုနှစ် အောက်တိုဘာလတွင် ရန်ပုံငွေဘုတ်အဖွဲ့အစည်းအဝေး၌ အထက်ပါပြုပြင်မွမ်းမံမှုများနှင့် ရခိုင်ဒေသတွင် တက်လမ်းမှတစ်ဆင့် တိုးချဲ့ရင်းနှီးမြှုပ်နှံမှု၏ အလားအလာများကို မူအားဖြင့် သဘောတူခဲ့ကြသည်။ ဤအခွင့်အရေးနှင့် ရင်းနှီးမြှုပ်နှံမှုများသည် တက်လမ်းလုပ်ဖော်ကိုင်ဖက်များ၏ အဆိုပြုထားသော ပုံစံအသစ်များ၏ ကျေနပ်ဖွယ်ရှိမှုနှင့် ၂၀၁၅ခုနှစ် ပထမနှစ်ဝက်သုံးသပ်ချက်များကို မှီတည်နေမည်ဖြစ်သည်။

57 တက်လမ်းကို International Resue Committe (IRC) နှင့်အတူ Save the Children, Oxfam, Better Life Organisation နှင့် Care အဖွဲ့တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းပြီး အကောင်အထည်ဖော်သည်။

58 Christa L Fischer Walker, Igor Rudan, Li Liu, Harish Nair, Evropi Theodoratou, Zulfiqar A Bhutta, Katherine L O'Brien, Harry Campbell, Robert E Black, 2013, Global burden of childhood pneumonia and diarrhoea. The Lancet. Apr 20. Childhood pneumonia and diarrhoea series.



တက်လမ်းမိတ်ဖက်အဖွဲ့များသည် ၂၀၁၄ ခုနှစ် ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေဖော်ဆောင်ရေးတွင် ပံ့ပိုးကူညီခဲ့ကြသည်။ အဖွဲ့များ၏ ဒေသဆိုင်ရာ အသိပညာဗဟုသုတတန်ဖိုး၊ ငါးလုပ်ငန်းများ ရေရှည်တည်တံ့ရေးတို့ကို တိုးမြှင့်ပညာပေးမှုများ ဆောင်ရွက်ပြီးနောက် လူထုအခြေပြု ငါးလုပ်ငန်းများ စီမံခန့်ခွဲမှုကို ဥပဒေတွင်ထည့်သွင်းပေးခဲ့သည်။



# အခန်း ၄

# ၄။ ဒေသအလိုက် စီမံကိန်းများသို့ ပံ့ပိုးခြင်း။

ဒေသအလိုက်စီမံကိန်းအားလုံးကို လွှမ်းခြုံသောအထောက်အပံ့အား LIFTက ပေးအပ်လျက်ရှိသည်။ အထူးသဖြင့် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုနယ်ပယ်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အားဖြည့်ခြင်းနယ်ပယ်တို့တွင် ဖြစ်သည်။ ဤနယ်ပယ်တို့တွင် မူဝါဒဆိုင်ရာဖြစ်ထွန်းမှုတို့ကို အခန်း၅တွင် ကြည့်ပါ။

## ၄.၁။ ငွေကြေးဆိုင်ရာတွင်လက်လှမ်းမီမှု

ငွေကြေးဆိုင်ရာဝန်ဆောင်မှုတို့ကို လက်လှမ်းမီခြင်း၊မမီခြင်းတို့၏ ကွာဟမှုသည် မြန်မာနိုင်ငံတွင် ဖိအားပေးမှုအများဆုံးသော ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုကြီးပင်ဖြစ်သည်။ ဝန်ဆောင်မှုမရသေးသော သို့မဟုတ်ရသင့်သလောက်မရသေးသော ဈေးကွက်အစိတ်အပိုင်းကို ငွေကြေးဆိုင်ရာတွင် ပို၍လက်လှမ်းမီအောင် ဆောင်ရွက်ခြင်းသည် ကျေးလက်နေ အိမ်ထောင်စုတို့ထံသို့ စီးပွားရေးအခွင့်အလမ်းတို့ကို ပို၍ တိုးချဲ့ပေးခြင်းပင်ဖြစ်ရုံသာမက မြန်မာ့စီးပွားရေးနယ်ပယ်တွင် စီးပွားရေးရောလူမှုရေးပါ ပို၍အကျိုးကျေးဇူးရှိစေခြင်းလည်းဖြစ်သည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံရှိအရွယ် ရောက်ပြီးသူ ၃၃သန်း၏ ၈၃%မှာ ဘဏ်စာရင်းမရှိကြပေ။ အကြွေးသည် GDP၏ ၅%ရှိပြီး စုငွေမှာ ၁၃%သာ ရှိနေသည်။[59] ယင်းကို ကမ္ဘောဒီးယား (၃၄% နှင့် ၄၀%) လာအိုပြည်သူ့သမ္မတနိုင်ငံ (၂၅%နှင့် ၃၁%)တို့နှင့် ယှဉ်ကြည့်နိုင်သည်။

LIFTသည် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုအတွက် သိသိသာသာ ရင်းနှီးမြှုပ်နှံခဲ့သည်။ ၂၀၁၃ခုနှစ်တွင် ယင်းအတွက် သီးသန့်လုပ်ကွက်တစ်ခုကို ဖွင့်လှစ်ခဲ့သည်။ ၂၀၁၄ခုနှစ်တွင် LIFTသည် အသေးစားငွေကြေးဝန်ဆောင်သူတို့ထံသို့ အထောက်အပံ့များပေးအပ်ကာ အတိုးနှုန်းသက်သာသောချေးငွေများကို ကျေးလက် အိမ်ထောင်စုတို့က လက်လှမ်းမီစေမည့် အသေးစားငွေကြေးဆိုင်ရာလုပ်ထုံးလုပ်နည်းမူဘောင်တစ်ရပ် ဖြစ်ထွန်းစေရန်အထောက် အကူပြုခဲ့သည်။(မူဝါဒဖြစ်ထွန်းမှုများကို အခန်း၅တွင် ကြည့်ပါ။)

၂၀၁၄ခုနှစ် နှစ်ကုန်တွင် LIFTသည် အသေးစားငွေကြေးအဖွဲ့အစည်း၁၅ခုသို့ ဖွဲ့စည်းမှုဆိုင်ရာအထောက်အပံ့တို့ကို ပေးခဲ့သည်။ ယင်းတို့သည် မြန်မာနိုင်ငံရှိ အသေးစားငွေချေးသူအားလုံး၏ ၆၀%ဖြစ်သော လူ၇၂၈၀၀၀ဦးတို့ကို ဝန်ဆောင်မှု ပေးနေကြသည်။[60] LIFTသည်လည်း အသေးစားချေးငွေရယူသူအားလုံး၏ ၁၈%ခန့် ဖြစ်သော လူ၂၁၆,၀၀၀တို့သို့ ချေးငွေများ ထုတ်ပေးထားသည်။ ဤငွေချေးသူများ၏ ၉၄%မှာ အမျိုးသမီးများဖြစ်ကြသည်။ [61]

၂၀၁၁ခုနှစ်တွင် အသေးစားငွေရေးကြေးရေးဥပဒေထွက်လာပြီးကတည်းက လိုင်စင်ရအသေးစားငွေကြေးအဖွဲ့အစည်းများ (MFI ရော MFOပါ)၏ ဦးရေမှာ၂၁၅ဖွဲ့ထိရှိလာသည်။[62] လိုင်စင်ရMFOတို့၏ ချေးငွေရယူသူဦးရေမှာ ၁.၂ သန်းခန့်နှင့် ချေးငွေစုစုပေါင်းမှာ ကန်ဒေါ်လာသန်း၁၅၀ကျော်နေပြီဖြစ်သော်လည်း၊ ဖွဲ့စည်းမှုအရရော ငွေကြေးအရရော ရေရှည်တည်တံ့နိုင်သော MFOမှာ မြန်မာနိုင်ငံတွင် PACTကမ္ဘာလုံးဆိုင်ရာအသေးစားငွေကြေး (PGMF) တစ်ဖွဲ့သာ ရှိသည်။ PGMFသည် လက်ရှိငွေချေးထားသူ၏ လေးပုံသုံးပုံနီးပါးကို ဝန်ဆောင်မှုပေးနေသည်။ LIFT၏ လုပ်ဖော်ကိုင်ဖက်တို့၏ လုပ်ငန်းဆောင်ရွက်မှုကို ဇယား (၄.၁)တွင် ဖော်ပြထားသည်။

---

59 ကမ္ဘာ့ဘဏ် ၂၀၁၃

60 မြန်မာနိုင်ငံဗဟိုဘဏ်၏ထုတ်ပြန်ချက်အရ အသေးစားငွေကြေးလုပ်ငန်း ၂၁၅ဖွဲ့(INGO၇ဖွဲ့၊ LNGO၇၇ဖွဲ့၊ သမဂ္ဂ၇သင်း၊ နိုင်ငံခြားကုမ္ပဏီ၁၄ခု၊ ပြည်တွင်းကုမ္ပဏီ၉၅ခု ၊ ဖက်စပ်၁ခု)တို့သည် လိုင်စင်ရပြီးဖြစ်သည်။အဖွဲ့ဝင် စုစုပေါင်း ၁.၂သန်းရှိ သည်။

61 LIFT၏ ၂၀၁၄ခုနှစ်ချေးငွေများကို နောက်ဆက်တွဲ၄တွင်တွေ့နိုင်သည်။

62 MFOသည် NGOများနှင့် ဆက်စပ်နေသော အသေးစားငွေကြေးလုပ်ငန်းများကို ခေါ်သည်။ MFIသည် ကုမ္ပဏီဥပဒေအရ ဆောင်ရွက်နေသော အသေးစားငွေကြေးလုပ်ငန်းများကို ခေါ်သည်။

*ဇယား ၄.၁။ ၂၀၁၄ခုနှစ်နှစ်ကုန်ရှိ LIFT၏အသေးစားငွေကြေးလုပ်ငန်း မိတ်ဖက်များနှင့်ဆောင်ရွက်မှုများ*

| စဉ် | LIFT အသေးစား ငွေကြေးလုပ်ငန်း မိတ်ဖက်များ | စုစုပေါင်း ငွေချေးသူ | အမျိုးသမီး % | စုငွေ (ကန်ဒေါ်လာ) | စုစုပေါင်းချေးငွေ (ကန်ဒေါ်လာ) | စုစုပေါင်းပိုင်ဆိုင်မှု (ကန်ဒေါ်လာ) |
|---|---|---|---|---|---|---|
| ၁ | PACT Global Microfinance | ၆၃၀,၃၉၈ | ၉၈% | ၃၇,၈၀၀,၆၉၂ | ၁၁၇,၆၇၄,၄၄၀ | ၁၆,၅၂၂,၈၀၂၁ |
| ၂ | Proximity Finance | ၃၆,၉၂၉ | ၃၇% | ၀ | ၆,၈၉၁,၈၃၄ | ၇,၄၃၅,၄၆၉ |
| ၃ | GRET/Chin Microfinance | ၁၀,၁၅၀ | ၉၈% | ၀ | ၁,၇၀၀,၀၀၀ | ၂,၀၇၅,၀၈၇ |
| ၄ | GRET/Dry Zone | ၁,၂၈၉ | ၈၇% | ၀ | ၁၆၁,၅၆၉ | ၂၄၅,၂၀၉ |
| ၅ | BASIX | ၆၂၈ | ၈၃% | ၈,၆၁၂ | ၆၁,၁၉၀ | ၁၇၁,၆၄၈ |
| ၆ | ASA | ၆,၂၉၅ | ၅၁% | ၁၈,၈၈၅ | ၃၆၇,၉၃၃ | ၆၀၅,၂၂၀ |
| ၇ | ACCU | ၅,၁၆၀ | ၅၁% | ၄၉,၈၂၈ | ၆၉,၉၃၄ | ၉၁,၇၉၆ |
| ၈ | ArYone Oo (AYO) | ၅,၂၅၄ | ၉၉% | ၈၃,၁၆၅ | ၅၃၆,၂၁၈ | ၆၁၉,၁၂၅ |
| ၉ | Ratana Metta (RMO) | ၅,၃၆၀ | ၉၉% | ၉၅,၇၀၀ | ၅၄၈,၈၇၇ | ၅၈၆,၉၇၄ |
| ၁၀ | ECLOF | ၆,၇၈၃ | ၉၉% | ၁၁၃,၇၄၈ | ၅၉၃,၇၁၃ | ၆၃၂,၅၀၉ |
| ၁၁ | Border Development Association (BDA) | ၅,၅၂၅ | ၉၉% | ၁၁၁,၆၀၄ | ၅၃၈,၈၉၇ | ၆၀၆,၉၃၉ |
| ၁၂ | Social Vision Service | ၄,၁၃၅ | ၉၈% | ၃၁,၉၃၂ | ၃၁၀,၁၀၁ | ၃၄၇,၉၇၀ |
| ၁၃ | Myanmar Heart Development Organisation | ၄,၇၀၉ | ၉၇% | ၃၉,၄၁၄ | ၃၆၄,၂၃၉ | ၄၃၂,၀၀၃ |
| ၁၄ | Wun Lark | ၁,၅၂၅ | ၉၈% | ၄,၁၁၄ | ၆၀,၇၇၇ | ၈၀၀,၀၀၀ |
| ၁၅ | The SUN Institute | ၁,၂၂၀ | ၉၈% | ၁,၉၆၅ | ၂၁,၅၃၂ | ၄၈,၄၆၉ |
| ၁၆ | YMCA | ၂,၇၁၅ | ၉၉% | ၁၄,၁၂၂ | ၃၀၀,၅၄၄ | ၃၃၅,၇၆၄ |
| စုစုပေါင်း | | **၇၂၈,၀၇၅** | **၉၄%** | **၃၈,၃၇၃,၇၈၁** | **၁၃၀,၂၀၁,၇၉၈** | **၁၇၉,၅၅၂,၃၄၂** |

## ၁။ လုပ်ဖော်ကိုင်ဖက်တို့၏ လုပ်ငန်းဆောင်ရွက်မှု

### PACT Global Microfinance (PGMF)

ယခုအခါ PGMFဟူသောအမည်ဖြင့် အလုပ်လုပ်နေသောPACTသည် အသေးစားစီးပွားရေးချေးငွေ၊ စိုက်ပျိုးရေး ချေးငွေ၊ လူမှုရေးချေးငွေ၊ အကျိုးခံစားသူ ရန်ပုံငွေစသည့် ဝန်ဆောင်မှုတို့ကို ၁၉၉၇ခုနှစ်ကတည်းက ပေးအပ်နေ သည်။ အသေးစားငွေရေးကြေးရေးဥပဒေ ထွက်လာပြီးနောက်တွင် ယင်း၏လစဉ် အတိုးနှုန်းကို ပုံသေ၃%မှ (ချေးငွေလက်ကျန်အရတွက်ချက်သော)၂.၅%သို့ လျှော့ချလိုက်သည်။ ယင်းသည် လူ၅ဦးပါအုပ်စု၏ အာမခံချက်ဖြင့်ငွေထုတ်ချေးသည်။ (အများစုမှာအမျိုးသမီးများဖြစ်သည်)။ PGMFသည် လူမှုရေးအကျိုးခံစားခွင့်ငွေ ကျပ်၅၀၀၀၀ (ကန်ဒေါ်လာ၄၇)ကိုလည်း ထုတ်ပေးသည်။ ငွေချေးသူကွယ်လွန်ပါက သို့မဟုတ် သဘာဝဘေးကြောင့် စီးပွားရေးဆုံးရှုံးပါက အကြွေးလက်ကျန်များကို လျှော်ပစ်ပေးသည်။

LIFTသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ ရှမ်းပြည်နယ်တို့ရှိ PGMF၏ အသေးစားငွေကြေးလုပ်ငန်း တို့ကို ၂၀၁၀ခုနှစ်ကတည်းက ငွေကြေး ထောက်ပံ့လျက်ရှိရာ စီမံချက်နှစ်ခုမှာ ၂၀၁၄ ဇွန်လတွင် ပြီးစီးခဲ့သည်_

1. **PGMF တစ်နိုင်ငံလုံး အသေးစားငွေကြေးစီမံချက်။** အပူပိုင်းဇုန်ရှိ၁၀မြို့နယ်မှ ကျေးရွာ၅၀၇ရွာနှင့် ရှမ်းပြည်နယ်၄ မြို့နယ်တို့မှ အဖွဲ့ဝင် ၆၃၄၀၀ ဦးကို ဝန်ဆောင်ပေးနေသည်။ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အလို့ငှာ ချေးငွေ တစ်ပတ်လည်တိုင်း ချေးငွေပမာဏကို တိုး၍ပေးခဲ့ရာ အသေးစားစီးပွားရေးချေးငွေကို ၂၀၁၁ခုနှစ်တွင် ကျပ်၈၀,၀၀၀သာ ထုတ်ချေးပေးခဲ့ရာမှ ၂၀၁၄ခုနှစ်တွင် ကျပ်၂၄၀,၀၀၀ (ကန်ဒေါ်လာ၇၆မှ ၂၂၈)ထိ လည်းကောင်း၊ စိုက်ပျိုးရေးချေးငွေကို ကျပ်၂၄၀,၀၀၀မှ ကျပ်၄၀၀,၀၀၀ (ကန်ဒေါ်လာ၂၂၈မှ ၃၈၀)ထိ လည်းကောင်း အသီးသီး တိုးမြှင့်ထုတ်ချေးပေးခဲ့သည်။
2. **PGMF ဖျာပုံအသေးစားငွေကြေးစီမံချက်။** ကျေးရွာ၃၂ရွာမှ အဖွဲ့ဝင် ၃၃၄၂ဦးထံသို့ စီမံချက်က ထောက်ပံ့ခဲ့သည်။ ချေးငွေကိုလည်း တိုး၍ထုတ်ပေးခဲ့ရာ အသေးစားစီးပွားရေးချေငွေမှာ ကျပ်၈၀,၀၀၀မှ ကျပ်၂၀၀,၀၀၀ (ကန်ဒေါ်လာ၇၆မှ ၁၉၀)ထိလည်းကောင်း၊ စိုက်ပျိုးရေးချေးငွေကို ကျပ်၁၆၀,၀၀၀မှကျပ် ၃၀၀,၀၀၀ (ကန်ဒေါ်လာ၁၅၂မှ ၂၈၅)ထိလည်းကောင်း အသီးသီးတိုး၍ထုတ်ပေးခဲ့သည်။ စီမံချက် ပိတ်သိမ်းသောအခါ ရုံးခွဲများသည် ယင်းတို့ဘာသာ ဆက်လက်လည်ပတ်နေနိုင်ပြီး PGMFသည် စီမံချက်၏ အဖွဲ့ဝင်များကို ဆက်လက်ဝန်ဆောင်ပေးနေသည်။

၂၀၁၄ခုနှစ်တွင် PGMFသည် UNDP၏ အသေးစားငွေကြေးအစီအစဉ်ကို လက်ခံရရှိခဲ့သည်။ လုပ်ငန်းမှာလည်း ၂၀၁၃ခုနှစ် နှစ်ကုန်တွင် အဖွဲ့ဝင် ၁၈၄၂၅၇ဦးရှိခဲ့ရာမှ ၂၀၁၄ခုနှစ်နှစ်ကုန်တွင် ၆၃၀၃၉၈ဦးထိ တိုးလာသည်။ မြို့နယ်၅၀မှ ကျေးရွာ ၈၃၁၆ရွာကို လွှမ်းခြုံထားနိုင်ပြီး လုပ်ငန်းဆိုင်ရာ ရပ်တည်နိုင်မှုနှုန်း ၁၇၃%နှင့် ငွေကြေး ဆိုင်ရာရပ်တည်နိုင်မှုနှုန်းမှာ ၁၀၅%ထိရှိသည်။[63] တစ်နည်းဆိုရသော် ဝင်ငွေသည် ဌာန၏ စရိတ်အားလုံး (လုပ်ငန်းစရိတ်၊ ငွေကြေးစရိတ်၊ ငွေဖောင်းပွမှုနှုန်းအပါအဝင်)ကို ကျခံနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ PGMF၏ ဆုံးရှုံးနိုင်မှုနှုန်းမှာ ဝ%ဖြစ်သည်။ အဖွဲ့ဝင်တိုင်းသည် ချေးငွေဆပ်ရမည့်ရက်မှ ရက်၃၀အတွင်းတွင် အတိုးရော အရင်းပါပြန်ဆပ်နေကြသည်ဟု ဆိုလိုသည်။

LIFTသည်အခြားဒေသခံအသေးစားငွေကြေးအဖွဲ့အစည်း၉ခုသို့လည်းPGMF၏စီမံချက်ဖြစ်သောကျေးလက်ချေးငွေသို့လက်လှမ်းမီမှု(MARC) မှတစ်ဆင့် ငွေကြေးထုတ်ပေးနေသည်။ အသေးစိတ်ကို အောက်ပါMARC အကြောင်းတွင်ကြည့်ပါ။

**Proximity Finance (under Proximity Designs)**

Proximity ငွေကြေးအဖွဲ့သည် ၂၀၁၂ခုနှစ်ကတည်းက မြစ်ဝကျွန်းပေါ်ဒေသ အပူပိုင်းဇုန်၊ ရန်ကုန်တိုင်းတို့တွင် စိုက်ပျိုးရေးချေးငွေများကို ထုတ်ပေးခဲ့သည်။ အဖွဲ့ဝင် ၃၆၉၂၉ဦး ချေးငွေ ကန်ဒေါ်လာ ၆.၈သန်းထိ ရှိခဲ့ပြီး လုပ်ငန်းဆိုင်ရာရပ်တည်နိုင်မှုနှုန်း ၉၉.၈%ထိ ရခဲ့သည်။ သို့သော် Proximity Finance၏ လုပ်ငန်းစရိတ်မှာ ပိုင်ဆိုင်မှုစုစုပေါင်း၏ ၂၀%အချိုး ရှိသဖြင့် လုပ်ငန်းစရိတ်ကြီးလွန်းသည်။ Proximity Finance သည်၎င်း၏ စီမံချက်ရွာများမှ လယ်သမားအားလုံးကို တစ်ဦးချင်းချေးငွေများထုတ်ချေးသည်။ PGMF တွင်မူ ချေးငွေရရှိရန်အတွက် အာမခံနိုင်စေမည့် ၅ယောက်အုပ်စုအဖွဲ့ဖွဲ့ရသည်။

**GRET/ချင်းအသေးစားငွေကြေးအဖွဲ့(ချင်းMFI)**

LIFT သည် GRETကို လက်ကားချေးငွေစီမံချက်အတွက် ရန်ပုံငွေထုတ်ပေးသည်။ ဤစီမံချက်သည် ကိုယ်ထူကိုယ်ထအုပ်စုများကို ဖွဲ့စည်းမှုဆိုင်ရာစီစစ်အကဲဖြတ်ပြီး ချင်းပြည်နယ်မြောက်ပိုင်း ၄မြို့နယ်မှ အိမ်ထောင်စု ၇၁၈စုပါဝင်သော အုပ်စု၄၃ခုကို ရွေးချယ်ခဲ့သည်။ ယင်းအုပ်စု တစ်ခုလျှင် အုပ်စုချေးငွေ ကျပ်၁သန်းမှ အများဆုံး ကျပ်၂သန်း (ကန်ဒေါ်လာ ၉၅၂မှ ၁၉၀၄)ထိ ထုတ်ပေးသည်။

စီမံချက်ပြီးဆုံးသောအခါ GRETသည် လက်ကားချေးငွေစီမံခန့်ခွဲမှုကို ချင်းMFIသို့လွှဲပြောင်းပေးခဲ့သည်။ GRETသည် ချင်းMFIကို ၁၉၉၇ခုနှစ်ကတည်းက ထောက်ပံ့လာခဲ့ရာ ချင်းပြည်နယ်တွင် အသေးစားငွေကြေးလုပ်ငန်းကို တစ်ဦးတည်းဆောင်ရွက်နေဆဲဖြစ်သည်။ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် လက်ကားချေးငွေများကို ထုတ်ပေးလျက်ရှိသည်။ ချင်းMFI၏ ချေးငွေ၏၅%ဖြစ်သော လက်ကားချေးငွေ အတွက် LIFTက ငွေကြေးထုတ်ပေးထားသည်။

*ဇယား ၄.၂။ PGMF, Proximity Finance နှင့် ချင်း MFI တို့၏လုပ်ငန်းဆောင်ရွက်မှု သုံးသပ်ချက်*

| | ငွေကြေးဆိုင်ရာ ရပ်တည်နိုင်မှု | လုပ်ငန်းဆိုင်ရာ ရပ်တည်နိုင်မှု | စွန့်စားနိုင်ချေ (ရက် ၃၀ အထက်) | ပိုင်ဆိုင်မှုအပေါ် အမြတ် | ငွေရင်းလုံ လောက်မှု အချိုး | ထုတ်ချေးငွေ/ ပိုင်ဆိုင်မှု စုစုပေါင်း | လုပ်ငန်းစရိတ်/ ပိုင်ဆိုင်မှု စုစုပေါင်း |
|---|---|---|---|---|---|---|---|
| PGMF | ၁၀၅% | ၁၇၃% | ၀ | ၉% | ၄၄% | ၇၁% | ၉% |
| Proximity Finance | ၈၇% | ၉၉.၈၀% | ၂.၃%* | ၁% | ၄၇% | ၉၃% | ၂၀% |
| Chin MFI | ၁၀၄% | ၁၄၆% | ၀ | ၂၄% | ၁၀၀% | ၈၂% | ၁၆% |

* ၎င်းသည် မြစ်ဝကျွန်းပေါ်ဒေသတွင် ငွေပြန်ပေးဆပ်မှုနောက်ကျသော ကြောင့်ဖြစ်သည်။ Proximity Finance သည် မြစ်ဝကျွန်းပေါ်ဒေသတွင် စွန့်စားရနိုင်ချေကို ရာခိုင်နှုန်းကို ၁.၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်အတွက် ကွင်းဆင်းကြီးကြပ်မှု အကြိမ်အရေအတွက်ကို တိုးမြှင့်ခဲ့သည်။

## မိတ်ဖက်ဆောင်ရွက်မှုသုံးသပ်ချက်များမှ ဖွင့်ဆိုချက်များ

**ငွေကြေးဆိုင်ရာရပ်တည်နိုင်မှု။ လုပ်ငန်းဝင်ငွေနှင့် စုစုပေါင်းအသုံးစရိတ်ဖြစ်သည်။** အကယ်၍ ငွေကြေးဆိုင်ရာရပ်တည်နိုင်မှု ၁၀၀% ထက်နည်းပါက MFI သည် ငွေရေးကြေးရေးအရ မအောင်မြင်သေးပေ။ ယင်းတွင် ကုန်ကျစရိတ်နှင့် ငွေဖောင်းပွနှုန်းတို့ပါဝင်ပြီး MFI ၏ စီးပွားရေးအရရပ်တည်နိုင်မှု (အဓိကအားဖြင့် MFI ၏ကုန်ကျစရိတ်ကို ကာမိစေမည့် အတိုးရရှိမှု) ကိုတိုင်းတာသည်။

**လုပ်ငန်းဆိုင်ရာ ရပ်တည်နိုင်မှု။** လုပ်ငန်းခွင်တွင် စုစုပေါင်းအသုံးစရိတ်အချိုးဖြစ်သည်။ ယင်းတွင် ငွေကြေးဆိုင်ရာ စရိတ်နှင့် ငွေဖောင်းပွမှုများ မပါဝင်ပါ။

**စုငွေအတိုးနှုန်း။** မြန်မာနိုင်ငံတွင် MFI များသည် စုငွေကို ၁၅% နှုန်းအတိုးပေးရသည်။ ထို့ကြောင့် ဤအညွှန်းသည် ၁၅%ပတ်ဝန်းကျင် တွင်ရှိရမည်။

**ငွေရင်းလုံလောက်မှုအချိုး။** အရင်းအနှီးစုစုပေါင်းနှင့် ပိုင်ဆိုင်မှုစုစုပေါင်းအချိုးဖြစ်သည်။ လုပ်ငန်းစရိတ်/ပိုင်ဆိုင်မှု စုစုပေါင်း။ စီမံခန့်ခွဲမှု စရိတ်ကို တိုင်းတာမှုအချိုးဖြစ်သည်။ MFI တစ်ခု၏ လုပ်ငန်းစွမ်းဆောင်ရည်ကို စစ်ဆေးသော အညွှန်းဖြစ်သည်။

**လုပ်ငန်းစရိတ်/ပိုင်ဆိုင်မှုစုစုပေါင်း။** ချေးငွေရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ဆက်စပ်လျက်ရှိသော ကုန်ကျစရိတ်များကို တိုင်းတာသည့် အချိုးဖြစ်သည်။ ယင်းအညွှန်းကို MFI ၏ လုပ်ငန်းဆောင်ရွက်မှု စွမ်းဆောင်ရည်ကို အကဲဖြတ်ရာတွင် အသုံးပြုသည်။

63 နှစ်စဉ်ငွေဖောင်းပွနှုန်း ၈%ဖြင့်တွက်ချက်ထားသည်။

**PGMF ၏စီမံချက်**

PGMFသည် MARC စီမံချက်အရ ဒေသခံအသေးစားငွေကြေးအဖွဲ့(MFO)[64]၏ ဖွဲ့စည်းမှုဆိုင်ရာစွမ်းရည်ကို တည်ဆောက်ပေးနေသည်။ ၂၀၁၂ခုနှစ်မှစ၍ MFO၉ဖွဲ့သည် လုပ်ငန်းဆိုင်ရာသင်တန်းများကို တက်ခဲ့ပြီးနောက်တွင် ချေးငွေများကို ဝမ်းစာဖူလုံသောလယ်သမားများ၊ လုပ်ကွက်ငယ်လယ်သမားများ၊ မြေငှားရသောမြေယာမဲ့များတို့ကို ထုတ်ချေးပေးနေသည်။ ယင်းMFO၉ဖွဲ့သည် ကျေးလက်နေအိမ်ထောင်စု ၃၇၂၆စုသို့ ချေးငွေစုစုပေါင်း ကန်ဒေါ်လာ၇.၆သန်းကို ထုတ်ပေးနိုင်ခဲ့သည်။ ယင်းချေးငွေ၏ ၅၃%မှာ သီးနှံချေးငွေများဖြစ်ပြီး၊ ၄၇%မှာ လယ်ယာနှင့်မသက်ဆိုင်သော ချေးငွေများ ဖြစ်သည်။ ဆောင်းသီးနှံစိုက်ပျိုးရန်အတွက်ချေးငွေထုတ်ပေးရန် တောင်းခံမှုအရ ဆောင်းသီးနှံ ၃၂မျိုးအတွက် ချေးငွေများကိုလည်း ထုတ်ချေးခဲ့သည်။ ယင်းချေးငွေတို့သည် စပါးမှအပ အခြားသီးနှံများအတွက် MADBကထုတ်ပေးသော ချေးငွေ၏ပမာဏ နည်းပါးသည်ကို ကာမိစေသည်။

၎င်းMFOတို့သည် အခြားMFIတို့ လုပ်ငန်းဆောင်ရွက်ခြင်းမရှိသော အပူပိုင်းဇုန်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ဒေသရှိ မြို့နယ်များတွင် လုပ်ငန်းဆောင်ရွက်နေကြပြီး ရုံးခွဲများကိုလည်း ဖွင့်လှစ်ထားကြသည်။

၂၀၁၃ခုနှစ်တွင် ထူထောင်ခဲ့သော AYO, RMO, ECLOF, BDAဟူသော MFOတို့သည် ယခုအခါ မိမိဘာသာ ရပ်တည်နိုင်ကာ လုပ်ငန်းဆောင်ရွက်နေကြပြီဖြစ်သည်။ လုပ်ငန်းကုန်ကျစရိတ်နှုန်းမှာလည်း နည်းသည်။ ကျန်၅ဖွဲ့မှာ လုပ်ငန်းဆောင်ရွက်မှု တစ်နှစ်အောက်တွင်သာရှိနေပြီး လုပ်ငန်းဆိုင်ရာရပ်တည်နိုင်ခြင်းမရှိသေးပါ။ MFOတိုင်းသည် ၂၀၁၅ခုနှစ်လယ်တွင် အဖွဲ့ဝင် ၅၀၀၀ရရှိရန် ရည်မှန်းချက်ချမှတ်ထားကြရာ AYO၊ RMO၊ ECLOF၊ BDA ၄ဖွဲ့မှာယင်းရည်မှန်းချက်သို့ ရောက်ကြပြီးဖြစ်သည်။ MFOအဖွဲ့အားလုံး၏ ဆုံးရှုံးနိုင်မှုနှုန်းမှာ ၀% ဖြစ်သည်။

**UNCDF MicroLead Partners**

အသေးစားငွေကြေးဝန်ဆောင်မှုများ စုံလင်စေရန် UNCDF Microlead အစီအစဉ်သည် ဒေသအတွင်းမှ အသေးစားငွေကြေးလုပ်ငန်း ဈေးကွက်ခေါင်းဆောင်၃ဖွဲ့ကိုမြန်မာနိုင်ငံတွင်လုပ်ငန်းဆောင်ရွက်ရန် ခေါ်ဆောင်လာခဲ့သည်။ အိန္ဒိယမှBASIX၊ ဘင်္ဂလားဒေ့ရှ်မှ ASA၊ ACCUတို့သည် ငွေစုဆောင်းမှုကဦးဆောင်သော အသေးစားချေးငွေ ပုံစံကို မိတ်ဆက်ပေးခဲ့သည်။ ဝင်ငွေနည်းသူတို့ ငွေစုဆောင်းနိုင်မည့် အခွင့်အရေးကို ရရှိစေရန်အတွက် ချေးငွေနှင့်အတူ ပြောင်းလွယ်ပြင်လွယ်ရှိသော လုံခြုံစိတ်ချရသည့် အစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေသည်။

64 MFOသည် အသင်းအဖွဲ့များမှတ်ပုံတင်ရေး ဥပဒေအရ ဖွဲ့စည်းထားသဖြင့် အပေါင်ခံကာ ငွေမချေးနိုင်ပါ။ MFIသည် ကုမ္ပဏီ ဥပဒေအရ လိုင်စင်ရထားခြင်းဖြစ်သည်။ LIFTသည် ASA နှင့်BASIX ဟူသော MFIနှစ်ခုကို ထောက်ပံ့နေသည်။



*ဇယား၄.၃။ MARC MFO တို့၏ လုပ်ငန်းဆောင်ရွက်မှု သုံးသပ်ချက်*

| | ငွေကြေးဆိုင်ရာ ရပ်တည်နိုင်မှု | လုပ်ငန်း ဆိုင်ရာ ရပ်တည်နိုင်မှု | စုငွေ အတိုးနှုန်း | စုဆောင်း ငွေ စုစုပေါင်း/ ပိုင်ဆိုင်မှု စုစုပေါင်း | ပိုင်ဆိုင်မှု အပေါ် အမြတ် | ငွေရင်း လုံလောက်မှု အချိုး | ထုတ်ချေးငွေ/ ပိုင်ဆိုင်မှု စုစုပေါင်း | လုပ်ငန်းစရိတ်/ ပိုင်ဆိုင်မှု စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| AYO | ၈၇% | ၁၅၂% | ၁၄% | ၂၃% | ၉% | ၄၄% | ၇၁% | ၉% |
| RMO | ၈၅% | ၁၄၆% | ၁၃% | ၁၃% | ၁၁% | ၆၀% | ၈၇% | ၁၃% |
| ECLOF | ၈၈% | ၁၅၀% | ၁၄% | ၁၆% | ၁၀% | ၆၄% | ၉၄% | ၂% |
| BDA | ၈၃% | ၁၃၉% | ၁၄% | ၁၈% | ၁၁% | ၆၁% | ၉၄% | ၂% |
| SVS | ၃၃% | ၄၇% | ၁၄% | ၁၈% | ၉% | ၆၁% | ၈၉% | ၃% |
| MHDO | ၄၀% | ၅၇% | ၃% | ၉% | -၂% | ၈၂% | ၈၉% | ၃% |
| Wun Lark | ၃% | ၃% | ၉% | ၉% | -၂% | ၇၈% | ၈၄% | ၃% |
| SUN Inst. | ၂% | ၂% | ၁% | ၅% | -၁၄% | ၇၇% | ၇၆% | ၅% |
| YMCA | ၂၀% | ၃၀% | ၀% | ၄% | -၁၄% | ၇၄% | ၄၄% | ၇% |

ACCUသည် မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးတိုင်းတို့တွင် ၂၀၁၄ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ကျေးရွာငွေချေးသမဝါယမများကို စည်းရုံးလှုံ့ဆော်ခဲ့သည်။ ရလဒ်မှာ ငွေချေးသမဝါယမ၁၇သင်း ဖွဲ့စည်းနိုင်ခြင်းဖြစ်သည်။ ပျမ်းမျှစု ဆောင်းငွေမှာ အသင်းသားတစ်ဦးလျှင် တစ်လကန်ဒေါ်လာ၁၀ခန့်ဖြစ်သည်။ အသင်းများကို ငွေကြေးချို့တဲ့နွမ်းပါးသော အိမ်ထောင်စုဝင်များဖြင့်သာ ဖွဲ့စည်းထားသည်။ ထို့ကြောင့် ငွေချေးနိုင်ရန်အတွက် ငွေရင်းကို စုဆောင်းရသည်မှာ အခက်အခဲတစ်ခုပင်ဖြစ်သည်။ စုငွေပိုမိုရရှိနိုင်ရန် ရပ်ရွာမှ အခြားသူများသို့လည်း ဖွင့်ပေးသင့်သည်ဟု LIFTက အကြံပြုထားသည်။

ASAသည် ရန်ကုန်တိုင်းအတွင်းရှိ ၁ဂမြို့နယ်မှ မြို့ပြနေ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများသို့ ဦးတည်သည်။ အဖွဲ့ဝင် ၃၇၁၇ဦးသို့ ပျမ်းမျှ ချေးငွေ ကန်ဒေါ်လာ၉၉ခန့်စီ ထုတ်ပေးခဲ့သည်။ ယင်းတို့က ချေးငွေကို နေ့စဉ် ဝင်ငွေရရှိမည့် (မုန့်လုပ်ခြင်း၊ ဆိုက်ကားနင်းခြင်း၊ စားသောက်ဆိုင်ငယ်၊ ကုန်စုံဆိုင်ငယ်များဖွင့်ခြင်း စသည့်) စီးပွား ရေးလုပ်ငန်းငယ်များတွင် ရင်းနှီးမြှုပ်နှံကြသည်။ လုပ်ငန်းဆောင်ရွက်ချိန် ၄လအတွင်းတွင် စုစုပေါင်း ဝင်ငွေသည် လုပ်ငန်းဆောင်ရွက်သည့်စရိတ်အတွက်ပင် မလုံလောက်သေးဘဲ လုပ်ငန်းဆိုင်ရာတွင်ရော ငွေကြေးဆိုင်ရာတွင်ပါ ရပ်တည်နိုင်မှုမှာ နိမ့်နေဆဲဖြစ်သည်။

BAXISသည် မန္တလေးတိုင်းအတွင်းရှိ ကမ္ဘာလှည့်ခရီးသည် လာရောက်သော၅မြို့နယ်ရှိ မြို့ပြလုပ်ငန်းရှင်များကို ဦးတည်သည်။ ၂၀၁၄ခုနှစ် ဩဂုတ်လတွင် ချေးငွေများကိုစတင်ထုတ်ပေးရာ အဖွဲ့ဝင် ၆၂၈ဦးသို့ ချေးငွေကျပ် ၈၀,၀၀၀မှ ကျပ်၃၀၀,၀၀၀(ကန်ဒေါ်လာ ၇၆မှ ၂၈၅)ထိ ထုတ်ပေးခဲ့သည်။ ငွေချေးသူ ၆၀%က ချေးငွေကို ရက်ကန်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံကြပြီး ကျန်သူတို့မှာ ပန်းချီကားများ ဘာသာရေးဆိုင်ရာရုပ်တုများကို ရောင်းချခြင်း၊ စားသောက်ဆိုင်ငယ်များဖွင့်လှစ်ခြင်း စသည်တို့တွင် ရင်းနှီးမြှုပ်နှံကြသည်။ လုပ်ငန်းဆောင်ရွက်သော ၄လအတွင်းရရှိသည့် ဝင်ငွေမှာလုပ်ငန်းစရိတ်အတွက်ပင် မလုံလောက်သေးပေ။

**PGMF၏ မြစ်ဝကျွန်းပေါ် (၂)အသေးစားငွေကြေးစီမံချက်**

ဤစီမံချက်မှာ LIFT၏ ကျန်လုပ်ဖော်ကိုင်ဖက်များက မြစ်ဝကျွန်းပေါ်ဒေသတွင် ဆောင်ရွက်နေသော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာလုပ်ဆောင်ချက်များကို အသေးစားငွေကြေးလုပ်ငန်းဖြင့် အထောက်အကူပြုပေးရန် ရည် ရွယ်သည်။ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာမြို့နယ်တို့ရှိကျေးရွာ ၃၅၃ရွာကို လွှမ်းခြုံမှုရှိပြီး ၇၂%သော ကျေးရွာတို့ကို LIFT၏ လုပ်ဖော်ကိုင်ဖက်များက ဝန်ဆောင်မှုပေးနေကြသည်။

*ဇယား ၄.၆။ Microlead Partners လုပ်ငန်းဆောင်ရွက်မှု သုံးသပ်ချက်*

| | ငွေကြေးဆိုင်ရာ ရပ်တည်နိုင်မှု | လုပ်ငန်းဆိုင် ရာ ရပ်တည်နိုင်မှု | စုငွေ အတိုးနှုန်း | စုဆောင်းငွေ စုစုပေါင်း/ ပိုင်ဆိုင်မှု စုစုပေါင်း | ပိုင်ဆိုင်မှု အပေါ် အမြတ် | ငွေရင်း လုံလောက်မှု အချိုး | ထုတ်ချေးငွေ / ပိုင်ဆိုင်မှု စုစုပေါင်း | လုပ်ငန်းစရိတ်/ ပိုင်ဆိုင်မှု စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ACCU | ၁၈၉% | ၂၂၁% | ၀% | ၅၄% | ၂% | ၄၇% | ၇၆% | ၂% |
| ASA | ၃.၂၀% | ၃.၃၀% | ၁% | ၃% | -၉% | ၈၇% | ၆၁% | ၄၃% |
| BAXIS | ၀.၅၉% | ၁၀.၁၀% | ၃% | ၅% | -၁၁၄% | ၉၅% | ၃၆% | ၁၉% |

**LIFT၏ လုပ်ဖော်ကိုင်ဖက်များ၏ လုပ်ငန်းဆောင်ရွက်ချက်ကိုခြုံငုံသုံးသပ်ချက်**

- LIFT၏ အသေးစားငွေကြေးဆိုင်ရာလုပ်ဖော်ကိုင်ဖက် အားလုံးနီးပါး၏ ကြွေးကျန်အချိုးမှာသုညဖြစ်သည်။ ငွေချေးသူအားလုံးသည် အရင်းရောအတိုးပါ ရက်၃၀ အတွင်း ပြန်ဆပ်သည်ဟု ဆိုလိုသည်။
- လက်ရှိတရားဥပဒေကန့်သတ်ချက်တို့အရ စုငွေရရှိရေးစည်းရုံးရန်မှာ လုပ်ဖော်ကိုင်ဖက်များအတွက် စိန်ခေါ်မှုပင်ဖြစ်နေသည်။ စုစုပေါင်းပိုင်ဆိုင်မှုတွင် စုငွေ၏အချိုးမှာနိမ့်သည်။ MFI အားလုံးတွင်ပင် ၂၅% အောက်တွင်ရှိနေသည်။ ဤသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းနှစ်ရပ်မှာ (၁)ဥပဒေအရ ငွေလည်ပတ်မှုအချိုးကို အနိမ့်ဆုံး ၃၀% ထားရှိရခြင်း[65](၂) စုငွေအတွက် အတိုးကို တစ်နှစ်လျှင်အနည်းဆုံး ၁၅% ပေးရခြင်းတို့ဖြစ်ကြသည်။
- တစ်နှစ်ကျော်လုပ်ငန်းဆောင်ရွက်ပြီးသော MFO/MFIတိုင်းသည် ပိုင်ဆိုင်မှုအပေါ်တွင် အမြတ်ရရှိနေကြပြီဖြစ်သည်။ အားလုံးတွင် ချေးငွေရယူသူ ၄၀၀၀ကျော် ရရှိနေပြီဖြစ်သည်။ အမြတ်များများရလာလေလေ ငွေကြေးဆိုင်ရာ ကိုယ်ပိုင်ရပ်တည်နိုင်မှုသို့ မြန်မြန်ရောက် လေလေ ဖြစ်မည်။

ဆက်လှမ်းမည့်ခြေလှမ်းများ။ LIFTငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်မှုဆိုင်ရာ နောက်ဆုံး မဟာဗျူဟာ

ယနေ့အထိ LIFTမဟာဗျူဟာသည် ကျယ်ပြန့်ပြီး သာတူညီမျှသော ကျေးလက်စီးပွားရေးတစ်ရပ်အတွက် မရှိမဖြစ်လိုအပ်သည့် အားလုံးပါဝင်စေသော ခိုင်မာတောင့်တင်းသည့် ကျေးလက်ငွေကြေးဈေးကွက်တစ်ရပ် ဖြစ်ထွန်းစေရန်အတွက် အသေးစားငွေကြေးလုပ်ငန်းကို ကြီးမားကျယ်ပြန့်လာစေရန်နှင့် တိုးချဲ့ရန်သာ ဦးတည်ချက်ထားရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် LIFTသည် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုဆိုင်ရာ မဟာဗျူဟာအသစ်တစ်ရပ်ကို ရေးဆွဲခဲ့သည်။ ယင်းတွင် အသေးစားငွေကြေးလုပ်ငန်း သာမက ကျေးလက်ငွေကြေးလုပ်ငန်းကို အထူးဦးစားပေးထားသည်။

## ငွေထုတ်ချေးလိုခြင်းထက် ငွေချေးယူလိုခြင်း၊ သီးနှံရာသီနှင့် အချိန်ကိုက်ခြင်းတို့ ဖြစ်သင့်သည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံအတွက်ချေးငွေကို အထူးတောင်းခံကြပြီး စိုက်ပျိုးရာသီအစတွင် ထုတ်ပေးကြသည်။ ချေးငွေပမာဏကို တိုးပေးရန် နှင့် ပြန်ဆပ်ရာတွင်လည်း သီးနှံပေါ်ချိန် ဈေးတက်ချိန်တို့နှင့် တစ်ပြေးညီ ဖြစ်စေရန်တောင်းခံချက်ကို PGMF နှင့် Proximity Design တို့က တုံ့ပြန်ဆောင်ရွက်ပေးခဲ့ကြသည်။

PGMFသည် ပုံမှန်ချေးငွေကို ကျပ်၁၂၀,၀၀၀မှကျပ်၂၀၀,၀၀၀ (ကန်ဒေါ်လာ၁၁၄မှ၁၉၀)အထိနှင့် စိုက်ပျိုးရေးချေးငွေကို ကျပ်၃၀၀,၀၀၀မှ ၄၀၀,၀၀၀(ကန်ဒေါ်လာ ၂၈၅-၃၈၀)ထိတိုးပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းမှာ စိုက်ပျိုးရေးရာသီနှစ်ခုကြားအချိန်တွင် ငွေမပြတ်အောင် စပါးလှောင်ငွေချေးစနစ်အပြင် ရေရှည်ချေးငွေကိုပါ ထုတ်ချေးပေးရန် LIFT၏ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော WHH၊ GRET၊ Mercy Corpsတို့က တောင်းခံလာခြင်းကို တုံ့ပြန်ဆောင်ရွက်ပေးခြင်း ပင်ဖြစ်သည်။ ထိုသို့ထုတ်ချေးပေးခြင်းဖြင့် ကြွေးဝန်ပိမည်ကိုလည်း စိုးရိမ်ဖွယ်ရှိသည် (အဖွဲ့ဝင်အများအပြားသည် PMGFထံမှ သာမက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကပါ ငွေချေးယူကြသည်)။

စိုက်ပျိုးရေးအသေးစားငွေကြေးလုပ်ငန်းသည် အခြားသောအသေးစားငွေကြေးလုပ်ငန်းတို့နှင့် မတူသည်မှာ ရာသီဥတုပြောင်းလဲခြင်း စသော သီးထွက်ကိုထိခိုက်စေမည့်ဘေးတို့နှင့်ပါ ချိတ်ဆက်နေခြင်းပင်ဖြစ်သည်။ စိုက်ပျိုးရေးအသေးချေးငွေအများ စုသည် ငွေပြန်ဆပ်ရမည့်အချိန်ကို ကောက်ရိတ်ချိန်နှင့် ကိုက်ညီအောင် စီစဉ်ထားကြသည်။ လယ်သမားများ သီးနှံ ရောင်းချကြရသဖြင့် ငွေပေါ်နေမည်ဟု မှတ်ယူထားကြသည်။ သို့သော်လည်း ဈေးကွက်အတွင်းသို့ သီးနှံအများအပြား တိုးဝင်လာခြင်းကြောင့် ထိုအချိန်သည် သီးနှံဈေးနှုန်းအကျဆုံးဖြစ်သည်။ ၂၀၁၃ခုနှစ်အထိ MFOများ၊ MFIများသည် ၅လမှ၆လ အထိဖြစ်သောရေတိုချေးငွေများကို ထုတ်ချေးခဲ့ကြသည်။

အသေးစားချေးငွေအဖွဲ့ဝင်များနှင့်တိုင်ပင်ပြီးနောက် Proximity Design သည် ရေရှည်စိုက်ပျိုးရေးချေးငွေ တစ်ရပ်ကို မိတ်ဆက်ပေးလိုက်သည်။ ၂၀၁၄ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်သမား၂၉၆၈၆ဦးသို့ ပျမ်းမျှ ကန်ဒေါ်လာ ၂၂၆ရှိသော စိုက်ပျိုးရေးချေးငွေကိုထုတ်ချေးပေးခဲ့သည်။ ငွေပြန်ဆပ်ရမည့် အချိန်ကို ၁၁လသတ်မှတ်ထားပြီး ၂လတစ်ကြိမ် အတိုးပေးသွင်းရမည်ဖြစ်သည်။ ရရှိသော တုံ့ပြန်မှုများမှ အောက်ပါတို့ကို အကြံပြုထားသည်_

- အဖွဲ့ဝင်တို့သည် စပါးပေါ်ချိန်တွင် ကျဈေးဖြင့် မရောင်းရတော့ခြင်း။
- ငွေလိုသလောက်အတွက်သာ စပါးရောင်းချပြီး ကျန်စပါးတို့ကို ဈေးတက်သည်အထိ သိမ်းထားနိုင်ခြင်း။
- လုပ်အားခပေးရန်ငွေရှိသဖြင့် သီးထပ်စိုက်ရန် အချိန်မီပြေပြင်နိုင်ခြင်း။
- သီးထပ်ရာသီကုန်ချိန်တွင် ချေးငွေများကို ပြန်ဆပ်နိုင်ခြင်း။

65 စုစုပေါင်းစုငွေနှင့် ငွေလက်ကျန်အချိုး (လက်ထဲရှိငွေ + ဘဏ်ရှိငွေ)

ဤမဟာဗျူဟာအသစ်အရ LIFTသည် ဈေးကွက်အစိတ်အပိုင်းအမျိုးမျိုးဖြစ်ကြသည့် စုငွေဝန်ဆောင်မှုများ၊ ချေးငွေလမ်းကြောင်းများ၊ ငှားရမ်းခြင်း၊ အချိန်ပိုင်းချေးငွေများ၊ ရာသီသီးနှံတို့အတွက် ချေးငွေများ (ပဲမျိုးစုံ၊ ဆီထွက် သီးနှံ)၊ တစ်ပေါင်းတည်းဆပ်ချေးငွေ၊ လယ်ယာသမဝါယမများတွင် ရင်းနှီးမြှုပ်နှံခြင်းစသည်တို့ကို ဝန်ဆောင်မှုပေးမည့် ဝယ်လိုအားကတွန်းအားပေးသည့် ငွေကြေးဝန်ဆောင်မှုအမျိုးမျိုးတို့ကို ထောက်ပံ့နိုင်စွမ်းရှိစေရန် နှင့် ရေရှည်တည်တံ့စေရန် ငွေကြေးအဖွဲ့အစည်းများဖြစ်သော MFI များ၊ ဘဏ်များ၊ သမဝါယမအသင်းများတို့ကို ထောက်ပံ့သွားပါမည်။ ဤအချက်ကို ဖြစ်ထွန်းစေရန်အတွက် LIFTသည် ၂၀၁၅ခုနှစ်အစောပိုင်းတွင် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေသည့် ဈေးကွက်ဖြစ်ထွန်းစေရန် အောက်ပါအတိုင်း ထောက်ပံ့ရမည်ဖြစ်သည်_

- ဆင်းရဲသူများအကျိုးကို ရှေးရှုသော လက်ရှိငွေကြေးဝန်ဆောင်မှုများကို တိုးချဲ့ခြင်း။ LIFTသည် အုပ်စုလိုက် ငွေချေးခြင်း၊ အမျိုးသမီးများကိုဦးစားပေးခြင်းဟူသော အခြေခံချေးငွေနည်းပညာကို တိုးချဲ့ရန်သာမက ရာသီသီးနှံနှင့် တစ်ပေါင်းတည်း ဆပ်ချေးငွေဟူသော ဝန်ဆောင်မှုအသစ်များကိုလည်း ထောက်ပံ့မည်။ သို့မှသာ MFIများသည် စုငွေပိုမိုစုဆောင်းလိုချင်စိတ် ရှိလာမည်ဖြစ်သည်။
- စိုက်ပျိုးရေးနှင့် လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းအသေးစားများကို ငွေကြေးထောက်ပံ့မည့် အရင်းအနှီးများကိုထုတ်ပေးခြင်း။ LIFTသည် သင့်လျော်သောနည်းပညာ အငယ်စားများ (ဥပမာ။ လယ်ယာသုံး စက်ကိရိယာများကို ငှား/ဝယ်ခြင်း၊ လက်သုံးကိရိယာများကို သက်သာသောအရစ်ကျငွေပေးချေခြင်း) အပါအဝင်ဖြစ်သော လယ်ယာပြင်ပစီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ငွေကြေးတိုးချဲ့ထောက်ပံ့ပါမည်။ ယင်းတွင် လောလောဆယ်၌ ယင်းတို့က ဝန်ဆောင်မှု မပေးသေးသည့် ကျေးလက်အသေးစားစီးပွားရေးလုပ်ငန်းတို့ကို ငွေကြေးတိုးချဲ့ထောက်ပံ့ရန်အတွက် MFIနှင့် စီးပွားရေး ဘဏ် တို့ကို စွန့်စားနိုင်ချေများ အတွက် ရင်းနှီးမတည်ငွေထုတ်ပေးခြင်းလည်း ပါဝင်နိုင်သည်။
- MFIတို့ကို အဖွဲ့အစည်းဆိုင်ရာတည်တံ့မှုနှင့် စီးပွားရေးဘဏ်တို့၏ ငွေကြေးဝန်ဆောင်မှုကို အခြေအဆင့်ထိရောက်ရှိစေရန် ဈေးကွက်ဖွံ့ဖြိုးမှုအထောက်အပံ့ပေးခြင်း။ ယင်းတွင် နည်းပညာ (အသေးစား စီးပွားရေး ငွေကြေးထောက်ပံ့ခြင်း) လွှဲပြောင်းပေးခြင်းဖြင့် ဝန်ဆောင်မှုကို အခြေအဆင့်ထိရောက်ရှိစေခြင်း သို့မဟုတ် အဆင့်မြှင့်ခြင်း၊ နည်းပညာအထောက်အကူပြုခြင်း၊ MFIနှင့် စီးပွားရေးဘဏ်ဝန်ထမ်းတို့ကို သင်တန်းပေးခြင်း၊ ငွေကြေးဆိုင်ရာမဟုတ်သော အခြားဝန်ဆောင်မှုများ (တည့်တံ့သည့် စီးပွားရေးဖြစ်ထွန်းမှုဆိုင်ရာ ဝန်ဆောင်မှုများ)၊ အသေးစားစီးပွားရေးငွေချေးခြင်းကို အဓိကထားသည့် စီးပွားရေးဌာနများကို ထူထောင်ခြင်းတို့ ပါဝင်နိုင်သည်။

## ၄.၂။ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် လက်တွဲဆောင်ရွက်ခြင်း

အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့်လက်တွဲဆောင်ရွက်ခြင်းသည် LIFT၏မဟာဗျူဟာတွင်အရေးပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့သည် ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် သာတူညီမျှမှုရှိသော စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည့် စီးပွားရေးနှင့် လူမှုရေး နောက်ခံအခြေအနေတစ်ရပ် ဖြစ်ပေါ်အောင် အဓိကအားပေးတိုက်တွန်းနေသူများ ဖြစ်သောကြောင့်ဖြစ်သည်။ အောက်ပါတို့မှာ LIFTက ထောက်ပံ့ခဲ့သော CSOတို့က ၂၀၁၄ခုနှစ်အတွင်းတွင် မည်သို့ထူးခြားစွာ ဆောင်ရွက်ခဲ့သည်ကိုပြသသော နမူနာအချို့ ဖြစ်ပါသည်_

- စားနပ်ရိက္ခာဖူလုံမှုလုပ်ငန်းအဖွဲ့(FSWG)သည် အသက်မွေးမှုဆိုင်ရာ အဓိကပြဿနာများနှင့် သက်ဆိုင်သော မူဝါဒရေးရာ ဆွေးနွေးမှုများ၊ သုတေသနများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။ လယ်သမားများအား ကာကွယ်ခြင်းနှင့် လူမှုဖူလုံရေး အက်ဥပဒေ၊ မျိုးစေ့ဥပဒေ၊ ဆန်စပါးဥပဒေ၊ စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ရိက္ခာနှင့်အာဟာရပြည့်ဝရေး



အမျိုးသားလုပ်ငန်းစီမံချက် စသည်တို့ကိုပြုစုရာတွင် ပါဝင် လှုပ်ရှားလျက်ရှိသည်။ FSWGသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအမျိုးသားဆွေးနွေးပွဲကိုလည်း စည်းရုံးလျက်ရှိသည်။ ယင်းတွင်လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာလူထုခေါင်းဆောင်များ၊ တက္ကသိုလ်များ၊ ပုဂ္ဂလိက ကဏ္ဍ၊ အခြားCSOများ ပါဝင်သည်။

- မြေယာမဏ္ဍိုင်အဖွဲ့(LCG)သည် ၂၀၁၄ခုနှစ်တွင် FSWGမှ ခွဲထွက်သွားပြီး အမျိုးသားမြေအသုံးချရေး မူဝါဒအတွက် တိုင်ပင်ဆွေးနွေးမှုကို ထောက်ခံလျက်ရှိသည်။ LCGသည် မြေယာနှင့်သက်ဆိုင်သော စစ်တမ်းအချို့ကို ဦးဆောင်ပြုလုပ်ခဲ့သည်။ အထူးသဖြင့် ချင်းနှင့်ရှမ်းပြည်နယ်တို့တွင်ရှိသော စုပေါင်းမြေ ယာပိုင်ဆိုင်ခွင့်နှင့် မြေယာနှင့်ကျားမရေးရာ အကြောင်းအရာတို့တွင် ဖြစ်သည်။ LCGသည် ၂၀၁၄ခုနှစ် မတ်လတွင် ရန်ကုန်၌ကျင်းပသော အာဆီယံပြည်သူ့ဖိုရမ်တွင် မြေယာအသိမ်းခံရပုံကို ပါဝင်မျှဝေ ပေးရန် လယ်သမား၄၀ကို ထောက်ပံ့ခဲ့သည်။ မြန်မာနိုင်ငံ၏ မြေယာ၊ စိုက်ပျိုးရေး၊ သစ်တောဆိုင်ရာ သတင်း အချက်အလက် များကို မျှဝေပေးနေသည့် အွန်လိုင်းသတင်းအချက်အလက်ဘဏ် MyLAFFကိုလည်း LCGက စီမံခန့်ခွဲနေသည်။
- ကျားမရေးရာတန်းတူညီမျှရေးကွန်ရက်(GEN)သည် မြန်မာနိုင်ငံရှိ ကျားမရေးရာပြဿနာများနှင့် သက်ဆိုင်သော မူဝါဒဆွေးနွေးပွဲတွင် ဆက်လက်ပါဝင်ဆောင်ရွက်နေသည်။ "တိတ်ဆိတ်ခြင်း၏နောက်ကွယ်- အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့်အမျိုးသမီးများ၏ ခံနိုင်ရည်စွမ်း" ဟူသော GEN၏ သုတေသနအစီရင်ခံစာသည် အဖိုးတန်သောအထောက်အထားများကို ပေးနိုင်ခဲ့သဖြင့် အမျိုးသမီးတို့အား အကြမ်းဖက်မှုမှ ကာကွယ်သည့်ဥပဒေကို ပြုစုနိုင်ခဲ့သည်။ ယင်းဥပဒေကြမ်းကို ရွှေ့နေချုပ်ရုံးသို့အတည်ပြုနိုင်ရန်၂၀၁၅ခုနှစ်တွင် တင်ပြထားသည်။ အမျိုးသားမြေအသုံးချရေးမူဝါဒ(NLUP)ရေးဆွဲရာတွင် ထည့်သွင်းနိုင် ရန် ကျားမရေးရာတွင် တန်းတူညီမျှမှုနှင့် သက်ဆိုင်သော စုံလင်သည့်အစီရင်ခံစာတစ်စောင်ပြုစုရာတွင်လည်းကူညီခဲ့သည်။ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးသဘောတူစာချုပ် (CEDAW)ကိုလည်း နည်းပညာ အထောက်အကူများ ပေးခဲ့သည်။
- Network Activities Group (NAG)သည် ရေလုပ်ငန်းတွင် ပူးတွဲစီမံအုပ်ချုပ်မှုနှင့်ပတ်သက်သော မူဝါဒ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ဧရာဝတီတိုင်းတွင်ကျင်းပခဲ့ရာ ဆွေးနွေးပွဲအပြီးတွင် တိုင်းအစိုးရက ဒေးဒရဲ မြို့နယ်တွင် ရေလုပ်ငန်းပူးတွဲစီမံမှုတစ်ရပ်ကို NAG၏ အထောက်အပံ့ဖြင့် ရှေ့ပြေးဆောင်ရွက်ရန် သဘောတူခဲ့သည်။
- လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒသုတေသနအဖွဲ့(SPPRG)သည် ဆင်းရဲမွဲတေမှုလျှော့ချရေးတွင် အဓိက အစိတ်အပိုင်းအဖြစ်လူမှုကာကွယ်စောင့်ရှောက်ရေးကို ထည့်သွင်းနိုင်မည့် အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာကိုရေးဆွဲရာတွင် ကူညီခဲ့သည်။ ယင်းမဟာဗျူဟာကို ၂၀၁၄ခုနှစ် ဒီဇင်ဘာလတွင် တင်ပြခဲ့သည်။ SPPRGသည် တိုင်းဒေသကြီး လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက် ပြုစုရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရကို ထောက်ကူခဲ့သည်။ ယင်းစီမံချက်ကို အခြားပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင်လည်း ထောက်ပံ့ရန် လူမှုဖူလုံရေးဦးစီးဌာနက စီမံနေသည်။
- မြန်မာ့ပတ်ဝန်းကျင်စောင့်ရှောက်ထိန်းသိမ်းရေးကွန်ရက်(MERN)သည် ရခိုင်ပြည်နယ်တောင်ပိုင်းတွင် ဘုံသစ်တော ဟက်တာ၁၇၀၀ကို အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် ကူညီခဲ့သည်။ ဤသို့လက်မှတ်ရရှိခြင်းဖြင့် ရပ်ရွာအား ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း အသိစိတ်ကိုဖြစ်စေသည့်အပြင် မျိုးမသုန်းသေးသော မျိုးစိတ်များနှင့် ပြန်ပေါက်ဖွားသောမျိုးစိတ်များကိုသာ အသုံးပြု၍ဝင်ငွေရှာနိုင်ခွင့်ကိုလည်း ပေးအပ်ခဲ့သည်။

လုပ်ငန်းအကောင်အထည်ဖော်မှု၅နှစ်ပြည့်မြောက်သော ၂၀၁၄ခုနှစ်တွင် LIFT၏အထောက်အပံ့ဖြင့် CBO၁၁၀၀၀ဖွဲ့ကို ထူထောင်ခဲ့အားဖြည့်ပေးခဲ့ပြီးဖြစ်သည်။ ဒေသခံNGOနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့မှ အများစုပါဝင်သော လူ ၃၀၀၀၀၀နီးပါးကိုလည်း သင်တန်းများပေးခဲ့ပြီးဖြစ်သည်။ LIFTသည် အရပ်ဘက်လူမှုအဖွဲ့အစည်းကို အင်အားဖြည့်ရာတွင် ကျွမ်းကျင်မှုတည်ဆောက်ပေးခြင်းကိုသာ အဓိကအသုံးပြုသည်။[66] ဤထိရောက်မှုတို့ကို တိုးပွားအောင် လုပ်ဖော်ကိုင်ဖက်တို့မှတဆင့် ဆောင်ရွက်နိုင်မည့်နည်းလမ်းတို့ကို LIFTက စူးစမ်းရှာဖွေနေသည်။

*ဇယား ၄.၅။ ၂၀၁၄ခုနှစ်အတွင်း LIFTက ရန်ပုံငွေထောက်ပံ့ခဲ့သော CSOသင်တန်းများ*

| သင်တန်း | သင်တန်းသားများ | | | |
|---|---|---|---|---|
| | ကျား | မ | မသန်စွမ်း | စုစုပေါင်း |
| စည်းရုံးခြင်းနှင့်ကွန်ရက်ဖွဲ့ခြင်း | ၂၂,၃၀၅ | ၁၂,၇၂၁ | ၉၁ | ၃၅,၀၂၆ |
| လုပ်ငန်းထူထောင်မှု | ၁၂၅ | ၁၂၄ | - | ၂၄၉ |
| CBOများကိုစွမ်းဆောင်ရည်မြှင့်တင်ခြင်း | ၄၅,၂၀၈ | ၇၂,၆၈၅ | ၆,၈၅၉ | ၁၁၇,၈၉၃ |
| အစိုးရဝန်ထမ်းများကိုစွမ်းဆောင်ရည်မြှင့်တင်ခြင်း | ၈၄ | ၃ | - | ၈၇ |
| LNGOများကိုစွမ်းဆောင်ရည်မြှင့်တင်ခြင်း | ၈၁ | ၄၃ | - | ၁၂၄ |
| IPဝန်ထမ်းများကိုစွမ်းဆောင်ရည်မြှင့်တင်ခြင်း | ၃,၀၈၄ | ၂,၅၃၁ | ၁၃ | ၅,၆၁၅ |
| ကျန်းမာရေးနှင့်အာဟာရ | ၂,၂၇၂ | ၅,၃၉၅ | ၂၇၄ | ၇,၆၆၇ |
| ကျေးရွာစီမံချက်ရေးဆွဲခြင်း | ၃၀,၅၅၉ | ၅၅,၉၅၅ | ၉၅၇ | ၈၆,၅၁၄ |
| ရေစီမံခန့်ခွဲခြင်း | ၉ | ၅ | - | ၁၄ |
| ကျားမရေးရာ | ၅၉၄ | ၂၅၉ | ၁ | ၈၅၃ |
| စုစုပေါင်း | ၁၀၄,၃၂၁ | ၁၄၉,၇၂၁ | ၈,၁၉၅ | ၂၅၄,၀၄၂ |

66 FMOသည် အရေးပါသော အသိပညာမျှဝေခြင်းနှင့် ကွန်ရက်ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နေသည်။

## ကျွမ်းကျင်မှုနှင့် စွမ်းဆောင်နိုင်မှုတို့တွင် ရင်းနှီးမြှုပ်နှံခြင်း

၂၀၁၄ခုနှစ်တွင် LIFTသည် အရပ်ဘက်လူမှုအဖွဲ့အစည်းကို စွမ်းဆောင်ရည်မြှင့်တင်ရာ၌ အဖွဲ့အစည်းပေါင်း ၂၇၂ခုတို့ကို သင်တန်းပေးခဲ့သည်။ အဓိကနည်းလမ်းနှစ်ခုကို အသုံးပြုခဲ့သည်-


- သီးခြားအစီအမံများ - ယင်းတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ လေ့လာရေးနှင့် ဖလှယ်ရေး ခရီးစဉ်များ၊ လမ်းညွှန်ပြသခြင်း၊ ကွန်ရက်ဖွဲ့ခြင်းတို့ပါဝင်သည်။
- နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ တိုက်ရိုက်အထောက်အပံ့ဖြင့်ဆောင်ရွက် သောလုပ်ငန်းခွင်သင်တန်းများ၊ ယင်းတို့တွင် ActionAid နှင့် Thadar Consortium သဒ္ဒါပေါင်းစုအဖွဲ့၊ Oxfamနှင့် Network Advisory Group ကွန်ရက်အကြံပေးအုပ်စု၊ Mercy Corps နှင့် အရှက်ဦး(AYO) တို့၏ ပူးပေါင်းဆောင်ရွက်မှုများပါဝင်သည်။

လုပ်ဖော်ကိုင်ဖက်တို့သည်ဤသင်တန်းတို့၏ထိရောက်မှုကိုအကဲဖြတ်ရာတွင်[67]နည်းအမျိုးမျိုးကိုအသုံးပြုခဲ့သည်။ယင်းတို့တွင်အောက်ပါတို့ပါဝင်သည်-

- သင်တန်းမတိုင်မီနှင့် သင်တန်းပြီးနောက်ရမှတ်။ ဥပမာ - LEARN အာဟာရသင်တန်း။ အာဟာရဆိုင်ရာဗဟုသုတ ၃၄%ခန့် တိုးတက်လာကြောင်းတွေ့ရသည်။
- စွမ်းဆောင်ရည်တိုးတက်လာကြောင်းသက်သေ။ SPPRGသည် LIFTနှင့်အခြား လုပ်ဖော်ကိုင်ဖက်တို့၏ သုတေသနစွမ်းရည်ကို တိုးတက်စေခဲ့သည်။ လုပ်ဖော်ကိုင်ဖက်တို့သည် မသန်စွမ်းမှု၊ ကျားမခွဲခြားအကြမ်းဖက်မှု၊ လုပ်ငန်းခွင်တွင် ကျားမခွဲခြားစိတ်ညစ်ညူးစေမှု၊ ဒေသန္တရရွေးကောက်ပွဲနှင့်အုပ်ချုပ်မှုမသန်စွမ်းမှုနှင့် ပါဝင်ဆောင်ရွက်ရေးဟူသော နယ်ပယ်များတွင်သုတေသနပြုနိုင် လာခဲ့သည်။
- ကျွမ်းကျင်မှုကိုဖြစ်ထွန်းစေသော တီထွင်ဆန်းသစ်သောနည်းများ။ Care၏ "ကိုးကန့်ဒေသရှိ ယခင်ဘိန်းစိုက်တောင်သူများအတွက် လက်ဖက်ခြောက်" စီမံချက်မှ တောင်သူများသည် အပြန်အလှန်လည်ပတ်ခြင်း၊ ပုံမှန် စည်းဝေးခြင်း၊ ဈေးကွက်သတင်းစနစ်တို့ကိုအသုံးပြုကာ ဆုံးဖြတ်ချက်ချခြင်းတို့ကို ကောင်းမွန်မှန်ကန်စွာ ချမှတ်လာနိုင်သည်။

ဖေဖော်ဝါရီလနှင့် ဩဂုတ်လအတွင်းတွင် FMOသည် မိတ်ဖက်အဖွဲ့အစည်းများသို့ တာဝန်ခံယူမှုဆိုင်ရာသင်တန်း များကို ဖွင့်လှစ်ပေးခဲ့ရာ အောက်ပါအကြောင်းအရာတို့ ပါဝင်သည်။

(၁) ကောင်းမွန်သောအစိုးရနှင့်တာဝန်ခံမှု
(၂) ရပ်ရွာလူထုတုံ့ပြန်မှုစနစ်(CFM)
(၃) တာဝန်ခံမှုနှင့် မိမိကိုယ်ကိုဆန်းစစ်ရေးနည်းနာများ
(၄) ငွေကြေးဆိုင်ရာတာဝန်ခံမှု
(၅) မထိခိုက်စေရေးဆိုင်ရာ [68](Do No Harm - DNH)




ပုံ၄.၁။ ရပ်ရွာလူထုတုံ့ပြန်မှု (CFM)သင်တန်းကို သင်တန်းသားတို့၏ တုံ့ပြန်ချက်။

တုံ့ပြန်ချက်များအရသိရသည်မှာ အဖွဲ့အစည်း၂၆ခုမှ သင်တန်းသား၄၅ဦးက ယင်းသင်တန်းတို့ကို သူတို့၏လက်ရှိအလုပ်များတွင် အသုံးချနိုင်ကြောင်း သိရသည်။ DNH သင်တန်းမှရရှိသော သတင်းအချက်အလက်များကို ရခိုင်ဒေသမှ ဝန်ထမ်းများအချင်းချင်း မျှဝေခဲ့သဖြင့် ရပ်ရွာအတွင်းတွင် လူမျိုးရေးနှင့်ပတ်သက်၍ တင်းမာမှုများ ပိုမိုမဆိုးဝါးစေရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

သင်တန်းဆင်းပြီးသောအခါ လုပ်ငန်းစီမံချက်များကို ရေးဆွဲပြီးရပ်ရွာလူထုတုံ့ပြန်မှုစနစ် (CFM)တို့ကို စမ်းသပ်ဆောင်ရွက်မည် သို့မဟုတ် အားမြှင့်မည်ဖြစ် သည်_

- ဒေသခံမိတ်ဖက်ဖြစ်သော မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသည် နှစ်ရက်ကြာ ကနဦးအလုပ်ရုံဆွေးနွေး ပွဲကို ဩဂုတ်လတွင် ကျင်းပပေးခဲ့သည်။ တောင်ကြီးရှိ မေတ္တာဖောင်ဒေးရှင်းစီမံချက် ကျေးရွာ၁၀၀တွင် CFM ၁၅ခုတည်ထောင်ပြီး အကြံပြုစာသေတ္တာများ ထားရှိကာ ရှေ့ပြေး CFMများကို စမ်းသပ်ခဲ့သည်။ မေတ္တာသည် တယ်လီဖုန်း ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ အီးမေးဖြင့်ဖြစ်စေ ပေးပို့သော တုံ့ပြန်မှုများကိုလည်း လက်ခံလျက်ရှိသည်။
- ရခိုင်ဒေသရှိ တက်လမ်းစီမံချက်မှ လုပ်ဖော်ကိုင်ဖက်များသည် ယင်းတို့၏ CfW လုပ်ငန်းများတွင် CFMများကို ထားရှိသည်။
- PGMF -MARC စီမံချက်ကထောက်ပံ့ထားသော MFI၉ဖွဲ့လုံးသည် သူတို့၏နယ်မြေများတွင် CFMများ ထားရှိရန်နှင့် တိုင်ကြားချက်ကိုင်တွယ်နည်းကို ရေးဆွဲရန် သဘောတူခဲ့ကြသည်။ ဤလုပ်ထုံး လုပ်နည်းများအရ ငွေချေးသူတိုင်းအား သူတို့၏ဒေသခံရုံးများ၏ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံကို ပေးအပ်ရသည်။

67 ၂၀၁၃ခုနှစ်တွင် LIFTသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ မိမိထောက်ပံ့နေမှုသည် ထိရောက်မှုရှိမရှိ ဆန်းစစ်ရန် လေ့လာစေခဲ့သည်။ ယင်းအစီရင်ခံစာကို www.lift-fund.org/publications တွင်လေ့လာနိုင်သည်။
68 အသေးစိတ်ကို နောက်ဆက်တွဲ၃တွင် တွေ့နိုင်သည်။

## မိတ်ဖက်ပြုကာ စွမ်းရည်တည်ဆောက်ပေးခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၏အကြံပြုချက်များ

*"မိတ်ဖက်ပြုတယ်ဆိုတာကို သစ်ပင်ပေါက်လေးတစ်ပင် အနှောင့်အယှက်မရှိဘဲ သန်သန်စွမ်းစွမ်းနဲ့ ကြီးထွားလာဖို့အတွက် အကာအကွယ် လုပ်ပေးတာလို့ပဲ မြင်တယ်။ အချိန်တစ်ခုကိုရောက်ရင်တော့ ဒီအပင်လေးကို ကြီးနိုင်သလောက် ကြီးပေတော့ဆိုပြီး အကာအကွယ်တွေကို ဖယ်ပေးလိုက်ရမယ်။ လောင်းရိပ်မိနေလျှင် မကြီးထွားဘူး။"*

*LIFT အထောက်အပံ့ခံဒေသခံ NGOအဖွဲ့တစ်ခု၏ ညွှန်ကြားရေးမှူး၊*

*၂၀၁၄ခုနှစ်တွင် ၃၆%သော LIFTအထောက်အပံ့ရရှိထားသည့်စီမံချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း အရပ်ဘက် လူမှုအဖွဲ့အစည်းတို့က အကောင်အထည်ဖော်နေကြသည်။ လုပ်ငန်းထူထောင်ထားပြီးသော မိတ်ဖက်အဖွဲ့တစ်ဖွဲ့က မိတ်ဖက်ပြုမှုများကို ဦးဆောင် သို့မဟုတ် လမ်းပြသွန်သင်ပေးသည်။ အဆိုပြုလွှာရေးသားပြုစုသည့်အဆင့်မှ စီမံချက်သက်တမ်း တစ်လျှောက်လုံး ဆောင်ရွက်ပေးသည်။ စီမံချက်တစ်ခုကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းနှစ်ခုသုံးခုက မိတ်ဖက်ပြုကြသည်။ သုံးဖွဲ့ထက် ပိုပါက ကွန်ယက်အဖွဲ့ကို ဖွဲ့ကြသည်။ [69]*

*၂၀၁၄ခုနှစ်တွင် မိတ်ဖက်ပြုမှုနှင့်ပတ်သက်သောအမြင်များနှင့် ယင်းတို့ကိုမည်သို့ပြုပြင်သင့်သည်ကို ဒေသခံအုပ်စုများက FMOထံသို့ ပြန်တင်ပြခဲ့ကြသည်။ အထက်ပါပြောကြားချက်သည် မိတ်ဖက်ပြုခြင်းကို ဒေသခံမိတ်ဖက်တစ်ဦး၏အမြင်ကို ထင်ဟပ်နေသည်။ LNGOများသည် ပို၍အခြေကျ ပြီးသောမိတ်ဖက်ကြောင့် အကာအကွယ်ကိုရရှိသော်လည်း ယင်းတို့၏ ဆန္ဒအတိုင်း ဖြစ်ထွန်းခွင့်ကိုမူ ရချင်မှရကြမည်။*

*အရေးပါသောမိတ်ဖက်အစည်းအဝေးတို့တွင်ယင်းတို့အားပစ်ပယ်ထားသလိုခံစားရကြောင်းLNGOများ၏စီနီယာဝန်ထမ်းတို့ကဖွင့်ဟကြသည်။ အပြုသဘောဆောင်သောကောင်းကွက်အနေဖြင့် အဖွဲ့အစည်းများအချင်းချင်းမိတ်ဖက်ပြုမှုမှရရှိသော နည်းပညာဆိုင်ရာအရေးကြီးအထောက်အပံ့များအတွက် ကျေးဇူးတင်စကားပြောကြသည်။ အထူးသဖြင့် အဆိုပြုလွှာရေးသားရာတွင်ဖြစ်သည်။ ဒေသခံမိတ်ဖက်တို့က ယာယီအဖွဲ့ ဖွဲ့ ရာတွင် ကောင်းကျိုး နှင့် ဆိုးကျိုး ဒွန်တွဲလျက်ရှိကြောင်းကို လက်ခံကြသည်။ ဒေသခံမိတ်ဖက်တို့၏ စွမ်းဆောင်ရည်ကို တည်ဆောက်ရန်နှင့် ယင်းတို့၏ ဖြစ်ထွန်းမှုကို စောင့်ကြပ်ကြည့်ရှုရန်အတွက် အောက်ပါတို့ကို ယင်းတို့က အကြံပြုကြသည်။*

- ***ဖွဲ့စည်းမှုဆိုင်ရာဖြစ်ထွန်းမှု။*** *ဒေသခံCSOတို့၏ ဖွဲ့စည်းမှုဆိုင်ရာစွမ်းဆောင်ရည်ကို LIFTက ငှားရမ်းပေးသောပြင်ပ ဖွဲ့စည်းမှုဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေး(OD)အထောက်အကူဖြင့် တည်ဆောက်ပေးရန်။ စွမ်းဆောင်ရည်ကို ODတိုင်းတာရေး နည်းလမ်းဖြင့် အကဲဖြတ်ခြင်းက ပိုမိုလွယ်ကူမည်။*
- ***ဒေသခံCSOများ၏ ငွေကြေးဆိုင်ရာစီမံခန့်ခွဲနိုင်စွမ်း။*** *ယင်းကို ထောက်ပံ့ငွေအသေးစားလုပ်ကွက်ဖြင့် ဘတ်ဂျက်များချပေးကာ ယင်းတို့ဘာသာ စီမံခန့်ခွဲစေခြင်းဖြင့် တည်ဆောက်နိုင်မည်။ ဤသို့ဖြင့် LIFTသည်လည်း ဒေသခံအဖွဲ့အစည်းတို့၏ စီမံချက်ခန့်ခွဲနိုင်စွမ်းကို စောင့်ကြပ်ကြည့်ရှုခွင့် ရရှိနိုင်လိမ့်မည်။*
- ***ဂုဏ်သတင်း။*** *ဒေသခံအုပ်ချုပ်ရေးပိုင်းများ၊ ရပ်ရွာလူထုများ၊ အခြားစိတ်ပါဝင်စားသူ ပတ်သက်ဆက်နွယ်သူများ၏ တုံ့ပြန်သတင်းစကားဖြင့် ဒေသခံအဖွဲ့အစည်းတစ်ခု၏ ဂုဏ်သတင်းကို တိုင်းတာနိုင်သည်။*
- ***LIFT၏ မိတ်ဖက်ပြုမှုဆိုင်ရာမူများကိုပြုစုခြင်း။*** *DFID၏ မိတ်ဖက်ပြုမှုဆိုင်ရာမူများလမ်းညွှန်မှတ်စုနှင့် ဥရောပသမဂ္ဂ၏မိတ်ဖက်ပြုမှု လမ်းညွှန်ချက်များကို ကိုးကားလျက် ဒေသခံမိတ်ဖက်တို့က LIFTသည် နိုင်ငံတွင်းရော နိုင်ငံတကာ အဖွဲ့အစည်းများကပါ တိကျစွာလိုက်နာရသော မိတ်ဖက်ပြုမှုမူနှင့်လမ်းညွှန်ချက်အချို့နှင့်အနိမ့်ဆုံးစံချိန်စံညွှန်းတို့ကိုသာကျင့်သုံးကြောင်းထင်မြင်ချက်ပေး ကြသည်။ ဤသည်မှာ ဒေသခံနှင့် နိုင်ငံတကာ မိတ်ဖက်များ၏ အင်အားချိန်ခွင်လျှာကို ထိန်းညှိပေးခြင်းပင်ဖြစ်၍ဒေသခံ မိတ်ဖက်တို့၏ စီမံချက် လုပ်ငန်းအဆင့်ဆင့် တွင် စီမံခန့်ခွဲပိုင်ခွင့်ကို ခိုင်မာစေခြင်းပင်ဖြစ်ပါသည်။*

## ဆက်လှမ်းမည့်ခြေလှမ်းများ။ အရပ်ဘက်လူမှုအဖွဲ့အစည်းသို့ LIFTရန်ပုံငွေပိုမိုရောက်ရှိစေရန်

၂၀၁၅ခုနှစ်တွင် ဒေသအလိုက်အစီအစဉ်သုံးခုကို စတင်တော့မည်ဖြစ်ရာ သတ်မှတ်ထားသော အရင်းအမြစ်များကို CSOတို့ထံသို့ ခွဲဝေချထားပေးရေးမှာ LIFTအတွက် အရေးပါလာသည်။ ဒေသခံCSOများသည် နိုင်ငံတကာ အဖွဲ့အစည်းတို့ထက် ဒေသအကြောင်းကို ပိုမိုနားလည်ကြပြီး ဒေသခံတို့ကိုယ်စားဆောင်ရွက်နိုင်ကြသည်။ ထို့ကြောင့် ဘုံရည်မှန်းချက်များကို ရရှိအောင်ဆောင်ရွက်ရာတွင် ထိရောက်သောမိတ်ဖက်များ ဖြစ်လာသည်။ ကာလတိုနှင့် ကာလလတ်အတွက် LIFTသည် မိမိ၏မဟာဗျူဟာအသစ်ပါ ရည်မှန်းချက်များကို သက်ဝင်ယုံကြည်သည့်CSOများနှင့်အတူ ဆောင်ရွက်လိုသည်။ ကာလရှည်အတွက်မှာမူ LIFTသည် အရပ်ဘက်လူမှုအဖွဲ့အစည်း မိတ်ဖက်တို့နှင့်သာ အတူအလုပ်လုပ်ကိုင်လိုသည်။ အကြောင်းမှာ ယင်းတို့သည် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုကို လျှော့ချရန်နှင့် သာတူညီမျှမှုရှိသော စီးပွားရေးတိုးတက်မှုတို့ကို ဖြစ်ထွန်းစေမည့် စီးပွားရေးနှင့် နိုင်ငံရေးနောက်ခံအခြေအနေကို အားပေးတိုက်တွန်း နေသောကြောင့် ဖြစ်သည်။

၂၀၁၅ခုနှစ်ဦးတွင် ဒေသခံCSOတို့သို့ ရည်ညွှန်းမည့် အသေးစားအထောက်ပံ့ရန်ပုံငွေတစ်ခု၏ ဖြစ်နိုင်ခြေကို LIFTက လေ့လာစေမည် ဖြစ်သည်။ ဤစစ်တမ်း၏ရည်ရွယ်ချက်မှာ LIFT၏ အပူပိုင်းဇုန်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ တောင်တန်းဒေသစီမံကိန်းအသစ်များတွင် CSOများသို့ သင့်တင့်သောရန်ပုံငွေများ ချမှတ်ပေးနိုင်မည့် လုပ်ငန်းစီမံချက်တစ်စောင်ကို ရေးဆွဲရန်ဖြစ်သည်။ ဤစစ်တမ်းသည် ထိရောက်မည့် အသေးစားအထောက်အပံ့များ၏အတိုင်းအတာကို ဖော်ထုတ်မည်ဖြစ်သည်။ (ဥပမာ။ အထောက်အပံ့ပမာဏ၊ နယ်ပယ်၊ အဆိုပြုလွှာ/ ခွင့်ပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်၊ စီမံကိန်းမူဘောင်အရ လိုအပ်မှုအတိုင်းအတာ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် ဥပဒေ နှင့် ဖွဲ့စည်းမှုဆိုင်ရာလိုအပ်ချက်များ စသည်)

69 မိတ်ဖက်ပြုမှု ပုံစံအမျိုးမျိုးနှင့် ထိရောက်သော မိတ်ဖက်ပြုမှုကိုပြသည့် အညွှန်းတို့အကြောင်းကို Local Resource Centre နှင့် Oxfam တို့မှ ပြုစုထားသည့် Progressing through Partnerships: How National and International Organisations work together in Myanmar တွင်သုံးသပ်ထားသည်။



## LIFT၏အထောက်အပံ့အပေါ် CSO၏ တုံ့ပြန်ချက်

"LIFTက ဒေသခံမိတ်ဖက်တွေ စကားကို သေချာနားထောင်တယ်။ ပြီးလျှင် ချက်ချင်းတုံ့ပြန်တယ်။ ဥပမာ လုပ်ငန်းလမ်းညွှန်ချက်မှာ ပြင်ဆင်ချက်တစ်ခုပါတယ်။ အဲဒါက အုပ်ချုပ်မှုကုန်ကျစရိတ်ကို ဒေသခံနှင့်နိုင်ငံတကာ မိတ်ဖက်တွေ အချိုးကျမျှခံရမယ် ဆိုတာမျိုးပေါ့"

# အခန်း ၅



ကိုခွန်မောင်တစ်ယောက် လယ်သမား သင်တန်းကျောင်းမှ ရရှိလာသော အသိပညာဖြင့် သူ့ရွာမြေနှင့် ကိုက်ညီမှု ရှိမည့် လယ်ယာသုံးကိရိယာများကို ပြုလုပ်လာနိုင်သည်။

# ၅။ စနစ်အပြောင်းအလဲ

လုပ်ကွက်ငယ်လယ်သမားများနှင့် မြေယာမဲ့အိမ်ထောင်စုတို့၏ အသက်မွေးနိုင်မှုဆိုင်ရာနည်းလမ်းများနှင့် ယင်းတို့၏ အာဟာရပြည့်ဝရေးကိုတိုးတက်စေမည့် မူဝါဒများကို အလေးထားလျက် ကျေးလက်နေ ဆင်းရဲနွမ်းပါးသူတို့ကို အကျိုးရှိစေမည့် စနစ်အပြောင်းအလဲကို ဩဇာသက်ရောက်မှုရှိစေရန် LIFTသည် မိမိ၏စီမံကိန်းဆိုင်ရာ အသိပညာများနှင့် အထောက်အထားတို့ကို အသုံးချနေသည်။ စနစ်အပြောင်းအလဲတွင် အောက်ပါတို့ပါဝင်သည်- ပိုကောင်းသော ကဏ္ဍအလိုက်မူဝါဒများ၊ ပိုထိရောက်သော ကဏ္ဍအလိုက်ဖွဲ့စည်းပုံများ၊ ပိုကောင်းသော ကဏ္ဍအလိုက်စီမံမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ပို၍ထိရောက်သော စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်မှုများ ပါဝင်သည်။

ထို့ကြောင့် လွန်ခဲ့သောနှစ်များအတွင်းတွင် LIFTအလုပ်လုပ်ကိုင်နေသော နိုင်ငံရေး၊ တရားဥပဒေပြုရေး၊ စီးပွားရေး ကဏ္ဍတို့၏ သိသာသော အပြောင်းအလဲများကို နှစ်ပတ်လည်အစီရင်ခံစာတွင် အလေးပေးဖော်ပြခဲ့သည်။ ၂၀၁၄ခုနှစ်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆက်လက်ကျင်းပနေကြပြီး အပစ်အခတ်ရပ်စဲရေးကို သတိကြီးစွာ ဆောင်ရွက်လျက်ရှိကြသည်။ သို့သော် ဥပဒေပြုရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုမှာ နှေးကွေးသည်။ အနည်းဆုံးအနေဖြင့် ကျေးလက်အသက်မွေးမှုကို သက်ရောက်မှုရှိသော ဥပဒေပြုရေးတွင်ဖြစ်သည်။ သို့သော်လည်း LIFTနှင့် မိတ်ဖက်တို့သည် ဆင်းရဲနွမ်းပါးသူတို့အကျိုးကို ဦးတည်သောမူဝါဒဖြစ်ထွန်းရေးတွင် အပြုသဘောဖြင့် ပါဝင်ဆောင်ရွက်လျက် ရှိသည်။ မူဝါဒရေးရာတွင် LIFT၏ အဓိကကြိုးပမ်းမှုတို့ကို နောက်ဆက်တွဲ ၅ တွင် ဇယားဖြင့် ဖော်ပြထားသည်။

## အစိုးရနှင့်အတူအလုပ်လုပ်ခြင်း

LIFTသည် အစိုးရ၏ ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာမူဘောင်နှင့် ယင်းကို အကောင်အထည်ဖော်မည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (MoLFRD တို့ကို ဆက်လက်ထောက်ပံ့လျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် LIFTသည် ဝန်ကြီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (DRD)တွင် အကြံပေးပုဂ္ဂိုလ်နှစ်ဦးကို ခန့်ထားပေးပြီး မဟာဗျူဟာမူဘောင်နှင့် အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်တို့ကို ရေးဆွဲရာတွင် DRDကို ကူညီခဲ့ပါသည်။ ယင်းအကြံပေးတို့သည် အောက်ပါ အဓိက နယ်ပယ်၄ခုတွင် အလုပ်လုပ်ခဲ့ကြသည်_

1. ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၊ နေပြည်တော်ရှိဝန်ကြီးဌာနများက ဤမူဘောင်ကိုရင်းနှီးစေရန်အတွက် နည်းပညာဆိုင်ရာ အထောက် အပံ့ပေးခြင်း။
2. DRDအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံချက် ၏စွမ်းဆောင်ရည် လိုအပ်ချက်တို့ကို ဖော်ထုတ်ရန်နှင့် နိုင်ငံတော်၊ ပြည်နယ်နှင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အပါအဝင် အဆင့်ဆင့်တို့၌ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သုံးနှစ်စီမံချက်ကို ရေးဆွဲရန် DRDကို LIFTက ကူညီခဲ့သည်။
3. ပူးပေါင်းပါဝင်သော ကျေးလက်စီမံချက်ရေးဆွဲနည်းပုံစံ သို့မဟုတ် အမျိုးသားအဆင့် ချဉ်းကပ်ပုံကိုရေးဆွဲခြင်း။ ကျေးရွာစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အမျိုးသားအဆင့်ချဉ်းကပ်ပုံကို ရေးဆွဲသည့်လုပ်ငန်းစဉ်ကို DRDက စတင်ဆောင်ရွက်ခဲ့သည်။ ယင်းကို ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာ၁၇၀တွင် ရှေ့ပြေး ဆောင်ရွက်မည်ဖြစ်သည်။ DRD သည် ကျေးလက် ဒေသ ၃၀၅ မြို့နယ်ရှိ ကျေးရွာ ၆၄,၉၁၇ ရွာတွင် ကျေးရွာစီမံချက်ရေးဆွဲခြင်းပုံစံကို အကောင်အထည်ဖော်ရန် ရည်ရွယ်သည်။
4. DRD၏ ဆောင်ရွက်ဆဲအစီအစဉ်ကို စောင့်ကြပ်ကြည့်ရှုခြင်း။ ၂၀၁၄ခုနှစ်မေလတွင် စတင်ခဲ့သော DRD၏ မြစ်မ်းရောင်အစီအစဉ်(MSY)ဖြင့် အစိုးရကထောက်ပံ့ခဲ့သော ငွေကြေးစီးဆင်းမှု၏တိုးတက်မှုကို တိုင်းတာရန် နည်းပညာ အထောက်အပံ့ကို ပေးအပ်ခဲ့သည်။ ဤစီမံချက်သည် ကျေးလက်ဒေသ ၁၃၀ မြို့နယ်ရှိ ကျေးရွာ၁၅၅၀ကို ထောက်ပံ့ခဲ့သည်။ LIFTသည်စောင့်ကြပ် ကြည့်ရှုရေးမူဘောင်ကို ကူညီရေးဆွဲပေးခဲ့ပြီး DRDဝန်ထမ်းများကိုလည်း ရုံးချုပ်နှင့် မြို့နယ်များတွင် လေ့ကျင့်ပေးရန် စီမံချက်တစ်ခုကိုပါ ရေးဆွဲပေးခဲ့သည်။

LIFTသည်ဝန်ကြီးဌာနကိုလည်းအမျိုးသားအဆင့်စိုက်ပျိုးရေးလုပ်ငန်းစီမံချက် (NAPA)ကိုရေးဆွဲရန်အတွက်ဆောင်ရွက်ပေးခဲ့သည်။ NAPAသည် ၂၀၁၁ခုနှစ် ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး အမျိုးသားအဆင့်မဟာဗျူဟာတွင် ပါဝင်သော (ဦးစားပေး နယ်ပယ်ရှစ်ရပ်တွင် အပါအဝင်ဖြစ်သော) စိုက်ပျိုးရေးကဏ္ဍကို ထောက်ပံ့ခဲ့သည်။ ယင်းကို တာဝန်ယူရမည့်သူမှာ MoLFRD ဖြစ်သည်။ FAOသည် LIFT၏ ရန်ပုံငွေအထောက်အပံ့ဖြင့် သုံးသပ်ခြင်း၊ အကြံပေးခြင်းတို့ကို ဦးဆောင်ဆောင်ရွက်နေရာ ၂၀၁၄ခုနှစ် နှစ်ကုန်ပိုင်းတွင် NAPA ၏ ပထမမူကြမ်း ထွက်ပေါ်လာခဲ့သည်။

LIFT၏ မဟာဗျူဟာသစ်တွင် ဖော်ပြထားသော ဦးစားပေး မူဝါဒများကို ဦးတည်သော စနစ်အပြောင်းအလဲတို့မှာငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အားလုံးပါဝင်သော တန်ဖိုးကွင်းဆက်/ဈေးကွက်စနစ်ထွန်းကားမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ မြေယာလုပ်ပိုင်ခွင့် အာမခံ၊ အာဟာရပြည့်ဝမှု၊ ရာသီဥတု အပြောင်းအလဲနှင့် လိုက်လျောစွာနေထိုင်နိုင်မှု[70]တို့ဖြစ်သည်။ ဤဦးစားပေး မူဝါဒတို့ကို အောက်တွင် တစ်ခုချင်းစီ ဆွေးနွေးထားပါသည်။

70 ရှန်းပြန်နိုင်စွမ်းဆောင်ရွက်ချက်များ၊ ကျားမရေးရာ၊ အာဟာရပြည့်ဝမှုတို့မှာ ဆောင်ရွက်ချက်တိုင်းတွင် ပါဝင်သည်။

## ၅.၁၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ကျေးလက် ဖွံ့ဖြိုးမှုဆိုင်ရာအမျိုးသား အဆင့် မဟာဗျူဟာမူဘောင်နှင့် ၂၀၁၁ခုနှစ်အသေးစား ငွေရေးကြေးရေးဥပဒေတို့က အပ်နှင်းလာသော အခွင့်အလမ်းများအရ ဆင်းရဲမွဲတေမှုကို ကျယ်ကျယ်ပြန့်ပြန့် လျှော့ချလိုပါက မရှိမဖြစ် လိုအပ်သည့် အတိုးနှုန်း သက်သာသည့်ချေးငွေများ ကိုရရှိစေမည့် အသေးစားငွေကြေးလုပ်ငန်း မူဘောင်တစ်ရပ် ဖြစ်ထွန်းအောင် LIFTက ဆက်လက် ထောက်ပံ့နေမည်ဖြစ်သည်။ ၂၀၁၄ခုနှစ်တွင် LIFTသည် မိတ်ဖက်၄ဦးနှင့်အတူ ရည်မှန်းထားသော နည်းပညာသွင်းအားစုနှင့် အကြံပေးချက်များကို ပေးအပ်ခဲ့သည်။[71] ၂၀၁၄ခုနှစ်အတွင်း အရေးအပါဆုံးသော ဆောင်ရွက်ချက်တို့မှာ UNCDF MAP(လက်လှမ်းမီစေမှု) စီမံချက်နှင့် ကမ္ဘာ့ဘဏ်၏ FIND(အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု) စီမံချက်တို့ဖြစ်ကာ၊ ၂ခုစလုံးကို LIFTက ရန်ပုံငွေထောက်ပံ့ခဲ့သည်။

### UNCDF ၏ လက်လှမ်းမီစေမှု စစ်တမ်း

ဤစစ်တမ်းသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့်ပြင် မြန်မာနိုင်ငံရှိ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုကိုလည်း အကျယ်ပြန့်ဆုံးသုံးသပ်ထားသည်။[72] ကျေးလက်နေ ၇၆ရာခိုင်နှုန်း၊ မြို့ပြနေ ၂၄ ရာခိုင်နှုန်းဖြစ်သော အိမ်ထောင်စု ၅၁၀၀ ကို စစ်တမ်းကောက်ယူချက်ကို အသုံးပြုကာ သုတေသနပြုထားသည်။ အဓိက တွေ့ရှိချက်တို့မှာ အောက်ပါအတိုင်းဖြစ်သည်_

- ၃၂.၆ ရာခိုင်နှုန်းသော အရွယ်ရောက်သူတို့သည်အလွတ်သဘောဖြစ်သည့် ငွေကြေးဝန်ဆောင်မှုများကို အသုံးပြုကြသည်။ မြန်မာ့စီးပွားရေးတွင် အလွတ်သဘော ငွေကြေးအလွှဲအပြောင်း ပြုလုပ်မှုများက လွှမ်းမိုးနေသည်။
- တရားဝင်ငွေကြေး ဝန်ဆောင်မှုများကို လက်လှမ်းမီစေရန်နှင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုကို ဖြစ်ထွန်းအောင် ပြုလုပ်ရာတွင် စွမ်းဆောင်နိုင်သော ဥပဒေမူဘောင်တစ်ရပ်သည် အခရာကျသည်။
- ချေးငွေနှင့်ပတ်သက်သော အရင်းအနှီး အကန့်အသတ်ကြောင့် တရားဝင်လက်လီ ငွေကြေးဈေးကွက်မှာအဟန့်အတားခံနေရသည်။ နိုင်ငံခြားမှအရင်းအနှီးကို ခေါ်ယူနိုင်ရန် အခက်အခဲရှိသည့်ပြင် အလိုအလျောက်စုငွေများကိုလည်းခေါ်ယူခွင့်ပြုမထားသော MFIများမှာ ပို၍ခံစားရဖွယ်ရှိသည်။ လောလောဆယ်တွင် ကုန်သွယ်ရေးဘဏ်များနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ကသာ အလိုအလျောက်စုငွေများကို ခေါ်ယူခွင့်ရှိသည်။

ဤသုတေသနမှ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဦးစားပေးဆောင်ရွက်ရန် ဖော်ပြထားသည်_

- အီလက်ထရွန်နစ် ငွေပေးရေးစနစ်များကို ပိုမိုရရှိအောင်လုပ်ရန်
- စရိတ်နည်းသောကာလတို ငွေစုစနစ်များကို ထွန်းကားအောင်လုပ်ရန်
- စိုက်ပျိုးရေးသွင်းအားစုများကို ထွန်းကားအောင်လုပ်ရန်
- ငွေကြေးဝန်ဆောင်သူများအား ချေးငွေပိုမိုရရှိအောင်လုပ်ရန်
- အဆုံးအရှုံးသက်သာရေးအတွက် အာမခံများကိုထွန်းကားအောင်လုပ်ရန်

ဤဦးစားပေးမှုများကို ဆောင်ရွက်ရန်အတွက် ဤစီမံချက်သည် ငွေကြေးကဏ္ဍလမ်းပြမြေပုံတစ်ခုကိုပါ ဖော်ပြထားသည်။ အစိုးရသည် ဤလမ်းပြမြေပုံကို ၂၀၁၄ခုနှစ် အောက်တိုဘာလတွင်ကျင်းပသော အာဆီယံငွေကြေး ဆိုင်ရာတွင်အားလုံးပါဝင်စေမှုညီလာခံတွင် အတည်ပြုခဲ့သည်။

### ကမ္ဘာ့ဘဏ်၏ FIND စီမံချက်

FINDစီမံချက်သည်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (FRD)[73]အား အသေးစားငွေကြေးကဏ္ဍကို နားလည်လာအောင် စွမ်းဆောင်ရည်တည်ဆောက်ပေးသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အသိပေးစည်းရုံးသည့် အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပကာ ထိရောက်သော အသေးစားငွေကြေးဆိုင်ရာ ဥပဒေမူဘောင်ဖြစ်ထွန်းစေရန် နည်းပညာဆိုင်ရာ အကြံများပေးခဲ့ရာတွင် အောက်ပါတို့လည်းပါဝင်သည်_

- MFI များသို့ အတိုးနှုန်းတွက်ချက်သည့်ညွှန်ကြားချက်များ ပေးအပ်ရန်
- ချေးငွေအကန့်အသတ်များကို ဖယ်ရှားရန် သို့မဟုတ် တိုးမြှင့်ရန်
- MFI များက စံငွေစာရင်းပြဇယားများကို အသုံးပြုစေရန်
- အနိမ့်ဆုံးငွေလည်ပတ်မှုနှင့် ကြွေးဆပ်နိုင်မှုအချိုးကို ထုတ်ပြန်ရန်
- ကြွေးကျန်နှင့် ကြွေးဆုံးသတ်မှတ်ရန် လိုအပ်ချက်များနှင့် ဌာနတွင်းစာရင်းစစ်ခြင်းကို တာဝန်အရ မဖြစ်မနေ ဆောင်ရွက်ရန်အတွက်ထုတ်ပြန်ရန်

FRDသည် အထက်ပါ အကြံပြုချက်အားလုံးကို လက်ခံကျင့်သုံးသည်။

### အသေးစား ငွေကြေးဝန်ဆောင်သူများအတွက် ကျန်ရှိနေသေးသော စိန်ခေါ်မှုများ

*အတိုးနှုန်း ပြောင်းလွယ် ပြင်လွယ်မှု/လိုက်လျောညီထွေမှုမရှိခြင်း၊* မြန်မာအသေးစား ငွေရေးကြေးရေးဥပဒေသည် အောက်ခြေလူတန်းစားများ ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် အမြင့်ဆုံးချေးငွေအတိုးနှုန်းနှင့် အနိမ့်ဆုံးစုငွေအတိုးနှုန်း သတ်မှတ်ပေးခြင်း၊ အဖွဲ့ဝင်များကို အတိုးနှုန်းကြီးမားစွာ မတောင်းခံစေရန်ကာကွယ်ခြင်းတို့ဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(MADB)[74] နှင့် သမဝါယမဝန်ကြီးဌာန တို့၏ တစ်နှစ်အတိုးနှုန်း သည် ၂၀၀၆ခုနှစ်တွင် ၁၂ရာခိုင်နှုန်းရှိရာမှ ၂၀၁၂ခုနှစ်တွင် ၈.၅ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၁၄ခုနှစ်မေလတွင် ၅ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချခဲ့သည်။

သို့သော်လည်း အသေးစားငွေကြေးဌာနများသည် ရပ်တည်နိုင်မှုအတွက် အရင်းအနှီးကို တည်ဆောက်ရမည်ဖြစ်ရာ ထိုသို့တည်ဆောက်ရန်အတွက် အတိုးနှုန်းကြီးကြီးချမှတ်ရန် လိုအပ်လာသည်။ နောက်ခံအခြေအနေ ကိုလိုက်၍ အတိုးနှုန်းကို အလျဉ်းသင့်သလို သတ်မှတ်ခွင့်ပြုရန် ယင်းတို့ကအကြောင်းပြကြသည်။ နှစ်ပတ်လည် အတိုးနှုန်းများကို မကန့်သတ်ရန် MFOများ MFI များက FRDသို့ တင်ပြနေကြသည်။ သို့သော် ယခုထိမပြောင်းလဲသေးပေ။ စုငွေအတွက် အနိမ့်ဆုံး ၁၅ရာခိုင်နှုန်းနှင့် ချေးငွေအတွက် အမြင့်ဆုံး ၃၀ ရာခိုင်နှုန်းတွင် ရပ်တည်နေဆဲဖြစ်သည်။

71 ဤစီမံချက်၄ခု၏ အသေးစိတ်ကို နောက်ဆက်တွဲ၄တွင်ကြည့်ပါ။

72 http://www.lift-fund.org/making-access-possible-map-myanmar-demand-supply-policy-and-regulatory တွင် ဖတ်ရှုနိုင်သည်။

73 မူလက ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ အသေးစားငွေကြေးလုပ်ငန်းကြီးကြပ်ရေးဌာန MMSEဖြစ်ခဲ့သည်။

74 လယ်/ဆည်ဝန်ကြီးဌာ လက်အောက်ခံဖြစ်သည်။

## ၂၀၁၄ ခုနှစ်အထိ အသေးစားငွေကြေးလုပ်ငန်းအတွက် ဥပဒေမူဘောင်ဆိုင်ရာ နောက်ဆုံးသတင်းများ

- တစ်ကြိမ်ချေးငွေပမာဏမှာ ကျပ် ၅၀၀၀၀၀ မှ ကျပ် ၅ သန်းထိ တက်လာသည်။
- MFI/MFO များသည် ကျေးလက်ဒေသတွင် ချေးငွေ ၅၅% အနည်းဆုံးရှိရန်လိုအပ်သည်။
- MFI/MFO များသည် အကြွေးဆပ်နိုင်မှုအချိုးကို ၁၅% ထက်မနည်းစေရန်၊ ငွေလည်ပတ်မှုအချိုးကို ၁၀% ထက်မနည်းစေရန်၊ ချေးငွေနှင့် အရင်းအနှီး ၅း၁ ထက်မငယ်စေရန် လိုအပ်သည်။
- ငွေကြေးသတင်းပို့မှု လမ်းညွှန်ချက်အသစ်များတွင် ချေးငွေဆုံးရှုံးမှုဆိုင်ရာ သတ်မှတ်ချက်များ စံငွေစာရင်းဇယားများကို အသုံးပြုကာ ငွေကြေးထုတ်ပြန်ရန်အတွက် အသေးစိတ်ညွှန်ကြားချက်များ ပါဝင်သည်။
- ဒေသခံ MFO/MFI များကို ရင်းနှီးမြှုပ်နှံမှုအတွက် MEB မှ ငွေချေးယူခွင့်ပြုထားသည်။
- နိုင်ငံတကာ MFO/MFI များကို နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများထံမှ အများဆုံးကန့်သတ်ချက်မှာ ၃ သန်းထိ ငွေချေးယူခွင့်ပြုထားသည်။
- အရင်းအနှီးအတွက် ငွေကြေးထုတ်ပေးခြင်းကို MFO/MFI များကို ခွင့်ပြုထားသည်။
- မိုဘိုင်းဖုန်းမှတဆင့် ငွေပေးရေးကို MFO/MFI များအားလုံးသို့ ခွင့်ပြုထားသည်။
- MFO/MFI များကို ချေးငွေအတွက် နှစ်စဉ်အတိုးနှုန်း ၃၀% အများဆုံး ချမှတ်ခွင့်ပြုထားသည်။
- MFO/MFI များကို အပ်ငွေ/စုငွေအတွက် နှစ်စဉ်အတိုးနှုန်း ၁၅% အနည်းဆုံး ချမှတ်ခွင့်ပြုထားသည်။

**ဒေသခံအသေးစားငွေကြေးအဖွဲ့အစည်းများချေးငွေလက်လှမ်းမီရေး။** ဒေသခံMFIများသည် အဖွဲ့ဝင်များကို ဆွဲဆောင်နိုင်ရေးအတွက် ငွေချေးပေးနိုင်ရန် ငွေကြေးအထောက်အပံ့များ လိုအပ်နေသည်။ အစိုးရ၏ သတ်မှတ်ချက်အရ မြန်မာ့စီးပွားရေးဘဏ် (MEB)များထံမှသာ ငွေချေးရသည်။ သို့သော် MEBတွင် ယခုထိ MFIများအတွက် ငွေချေးရန် အစီအစဉ်များ မရှိသေးပေ။ ယခုထိ အထွေထွေချေးငွေသာရှိသေးသည်။ သို့သော် MFIအများစု မှာလည်း လိုအပ်သော အပေါင်ပစ္စည်း မရှိကြပေ။

**နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ ချေးငွေလက်လှမ်းမီရေး။** နိုင်ငံတကာ MFIများကို ဒေသခံငွေကြေး အဖွဲ့အစည်းများ ထံမှ ငွေချေးခွင့်မပြုထားဘဲ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများထံမှ အများဆုံးကန့်သတ်ချက်မှာ ၃သန်းထိ ချေးခွင့်ပြုထားသည်။ ယင်းကိုလည်း မြန်မာနိုင်ငံဗဟိုဘဏ်က အတည်ပြုရန်လိုအပ်သည်။[75] နိုင်ငံခြားမှငွေချေးခြင်းအတွက် အတိုးနှုန်းမှာ ၁၃မှ၁၇ ရာခိုင်နှုန်းအထိ ဈေးပေါက်နေသည်။ ယင်းတွင် ငွေလဲနှုန်း အဆုံးအရှုံးအတွက် ကာမိစေရန် ၉ ရာခိုင်နှုန်းအပါအဝင်ဖြစ်သည်။[76]

### ၅.၂။ အားလုံးပါဝင်သော တန်ဖိုးကွင်းဆက်/ ဈေးကွက်စနစ် ဖြစ်ထွန်းမှု

အားလုံးပါဝင်သော တန်ဖိုးကွင်းဆက်သည် လုပ်ကွက်ငယ် လယ်သမားများကို ဈေးကွက်ဆန်သော စိုက်ပျိုးကုန်တန်ဖိုး ကွင်းဆက်အတွင်းသို့ ဝင်ရောက်နိုင်စေခြင်းဖြင့် စီးပွားရေးကို တိုးတက်စေပြီး ဆင်းရဲမွဲတေမှုကို လျှော့ချပေးသည်။ ယင်းသည် ထုတ်ကုန်၊ ဝင်ငွေ၊ ရိက္ခာဖူလုံမှုတို့ တိုးတက်နေသည့် ကျေးလက်စိုက်ပျိုးရေး စီးပွားစနစ်ဖြစ်စေရန် ပုံစံတကျပြောင်းလဲမှုကို ဖြစ်ထွန်းစေသည်။ထိုသို့ဖြစ်ရန် အတွက် စီးပွားဖြစ်တန်ဖိုးကွင်းဆက်များကို လက်လှမ်းမီမှု ခေတ်မီကုန်ထုတ်နည်းပညာများ (မျိုးကောင်းမျိုးသန့်၊ မြေသြဇာ၊ ရေပေးသွင်းရေး၊ အသေးစားစက်မှုလယ်ယာ စသည်) တို့ကိုဝယ်ယူနိုင်ရန်အတွက် ငွေကြေးဝန်ဆောင်မှု၊ စိုက်ပျိုးရေးစနစ်ကောင်းများကို သိရှိမှုတို့ လိုအပ်သည်။

အားလုံးပါဝင်သော တန်ဖိုးကွင်းဆက် နှင့်ပတ်သက်၍ LIFTက ဆောင်ရွက်နေသည်မှာ လုပ်ကွက်ငယ်လယ်သမားတို့ကို အခွင့်အလမ်းများတိုးတက်စေမည့် လုပ်ကွက်ငယ်စိုက်ပျိုးရေးတွင် တိုက်ရိုက်သို့မဟုတ်သွယ်ဝိုက် ရင်းနှီးမြှုပ်နှံမှုများကို လှုံ့ဆော်ပေးမည့် ပုဂ္ဂလိကကဏ္ဍ ဖြစ်ထွန်းရေးပင်ဖြစ်သည်။ LIFT၏ ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်ရေးမဟာဗျူဟာ အသစ်မှာ ကန်ထရိုက်လယ်ယာစနစ်ကို အဓိကအခြေခံထားသည်။ ဤနည်းသည် မြန်မာနိုင်ငံတွင် ဖြစ်ထွန်းနိုင်စွမ်း အတော်အတန်ရှိသည်။ အကြောင်းမှာ လုပ်ကွက်ငယ်လယ်ယာ စိုက်ပျိုးရေးမှာ နိုင်ငံအနှံ့အပြားတွင် ရှိသောကြောင့်ဖြစ်သည်။ ကန်ထရိုက်လယ်ယာ လုပ်ငန်းတွင် လုပ်ကွက်ငယ်လယ်ယာများ အောင်မြင်ရန်မှာ အဆင့်မီ စိုက်ပျိုးရေးသွင်းအားစုများ၊ စွမ်းဆောင်ရည်ရှိပြီးအပြိုင်အဆိုင်ရှိသည့် စိုက်ပျိုးရေးငွေကြေး ဝန်ဆောင်မှုများ၊ ရေရရှိစေသည့် စိုက်ပျိုးရေးအခြေခံအဆောက်အအုံများ၊ ထုတ်လုပ်ရေးအတွက် ဈေးနှုန်းတည်ငြိမ်မှုများ၊ အားထားရသည့် ဈေးကွက်များ၊ လုပ်ကွက်ငယ်လယ်သမားတို့ကို နည်းပညာဆိုင်ရာအသိအမြင် တိုးပွားစေမည့် ဝန်ဆောင်မှုများ စသည်တို့ကို လက်လှမ်းမီရန် လိုအပ်သည်။ ကန်ထရိုက်လယ်ယာသည် သေချာစွာ ဒီဇိုင်းရေးဆွဲကာ ဖွဲ့စည်းဆောင်ရွက်ပါက လောလောဆယ်မြန်မာနိုင်ငံတွင် မရှိသေးသည့် တန်ဖိုးကွင်းဆက်အချိတ်အဆက်များကို ရရှိစေမည်ဖြစ်သည်။ ထို့ပြင် လုပ်ကွက်ငယ်လယ်သမားများက စီးပွားရေးဆန်ဆန် ကုန်ထုတ်လုပ်တတ်လာစေမည်ဖြစ်ပြီး ရာသီဥတုနှင့် ဈေးကွက်အတက်အကျကဲ့သို့သော ကြိုမမြင်နိုင်သော ခြောက်ချားရမှုများမှ ခံနိုင်ရည်နိုင်စွမ်းလည်း ရှိလာစေမည်ဖြစ်သည်။ လုပ်ငန်းရေရှည်တိုးတက်မှုနှင့် မြေနှင့် လုပ်အားတို့၏ ကုန်ထုတ်နိုင်စွမ်းတိုးတက်မှုကို ဦးတည် ဆောင်ရွက်ရမည် ဖြစ်သည်။

ကန်ထရိုက်လယ်ယာစနစ်သည် "စိုက်ပျိုးရေးဇုန်"များ ဖြစ်ပေါ်ရန် အားပေးမည်ဖြစ်သည်။ ယင်းတွင်တစ်မျိုးတည်းသော

75 နိုင်ငံခြားငွေချေးသူများထံမှ အတိုးနှုန်းကို တရားဝင် သတ်မှတ်ထားခြင်းမရှိသော်လည်း တရားမဝင်အနေဖြင့် အမြင့်ဆုံး နှစ်စဉ် ၁၈%ကိုသတ်မှတ်ထားသည်။

76 နိုင်ငံတကာတွင် ငွေချေးယူသူများသည် ဈေးကွက်ရှိငွေလဲလှယ်မှု နှုန်းထား အပြောင်းအလဲများသည့် အခြေအနေကို ကာမိစေရန် ဆောင်ရွက်ထားလေ့ရှိကြသည်။ (ဥပမာ - ဗီယက်နမ်တွင် ၅%၊ ကမ္ဘောဒီးယားတွင် ၇%)

စိုက်ပျိုးရေးလုပ်ငန်းကို တစုတဝေးတည်း ဆောင်ရွက်ကြမည် ဖြစ်ရာ အထောက်အပံ့ ဝန်ဆောင်မှုတို့ကို တောင်းခံမှုလည်း ပေါ်ပေါက်လာမည် ဖြစ်သည်။ ထို့ကြောင့် လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်း အသေးစားများ ပေါ်ပေါက်လာမည်ဖြစ်ရာ မြေမဲ့ယာမဲ့များ၊ ဝမ်းစာဖူလုံရုံ လယ်သမားများပါ ပါဝင်လာ နိုင်ဖွယ် ရှိလာမည်။ လုပ်ကွက်ငယ် စိုက်ပျိုးရေးကိုစီးပွားရေး ဆန်ဆန်ဆောင်ရွက်ရန်မှာ ထုတ်လုပ်မှုစရိတ်ကို လျှော့ချမည့် စီးပွားရေးလုပ်ငန်းငယ်များ၊ အထွက်တိုးခြင်း၊ ထုတ်ကုန် အရည်အသွေး တိုးတက်ခြင်းတို့သည် အဓိကကျသည်။

ကန်ထရိုက်ပေးသော ထုတ်ကုန် (ဝင်ငွေကောင်းသီးနှံ-တစ်နှစ်ခံ/ နှစ်ရှည်သီးနှံ၊ မွေးမြူရေး၊ ငါးကန်စသည်)ကို လိုက်၍လည်း ကောင်း၊ စာချုပ်အမျိုးအစားကို လိုက်၍လည်းကောင်း ကန်ထရိုက် လယ်ယာကို ဆောင်ရွက်သည့် နည်းလမ်းများစွာရှိသည်။မည်သည့် နမူနာပုံစံကို ရွေးချယ်မည်ဆိုသည်မှာ ထုတ်ကုန်၊ စိုက်ပျိုး -စီးပွားရေး၏ အရင်းအမြစ်များ၊ လူမှုရေးနှင့်ရုပ်ပိုင်း ပတ်ဝန်းကျင်၊ လုပ်ကွက်ငယ်လယ်သမားတို့၏လိုအင်၊ ဒေသခံစိုက်ပျိုးရေးစနစ် တို့ကိုလိုက်၍ ရွေးချယ်ရန်ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် LIFT သည် ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးတွင် အတန် အသင့်တိုးတက်မှု ရခဲ့သည် _

- အစိုးရ၏မျိုးစေ့သုတေသနကို ပုဂ္ဂလိကကဏ္ဍ၊ LIFT အထောက်အပံ့ခံ လုပ်ကွက်ငယ်လယ်သမားတို့နှင့်ပူးပေါင်း ၍ စီးပွားဖြစ်ဆောင်ရွက်ခြင်း။
- ပုဂ္ဂလိကကဏ္ဍနှင့် တိုက်ရိုက်ချိတ်ဆက်ထားသော လယ်သမားပိုင် စိုက်ပျိုးကုန်ထုတ်သမ/ စီးပွားရေးလုပ်ငန်း ပုံစံတစ်ခုကို တည်ဆောက်ခြင်း။
- လုပ်ကွက်ငယ်လယ်သမားတို့ကို ပုဂ္ဂလိကကဏ္ဍမှ အခြေခံ အဆောက်အအုံတို့နှင့် ချိတ်ဆက်ကာ စိုက်ပျိုးရေးနှင့် ရိက္ခာ စင်မြင့်/ထောက်ပံ့ရေးကွင်းဆက်ကို ပေါင်းစည်းပေးခြင်း။
- လုပ်ကွက်ငယ်လယ်သမားများအတွက် စိုက်ပျိုးရေးနည်း ပညာနှင့် အခြေခံအဆောက်အအုံ ဖြစ်ထွန်းစေမည့် ငွေကြေးကိုထောက်ပံ့ပေးမည့် အသေးစားငွေကြေး ထောက်ပံ့သူနှင့် ကုန်သွယ်ရေးဘဏ်တို့သို့ တစ်ပိုင်းတစ်စ ဆုံးရှုံးမှုအာမခံရန်ပုံငွေကို စွန့်စားရနိုင်ချေများအတွက် အရင်းအနှီးအဖြစ်ထောက်ပံ့ခြင်း။ ယင်းတွင်လောလော ဆယ်၌ ကုန်သွယ်ရေးဘဏ်မှငွေကြေးကို လက်လှမ်း မမီသေးသော ကျေးလက်စီးပွားရေးသမား အငယ်စားများ ကိုငှားရမ်းခြင်း(အငှားဝယ်ယူခြင်း)များလည်းပါဝင်နိုင်သည်။
- ရိက္ခာဖူလုံရေး၊ မျိုးကောင်းမျိုးသန့်၊ တန်ဖိုးတိုးမြှင့်နိုင်စေသည့် စွမ်းဆောင်ရည် တိုးတက်လာစေသည့်စိုက်ပျိုးရေးနှင့် ရေပေးရေး နည်းလမ်းကောင်းများ၊ ကန်ထရိုက်လုပ်ငန်းတွင် ပုဂ္ဂလိကကဏ္ဍက လိုအပ်သလို အရည် အသွေးကိုရစေမည့် သက်ဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများတို့ကို လုပ်ကွက်ငယ်လယ်သမားတို့အား ရရှိစေခြင်း။

## ၅.၃၊ လူမှုကာကွယ်စောင့်ရှောက်ရေး

လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်းသော လုပ်ဆောင်ချက် များသည်မြန်မာနိုင်ငံတွင် လူမှုကာကကွယ်စောင့်ရှောက်ရေး ဆိုင်ရာ မူဘောင်တစ်ရပ် မရှိသောကြောင့် တကွဲတပြားစီဖြစ်နေသည်။ LIFT၏ မိတ်ဖက်များဖြစ်သော SPPRG နှင့် Help Age တို့သည် ပို၍ထိရောက်သော မူဘောင်တစ်ရပ်ဖြစ်ပေါ်စေရန် အထောက် အကူပြုခဲ့ကြသည်_

- SPPRGသည် လူမှုဝန်ထမ်းဦးစီးဌာန (DSW)နှင့် လက်တွဲကာ ဆင်းရဲမွဲတေမှုလျှော့ချရေး၏ အဓိကအစိတ် အပိုင်းအဖြစ် လူမှုကာကွယ်စောင့်ရှောက်ရေး ကိုပါဝင်စေမည့် အမျိုးသားလူမှုရေး ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာတစ်ရပ်ကို ပြုစုခဲ့သည်။[77] ယင်းမဟာဗျူဟာကို ၂၀၁၄ခုနှစ်ဒီဇင်ဘာလတွင် တင်ပြခဲ့ပြီး ဖြစ်သည်။ ယင်းမဟာဗျူဟာ၏ ရလဒ်သည် လူမှုကာကွယ် စောင့်ရှောက်ရေးနည်းပညာ အထောက်အပံ့အုပ်စု(SPTSG) ၏ အဖွဲ့ဝင်များဖြစ်သော ILO၊ ကမ္ဘာ့ဘဏ်၊ Unicef နှင့်HelpAgeတို့က အဆိုပြုထားသော နိုင်ငံတကာ နမူနာ ပုံစံများနှင့် တသားတည်းကျမည်ဟု ယူဆရသည်။
- SPPRGသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင်လည်း လုပ်ကိုင်လျက်ရှိသည်။ ရပ်ရွာက ဦးဆောင်သော လူမှု ကာကွယ်စောင့်ရှောက်ရေးစီမံချက်ကို စစ်ကိုင်းတိုင်းရှိ ကျေးရွာ၅ရွာတွင် ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရထံမှရရှိသော အရင်းအမြစ်တို့ကို ရပ်ရွာ အဖွဲ့အစည်း တို့နှင့် အောင်မြင်စွာချိတ်ဆက်ပေးခဲ့သည်။ DSWသည် ယင်းစီမံချက်ကို အခြားပြည်နယ်နှင့်တိုင်းတို့ တွင်လည်း ဆောင်ရွက်ရန် တောင်းခံထားသည်။
- HelpAgeသည် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနကို အမျိုးသားလူမှု ကာကွယ် စောင့်ရှောက်ရေး မူဝါဒနှင့်မဟာဗျူဟာအတွက် မူဘောင် တစ်ရပ်ရေးဆွဲရာတွင် နည်းပညာအထောက်အကူပေးခဲ့

77 ကျေးလက်ဖွံ့ဖြိုးမှုဦးစီးဌာနအနေဖြင့်လည်း ၎င်းတို့လက်ရှိဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမွဲတေမှုလျှော့ချရေး အစီအစဉ်များတွင် လူမှုကာကွယ်စောင့်လျောက်ရေး စနစ်များထည့်သွင်းနိုင်ရန် SPPRG နှင့်တိုင်ပင်လျက်ရှိသည်။

### အမျိုးသား လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ စီမံချက်။ အထင်ကရ အစီအစဉ်များ

- ကလေး၂နှစ်သားအထိ မိခင်နှင့်ကလေးတို့ကို ငွေထောက်ပံ့ခြင်း
- ၃နှစ်မှ ၁၅ နှစ်အတွင်း ကလေးတို့ကို ငွေထောက်ပံ့ခြင်း
- မသန်စွမ်းသူတို့ကို ငွေထောက်ပံ့ခြင်း (အသက် ၆၅ နှစ်အထိ)
- ကျောင်းသားအားလုံးကို အစားအစာကျွေးမွေးခြင်း
- အစိုးရအလုပ်အကိုင်၊ အသက်မွေးမှုပညာရေးနှင့်လေ့ကျင့်ရေး
- အသက်၆၅နှစ်နှင့်အထက် ပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်
- သက်ကြီးပိုင်းများ၏ ကိုယ်ထူကိုယ်ထအုပ်စုများ
- ပေါင်းစည်းထားသော လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ

သည်။ ၎င်းမူဘောင်ကို ဝန်ကြီးဌာနသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ INGO များ၊ LNGO များတို့နှင့် တိုင်ပင်ကာ ဆက်လက်ပြုစုခဲ့ပြီး အစိုးရအဖွဲ့နှင့် နိုင်ငံတော်သမ္မတရုံးတို့က အတည်ပြုခဲ့ပြီး ဖြစ်သည်။ HelpAgeသည် ဝန်ကြီးဌာနတွင် ရုံးဖွင့်ထားပြီး နှစ်ဦးနှစ်ဖက်ယုံကြည်မှုနှင့် နီးကပ်သောလုပ်ငန်းဆက်ဆံရေးကို တည်ဆောက်လျက်ရှိသည်။

- အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာနှစ်ခုစီမံချက်ကို လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီက နိုဝင်ဘာလတွင် အတည်ပြုခဲ့ပြီး အစိုးရအဖွဲ့နှင့် နိုင်ငံတော်သမ္မတရုံးတို့က အတည်ပြုပြီးနောက် ဒီဇင်ဘာလတွင် စတင်ခဲ့ပြီးဖြစ်သည်။
- ဒေသခံအဆင့်တွင် HelpAgeနှင့် မိတ်ဖက်Reveal စီမံချက်[78] တို့သည် ဦးတည်ကျေးရွာရှိ အဆင်းရဲဆုံးလူထုကို ပါဝင်စေသည့် VDCတို့ကအသုံးပြုသော ရပ်ရွာလူ့ပ်ရှားမှုပေါင်းစည်းစီမံချက်များကို အခြေခံသောရပ်ရွာအခြေပြုနည်းဖြင့် ရပ်ရွာစွမ်းဆောင်ရည်ကို အားမြှင့်မှုပုံစံနမူနာ တစ်ခုကို ပြုစုခဲ့သည်။ ယင်းလုပ်ငန်းစီမံချက်ပါ ဆောင်ရွက်မှုအားလုံးကို စီမံချက်ရန်ပုံငွေက မထောက်ပံ့နိုင်သဖြင့် VDCတို့ သည် သက်ဆိုင်ရာအစိုးရဌာနတို့မှဆက်လက်ရယူခဲ့ကြသည်။

## ၅.၄၊ မြေယာလုပ်ပိုင်ခွင့်အာမခံ

မြေယာလုပ်ပိုင်ခွင့်ကိစ္စသည် မြန်မာနိုင်ငံတွင် အငြင်းပွားနေရဆဲကိစ္စတစ်ခု ဖြစ်သည်။ ၂၀၁၄ခုနှစ် အောက်တိုဘာ လတွင် အစိုးရသည် အမျိုးသားမြေအသုံးချမှုမူဝါဒ (NLUP)မူကြမ်းကို ထုတ်ပြန်ခဲ့ရာတွင် မျှော်မှန်းခဲ့သည်မှာ _ (၁) မြန်မာနိုင်ငံတွင် မြေယာနှင့်သက်ဆိုင်သော ဥပဒေအားလုံးကို ပေါင်းစပ်ညှိနှိုင်းပေးရန်၊ (၂)၂၀၁၅ခုနှစ်အတွင်း မြေယာဥပဒေသစ်တစ်ရပ်ပေါ်ထွန်းရေးကို လမ်းညွှန်ပေးရန်ဖြစ်သည်။ ယင်းမူဝါဒကို ယခုအခါ နိုင်ငံတဝန်းလုံးတွင် အကြံများရယူကာ သုံးသပ်နေဆဲဖြစ်သည်။

ဤဆွေးနွေးပွဲများ ငြင်းခုံပွဲများတွင် တုံ့ပြန်မှုအမျိုးမျိုးကို တွေ့ရသည်။ တစ်ဘက်တွင် မြေယာကဏ္ဍတွင် လုပ်ကွက်ငယ်လယ်သမားတို့၏ အကျိုးအတွက် ဝင်ရောက်ဆောင်ရွက်ခွင့်အသစ်များ ပေါ်ပေါက်ခဲ့သည်။ ကျန်တစ်ဘက်တွင်မူ အချို့CSOများ နိုင်ငံတကာမှ အဖွဲ့အစည်းများက စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပုဂ္ဂလိကမြေယာ ပိုင်ဆိုင်မှုတို့ကို သိသာစွာ ဦးစားပေးထားခြင်းကို ဆန့်ကျင်ကာ လူမှုရေးတွင် မြေယာပါဝင်သောကဏ္ဍနှင့် သာနာညီမျှစွာ လက်လှမ်းမီစေရန် လိုအပ်ချက်တို့ကို ဦးစားပေးကြသည်။ နိုင်ငံတကာမှ လမ်းညွှန်ချက်များကိုလည်း ယင်းတို့က ထပ်မံတောင်းခံခဲ့ကြသည်။ အထူးသဖြင့် ကြိုတင်တိုင်ပင်ဆွေးနွေးခြင်း၊ အဓမ္မမြေသိမ်းခံရသဖြင့် ထိခိုက်နစ်နာသူတို့ကို လျော်ကြေးပေးခြင်းဆိုင်ရာတို့နှင့် ပတ်သက်သည်များကို တောင်းခံခဲ့သည်။ မူကြမ်းထဲတွင် ရှင်းလင်းစွာဖော်ပြထားသော အစဉ်အလာ လယ်ယာလုပ်ပိုင်ခွင့်နှင့် ကျားမရေးရာကိစ္စရပ်တို့ကိုလည်း စိုးရိမ်မကင်းဖြစ်ခဲ့ခြင်းများလည်း ရှိသည်။

LIFTတွင် မြေယာကိစ္စနှင့် တိုက်ရိုက်ဆက်သွယ်နေသောစီမံချက် သုံးခုရှိသည်။ ကန့်သတ်ချက်များ ရှိနေသော်လည်းNLUPအသစ်ထွက်ပေါ်လာသောအခါတွင် ထိတွေ့ဆောင်ရွက်ခွင့်များရှိလာမည်ဟု LIFTကမျှော်လင့်သည်။ မြေယာသုံးစွဲခွင့်ကို အားလုံးက လက်လှမ်းမီစေရန်၊ မျှတစေရန်၊ စိတ်ချစေရန်၊ ပဋိပက္ခလျော့နည်းစေရန်၊ နောင်အတွက် သယံဇာတများကို ပိုမိုကာကွယ်နိုင်ရန်တို့အတွက် အစိုးရအား မည်သို့ နည်းပညာအထောက်အပံ့ပေးရမည်ကို LIFTက စဉ်းစားလျက်ရှိသည်။

GRET၏စစ်တမ်းက မူဝါဒတို့၏ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုကို နက်နဲစွာဖော်ပြသည် GRET၏ မြန်မာနိုင်ငံတွင်မူဝါဒဆွေးနွေးပွဲများတွင် သေသေချာချာ ပါဝင်နိုင်ရန်အတွက် ကျေးလက်မြေယာကိစ္စများကို နားလည်ခြင်းဟူသော စစ်တမ်းတွင် အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ဖြစ်ပေါ်နေသော မြေယာကိစ္စတို့၏ဇစ်မြစ်သည် ပထဝီအနေအထား ကိုလိုက်၍ ခြားနားကြောင်းဖော်ပြထားသည်။ GRET အသုံးပြုခဲ့သောနည်းနာမှာ ဆန်းသစ်ပြီး အဆင့်သုံးဆင့်ပါဝင်သည် (၁) နောက်ခံ အကြောင်းအရာသုံးသပ်မှုအဖြစ် လူမှုရေးနှင့် စိုက်ပျိုးရေး-ဂေဟဗေဒ အခြေအနေများနှင့် ကျေးရွာသမိုင်းတို့ကို မှတ်တမ်းတင်သည်။ (၂) မြေယာပိုင်ဆိုင်မှုအပြောင်းအလဲများ၊ စိုက်ပျိုးရေးအစီအစဉ်များကို အရည်အသွေးဆိုင်ရာသုံးသပ်မှုအဖြစ် မိသားစုများကို အသေးစိတ် လူတွေ့မေးမြန်းသည်။ (၃)အရည်အသွေးဆိုင်ရာသုံးသပ်မှုမှ ရရှိလာသော ယာယီယူဆချက်များကိုအခြေခံကာ မြေယာလက်လှမ်းမီမှုနှင့် အိမ်ထောင်စုတို့၏ အသက်မွေးမှုတို့ကို စာရင်းအင်းဆိုင်ရာသုံးသပ်သည်။



78 စာမျက်နှာ ၄၁ အထက်တွင်ကြည့်ပါ။

*ဇယား၅.၁။ ၂၀၁၄ခုနှစ်အတွင်း မြေယာနှင့်သက်ဆိုင်သော စိန်ခေါ်မှုများနှင့် LIFT၏ဆောင်ရွက်ချက်များ*

| မြန်မာနိုင်ငံမြေယာ လုပ်ပိုင်ခွင့်ဆိုင်ရာ စိန်ခေါ်မှု။ | LIFTက ငွေကြေးထောက်ပံ့ခဲ့သည့် ဆောင်ရွက်ချက်များ၏ ဥပမာများ |
|---|---|
| ကြေးတိုင်မြေပုံများသည် ခေတ်မမီတော့ပါ။ | UN-Habitat ၏ မြေယာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးအစီအစဉ် (LAMP)သည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (SLRD)သို့ မြို့နယ်နှစ်ခုတွင် မြေယာမှတ်ပုံတင်ရေးလုပ်ငန်းအသစ်ကို ရွှေ့ပြောင်းလုပ်ကြည့်ရန်အတွက် နည်းပညာအထောက် အပံ့များပေးခဲ့သည်။ သာယာဝတီမြို့နယ်(ပဲခူးတိုင်း)မှ ကွင်း၂ကွင်းတွင် မြေပုံရေးဆွဲနည်းအသစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်။ လက်တွေ့ကျကာ ထိရောက်သော မြေတိုင်းနည်း၊ မြေပုံရေးဆွဲနည်းတို့ကို စမ်းသပ်ခဲ့ရာတွင် GISစနစ်နှင့် ဂြိုဟ်တုဓာတ်ပုံများကို ပေါင်းစပ်ခြင်းလည်း ပါဝင်သည်။ (မန္တလေးတိုင်း) မြင်းခြံ မြို့နယ်တွင်လည်း အလားတူ ထပ်မံဆောင်ရွက်ရန်ရှိသည်။ |
| မြေယာလုပ်ပိုင်ခွင့်နှင့် မြေယာအသိမ်းခံရမှု | မြေယာမဏ္ဍိုင်အဖွဲ့(LCG)သည် NLUPအကြံဉာဏ်ရယူခြင်းလုပ်ငန်းစဉ်တွင် အရေး ပါသောနေရာမှ ပါဝင်ခဲ့သည်။ ယင်းသည် မြေယာနှင့်သက်ဆိုင်သော စစ်တမ်း အချို့ကိုဦးဆောင်ပြုလုပ်ခဲ့သည်။ အထူးသဖြင့် ချင်းနှင့် ရှမ်းပြည်နယ် တို့တွင်ရှိသော စုပေါင်းမြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာနှင့် ကျားမရေးရာ အကြောင်းအရာတို့တွင် ဖြစ်သည်။ (Trocaireကဆောင်ရွက်ခဲ့သည်။) |
| | LCGသည် ရေရှည်သုတေသနလုပ်ငန်းတစ်ခုတွင် ပါဝင်ဆောင်ရွက် နေသည်။ ယင်းမှာ ကွက်စိပ် ပူးပေါင်းဆောင်ရွက်သုတေသန ဖြစ်၍ နိုင်ငံတကာလူမှုရေးသိပ္ပံ ဌာနက ဦးစီးဆောင်ရွက်နေသည်။ ရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို လျှော့ချရေးမူများ၊ မြေယာအသိမ်းခံရမှုများ၊ ပဋိပက္ခများ မည်သို့ ဆက်စပ်ဖြစ်ပေါ်နေသည်ကို လေ့လာရန်ဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မေတ္တာဖောင်ဒေးရှင်း နှင့်လည်းကောင်း၊ တနင်္သာရီတွင် ပေါင်းကူးအဖွဲ့နှင့်လည်းကောင်း ကွင်းဆင်း သုတေသနပြု နေသည်။ |
| | LCGသည် ၂၀၁၄ခုနှစ်မတ်လတွင် ရန်ကုန်၌ကျင်းပသော အာဆီယံပြည်သူ့ဖိုရမ်တွင် မြေယာအသိမ်းခံရပုံကို ပါဝင်မျှဝေပေးရန် လယ်သမား၄ဝကို ထောက်ပံ့ခဲ့သည်။ မြေယာမှတ်ပုံတင်ရေး လုပ်ငန်းစဉ်များ၊ သက်ဆိုင်သောဥပဒေများအကြောင်း ပညာပေးစာစောင်ကို တိုင်းရင်းသားဘာသာ၆မျိုး (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်း)တို့ဖြင့် ဘာသာပြန်ခဲ့သည်။ |
| | မြန်မာနိုင်ငံ၏ မြေယာ စိုက်ပျိုးရေး သစ်တောဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေပေးနေသည့် အွန်လိုင်းသတင်းအချက်အလက်ဘဏ် MyLAFFကိုလည်း LCGက စီမံခန့်ခွဲနေသည်။ |

ဤစစ်တမ်းသည် မူဝါဒတို့၏အကျိုးသက်ရောက်မှုကို နက်နဲစွာဖေါ်ပြသည်။ အထူးသဖြင့် အောက်ပါတို့တွင် ဖြစ်သည်_

- လက်ရှိမြေယာအုပ်ချုပ်ရေးစနစ်သည် အမျိုးမျိုးသော မြေယာလုပ်ပိုင်ခွင့်စနစ် အဆင့်ဆင့်ကို အခြေစိုက်ထားသည်။ ယင်းတို့၏တရားဝင်မှု တရားမျှတမှုမှာလည်း အဆင့်အမျိုးမျိုးရှိသည်။ ဒေသခံအာဏာပိုင်တို့သည်လည်း မြေယာလွှဲပြောင်းမှုများကို တရားရေးစနစ် ရုံးစနစ်ပြင်ပမှလုပ်ဆောင်နေကြရာ၊ ယင်းတို့တွင် ဥပဒေအရမဟုတ်ဘဲ သင့်သလိုလုပ်ပိုင်ခွင့်များလည်း အတန်အသင့်ရှိကြသည်။
- မြေယာဆုံးရှုံးရခြင်း၏ သမိုင်းဇာစ်မြစ်တစ်ခုမှာ တာဝန်ကျေစပါး ရောင်းချရသောစနစ်ပင် ဖြစ်သည်။ ယင်းကို တင်းကြပ်စွာ ဆောင်ရွက်ခဲ့ပြီး သိမ်းဆည်းခဲ့သောလယ်မြေတို့ကိုလည်း အချို့လူတို့ကိုရယူခွင့်ပေးခဲ့သည်။ ဒေသအာဏာပိုင်တို့က ယင်း လုပ်ငန်းစဉ်တွင် အဓိကနေရာမှပါဝင်ခဲ့ပြီး တစ်ခါတစ်ရံ ဤလုပ်ငန်းစဉ်မှပင် အကျိုးရှိခဲ့ကြသည်။ အစိုးရက တရားမဝင် မြေသိမ်းဆည်းမှုများကို ဖြေရှင်းပြီးပြီဟု ဆိုသော်လည်း တရားမဝင်ဆိုသည့် စကားအဓိပ္ပာယ်မှာ ရှင်းလင်းခြင်းမရှိပေ။တာဝန်ကျေစပါးရောင်းချမှုသည် ထိုစဉ်က "တရားဝင်"လုပ်ငန်းစဉ်ပင် ဖြစ်ခဲ့သည်။
- ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံအုပ်ချုပ်ရေးပိုင်များသည် မြေယာစီမံခန့်ခွဲရာတွင် အဓိကပါဝင်သူများဖြစ်ကြသည်။ အသစ်ဖွဲ့စည်းထားသော ကျေးရွာမြေယာစီမံခန့်ခွဲမှုကော်မတီကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ခေါင်းဆောင်ပြီး SLRD ဝန်ထမ်းများက အထောက်အကူပြုပေးသည်။ ယင်းပါဝင်ပတ်သက်သူတို့မှာ ဘက်မလိုက်မှုနည်းပါးလှသည့်ပြင် မကြာခဏပင် ယင်းတို့ကဖြေရှင်းပေးရမည့် အငြင်းပွားမှုများတွင် တိုက်ရိုက်ဝင်ရောက်ပတ်သက်လေ့ရှိကြသည်။ ထို့ကြောင့် လက်ရှိ ပဋိပက္ခဖြေရှင်းမှုစနစ်တွင် မယုံကြည်မှု မမျှတမှုများ ဖြစ်ပေါ်လာသည်။
- လယ်သမားများမှာလည်း လက်ရှိမြေယာမှတ်ပုံတင်ရေးလုပ်ငန်းစဉ်ကို လည်းကောင်း၊ ယင်းတို့၏ မြေယာကိုမှတ်ပုံတင်ရန် လိုအပ်သည်ကိုလည်းကောင်း နားလည်သူနည်းပါးသည်။ အချို့တောင်သူ လယ်သမားများမှာ အခွန်တိုးကောက်မည်ကို ကြောက်သောကြောင့်လည်းကောင်း၊ သစ်တောမြေဟု မှတ်ပုံတင်ထားသောမြေတွင် စိုက်ပျိုးနေသောကြောင့်လည်းကောင်း တမင်ပင် မှတ်ပုံမတင်ဘဲ ရှောင်နေကြသည်။ သို့ဖြစ်ရာ မြေယာလက်လွှတ်ရမှုများ ပို၍ ဖြစ်လာရန် အကြောင်းရှိသည်။

LIFTသည် ယခုအခါတောင်တန်းဒေသနှင့် အပူပိုင်းဇုန်၏အခြားနေရာတို့တွင်ပါ စစ်တမ်းကိုတိုးချဲ့ခဲ့သည်။ နိုင်ငံ၏မြေယာစနစ်ကို တွန်းအားပေးနေသည့်ထွေပြားမှုများကို ဆက်လက်စူးစမ်းရန်နှင့် မူဝါဒချမှတ်သူတို့အား သတင်းပေးရန်အတွက်ဖြစ်သည်။

*ဇယား၅.၂။ GRETစစ်တမ်း၏ ရှေ့ပြေးရလဒ်များ။ မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့၏ မြေယာလုပ်ပိုင်ခွင့် ပြဿနာများနှိုင်းယှဉ်ချက်။*

| မြစ်ဝကျွန်းပေါ်တောင်ပိုင်းဒေသ | အပူပိုင်းဇုန် |
|---|---|
| လူများအခြေချနေသည်မှာမကြာသေးပါ။ (လွန်ခဲ့သောနှစ် ၅၀ မှ ၁၀၀အတွင်း) | လူနေထိုင်သည်မှာကြာမြင့်လှပြီ။ |
| တရားမဝင်မြေယာဈေးကွက်တက်ကြွလျက်ရှိ၊ ပြင်ပမှလူများ၊ မြို့ပြမှ ရင်းနှီးမြှုပ်နှံသူများစသည်တို့က ပါဝင် ပတ်သက်လျက်ရှိ။ | မြေယာလွှဲပြောင်းမှုမှာ အကန့်အသတ်ဖြင့်သာ ရှိသည်။ (၂-၃နှစ်ကာလအတွင်း တစ်ခုနှစ်ခုသာ ရှိသည်)၊ မြို့ဆင်ခြေဖုံးအရပ်များမှာမှလွဲ၍ ဤပြင်ပမှလူများကို လွှဲပြောင်းခြင်းမရှိ။ |
| • တာဝန်ကျေစပါးရောင်းချရသောကာလ(၂၀၀၃ခုနှစ်ထိ) အတွင်းက ဖြစ်ပွားခဲ့သော မြေယာအသိမ်းခံရမှု များနှင့် ပတ်သက်သောပြဿနာများရှိနေ။<br>• လယ်ပြန်ငွေပြန် မြေငှားစနစ်သည် အဓိကနေရာမှ ပါဝင်နေသည်။ ငွေချေးသူက အကြွေးပြန်မဆပ်မချင်း မြေယာကိုအသုံးပြုခွင့်ရရှိသည်။ (အတိုးမပေးရ)၊ မပြီးပြတ်သေးသောအမှုအများစုသည် အကြွေးမကျေ သေးသော ကြောင့်ဖြစ်သည်။<br>• သီးစားချသောစနစ်သည် လယ်သမားငယ်များကို မြေယာလုပ်ပိုင်ခွင့်သို့ လက်လှမ်းမီစေသည်။<br>• လယ်သမားများနှင့်နိုင်ငံရေးလှုပ်ရှားသူများက "ထွန်တုံးတိုက်ပွဲ"များဆင်နွှဲနေကြသည်။ | • လွှဲပြောင်းမှုအများစုမှာ အမွေဆက်ခံခြင်းသာဖြစ်ပြီး၊ ပဋိပက္ခမှာ မိသားစုအတွင်းတွင် ဖြစ်ကြသည်က များသည်။<br>• တာဝန်ကျေစပါးရောင်းချမှုသည် မြေယာပိုင်ဆိုင်မှုကိုများစွာ မထိရောက်စေခဲ့ပါ။<br>• မြေတန်ဖိုးအတန်အသင့်တက်လာသည်။ |

## ၅.၅၊ အာဟာရဆိုင်ရာ

မြန်မာနိုင်ငံသည် ကာလရှည်အာဟာရမပြည့်ဝမှုနှင့် သေးလှီမှုတို့၏ဒဏ်ကိုအခံရဆုံး ၃၆နိုင်ငံထဲတွင် ပါဝင်သည်။[79] အဆင်းရဲဆုံးလူထုတွင်း၌ သေးလှီမှုနှုန်းမှာ ၅၀%ခန့်ထိဖြစ်သည်။[80] လူ့ဘဝ၏ ပထမရက်၁၀၀၀ပေါင်း(သန္ဓေတည်ချိန်မှဒုတိယမွေးနေ့အထိ)အတွင်း၌ အာဟာရမပြည့်ဝခြင်းသည် အထူးပင်ဘေးများပြီး ကလေးတစ်ဦး၏ နောင်ကြီးထွားဖွံ့ဖြိုးမှုကိုကန့်သတ်နိုင်သည်။[81] ပြောင်းပြန်အားဖြင့် စားသုံးရသောအာဟာရကောင်းမွန်ပါက ကလေးများသည် ကျောင်းတွင် ပို၍သင်ယူနိုင်သည်။ လူကြီးများသည် လုပ်ငန်းခွင်တွင် ပို၍တာဝန်ထမ်းဆောင်နိုင်သည်။ ခြောက်ချားရမှုများ ဆုတ်ယုတ်မှုများနှင့် ကြုံရသောအခါ ပို၍ ရင်ဆိုင်နိုင်သည်။

၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံသည် "အာဟာရမြှင့်တင်ရေး" (SUN)လှုပ်ရှားမှုနှင့် "ငတ်မွတ်မှုလုံးဝပပျောက်ရေးစိန်ခေါ်မှု" ဟူသော ကမ္ဘာလုံးဆိုင်ရာ အာဟာရမပြည့်ဝမှုကိုဖြေရှင်းရန်ကြိုးပမ်းသည့် လှုပ်ရှားမှုနှစ်ခုတွင်ပါဝင်ခဲ့သည်။ အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားမူဝါဒနှင့်မဟာဗျူဟာသစ်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးမိခင်များသို့ ငွေသားထောက်ပံ့ခြင်းကို ယင်း၏ အဓိကအစီအစဉ် ရေပ်တွင် ထည့်သွင်းထားသည်။ သို့သော် ပြည်သူ့ဘဏ္ဍာခွဲဝေမှုကား မရှိသေးပါ။

LIFTသည် ၂၀၁၄ခုနှစ်တွင် အာဟာရဆိုင်ရာတွင် ပိုမိုအာရုံစိုက်ကာဆောင်ရွက်ခဲ့သည်။ အာဟာရသီးသန့်[82]နှင့် အာဟာရအလေးထား[83] အစီအစဉ်များအတွက် ငွေပိုမိုသုံးစွဲရန်သဘောတူခဲ့သည်။ ကောင်းမွန်သောအာဟာရကိုလည်း LIFT၏မဟာဗျူဟာအသစ်၏ အဓိကအကျိုးရလဒ် ၄ခုထဲတွင် ထည့်သွင်းဦးစားပေးထားသည်။ ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော မဟာဗျူဟာအလုပ်ရုံဆွေးနွေးပွဲတွင် ရန်ပုံငွေဘုတ်အဖွဲ့က အောက်ပါတို့ကို သဘော တူခဲ့သည်_

- LIFT၏ရည်ရွယ်ချက်ကိုကြေညာရာတွင် အာဟာရရရှိမှု၊ ဝင်ငွေတို့ပြီးလျှင်အာဟာရစားသုံးမှုကိုပါရှင်းလင်းစွာထည့်သွင်းဆွေးနွေးရန်။
- ထိခိုက်လွယ်သောလူအုပ်စုတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး၊ နို့တိုက်မိခင်၊ ၅နှစ်အောက်ကလေးများ (အာဟာရအရ အထိခိုက်အလွယ်ဆုံးသောအသက်အရွယ်) ရှိသော အိမ်ထောင်စုတို့ကို ထည့်သွင်းရန်။
- အာဟာရမပြည့်ဝမှုဆိုင်ရာ ပန်းတိုင်အဆင့်အညွှန်း အဖြစ် "သေးလှီခြင်း"ကို ပြောင်းလဲရန်။ ယင်းသည် ဆင်းရဲမွဲတေမှုဆိုင်ရာ ခိုင်မာသော အညွှန်းဖြစ်၍ "အလေးချိန်မပြည့်ခြင်း"ထက် အနက်ဖွင့်ရန် ပိုလွယ်သည်။
- ၂နှစ် သို့မဟုတ် ၅နှစ်အောက် ကလေးများနှင့်/သို့မဟုတ် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်တို့အတွက်ကဲ့သို့သော တစ်ဦးချင်း စားသောက်ပုံအမျိုးမျိုးကိုညွှန်းသော အညွှန်းတစ်ခုကို ယုတ္တိဗေဒမူဘောင်တွင် ထည့်သွင်းရန်

79 Save the Children, Global stunting reduction target: focus on the poorest or leave millions behind, May 2012

80 MICS 2009-2010, UNICEF

81 Save the Children, Nutrition in the First 1,000 Days—State of the World's Mothers, 2012

82 ၂၀၀၈ခုနှစ်တွင် လန်းဆက်က ထုတ်ဝေခဲ့သော အာဟာရဆိုင်ရာ ဆောင်းပါးများတွင် အဏုအာဟာရဖြည့်စွက်ခြင်း၊ သန်ချခြင်း၊ မိခင်နို့တိုက်ကျွေးခြင်း၊ မိခင်အာဟာရဖြည့်စွက်ခြင်း စသည်တို့ပါဝင်သည်။ ဤဆောင်ရွက်ချက်များမှာ အစား အသောက်နှင့်ရောဂါတို့ကို တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းသည်။

83 အာဟာရအလေးထားဆောင်ရွက်ချက်၏ ရည်ရွယ်ချက်မှာ အာဟာရမပြည့်ဝခြင်း၏ ပင်မအကြောင်းရင်းများဖြစ်သော ရိက္ခာကို ရရှိရန်မလွယ်ခြင်း၊ ကျန်းမာရေးမကောင်းသော ပတ်ဝန်းကျင်၊ ကျန်းမာရေးဝန်ဆောင်မှုမလုံလောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုညံ့ဖျင်းခြင်း စသည့်တို့ကို ကိုင်တွယ်ဖြေရှင်းရန်ဖြစ်သည်။ ယင်းတို့တွင် အာဟာရပြည့်ဝသော အစားအသောက်များကို ထုတ်လုပ်ရန်နိုးဆော်ခြင်း၊ စားသောက်ကောင်း မဝယ်နိုင်သော၊ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမမီသော မိသားစုများကို ငွေကြေးထောက်ပံ့ခြင်း၊ ရေနှင့် အညစ်အကြေးစွန့်ပစ်မှု ရရှိစေခြင်းတို့ပါဝင်သည်။




## သတင်းစကား ဖြန့်ဝေခြင်း

LIFTနှင့်မိတ်ဖက် LEARNတို့သည် အမျိုးသားအာဟာရဖွံ့ဖြိုးမှုနှင့် သုတေသနဌာနနှင့်အတူ ကလေး သန္ဓေသားဘဝမှ နှစ်နှစ်မြောက် မွေးနေ့အထိ ရက်၁၀၀၀ အတွင်း စားသုံးရသော အာဟာရကောင်း မွန်ရန် အရေးပါပုံကို ပညာပေး လှုံ့ဆော်သည့် ဗီဒီယို အစီအစဉ်တိုလေးတစ်ခုကို ထုတ်လုပ်ခဲ့ကြသည်။ယင်းကို LIFTမိတ်ဖက်များနှင့် အစိုးရ ရုပ်သံ ရေဒီယိုတို့တဆင့် အသိ ပညာပေးထုတ်လွှင့်လျက်ရှိသည်။ www.youtube.com/ liftfundmyanmar

*ဇယား၅.၃။ အာဟာရနှင့်ပတ်သက်သော စိန်ခေါ်မှုများနှင့် ၂၀၁၄ခုနှစ်အတွင်း LIFTရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်ချက်များ*

| အာဟာရကောင်းမွန်မှုအတွက် စိန်ခေါ်မှုများ၊ | LIFTရန်ပုံငွေထောက်ပံ့မှု၏ ဆောင်ရွက်ချက် နမူနာများ |
|---|---|
| ကောင်းမွန်သော အာဟာရဆိုင်ရာ အလေ့အကျင့်များကို သိမြင်မှုမလုံလောက်ခြင်း။ | • ADRAနှင့် ActionAid သည် ယင်းတို့၏အသက်မွေးပညာသင်တန်းတွင် အာဟာရအသိအမြင်ဆိုင်ရာ ဘာသာရပ်ကိုလည်း ထည့်သွင်းသည်။<br>• CESVIသည်ရှမ်းပြည်မြောက်ပိုင်းတွင် အာဟာရဆိုင်ရာပညာပေးနှင့် ကျောင်းဥယျာဉ်တို့ကို ထောက်ပံ့ပေးသည်။<br>• BetterLife အဖွဲ့အစည်းသည် ရခိုင်ရှိ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးရပ်ရွာတို့တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်တို့အား ငါးမစားစေရန် တားမြစ်ထားသောထုံးစံကို စိန်ခေါ်ရန် ဆောင်ရွက်ချက်ရှိသည်။ |
| အာဟာရပြည့်ဝသော အစားအသောက်နှင့် မိခင်/က လေးကျန်းမာရေးစောင့်ရှောက်မှု ကိုမတတ်နိုင်ခြင်း။ | • ရခိုင်ဒေသတွင် အခြေခံမျဉ်းစစ်တမ်းတစ်ခုအရ သေးလှီမှုနှုန်းမှာ ၃၉%ရှိကြောင်း တွေ့ရှိရသည်။ တက်လမ်းအစီအစဉ်သည် ရက်၁၀၀၀အတွင်း မိခင်နှင့်ကလေးများ ကျန်းမာရေးကောင်းမွန်စေရန်အတွက် ငွေသားလွှဲပြောင်းပံ့ပိုးခြင်းကို ရှေ့ပြေးဆောင်ရွက်လျက်ရှိသည်။ မိခင်သည် လစဉ်ငွေကျပ် ၁၃၀၀၀ (ကန်ဒေါ်လာ ၁၂)ခန့်ကို ထောက်ပံ့ကြေးအဖြစ် ရရှိသည့်ပြင် အပြုအမူပြောင်းလဲရေး ဆက်သွယ်မှုများ၊ မိခင်အချင်းချင်း အထောက်အပံ့အုပ်စု၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ အထောက်အပံ့ပေးခြင်းတို့ကိုပါ ရပ်ရွာစေတနာ့ ဝန်ထမ်းတို့ထံမှ ရရှိသည်။ စောစောပိုင်း စောင့်ကြပ်ကြည့်ရှုချက်အရ ယင်းငွေများကို အာဟာရနှင့် ကျန်းမာရေးတိုးတက်ရေးအတွက် သုံးစွဲကြကြောင်း သိရှိရသည်။ |
| အာဟာရပြည့်ဝသော အစားအသောက်များကို လက်လှမ်းမမီခြင်း။ | • AVSIနှင့်မေတ္တာတို့သည် ယင်းတို့၏ အဓိကသီးနှံထုတ်လုပ်ရေးလုပ်ဆောင်ချက်ကို တိုးချဲ့ပြီး အာဟာရ ပညာပေးရေးနှင့် အိမ်ခြံတွင်းစိုက်ခင်းလုပ်ဆောင်ချက်များနှင့် ပေါင်းစပ်ပေးခဲ့သည်။<br>• TdHအီတလီသည် ဝေလံခေါင်ဖျားသော အပူပိုင်းဇုန်တွင် အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက် စိုက်ပျိုး ရေးကို ရေအစက်ချစိုက်နည်း မြေမဲ့စိုက်နည်းတို့ဖြင့် ထောက်ပံ့ပေးခဲ့သည်။ အာဟာရပညာပေးခြင်း ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ ချက်ပြုတ်သရုပ်ပြခြင်း ဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ |
| အာဟာရအစီအစဉ်များ၊ မူဝါဒများအတွက် နိုင်ငံရေးရာ အထောက်အပံ့နှင့် အရင်းအမြစ်များကို စည်းရုံးရန် အတွက် ရိက္ခာဖူလုံမှုနှင့် အာဟာရ အလေးထားခြင်းဆိုင်ရာ သတင်းအချက် အလက်များ နည်းပါးခြင်း။ | • ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဦးဆောင်သော ရိက္ခာဖူလုံမှုသတင်းစနစ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် စစ်တမ်းများ ကောက်ယူလျက်ရှိပြီး ယင်းတို့ကို အမျိုးသားရိက္ခာဖူလုံမှုနှင့် အာဟာရပြ မြေပုံစာအုပ်အဖြစ် ထုတ်ဝေမည်ဖြစ်သည်။ ဤစစ်တမ်းများကို DRDနှင့်အတူ ကောက်ယူ ခဲ့သည်။ စစ်တမ်းတွင် အခန်းအမျိုးမျိုး ပါဝင်ပြီး အောက်ပါတို့နှင့်ပတ်သက်သော သတင်းအချက်အလက် များကို ကောက်ယူခဲ့သည်- ဝင်ငွေရလမ်းများ (သီးနှံ၊ စိုက်ပျိုးမြေ၊ အခက်အခဲများ၊ ရေလုပ်ငန်း၊ လယ်ယာလုပ်ငန်းမှအပ စသည်)၊ အစားအသောက်ထွေပြားမှု (အိမ်ထောင်စုအမည်စုံ စားသောက်မှု အမှတ်ပေးစနစ်အပါအဝင်၊ ယင်းသည် အစားအသောက်အရည်အချင်းနှင့် အာဟာရတို့၏ အညွှန်းဖြစ် သည်။)၊ ဗီတာမင်အေ၊ သံဓာတ်၊ ပရိုတိန်းဓာတ် ကြွယ်ဝသောအစားများစားသုံးခြင်း၊ ရေနှင့် အညစ် အကြေးစွန့်ပစ်မှုစနစ်ကို လက်လှမ်းမီမှု စသည်။ ဤမြေပုံစာအုပ်သည် ဤနိုင်ငံ၏ နယ်မြေအသီးသီးတွင် သေးလှီမှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများကို နားလည်စေအောင် ဆောင်ရွက်မည်ဖြစ်သည်။<br>• မြန်မာအာဟာရနည်းပညာကွန်ရက် အစည်းအဝေးတို့တွင် တက်ကြွစွာပါဝင်ခြင်းဖြင့် LEARNသည် ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းမှုကဏ္ဍများတွင် ရိက္ခာနှင့်အာဟာရဆိုင်ရာ အမျိုးသားစီမံချက် ကို အကောင်အထည်ဖော်ရာတွင် အာဟာရကိုအလေးထားသော အစီအစဉ်ရေးဆွဲမှုဖြစ်စေရန် ဆက်လက် ဆော်ဩနေသည်။ (LIFTသည် အာဟာရဆိုင်ရာ မဏ္ဍိုင်သုံးရပ်စလုံးပါဝင်စေသော ရိက္ခာဖူလုံမှုဆိုင်ရာ ချဉ်းကပ်မှုကို ပေးအပ်နိုင်ရန် အားထုတ်နေသည်။) |

**LIFTစီမံချက်များတွင် အာဟာရကို ပါဝင်စေခြင်း**

၂၀၁၄ခုနှစ်ကုန်လောက်တွင် LIFTကငွေကြေးထောက်ပံ့ထားသော စီမံချက်များက အထောက်အကူပြုခဲ့သော အိမ်ထောင်စု ၁၀၀၀၀၀ ခန့် တို့သည် အာဟာရကို တိုးမြှင့်စားသုံးနိုင်/အမည်စုံစွာ စားသုံးနိုင်ကြပြီ ဖြစ်သည်။ LIFTသည် လမ်းနှစ်သွယ်ကိုလိုက်၍ ဆောင်ရွက်သည့်နည်းကိုသုံးမည်ဖြစ်သည်_

- LIFTသည် အာဟာရမပြည့်ဝမှုကို လျော့နည်းစေရန်အင်တိုက်အားတိုက် ဆောင်ရွက်ခြင်း(LEARN)[84] စီမံချက်ကို ငွေကြေးထောက်ပံ့ကာ LIFT၏ အထောက်အပံ့ခံ စီမံချက်တိုင်း၌ အာဟာရကိုအလေးထားစေရန် ဆောင်ရွက်ခဲ့ကြသည်။ LEARNသည် LIFT၏မိတ်ဖက်များကို အာဟာရအလေးထားသင်တန်းများ၊ စီမံချက် ပုံစံထုတ်လုပ်ရာတွင် နည်းပညာ အထောက်အပံ့နှင့် သွင်းအားစုတို့ကိုထောက်ပံ့ရုံသာမက အသိအမြင် တိုးပွားရေး လှုပ်ရှားမှုများကိုပါ လုပ်ဆောင်ခဲ့သည်။ LEARNသည် ရိက္ခာဖူလုံရေး၏ အဓိကမဏ္ဍိုင်သုံးခုဖြစ်သော ရိက္ခာရနိုင်မှု၊ လက်လှမ်းမီမှု၊ စားသုံးမှု တို့ကို ခြုံငုံပါဝင်သောနည်းလမ်းကို လှုံ့ဆော်နေသည်။
- အာဟာရကောင်းမွန်ရေးကို စီမံချက်များဖြင့် တိုက်ရိုက်ပါဝင်ဆောင်ရွက်လျက်ရှိသည်။

## ၅.၆၊ ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောညီထွေ နေထိုင်နိုင်မှုနှင့် ကြံ့ကြံ့ခံနိုင်မှု။

မြန်မာနိုင်ငံသည် ရာသီဥတုအပြောင်းအလဲကြောင့် စိုက်ပျိုးကုန်ထုတ်မှုကျဆင်းမှု ဘေးအန္တရာယ်ခြိမ်းခြောက် ခံနေရသောနိုင်ငံများတွင် တစ်ကမ္ဘာလုံးတွင် ဒုတိယအဆင့်တွင်ရှိသည်။[85] လူဦးရေ၏ သုံးပုံတစ်ပုံသည် ရေကြီးမည့်ဘေးကျရောက်မည့် နေရာများတွင် နေထိုင်ကြပြီး၊ ပင်လယ်ရေ တစ်မီတာထက်ပို၍ တက်လာပါက တိုင်းပြည်၏၁၀%သည် ထိခိုက်မည့်အခြေအနေတွင် ရှိသည်။[86] အခြားနိုင်ငံများတွင် ထိုထက်ကြီးသော ကိန်းဂဏန်းများ ရှိချင်ရှိကြမည်ဖြစ်သော်လည်း ထိခိုက်လွယ်မှုတွင် ဟွန်ဒူးရတ်စ်တစ်နိုင်ငံသာ မြန်မာထက်သာသည်။ [87]

၂၀၁၂ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရသည် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရေးဆောင်ရွက်မှု အစီအစဉ်ကို အကြောင်းအရာရှစ်ရပ်ကို လွှမ်းခြုံလျက် (ဦးစားပေးစီမံချက်၃၂ခုနှင့်) ထုတ်ဝေခဲ့ သည်။ LIFTက ရန်ပြန်နိုင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နိုင်မည့် မူဘောင်တစ်ခုကို ရရှိခဲ့သည်။ ၂၀၁၄ခုနှစ်တွင်LIFTသည် မဟာဗျူဟာအသစ်တွင် ကြံ့ကြံ့ခံနိုင်မှုကိုဦးစားပေးအဖြစ် သတ်မှတ်ခဲ့သည်။ ကျေးလက်နေဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများရပ်ရွာများသည် ခြောက်ချားမှု၊ ဖိစီးမှု၊ ယင်းတို့ကို ထိခိုက်စေသော အခြေအနေစသည်တို့နှင့် ရင်ဆိုင်ရပါက ကြံ့ကြံ့ခံနိုင်သည့်စွမ်းရည် ရှိရေးအတွက် ရှင်းလင်းစွာဆက်စပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကြံ့ကြံ့ခံနိုင်စွမ်းရှိသော စိုက်ပျိုးရေးစနစ်များ တည်ဆောက်နိုင်ရေးအတွက် ထောက်ပံ့ရန်၊ လယ်ယာပြင်ပ လုပ်ငန်းများဖြင့် အခြားဝင်ငွေများရရှိရေးကို ကူညီရန်၊ ဘေးအန္တရာယ်လျော့ပါးစေရေးကို တိုးချဲ့မြှပ်နှံရန် လယ်သမားများကို ထောက်ပံ့ခြင်းဖြင့် LIFTသည် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောစွာနေထိုင်ရေးကို စတင်လှုံ့ဆော်မည်ဖြစ်ပါသည်။

ရခိုင်ကမ်းရိုးတန်းဒေသတွင် တက်လမ်း၏ လုပ်ဆောင်မှုနှင့် အကျိုးရလဒ်များနှင့် အပူပိုင်းဇုန်ဒေသ အစီအစဉ်သစ်တို့သည် အရင်းအမြစ်များနှင့် အသက်မွေးဝမ်းကျောင်းမှုတို့သို့ ကျရောက်လာမည့် ရာသီဥတု၏ဒဏ်ကိုလျော့ပါးစေရန် ပုံစံရေးဆွဲထားသည်။ ၂၀၁၄ခုနှစ်တွင် LIFTသည် တက်လမ်းအစီအစဉ်သို့ ဘတ်ဂျက်တိုးမြှင့်ပေးကာ ကီလိုမီတာ၄၆၀ရှိသော တာရိုးများနှင့် ရေတံခါး ၂၂၈ခုတို့ကို ငွေနှင့်လုပ်အားဖလှယ်သော အစီအမံဖြင့် ဆောက်လုပ်စေခဲ့သည်။ ဤတာရိုးများသည် လယ်မြေ ဟက်တာ၁၀၀၀၀ကို ရေငန်တိုးခြင်းမှ ကာကွယ်ပေးမည်ဖြစ်ရာ လူ၆၀၀၀၀တို့ ကိုတစ်လစာ ရိက္ခာဖူလုံစေမည် ဖြစ်သည်။

ရာသီဥတုပြောင်းလဲလာပါက ကြုံတွေ့ရမည့် အခြေအနေများကို လိုက်လျောညီထွေဖြစ်မည့် ဆန်စပါးမျိုးသစ်များကို စမ်းသပ်ရန် LIFTက ထောက်ပံ့ခဲ့သည်။ LIFTက ငွေကြေးထောက်ပံ့သော စီမံချက်ကို IRRIက လယ်/ဆည်ဝန်ကြီးဌာနနှင့် ပူးပေါင်း အကောင်အထည်ဖော်ရာတွင် အထွက်လည်းကောင်းပြီး ရေမြေရာသီဥတုဒဏ်ကိုလည်းခံနိုင်ကာ လယ်သမားတို့နှစ်သက်သောစပါးအရည်အသွေးကိုလည်း ထုတ်လုပ်ပေးသည့် မျိုးသစ်များကို မျိုးပွားခြင်း လုပ်ငန်းတွင် အဓိကအာရုံစိုက်ခဲ့သည်။ ဤလုပ်ငန်းကို မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့တွင် လုပ်ဆောင်ခဲ့သည်။ ဤစီမံချက်အရ လယ်သမားများနှင့် ဝန်ထမ်းများကို ရိတ်သိမ်းချိန်လွန် ဆန်စပါးစီမံခန့်ခွဲမှုများ၊ စပေါင်းပါဝင်မျိုးရွေးချယ်မှု၊ အကောင်းဆုံး စီမံခန့်ခွဲမှုနည်းများ၊ မျိုးကောင်း မျိုးသန့်ထုတ်လုပ်ရေးအချက်အလက်သုံးသပ်မှု စသည် တို့ကို သင်တန်းပေးခဲ့သည်။

LIFTသည် နယ်ဘက်လူမှုအဖွဲ့အစည်း ဆွေးနွေးမှုကိုလည်း ထောက်ပံ့ခဲ့ရာတွင် ၂၀၁၄ခုနှစ်မတ်လတွင် FSWGက ဦးဆောင်ကျင်းပသော "ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်လာမည့် ရေအရင်းမြစ်ကို ရပ်ရွာလူထုပါဝင်သော စီမံခန့်ခွဲခြင်းဆိုင်ရာ အမျိုးသား ဆွေးနွေးပွဲ"ကို LIFTကထောက်ပံ့ခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများ၊ ဒေသအစိုးရများ၊ သက်ဆိုင်ရာ လူထုခေါင်းဆောင်များ၊ တက္ကသိုလ်များ၊ ပုဂ္ဂလိကကဏ္ဍ အုပ်စုများနှင့် CSOများ တက်ရောက်ခဲ့ကြသည်။

## ၅.၇၊ ကျားမရေးရာ

စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းကြောင့် အထိခိုက်ဆုံးသူများမှာ အမျိုးသမီးများ ဖြစ်သည်။ အာဟာရအချို့တဲ့ဆုံးသူအများစုမှာ အမျိုးသမီးများနှင့် မိန်းကလေးများဖြစ်ကြသည်။[88] မြန်မာအမျိုးသမီးများသည် အမျိုးသားများလောက် နည်းပညာ၊ မြေယာ၊ ဈေးကွက်တို့ကို လက်လှမ်းမမီကြပေ။[89] ထို့ပြင် ကျားမခွဲခြားကာ အရည်အချင်းသတ်မှတ်မှုကိုလည်း ခံရနိုင်သည်။ အထူးသဖြင့် အမျိုးသမီးများ

84 ဤစီမံချက်ကို Action Contre La Faim ၊ Helen Keller ၊ Save the Children တို့က ပူးပေါင်းဆောင်ရွက်ကြသည်။

85 Wheeler, D. Quantifying Vulnerability to Climate Change: Implications for Adaption Assistance, Washington DC: Center for Global Development, Working paper 240, January 2011

86 Africa Development Bank (ADB), Addressing Climate Change and Migration in Asia and the Pacific—Final Report, 2012

87 Sven Harmeling and David Eckstein, Global Climate Risk Index 2013/ Global Climate Risk Index 2015, Germanwatch

88 Gender Equality And Food Security, FAO 2013

89 FAO Policy on Gender Equality, FAO 2013

https://www.mercycorps.org/articles/quick-facts-what-you-need-know-about-global-hunger

သည် ထက်မြက်သော ခေါင်းဆောင်ဖြစ်နိုင်စွမ်းမရှိဟု ယုံကြည်ကြသည်။[90] နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ရေးတို့တွင် အမျိုးသမီးများ ပါဝင်မှုသည်လည်း သိသာစွာ နည်းပါးသည်။ လွှတ်တော်တွင် ကိုယ်စားလှယ်များ၏ ၆%သာ အမျိုးသမီးများ ဖြစ်ကြသည်။[91]မြန်မာနိုင်ငံတွင် အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ စိုက်ပျိုးရေးတွင် လုပ်အားစိုက်ထုတ်ရသည်။ အပူပိုင်းဇုန်၏ အချို့နေရာများတွင် အမျိုးသမီးများသည် အမျိုးသားများထက် လယ်ယာလုပ်ငန်းခွင်တွင် အလုပ်လုပ်ရက် ပိုကြာအောင် အလုပ်လုပ်ကြရသည်။[92] မိုးရာသီတွင် ၃၀%နှင့် ခြောက်သွေ့ရာသီတွင်၅၀% ပိုလုပ်ကြရသည်။ အထူးသဖြင့် ပေါင်းသင်ခြင်း၊ ပိုးမွှားနှိမ်နင်းခြင်း၊ ရိတ်သိမ်းခြင်းစသော အလုပ်တာဝန်များတွင် ဖြစ်သည်။ သို့သော် တစ်နိုင်ငံလုံးတွင် အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းကာ ရရှိကြသည်။ ထို့ပြင် အမျိုးသမီးများကသာ တစ်နိုင်မွေးမြူခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ စပါးလှေ့ခြင်း၊ ကြိတ်ခွဲခြင်းစသည့် ရိတ်သိမ်းချိန်လွန်အလုပ်များကို တာဝန်ယူကြရသည်။ ထို့ပြင် ထင်းခွေ၊ ရေခပ်၊ ဟင်းရွက်ခူးစသောအလုပ်များကိုလည်း အဓိက တာဂန်ယူရသည်။ အမျိုးသမီးများသည် နည်းပညာနိမ့်သော ကိရိယာများကိုသာ သုံးစွဲရသဖြင့် ပို၍ အခက်တွေ့ကြရသည်။ ပို၍ အဖိုးတန်သောပစ္စည်းများကို အမျိုးသားများကသာ ထိန်းချုပ်ထားကြသည်။ ထို့ကြောင့် ပစ္စည်းအပေါင်ထား၍ ငွေချေးရန်မှာ ပို၍ ခက်ခဲသည်။

LIFTကျားမရေးရာ မဟာဗျူဟာ(၂၀၁၂)မှာ မြန်မာယဉ်ကျေးမှုနှင့်လူမျိုးစုထွေပြားမှု မည်သို့ရှိသော်လည်း LIFT၏ ရန်ပုံငွေထောက်ပံ့သည့် စီမံချက်တိုင်းတွင် ကျားမရေးရာတွင် တန်းတူညီမျှမှုကို ပေါင်းစပ်ရန်ဖြစ်သည်။ နည်းပညာ၊ ချေးငွေ၊ သင်တန်းစသည်တို့တွင် ညီမျှစွာလက်လှမ်းမီမှုကို မုချဖြစ်စေရန် LIFTက အလေးထားပါသည်။ ကျားမရေးရာကို အလေးထားသည့် အပြောအဆိုကို လုပ်ဆောင်မှုတိုင်းတွင်သုံးစွဲစေသည်။ ထို့ပြင် အစီအစဉ်တိုင်းတွင် ကျားမ၊မခွဲခြားပဲ ကောက်ယူသော ကိန်းဂဏန်းအချက်အလက်များကိုသာ လက်ခံသည်။၂၀၁၅ခုနှစ်တွင် ကျားမရေးရာ မဟာဗျူဟာကို အသစ်ပြန်လည် မွမ်းမံမည်ဖြစ်သည်။

အမျိုးသားအဆင့်အတွင် LIFTသည် GENနှင့်အတူ အမျိုးသမီးများ၏ အနေအထားကို မြှင့်တင်ပေးနိုင်အောင် ဆောင်ရွက်လျက်ရှိသည်_

- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ GEN၏ အသိပေးဆွေးနွေး တင်ပြမှု၏ အောင်မြင်မှုကြောင့် GEN PoVAW ဥပဒေလုပ်ငန်းအဖွဲ့သည်

90 Women & Leadership, Oxfam, CARE, Trócaire, ActionAid

91 Inter-parliamentary Union, http://www.ipu.org/parline/reports/2388.htm

92 LIFT, Household Survey 2013.

## အမျိုးသမီးများ၏ လုပ်ငန်းဆောင်ရွက်မှုပြကိန်းဂဏန်းများ

အမျိုးသမီးများသည် LIFTရန်ပုံငွေထောက်ပံ့ပေးသည့် လုပ်ငန်းများမှ အကျိုးကျေးဇူးကို ရရှိနေဆဲဖြစ်သည်။

၉၆%သော သင်တန်းဆင်းများ လုပ်ငန်းထူထောင်ခဲ့ကြသည်။

၉၅%သော တက်လမ်း၊ VSLAအဖွဲ့ဝင်များ

၉၄%သော အသေးစားငွေချေးသူများ

၄၉%သော စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းများ

၄၁% သောCfWလုပ်သားများ



အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှ ကာကွယ်သည့် ဥပဒေမူကြမ်း (PoVAW) ကို အောင်မြင်စွာပြုစုပြီး ရှေ့နေချုပ်ရုံးသို့ ၂၀၁၅ခုနှစ် နှစ်ဆန်းတွင် တင်ပြခဲ့သည်။

- GENသည် စစ်တမ်းကိုအခြေခံကာ မူဝါဒအကျဉ်းချုပ်တစ်စောင်ကို ပြုစုခဲ့သည်။ တိတ်တိတ်နေခြင်း၏ နောက်ကွယ်တွင် အမျိုးသမီးများ အားအကြမ်းဖက်ခြင်းနှင့် သူတို့၏ကြုံတွေ့ခံနိုင်စွမ်းတွင် PoVAW ဥပဒေကို ဆွေးနွေးမည့်အဖိုးတန်အထောက်အထားများပါဝင်သည်။
- ကျားမရေးရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းအုပ်စုသည် ကျားမရေးရာတွင် တန်းတူညီမျှမှုနှင့် သက်ဆိုင်သော အစီရင်ခံစာတစ်စောင်ကို အမျိုးသားမြေအသုံးချမှုမူဝါဒ(NLUP) မူကြမ်းတွင်ထည့်သွင်းရန်တင်ပြခဲ့သည်။ ယင်းတွင် NLUPကို ကျားမရေးရာဥပဒေအမြင်ဖြင့် သုံးသပ်ချက်ပါဝင်ပြီး ကျေးလက်နေအမျိုးသမီးတို့ ရင်ဆိုင်နေရသောမြေယာလက်လှမ်းမီခွင့်၊ ထိန်းချုပ်ခွင့်၊ အကျိုးခံစားခွင့်တို့အား ဟန့်တားမှု များကို အဓိက သုတေသနပြုထားသည်။
- အစိုးရ၏ပန်ကြားမှုအရ GENသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံချက်(NSPAW) ဆိုင်ရာ သင်တန်းများပေးခဲ့သည်။ GENသည် အစိုးရ၏ "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် (CEDAW)" သို့လည်း နည်းပညာဆိုင်ရာ ပံ့ပိုးမှုများ ပေးအပ်ခဲ့သည်။.

## ၅.၈၊ လေ့လာမှုနှင့် စစ်တမ်းများ

*ဇယား၅.၄။ ကျားမရေးရာ စိန်ခေါ်မှုများနှင့် ၂၀၁၄ခုနှစ်အတွင်း LIFT ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်ချက်များ*

| အမျိုးသမီးများ အတွက် စိန်ခေါ်မှုများ | LIFTရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်ချက် ဥပမာများ |
|---|---|
| ဦးဆောင်မှုအခန်းကဏ္ဍတွင် အမျိုးသမီးတို့ကို ကိုယ်စားပြုမှုမရှိခြင်း | • GENသည် ခေါင်းဆောင်မှုသင်တန်းကို မြန်မာနိုင်ငံတဝန်းလုံးရှိ လူ၇၂ဦးကိုပေးခဲ့သည်။ အချို့မှာ တိုင်းရင်းသားဘာသာစကားများဖြင့် ပို့ချခဲ့သည်။ သင်တန်းသားအများစုမှာ အသက်၂၅-၄၀အတွင်းရှိ အမျိုးသမီးငယ်များဖြစ်သည်။ နောက်ဆက်တွဲ အနီးကပ်သင်ကြားမှုများနှင့် အကဲဖြတ်ချက်တို့အရ ယင်းတို့မှာ ယုံကြည်မှုရှိလာကြောင်း ဆွေးနွေးပွဲများတွင် ပို၍ ပါဝင်ဆောင်ရွက်လာနိုင်ပြီ ဖြစ်ကြောင်း သင်တန်းသားတို့ကပြောကြသည်။<br>• ActionAidသည် အဖွဲ့ဝင်ဟုခေါ်သော ရပ်ရွာမှလူငယ်ပြောင်းလဲရေး သမားတို့ကို ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဦးဆောင်နိုင်စွမ်းရှိရန် လေ့ကျင့်ပေးသည်။ အဖွဲ့ဝင်၆၅%မှာ အမျိုးသမီးဖြစ်သည်။ ယင်းတို့ သည် အမျိုးသမီးဦးစားပေးလှုပ်ရှားမှုများကို လှုံ့ဆော် ပေးသည်။<br>• သဒ္ဒါပေါင်းစုအဖွဲ့သည် ရပ်ရွာနှင့်ပူးပေါင်း၍ ကျေးရွာလက်စွဲစာအုပ်ခေါ် ကျေးရွာမှတ်တမ်းများကို ရေးသားခဲ့ကြသည်။ အမျိုးသမီးသမီးများ၏ အခြေအနေကိုလည်း မှတ်တမ်းတင်ထားခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် အခြေခံ အမှတ်အသား အဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။ |
| သားသမီးများကိုပြုစုခြင်း၊ အိမ်ထောင်မှုကိစ္စ၊ လယ်ယာ၊ ရပ်ရေးရွာရေးတို့ကို စီမံခန့်ခွဲခြင်း။ | • ActionAid၏ SEDNသည် အမျိုးသမီးများ အသက်မွေးမှုပညာ သင်တန်းတက်နေစဉ် ကလေးထိန်းဌာန ဖွင့်ပေးထားသည်။ SEDN သည် ညွှန်းပို့လွှဲပြောင်းခြင်းစနစ်တစ်ခုမှတစ်ဆင့် အမျိုးသမီးများ နိုင်ငံသားအသိအမှတ်ပြု ကဒ်ပြားများကိုရအောင် ဆောင်ရွက်ပေး ခြင်း၊ ကျန်းမာရေးဆောင်ရွက်ချက်များကို လက်လှမ်းမီစေခြင်း၊ အာဟာရမှ လူကုန်ကူးမှုအထိပါဝင်သော ကျားမရေးကိစ္စရပ်များကို နားလည်စေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။<br>• နို့တိုက်မိခင်များသည်လည်း တက်လမ်း၏အလုပ်နှင့် ငွေဖလှယ်ခြင်း အစီအစဉ်များတွင် ပါဝင်နိုင်ခဲ့သည်။ အကြောင်းမှာ ယင်းတို့အား လုပ်အားခ အတူတူပင်ပေးကာ အလုပ်ချိန်ကို အဆင်ပြေသလိုညှိနှိုင်းပေးခြင်းကြောင့်ဖြစ်သည်။<br>• တက်လမ်းစီမံချက်များကြောင့် ရေတွင်းများကို ရွာမှ မိနစ်၃၀ထက် မဝေးသောနေရာတို့တွင် တူးဖေါ် ပေးခဲ့သဖြင့် ပုံမှန်အားဖြင့် အမျိုး သမီးနှင့်ကလေးများကဆောင်ရွက်ရသော သောက်သုံးရေသယ်ယူ ခြင်း ဝန်ထုပ်ဝန်ပိုကို သက်သာစေခဲ့သည်။ |
| သက်သာသော ချေးငွေများ သို့ လက်လှမ်းမမီခြင်း | LIFTအသေးစားချေးငွေစီမံချက်များတွင် အကျိုးကျေးဇူးခံစားရသူ အများစုမှာ အမျိုးသမီးများဖြစ်သည်_<br>• PACTMARC စီမံချက်၏အဖွဲ့ဝင် ၉၉%မှာ အမျိုးသမီးဖြစ်သည်။<br>• Pnoximity Designs ၏ငွေချေးစာချုပ် ၂၀%ကို လက်မှတ်ရေးထိုးသူမှာ အမျိုးသမီးများ ဖြစ်သည်။ ၆၆%သော စိုက်ပျိုးရေး အိမ်ထောင်စုများသည် ငွေချေးယူရေးအတွက် အမျိုးသမီးနှင့် အမျိုးသားတို့ ပူးတွဲဆုံးဖြတ်ခဲ့ကြကြောင်း စစ်တမ်းအရသိရှိရသည်။ |
| အမျိုးသမီးများတွင် ငွေကြေးတာဝန်ခံမှု နည်းပါးခြင်း | • ADRAကဘားအံတွင်ပြုလုပ်ခဲ့သော အသက်မွေးမှုပညာသင်တန်း အပြီးတွင်၇၅%သော အမျိုးသမီးသင်တန်းဆင်းတို့သည် အလုပ်ရရှိ ကြပြီး ပုံမှန်ကိုယ်ပိုင်ဝင်ငွေရရှိနေပြီဖြစ်သည်။<br>• Care၏ လက်ဖက်ခြောက်လုပ်ငန်း ပတ်ဝန်းကျင်အသစ်စီမံချက်ကြောင့် အမျိုးသမီးတို့သည် မိမိခြံထွက် လက်ဖက်ခြောက်များကို ရောင်းချခြင်းဖြင့် အိမ်သုံးစရိတ်ကို စီမံကိုင်တွယ်နိုင်ခဲ့ကြသည်။ |

မိမိနှင့်မိတ်ဖက်များ၏ စည်းရုံးဆွေးနွေးမှုတွင် အထောက်အပံ့ ဖြစ်စေရန် LIFTသည် စိုက်ပျိုးရေး၊ ရိက္ခာဖူလုံမှု၊ ကျေးလက် ဖွံ့ဖြိုးမှုဆိုင်ရာ မိမိစုဆောင်းထားသော အထောက်အထားများကို တိုးချဲ့ အသုံးပြုခဲ့သည်။ ၂၀၁၄ခုနှစ် တွင်LIFTသည် ကဏ္ဍအသီးသီး တို့တွင် ပိုမိုနားလည်နိုင်ရန် လေ့လာမှု၁၈ခုကို တာဝန်ပေးအပ်ခဲ့ သည်။[93] ဤအကြောင်းအရာများကို www. lift-fund.org/publications တွင်ဖတ်ရှုနိုင်ပြီး အရေးပါသော ကောက်နုတ်ချက်များကို နောက်ဆက်တွဲ၆ တွင် တွေ့နိုင်သည်။

ယင်းတို့အနက် ၂ခုသည် ရန်ပုံငွေဘုတ်အဖွဲ့က မဟာဗျူဟာဆိုင်ရာ ဆုံးဖြတ်ချက်တို့ကို တိုက်ရိုက်ဖြစ်ပေါ်စေခဲ့သည်။ ပထမတစ်ခုမှာ QSEM3အစီရင်ခံစာဖြစ်ပြီး ဆင်းရဲသောအိမ်ထောင်စုများသည် ရေနှင့်ပတ်သက်သော ခြောက်ချားမှုများကို ခံနိုင်ရည်မရှိကြောင်း ခိုင်မာစွာသက်သေထူနိုင်ခဲ့သည်။ ကျေးရွာစစ်တမ်းထက်ဝက်တွင် ရာသီဉတုနှင့်သက်ဆိုင်သော ခြောက်ချားမှုများကိုဖေါ်ပြခဲ့ရာတွင် မိုးများခြင်း၊ ရှမ်းပြည်နယ်တွင် မိုးသီးကြွေခြင်း တို့လည်း ပါဝင်သည်။ ယင်းတို့သည် LIFTက ရာသီဉတုပြောင်းလဲခြင်းနှင့် ရုန်းပြန်နိုင်မှုကို ပို၍အာရုံစိုက်နေခြင်းကို ထောက်ခံသော အထောက်အထားများ ဖြစ်သည်။ ဒုတိယတစ်ခုမှာ FMO၏အုပ်ချုပ်မှု သုံးသပ်ချက်များကို တင်ပြခဲ့ရာ ရန်ပုံငွေဘုတ် အဖွဲ့လက်ခံခဲ့သည်။ ယင်းတို့တွင် DC၊ FB၊ FMO တို့၏ စည်းကမ်းချက်တို့ကို သိသာစွာ ပြောင်းလဲရန်တို့လည်း ပါဝင်သည်။

LIFTမဟာဗျူဟာသစ်သည် LIFT၏ မူရင်းမျှော်မှန်းချက်တွင် ဖေါ်ပြထားသော အသိအမြင်ဘဏ္ဍာတိုက်နှင့် သင်ယူရေးစင်မြင့် ဖြစ်နိုင်စွမ်းကို ထင်ဟပ်ပြသထားသည်။[94] LIFTသည် လုပ်ငန်း အကောင်အထည်ဖေါ်နေသည့် ၅ နှစ်တာကာလအတွင်းစုဆောင်း ခဲ့သည့် အထောက်အထားများစွာရှိပြီး၊ ယင်းတို့ကို မိမိတို့၏ အစီအစဉ်များကို လမ်းညွှန်ရန်၊ သက်ဆိုင်ရာကဏ္ဍမှအခြား အလှူရှင်များ အစီအစဉ်ရေးဆွဲရာတွင် သုံးစွဲသောအထောက် အထားအခြေခံတို့ကို ပိုမိုကောင်းမွန်စေရန်၊ အစိုးရကမူဝါဒချမှတ် ရာတွင် သတင်းပေးရန်ဖြစ်သည်။ သို့သော်လည်း ပိုမို စနစ်တကျ ဖေါ်ထုတ်ခြင်း၊ အသုံးပြုခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို လိုအပ်နေသည်။

LIFT၏ အသိအမြင်အခြေခံကို ပိုမိုရောက်ရှိစေရန် စီမံခန့်ခွဲ ရန် စိတ်နှစ်ထားလျက် ယင်းတို့ကို မည်သို့ဖြစ်ထွန်းစေမည်ဟု နိဝင်ဘာလတွင် ကျင်းပခဲ့သော LIFT၏နှစ်ပတ်လည်ဖိုရမ်တွင် ဆွေးနွေးခဲ့ကြသည်။ ယင်းသည် မည်သည့်မူဝါဒများ၊ ရင်းနှီးမြှုပ်နှံ မှုများကို LIFTက ဩဇာသက်ရောက်စေလိုသည်၊ LIFT၏ မိတ်ဖက်များ အကောင်အထည် ဖေါ်နေသောစီမံချက်များမှ တွေ့ရှိ ချက် များကိုရယူနည်းအား မည်သို့ပြုပြင်မွမ်းမံလိုသည် တို့ကို ရှင်းလင်းရန်လိုအပ်ကြောင်း အားလုံးက သဘောတူညီခဲ့သည်။ မိတ်ဖက်တို့၏ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ စွမ်းရည်များမတူညီကြကြောင်းကို အသိအမှတ်ပြုလျက် ၂၀၁၅ခုနှစ် တွင် LIFTသည် စီမံချက်အသစ်တို့ကို စတင်စဉ်ကပင် အကဲဖြတ်ခြင်းကို ပါဝင်စေရန်၊ LIFT၏မူဝါဒအစီအစဉ်နှင့်တစ်ပြေးညီ ဖြစ်သောစီမံချက်များကိုသာ အာရုံစိုက်ရန် အလေးပေးမည်ဖြစ်သည်။ ယင်းတို့သည် ဥပမာအားဖြင့်_ အာဟာရ၊ ရွှေ့ပြောင်းသွားလာခြင်း၊ ကျွမ်းကျင်မှုတည်ဆောက်ခြင်း၊ ငွေကြေးဆိုင်ရာအားလုံးပါဝင်စေမှု၊ ရာသီဉတုအပြောင်း အလဲနှင့် လိုက်လျောစွာနေနိုင်မှုတို့ ပါဝင်မည်။ LIFTသည် အစိုးရနှင့်ပိုမိုနီးကပ်စွာ အလုပ်လုပ်ရန် လိုအပ်မည်။ အထောက်အထားများကို ဖေါ်ထုတ်ရန်၊ အသုံးပြုရန်အတွက် နိုင်ငံရေးစီးပွားရေးနှင့် အပြောင်းအလဲကို မောင်းနှင်သူများအကြောင်း ကို ပိုမိုနားလည်ရန်လိုအပ်မည် ဖြစ်သည်။

ထုတ်နုတ်ထားသော လေ့လာမှုများကို နောက်ဆက်တွဲ၆တွင်အကျဉ်း ရုံး ဖေါ်ပြထားသည်_

- LIFT၏ အိမ်ထောင်စု စစ်တမ်း ၂၀၁၃
- LIFT၏ ၂၀၁၄-၁၅ အညွှန်းပြ အိမ်ထောင်စု စစ်တမ်း
- လူမှုရေး၊ စီးပွားရေး အရည်အသွေးဆိုင်ရာ စောင့်ကြည့် စစ်တမ်း (QSEM) တတိယအကျော့
- မြန်မာ၊ ဆန်စပါးပို့ကုန် အခွင့်အလမ်းများအတွက် ငွေအရင်းအနှီး
- လယ်ယာထုတ်ကုန်စီးပွားရေးလေ့လာမှု
- ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာလေ့လာမှု
- ကျေးရွာအဖွဲ့အစည်းများ(VO)လေ့လာမှု
- ငွေကုန်ကျရကျိုးနပ်မှု(VFM)လေ့လာမှု

93 ၁၅ခုကို ၂၀၁၃ခုနှစ်အတွင်းထုတ်ဝေခဲ့သည်။
94 LIFT၏ မျှော်မှန်းချက်မှာ တီထွင်ဆန်းသစ်ခြင်းနှင့် သင်ယူခြင်းဆိုင်ရာတွင် အားလုံးနှင့်သက်ဆိုင်သော အရေးပါသည့်ပြောဆိုပိုင်ခွင့်ရှိရန်နှင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့တွင် မူဝါဒဆိုင်ရာမှပါဝင်ဆောင်ရွက်နိုင်မည့်စင်မြင့်တစ်ခု တည်ဆောက်ရန် ဖြစ်သည်။



## ရွှေ့ပြောင်းသွားလာမှုကိုထောက်ပံ့ခြင်း။

မြန်မာနိုင်ငံ၏ GDP၄၀%သည် စိုက်ပျိုးရေးမှဖြစ်သော်လည်း[95]၊ အာရှနှင့်အခြားနေရာများမှ အတွေ့အကြုံများအရ မြန်မာ့စီးပွားရေး တိုးတက်လိုလျှင် ယင်းသည် ကျဆင်းရန် လိုအပ်မည်ဖြစ်သည်။[96] ဥပမာအားဖြင့် ထိုင်းနိုင်ငံတွင် စိုက်ပျိုးရေးသည် GDP၏ ၈ရာခိုင်နှုန်းသာရှိသည်။ (၁၉၆၀ခုနှစ်က၄၅ရာခိုင် နှုန်းရှိခဲ့သည်) ထို့ကြောင့်ပင် LIFT၏ မဟာဗျူဟာအသစ်တွင် လူထုအား စိုက်ပျိုးရေးမှထွက်ခွာပြီး ထုတ်လုပ်စွမ်းအားပိုကောင်းပြီး ဝင်ငွေပိုကောင်းသည့် အလုပ်များသို့ ထွက်ခွာနိုင်ရန်ထောက်ပံ့ရန် အထူးအလေးထားသည်။

လူအများစုအဖို့ "ထွက်ခွာ"သည်ဟုဆိုလျှင် ဒေသတွင်းရှိ လယ်ယာပြင်ပကဏ္ဍမှ အလုပ်များကိုရှာဖွေရန်၊ လုပ်ငန်းစတင်ရန်ဟုဆိုလိုခြင်းဖြစ်သည်။ ထိုသူများသည် မိမိတို့၏အိမ်နှင့် အဆက်မပြတ်ကြဘဲ နေ့စဉ် သို့မဟုတ် ပိတ်ရက်များတွင် သွားပြန်နေကြသည်။ အခြားသူတို့အဖို့မှာ "ထွက်ခွာ" သည် ဆိုခြင်းမှာ ပိုဝေးသောမြို့ပြများသာမက ပြည်ပသို့ပင်ရွှေ့ပြောင်းခြင်းဖြစ်နိုင်သည်။ ထို့သို့ရွှေ့ပြောင်းခြင်းသည် ယာယီနှင့် ပုံမှန်ဖြစ်ရန်များသည်။ အထူး သဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့မှ နိုင်ငံတကာသို့ ရွှေ့ပြောင်းခြင်း နည်းပါးသည်။

LIFT၏သုတေသနအရရွှေ့ပြောင်းကြသောလူဦးရေအချိုးအဆမှာမြန်မာတစ်နိုင်ငံလုံးတွင်တိုးတက်နေသော်လည်းပထဝီအနေအထားကိုလိုက်၍ ကွာခြားမှုများရှိကြောင်းတွေ့ရသည်။[97] ရှမ်းပြည်နယ်တွင် ရွှေ့ပြောင်းမှုနှုန်းမှာ ၄% သာရှိသော်လည်း မန္တလေးတိုင်းတွင် ၁၂%ထိ ရှိသည်။ နိုင်ငံ၏ အရှေ့တောင်ဘက်တွင် ပို၍များသည်။ ရွှေ့ပြောင်းသူများတွင် ယောက်ျားကပိုများသဖြင့် (ချင်းနှင့်ရခိုင်ပြည်နယ်တို့တွင် ၈၀% ဖြစ်သည်။) အမျိုးသမီး များမှာ အိမ်ထောင်ဦးစီးများ ဖြစ်ကုန်ကြသည်။ ရွှေ့ပြောင်းသွားသူများသည် လူမှုရေးကွန်ရက်များ ရှိသော နေရာများသို့သာ သွားလိုကြသည်။ နိုင်ငံကူး လက်မှတ်ရရန်လွယ်ခြင်း၊ ဆက်သွယ်ရေးကောင်းမွန် လာခြင်း တို့ကြောင့် လူများသည် အဆက်အသွယ်ကောင်းများ ရရှိရန်နှင့် အလုပ်အခွင့်အလမ်းများကိုရှာဖွေရန် အခွင့်အလမ်း ပိုရရှိလာကြသည်။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသူ၏ လေးပုံသုံးပုံသည် ကရင်၊ မွန်၊ ရှမ်းပြည်နယ်များနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဖြစ်ကြသည်။ ထို့ကြောင့်မြန်မာနိုင်ငံ သို့ ပြန်လွှဲပို့သောငွေ၏ ၇၈ရာခိုင်နှုန်း (ခန့်မှန်းတစ်နှစ်လျှင် ကန်ဒေါ်လာ ၄ ဘီလျံ)သည် ထိုပြည်နယ် ၄ခုတို့ထံသို့ ရောက်သွားသည်။[98] အခြားလေ့လာမှုတစ်ခုအရ အပူပိုင်းဇုန်တွင် ပြန်လွှဲငွေသည် မိသားစုဝင်ငွေ၏ ၁၀%ကျော်ထိရှိပြီး ၆%သောအိမ်ထောင်စုတို့၏ အဓိက ဝင်ငွေဖြစ်နေကြောင်း ခန့်မှန်းထားသည်။[99] ဝင်ငွေအုပ်စုအမျိုးမျိုးမှ လူများရွှေ့ပြောင်းသွားကြသော်လည်း သွားသည့်နေရာတို့မှာ လူမှု-စီးပွားရေးအခြေအနေအရ ကွာခြားကြသည်။ ပိုချမ်းသာသော အိမ်ထောင်စုများက နိုင်ငံတကာသို့ ပိုသွားလိုကြသည်။ ယင်းတွင် လစာများပိုမြင့်သည်။ အဆင်းရဲဆုံးအိမ်ထောင်စုများသည် နိုင်ငံတကာနှင့် အဆက် အသွယ်မရှိ အရင်းအမြစ်လည်း မရှိသောကြောင့် ပို၍နီးသောနေရာ၊ လစာပို၍နည်းသော နေရာတို့သို့သာ ရွှေ့ပြောင်းသွား ကြသည်။ LIFTသည် ရွှေ့ပြောင်းသွားလာခြင်းကို ထောက်ပံ့ရာတွင် ပို၍စိတ်ချရစေမည့်၊ ဝင်ငွေပိုရစေမည့် အခြေအနေကို ဆောင်ရွက်ပေးရန်၊ ကျန်ရစ်ခဲ့သောအိမ်ထောင်စု (အမျိုးသမီးနှင့် ကလေးများ)ကို ထောက်ပံ့ရန် ရည်ရွယ်သည်။ LIFT၏ စီမံကိန်းသစ်သုံးခုလုံး၏ စီမံကိန်းမူဘောင် (အပူပိုင်းဇုန်၊ မြစ်ဝကျွန်းပေါ်ဒေသ၊တောင်တန်း ဒေသ)တို့တွင် ရွှေ့ပြောင်းခြင်း၊ ရွှေ့ပြောင်းခြင်းမှ ဖွံ့ဖြိုးတိုးတက်သောရလဒ်များထွက်ပေါ်လာရန် ကူညီခြင်းတို့ကို စဉ်းစားထားသည်။ ရန်ပုံငွေဘုတ်အဖွဲ့ သည်လည်း ၂၀၁၅ခုနှစ်တွင် ရွှေ့ပြောင်းခြင်းကို အလေးထားသော အစီအစဉ်တစ်ခုကို စတင်ရန် ဆုံးဖြတ်ထားသည်။ ပထမအဆင့်မှာ LIFTကို နည်းပညာအထောက်အကူပေးမည့် ဦးဆောင်မိတ်ဖက်တစ်ဦးကို ဆက်သွယ်ရန်ဖြစ်ပြီး ဆက်လက်၍ ရွှေ့ပြောင်းခြင်းဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို ဖွင့်လှစ်၍ မိတ်ဖက်များက လုပ်ငန်းဆောင်ရွက်မှုများအတွက် ငွေကြေးထောက်ပံ့ရန် လျှောက်ထားနိုင်မည်ဖြစ်သည်။

ရွှေ့ပြောင်းခြင်းကို LIFTက ထောက်ပံ့ရာတွင် ရွှေ့ပြောင်းခြင်း၏အဆင့်များအားလုံးတွင် ဆောင်ရွက်မည်ဖြစ်သည်။ ဥပမာများတွင် အောက်ပါတို့ပါဝင်သည်_

- မရွှေ့ပြောင်းမီ- ရွှေ့ပြောင်းခြင်းနည်းလမ်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များ လက်လှမ်းမီမှု၊ ရွှေ့ပြောင်းရာတွင် အချက်အလက် ကိုအခြေခံကာ ဆုံးဖြတ်ရန် ထောက်ပံ့ခြင်း၊ လူကုန်ကူးမှုခံရမည့် ဘေးကို လျှော့ချခြင်း၊ ကျွမ်းကျင်မှုသင်တန်းပေးခြင်း။
- ရွှေ့ပြောင်းစဉ်-ငွေလွှဲပို့မည့်လမ်းကြောင်းများကို ကောင်းအောင်လုပ်ပေးခြင်း၊ ငွေလွှဲခနှုန်းနှင့် ဆုံးရှုံးနိုင်မှု ကိုလျှော့ချခြင်း၊ ကျေးရွာများတွင် ကျန်ခဲ့သော ကလေးများ၊ သက်ကြီးရွယ်အိုများစသော ထိခိုက်လွယ်သူ များကို ကာကွယ်ပေးခြင်း၊ ထောက်ပံ့ပေးခြင်း။
- ရွှေ့ပြောင်းပြီး- ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အရင်းအနှီးအတွက် ငွေကြေးဝန်ဆောင်မှုများနှင့် လက်လှမ်းမီ စေခြင်း။

**သုတေသန**

LIFTသည် ရွှေ့ပြောင်းခြင်းကို တွန်းအားပေးနေသောအချက်များကို နားလည်လိုပါသည်။ မကွေးနှင့်ဧရာဝတီ တိုင်းဒေသကြီးတို့ကို အခြေပြုသော ရွှေ့ပြောင်းခြင်း ဆိုင်ရာ လေ့လာမှုတစ်ရပ်ကို ထောက်ပံ့နေပါသည်။ ယင်းတွင် အရည်အသွေးဆိုင်ရာ စစ်တမ်းကို မြန်မာစစ်တမ်းသုတေသန (MSR)ကဆောင်ရွက်နေပြီး၊ အရေအတွက်ဆိုင်ရာ လေ့လာမှုကို အင်ဒိုချိုင်းနားသုတေသနက ဆောင်ရွက်နေရာ အထောက်အပံ့နှင့် နည်းပညာဆိုင်ရာ လမ်းညွှန်ချက်ကို ကမ္ဘာ့ဘဏ်က ပေးအပ်ပါသည်။ ရလဒ်များကို ၂၀၁၅ ခုနှစ်နှစ်လယ်တွင် ရရှိရန် မျှော်မှန်းထားသည်။

---

95 Toshihiro Kudo, Satoru Kumagai and Hikari Ishido, Agriculture Plus Plus: Growth Strategy for Myanmar Agriculture, Institute of Developing Economics, 2013

96 Multi-dimensional Review of Myanmar. Volume 2, In-Depth Analysis and Policy Recommendations, OECD 2014

97 Qualitative Social and Economic Monitoring Report 4 (QSEM4), 2014

98 IOM/ Asian Research Center for Migration, Assessing Potential Changes in the Migration Patterns of Myanmar Migrants and their Impacts on Thailand, December 2013

99 SPPRG Household Survey 2013-2014

# အခန်း ၆



# ၆။ ရန်ပုံငွေစီမံခန့်ခွဲခြင်း

## ၆.၁။ အုပ်ချုပ်ရေးကို ပြန်လည်သုံးသပ်ခြင်း

၂၀၁၄ခုနှစ်တွင် LIFTသည် မိမိ၏အုပ်ချုပ်မှုပိုင်းနှင့် အစီအစဉ်များကို ပြန်လည်သုံးသပ်ခဲ့သည်။ သုံးသပ်ချက် အစီအရင်ခံစာတွင် ရန်ပုံငွေစီမံခန့်ခွဲမှုရုံး၊ ရန်ပုံငွေဘုတ်အဖွဲ့၊ အလှူရှင်ယာယီအဖွဲ့(DC)တို့၏ တာဝန်များကို ပြန်လည် သတ်မှတ်ခြင်းဖြင့် LIFT၏ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်ကို သိသိသာသာ တိုးတက်စေမည်ဟု ဖော်ပြထားသည်။ DCသည် အကြံပြုချက်များကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့သည်_

- FB၏ စည်းကမ်းချက်များကို မဟာဗျူဟာဆိုင်ရာဆုံးဖြတ်ချက်များ၊ မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များ၊ အလှူရှင်များ ညှိနှိုင်းခြင်း၊ ဆက်ဆံရေးတည်ဆောက်ခြင်း၊ ခေါင်းဆောင်မှုနှင့် FMO၏ အထွေထွေတာဝန် ထမ်းဆောင်မှုကို စီမံခန့်ခွဲခြင်းစသည်တို့ကိုသာ ရှင်းရှင်းလင်းလင်း အာရုံစူးစိုက်ဆောင်ရွက်စေရန် ပြောင်းလဲရေးဆွဲခဲ့သည်။
- DC အစည်းအဝေးသည် LIFT၏ အဓိကဆောင်ရွက်ချက်များနှင့် စိန်ခေါ်မှုများကို နှစ်စဉ်ပြန်လည်သုံးသပ်သော အခမ်းအနားဖြစ်လာသည်။
- FMOကိုလည်း လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ပိုမိုလွတ်လပ်စွာ ချမှတ်ခွင့်ပေးခဲ့သည်။
- အစိုးရနှင့် အခြားဆက်နွယ်နေသူများကိုလည်း LIFT၏ အုပ်ချုပ်မှုတွင်တရားဝင်ပါဝင်စေခြင်းဖြင့် LIFT၏ ဆုံးဖြတ်ချက် ချမှတ်ခြင်းလုပ်ငန်းစဉ်ကို သိသိသာသာတိုးတက်စေမည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် ၂၀၁၅ခုနှစ် တွင် ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများတို့မှ ကိုယ်စားလှယ်များပါဝင်သည့် အစိုးရက ဦးဆောင်မည့် အကြီးတန်းအတိုင်ပင်ခံအုပ်စုတစ်ခုကို ထူထောင်မည် ဖြစ်သည်။

## ၆.၂။ LIFT၏ရန်ပုံငွေခွဲဝေမှု

အထက်ပါဇယားတွင် တွေ့ရသည့်အတိုင်း FMOသည် ငွေကြေးနှင့်စီမံခန့်ခွဲရေးရာတို့တွင် ခိုင်မာစွာထိန်းချုပ်ထားနိုင်ပြီး ပုံမှန် အကောင်အထည်ဖော်နေသည်။ ၂၀၁၃ခုနှစ် FMO စာရင်းစစ်အစီရင်ခံစာတွင် အလယ်အလတ်ဦးစားပေးတစ်ခုသာ ပါဝင်ခဲ့ပြီး ယင်းကိုလည်း ရှင်းလင်းပြီးဖြစ်ပါသည်။

*ဇယား ၆.၁။ ရလဒ် ၇အတွက် ၂၀၁၄ခုနှစ်အတွင်း အကျိုးသက်ရောက်မှုများ (LIFT၏ရန်ပုံငွေခွဲဝေမှု)*


| အညွှန်း | LIFT ရည်မှန်းချက် ၂၀၁၆ | ၂၀၁၄ ရည်မှန်းချက် | ၂၀၁၄နှစ်ကုန် ပြီးစီးမှု | ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| Q၇.၁။ FB၏အကြံပြုချက်များ ကို ပေးထားသည့် အချိန်အတွင်း FM၏ အကောင်အထည်ဖော်နိုင်မှု% | ၁၀၀% | ၁၀၀% | ၈၈%* | ၈၈% |
| Q၇.၂။ FMရောIPများအတွက်ပါ အရေးကြီး ဦးစားပေးဟု စာရင်းစစ်များကသတ်မှတ်သော စာရင်းစစ်ဧရိယာ %နှင့် အရေအတွက် | ၀ (အဖွဲ့အားလုံး အတွက်) | ၀ (အဖွဲ့အားလုံး အတွက်) | ၁ (အဖွဲ့အားလုံး အတွက်) | |

* ၂၀၁၄ခုနှစ်တွင် FBအစည်းအဝေး၃ကြိမ်မှ FBမှအတည်ပြုသော ဆောင်ရွက်ချက် ၆၄ခုကိုချမှတ်ခဲ့ရာတွင် ၅၆ခုကို သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပြီးဖြစ်သည်။
** ၂၀၁၃ခုနှစ်အသုံးစရိတ်ကို စာရင်းစစ်ရာတွင် FMOအတွက် တွေ့ရှိချက်မရှိဘဲ IPအတွက်အရေးကြီး အဆင့်သတ်မှတ် သော တွေ့ရှိချက်တစ်ခုသာရှိခဲ့သည်။ ၂၀၁၄ခုနှစ်အသုံးစရိတ်အတွက် စာရင်းစစ်ခြင်းကို ၂၀၁၅ခုနှစ်တွင် ဆောင်ရွက်မည် ဖြစ်သည်။

*ဇယား ၆.၂။ ရန်ပုံငွေထောက်ပံ့မှုအလိုက် စီမံချက်အခြေအနေ*

| လုပ်ကွက် | လက်မှတ်ထိုးပြီး ကန်ထရိုက် | | ဆောင်ရွက်ပြီး စီမံချက် | ဆောင်ရွက်ဆဲ စီမံချက် | ကန်ထရိုက်ပြင်ဆင်မှု | |
|---|---|---|---|---|---|---|
| | ၂၀၁၃နှစ်ကုန် အထိ | ၂၀၁၄နှစ်ကုန် အထိ | | | ၂၀၁၃ ဒီဇင်ဘာ အထိ | ၂၀၁၄ ဒီဇင်ဘာ အထိ |
| | B | C | D | E=C-D | G | H |
| မြစ်ဝကျွန်းပေါ်၁ | ၂၂ | ၂၂ | ၂၂ | ၀ | ၃၁ | ၃၁ |
| နိုင်ငံတဝန်း | ၁၆ | ၁၉ | ၁၁ | ၈ | ၂၄ | ၄၃ |
| မြစ်ဝကျွန်းပေါ်၂ | ၉ | ၁၀ | ၅ | ၅ | ၁၃ | ၂၂ |
| အခြား(တိုက်ရိုက်ထောက်ပံ့မှုနှင့် QSEM) | ၃ | ၃ | ၁ | ၂ | ၃ | ၅ |
| သင်ယူခြင်းနှင့်တီထွင်ဆန်းသစ်ခြင်း | ၁၉ | ၂၅ | ၂ | ၂၃ | ၁၀ | ၁၅ |
| ငွေကြေးဆိုင်ရာတွင် အာလုံးပါဝင်စေမှု | ၇ | ၈ | ၃ | ၅ | ၃ | ၅ |
| ရခိုင် | ၂ | ၄ | ၃ | ၁ | ၂ | ၅ |
| အပူပိုင်းဇုန် | ၂ | ၂ | ၁ | ၁ | ၁ | ၂ |
| စုစုပေါင်း | ၈၀ | ၉၃ | ၄၈ | ၄၅ | ၈၇ | ၁၃၂ |

*LIFT ၏အသုံးစရိတ်များ (ကန်ဒေါ်လာသန်းဖြင့်) ၂၀၁၀-၂၀၁၄*




*ဇယား၆.၃။ ၂၀၁၄ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော အထောက်အပံ့များ (ကန်ဒေါ်လာ)*

| စဉ် | IPအမည် | ထောက်ပံ့သည့်လုပ်ကွက် | အရေအတွက် (ကန်ဒေါ်လာ) |
|---|---|---|---|
| ၁ | ADRA | သင်ယူလေ့လာခြင်းနှင့်တီထွင်ဆန်းသစ်ခြင်း | ၁၀၀,၀၀၀ |
| ၂ | FAO | သင်ယူလေ့လာခြင်းနှင့်တီထွင်ဆန်းသစ်ခြင်း | ၄၂,၆၁၂ |
| ၃ | GRET | နိုင်ငံတဝန်း | ၅၃,၅၁၉ |
| ၄ | HelpAge | သင်ယူလေ့လာခြင်းနှင့်တီထွင်ဆန်းသစ်ခြင်း | ၂,၀၉၄,၈၆၂ |
| ၅ | IFC (International Finance Corp) | ငွေကြေးဆိုင်ရာတွင် အာလုံးပါဝင်စေမှု | ၃,၆၁၉,၅၅၂ |
| ၆ | Inya Institute | သင်ယူလေ့လာခြင်းနှင့်တီထွင်ဆန်းသစ်ခြင်း | ၁၀၅,၀၈၈ |
| ၇ | Mercy Corps (w Swiss Contact) | သင်ယူလေ့လာခြင်းနှင့်တီထွင်ဆန်းသစ်ခြင်း | ၄,၀၀၀,၀၀၀ |
| ၈ | PACT | နိုင်ငံတဝန်း | ၄၅,၂၉၉ |
| ၉ | PACT | မြစ်ဝကျွန်းပေါ်၂ | ၄၄၀,၈၂၀ |
| ၁၀ | Terre des Hommes | သင်ယူလေ့လာခြင်းနှင့်တီထွင်ဆန်းသစ်ခြင်း | ၁,၃၁၈,၅၁၉ |
| ၁၁ | UNESCAP | နိုင်ငံတဝန်း | ၁,၁၀၄,၉၀၅ |
| ၁၂ | ICRAF | သင်ယူလေ့လာခြင်းနှင့်တီထွင်ဆန်းသစ်ခြင်း | ၅၉၉,၈၉၆ |
| ၁၃ | UNESCO | သင်ယူလေ့လာခြင်းနှင့်တီထွင်ဆန်းသစ်ခြင်း | ၁,၅၀၀,၀၀၀ |
| | | | **၁၅,၀၂၅,၀၉၂** |

## ၆.၃။ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်ရည်

*ဇယား၆.၄။ ၂၀၁၄ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်ရည် ရလဒ်များ*

| အညွှန်း | LIFT ရည်မှန်းချက် ၂၀၁၆ | ၂၀၁၄ ရည်မှန်းချက် | ၂၀၁၄နှစ်ကုန် ပြီးစီးမှု | ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ရ၈.၁။ IPကန်ထရိုက်များအရ FBက ထုတ်ပေးသော ရန်ပုံငွေ% | ၈၇% | ၈၇% | ၉၉%* | ၁၁၄% |
| ရ၈.၂။ FMက စောင့်ကြည့်အကဲဖြတ် ပြီးသော IP% | ၁၀၀% | ၁၀၀% | ၈၆%** | ၈၆% |
| ရ၈.၃။ FMက ငွေကြေးဆိုင်ရာ သုံးသပ် ပြီးသော IP% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

*၂၀၁၃ခုနှစ်အသုံးစရိတ်ကို စာရင်းစစ်ရာတွင် တွေ့ရှိရသော အကျုံးမဝင်သည့်အသုံးစရိတ်စုစုပေါင်းနှင့် IP၏အသုံးစားရိတ် စုစုပေါင်းချုပ် အချိုးကို အခြေခံကာ တွက်ချက်ထားခြင်းဖြစ်သည်။ အကျုံးမဝင်သည့်အသုံးစရိတ်စုစုပေါင်းမှာ ကန်ဒေါ်လာ ၂၂၀၀၀၉ဖြစ်၍ IP၏အသုံးစားရိတ် စုစုပေါင်းချုပ်၏ ၁.၁%ရှိသည်။
** ၂၀၁၄ခုနှစ်တွင် ဆောင်ရွက်ဆဲဖြစ်ပြီး M&E စနစ်လိုအပ်နေသော စီမံချက်များ

၂၀၁၄ခုနှစ်တွင် FMOသည် ကျေးရွာ၃၆၆ရွာသို့ ကွင်းဆင်းစစ်ဆေးမှု ၁၇၇ကြိမ် ပြုလုပ်ခဲ့သည်။ ၂၀၁၃ခုနှစ်တွင် ကျေးရွာ ၄၄၆ရွာသို့ ကွင်းဆင်းစစ်ဆေးမှု ၁၆၉ကြိမ် ပြုလုပ်ခဲ့သည်။

၂၀၁၂ခုနှစ်တွင် LIFTသည် IPများ၏ စီမံကိန်း စီမံခန့်ခွဲမှုကို စနစ်တကျ စောင့်ကြည့်သည့် စနစ်တစ်ခုကို စတင် အသုံးပြုခဲ့သည်။ ၂၀၁၄ခုနှစ်တွင် စီမံကိန်းများ၏ ဆောင်ရွက်မှုရလဒ်ကို အောက်ပါ ဇယားတွင် အကျဉ်းချုပ် ဖော်ပြထားသည်။_

*ဇယား၆.၅။ စီမံကိန်းကို စီမံခန့်ခွဲရာတွင် ကြုံရသော ဆုံးရှုံးနိုင်မှု ဆန်းစစ်ချက်၊ 'Traffic Light - ဝါစိမ်းနီပုံစံ' (၂၀၁၄ )*

| | | နည်း(စိမ်း) | | အလယ်အလတ်(အဝါ) | | များ(အနီ) | |
|---|---|---|---|---|---|---|---|
| | အညွှန်း | သတ်မှတ်နှုန်း | ထောက်ပံ့ငွေ% | သတ်မှတ်နှုန်း | ထောက်ပံ့ငွေ% | သတ်မှတ်နှုန်း | ထောက်ပံ့ငွေ |
| 1 | အကောင်အထည် ဖော်နှုန်း | > ၉၀% လမ်းကြောင်းမှန် | ၄၄% | ၇၁ - ၉၀% လမ်းကြောင်းမှန် | ၂၀% | ≤၇၀% လမ်းကြောင်းမှန် | ၃၉% |
| 2 | နှစ်စဉ် အသုံးစရိတ် | >၉၀% သုံးစွဲပြီး | ၃၂% | ၇၁ - ၉၀% သုံးစွဲပြီး | ၃၇% | ≤၇၀% သုံးစွဲပြီး | ၃၄% |
| 3 | အချိန်မှန် အစီရင်ခံမှု | ၀ ရက်နောက်ကျ | ၇၈% | ၁ - ၇ ရက်နောက်ကျ | ၂၀% | >၈ ရက်နောက်ကျ | ၂% |
| 4 | အစီရင်ခံစာ ပြည့်စုံမှု | ၁၀၀% ပြည့်စုံ | ၈၈% | ၇၁ - ၉၉% ပြည့်စုံ | ၀% | ≤၇၀% ပြည့်စုံ | ၁၂% |
| 5 | စီမံခန့်ခွဲနိုင်မှု | ၀ခု တွေ့ရှိ | ၈၈% | ၁-၃ခု တွေ့ရှိ | ၁၅% | > ၃ခု တွေ့ရှိ | ၀% |
| ယေဘူယျနှုန်း* | **၂၀၁၄** | **၅၁%** | | **၄၄%** | | **၅%** | |
| | **၂၀၁၃** | **၄၈%** | | **၄၁%** | | **၁၁%** | |
| | **၂၀၁၂** | **၃၂%** | | **၄၁%** | | **၃၂%** | |

* အညွှန်း၅ခု၏ တစ်ခုစီ ဆုံးရှုံးနိုင်မှု အနည်းအများအလိုက် ချိန်ဆတွက်ချက်ထားခြင်းဖြစ်သည်။

ဇယား၆.၅အရ တွေ့ရှိရသည်မှာ ယေဘုယျအားဖြင့် 'အစိမ်း'အညွှန်း တိုးတက်လာပြီး 'အနီ' အညွှန်း ကျဆင်းလာကြောင်း ၂၀၁၂၊ ၂၀၁၃ခုနှစ်များနှင့် နှိုင်းယှဉ်တွေ့ရှိရသည်။ IPများသည် အချိန်မှန်အစီအရင်ခံမှု၊ ဘတ်ဂျက်စီမံခြင်း၊ စာရင်းစစ်ကန့်ကွက်ချက်ကို ဖြေရှင်းခြင်းတို့တွင် ပို၍လျင်မြန်စွာ ဆောင်ရွက်လာသည်။

## ၆.၄။ စောင့်ကြည့်စစ်ဆေးခြင်း၊ လေ့လာအကဲဖြတ်ခြင်း၊ သင်ယူခြင်း

၂၀၁၄ခုနှစ်တွင် ရေးဆွဲခဲ့သောLIFT၏ မဟာဗျူဟာအသစ်တွင် FMOမှIPအထိ အဆင့်တိုင်း၌ စောင့်ကြည့်စစ်ဆေးခြင်း၊ လေ့လာအကဲဖြတ်ခြင်း၊ သင်ယူခြင်းတို့ကို အလေးပေး ဆောင်ရွက်သွားရန် အလေးပေးထားသည်။ ရည်ရွယ်ချက်မှာ လုပ်ဆောင်ချက်များကို တိုင်းတာရန်တိုးတက်စေရန်အတွက် လည်းကောင်း၊ မြန်မာနိုင်ငံ၏ ကျေးလက်ဖွံ့ဖြိုးရေး မူဝါဒများ အလေ့အကျင့်များကို ဩဇာလွှမ်းမိုးနိုင်ရန်အတွက်လည်း ကောင်း ခိုင်လုံသောအထောက်အထားများကို ဖော်ထုတ်နိုင်စွမ်း သုံးစွဲနိုင်စွမ်းများ LIFTနှင့် မိတ်ဖက်များတွင်တိုးတက် လာစေရန် ဖြစ်သည်။ ထိုသို့ဖြစ်စေရန်အတွက် FMOနှင့်IPများတွင် စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း၊ သင်ယူခြင်း ဆိုင်ရာ စနစ်များ၊ စွမ်းရည်များ၊ နည်းနာများကို သိသိသာသာ မြှင့်တင်ရန် လိုအပ်သည်။

နည်းနာအသစ်တွင်ပါဝင်သော အဓိကအချက်များတွင် အောက်ပါတို့ပါဝင်သည်_

- စောင့်ကြည့်စစ်ဆေးခြင်း၊ လေ့လာအကဲဖြတ်ခြင်း၊ သင်ယူခြင်း အဆင့်ဆင့်အတွက် မူဘောင်တစ်ခုကို ဖန်တီးရန် လိုအပ်သည်။ ယင်းမူဘောင်တွင် LIFTအဆင့်၊စိုက်ပျိုးရေး -ဂေဟဗေဒ အစီအစဉ်များအဆင့်၊ စီမံချက်များအဆင့် တို့တွင် ဆောင်ရွက်ရမည့် စောင့်ကြည့်စစ်ဆေးခြင်း၊ လေ့လာအကဲ ဖြတ်ခြင်း၊ သင်ယူခြင်း လုပ်ငန်းများ၏ မူဘောင်များ တာဝန်များကို သတ်မှတ်ပေးရမည်။
- ပြောင်းလဲမှုဆိုင်ရာ သီအိုရီများကို အဆင့်တိုင်းတွင် စနစ်တကျ သုံးစွဲခြင်းဖြင့် ပြောင်းလဲမှုလုပ်ငန်းစဉ်နှင့် စောင့်ကြည့် စစ်ဆေးခြင်း၊ လေ့လာအကဲဖြတ်ခြင်း၊ သင်ယူခြင်းတို့ကို စနစ်တကျ ဆောင်ရွက်စေရန် အားလုံးက သဘောပေါက် လာမည်ဖြစ်သည်။
- အမျိုးသားအဆင့်ရှိ LIFT၏ M&Eနှင့် စီမံချက်များအဆင့်ရှိ M&Eတို့သည် ခြားနားရမည်။ စီမံချက်အဆင့်များသည် ဒေသအလိုက်ပြောင်းလဲမှုဆိုင်ရာသီအိုရီများနှင့် ချိတ်ဆက်ထားရမည်ဖြစ်ပြီး သီးခြားရလဒ်များ၊အကျိုးများ၊ပြဿနာများသည် IPများနှင့်သာ သက်ဆိုင်မည်ဖြစ်သည်။
- IPများတွင် စောင့်ကြည့်စစ်ဆေးခြင်း၊ လေ့လာအကဲဖြတ်ခြင်း၊ သင်ယူခြင်းများကို သင်ယူမှုအခြေပြု နည်းနာများ ရှိရန်လိုအပ်သည်။ သို့မှသာ ယင်းတို့သည် ခိုင်လုံသော အထောက်အထားများကို ဖော်ထုတ် အသုံးပြုနိုင်မည် ဖြစ်သည်။

LIFT၏မဟာဗျူဟာအရ ရလဒ်မူဘောင်ကို ပန်းတိုင်၊ တာဝန်၊ အဆင့်မြင့်အကျိုး၄ရပ်၊ အလယ်အလတ်အဆင့် ရလဒ်၈ရပ်တို့ဖြင့်ဖွဲ့စည်းထားပြီး၊ ယင်းတို့သည် LIFTကဒေသဆိုင်ရာ အစီအစဉ်များဖြင့် ဖော်ထုတ်လိုသော ပင်မအပြောင်းအလဲ နယ်ပယ်တို့ကို သတ်မှတ်ပေးသည်။ LIFT၏ အမျိုးသားအဆင့်ယေဘုယျ စွမ်းဆောင်ရည်ကိုမူ ဖြစ်ပေါ်လာသော သက်ရောက်မှုများ အပေါ်ရလဒ်မူဘောင်ဖြင့် တိုင်းတာကာဆန်းစစ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထား ထွေပြားမှုကြောင့်လုပ်ငန်း ဆောင် ရွက်နေသောနယ်မြေများအလိုက် ပြောင်းလဲမှုဆိုင်ရာ သီအိုရီများကို LIFTက ရေးသားမည်ဖြစ်သည်။ ယင်းတို့ကို အကောင်အထည်ဖော်မည့်သူအား ဦးတည်ကာ ရေးသားမည်ဖြစ်ပြီး သက်ဆိုင်ရာဒေသအစီအစဉ်များဖြင့် လည်းကောင်း၊ IPများ၏ စီမံချက်များဖြင့်လည်းကောင်း အကောင်အထည်ဖော်ခြင်းဖြင့်ရလဒ် မူဘောင်တွင်ပါဝင်သော အဆင့်မြင့် အကျိုးများ ကိုဖြစ်ပေါ်စေမည့်လုပ်နည်း လမ်းကြောင်းများကို လည်းတိကျစွာ ချမှတ်ထားသည်။ IPများသည် လည်း ယင်းတို့၏ စီမံချက်များ အလိုက် ကိုယ်ပိုင်ပြောင်းလဲမှုဆိုင်ရာ သီအိုရီများ၊ သင်ယူရေးစီမံချက်များ၊ တိုင်းတာရေး မူဘောင်များကို ရေးသားပြုစုထားရမည်။ စီမံချက်တာဝန်ထမ်းဆောင်မှုနှင့်



၂၀၁၄ ခုနှစ်တွင် FMO သည် ရွာပေါင်း ၃၆၆ ရွာသို့ ၁၇၇ကြိမ် ကွင်းဆင်းစောင့်ကြည့် လေ့လာခြင်းများ ဆောင်ရွက်ခဲ့သည်။

ပတ်သက်သောနိုင်လုံသည့် အထောက်အထားများကိုနားလည်နိုင်၊ ဖော်ထုတ်နိုင်စေမည့် စွမ်းဆောင်ရည်မြှင့်တင်ရေး ဆိုင်ရာ အထောက်အပံ့များကိုလည်း IPများသို့ LIFTကပေးမည်ဖြစ်သည်။

၂၀၁၄ခုနှစ်အတွင်း FMOသည် စီမံချက်၂၈ခုရှိ M&E အစီအမံများကို သုံးသပ်ခဲ့သည်။ FMOသည် စီမံချက်အားလုံးထံသို့ သွားရောက်ကာ မိတ်ဖက်များ၏ သတင်းအချက်အလက်များ၏ အရည်အချင်းနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်များကို ဆန်းစစ်ရန် အထူးအာရုံစိုက်လျက် ယင်းတို့၏ စောင့်ကြပ်ကြည့်ရှုမှုစနစ်များကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

LIFTသည် စီမံချက်တိုင်း၏ သက်တမ်းဝက်နှင့် အပြီးသတ်အကဲဖြတ်ခြင်းများကိုလိုအပ်သည်။ ၂၀၁၄ခုနှစ်တွင် အပြီးသတ်အကဲဖြတ်ချက်များကို IPများကသီးခြား အတိုင်ပင်ခံများကို ဆောင်ရွက်စေခဲ့သည်။ ၂၀၁၄ခုနှစ်ဒီဇင်ဘာလ ကုန်အထိ အပြီးသတ် အစီအရင်ခံစာ ၁၈စောင်နှင့် အကဲဖြတ်ချက်မူကြမ်း၅စောင်တို့ကိုရရှိထားပြီး နောက်ထပ်၅စောင်မှာပြုစုဆဲဖြစ်သည်။ သို့သော်လည်းယခုထိ ပြုလုပ်ခဲ့သော စီမံချက်အကဲဖြတ်မှုများမှာ ပြတ်ပြတ်သားသား မရှိလှဘဲ IPများ အနေဖြင့်လည်းမှီခိုမှု ကင်းရှင်းလှခြင်းမရှိကြောင်းထင်မြင်ရသည်။ ထို့ပြင်FMOကို တင်ပြထားသောကိစ္စရပ် တစ်ခုမှာ သီးခြားအကဲဖြတ်သူတို့သည် အချိန်လုံလောက်စွာ မရသဖြင့် ကွင်းဆင်းအဆင့်ဆောင်ရွက်သူများ၊ ပတ်သက်ဆက်နွယ်သူများ၊ မိတ်ဖက်အဖွဲ့၏ ဝန်ထမ်းများ၊ FMOတို့၏ အမြင်များကို ချိန်စက်နိုင်မည့် အချက်အလက်များကို မစုဆောင်းနိုင်ကြဘဲ စီမံချက်လုပ်ငန်း အဆင့်ဆင့်ဖြစ်ထွန်းလာပုံကိုလည်း ကောင်းစွာ ပုံဖော်နိုင်ကြပေ။ ၂၀၁၅ ဖေဖော်ရီလမှစ၍ အပြီးသတ်အကဲဖြတ်ခြင်းကို FMOကသာ စီမံခန့်ခွဲမည်ဖြစ်သည်။ ထိုသို့ ဗဟိုမှ ဆောင်ရွက်ခြင်းသည် စီမံချက်အကဲဖြတ်ခြင်းကို တသမတ်တည်း ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် အကဲဖြတ်မှု အစီရင်ခံစာတို့၏ အဆင့်အတန်းသည်လည်း တိုးတက်လာမည် ဟူသော ယူဆချက်ဖြင့် ထိုသို့ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

## ၆.၅။ ဆက်သွယ်ရေး

၂၀၁၄ခုနှစ်တွင် LIFT၏ဆက်သွယ်ရေးသည် ဝန်ထမ်းအသစ်များ နည်းနာအသစ်များဖြင့် အင်းအားတက်ကြွလာခဲ့သည်။

### LIFT၏ဆက်သွယ်ရေး အခြေခံအဆောက်အအုံကို ခေတ်မီအောင် မွမ်းမံခြင်း

**ဝန်ထမ်းခန့်ထားခြင်း။**
ဆက်သွယ်ရေးအရာရှိသစ်တစ်ဦး ဧပြီလတွင်ရောက်ရှိလာပြီးနောက် နှစ်ကုန်သောအခါတွင် နိုင်ငံသားဆက်သွယ်ရေး အကဲဖြတ်တစ်ဦး၊ လက်ထောက်တစ်ဦးနှင့် နိုင်ငံတကာ အလုပ်သင်များပါဝင်သည့် ဖွဲ့စည်းပုံကို ပြုပြင်လိုက်သည်

**ဝက်ဘ်ဆိုက်။**
၂၀၁၄ခုနှစ်အတွင်းတွင် နည်းပညာဆိုင်ရာ အားနည်းမှုများကြောင့် သုံးစွဲရန်ခက်ခဲနေသော ယခင်ဆိုက် အဟောင်းကို အားဖြည့်ပြုပြင်ပြီး ပုံမှန် LIFTသတင်းနှင့် ဖြစ်စဉ်များကို ပျမ်းမျှ၁ပတ်လျှင် ၂ခုကျနှုန်း ထုတ်လွှင့်ထားရာ တစ်လလျှင် ပျမ်းမျှကြည့်ရှုသူ ၃၀၀၀ခန့်ရှိသည်။ ဝက်ဘ်ဆိုက်အသစ် www.lift-fund.org ကို စီမံကိန်းအချက်အလက် မြေပုံနှင့်အတူ၊ ၂၀၁၅ခုနှစ် ဇန်နဝါရီလတွင် စတင်ထုတ်လွှင့်ခဲ့သည်။ မြန်မာဘာသာဖြင့် လွှင့်တင်ရန် ဆောင်ရွက်ဆဲဖြစ်သည်။

**လူမှုရေးမီဒီယာ။**
ဤရန်ပုံငွေ၏ ဖေ့စ်ဘုတ် www.facebook.com/liftfund ကို ပြန်လည်ဆန်းသစ်ခဲ့ပြီး အလှူရှင်နှင့် မိတ်ဖက်များ၏ စာမျက်နှာ



များနှင့် ချိတ်ဆက်ထားသည်။ ယခုနှစ်အကုန်တွင် ယင်းသည် နောက်လိုက်/နှစ်သက်သူအသစ် ၁၀၀၀ကျော် ကို ရရှိခဲ့ပြီး အများစုမှာဒေသခံမိတ်ဖက်များနှင့် ဖွံ့ဖြိုးရေးလုပ်သားများဖြစ်သည်။ ဖေ့စ်ဘုတ် လူမှုကွန်ရက်စာမျက်နှာသည် ဒေသခံသတင်းစာများနှင့်ကောင်းစွာ ချိတ်ဆက်ပေးသည်။ LIFT တွစ်တာ twitter@lift-fund ကိုလည်း ပြန်လည်အသက်သွင်းခဲ့ပြီး အလှူရှင်အကောင့်များနှင့်ဆက်သွယ် ထားသည်။ LIFT၏ ယူကျူ www.youtube. com/user/liftfund တွင်လည်း LIFT၏ သတင်းများ၊ မှတ်တမ်းများ၊ IP၏ ဗီဒီယိုများကို တင်ထားခဲ့သည်။ LIFTသည် UNOPS၏ ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သော ဖေ့စ်ဘုတ်၊ တွစ်တာ၊ သတင်း စာစောင်များတွင် မိမိ၏ အကြောင်းအရာများကို ပိုမိုဖော်ပြခဲ့သည်။

၂၀၁၅ခုနှစ်တွင် အကောင်အထည်ဖော်ရန်အတွက် **မွမ်းမံထားသော မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်**တို့ကို ရေးဆွဲခဲ့သည်။

**မီဒီယာ လွှမ်းခြုံမှု။**

LIFT၏လှုပ်ရှားမှုများကိုပြည်တွင်းနှင့်နိုင်ငံတကာ သတင်းစာနှင့် တီဗီတို့တွင် ပုံမှန်ဖော်ပြနေပြီး နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာမျှဝေရေး ဝက်ဘ်ဆိုက် (capacity4dev.eu and devex.org) တွင် တင်ထားသည်။

**LIFT ဓာတ်ပုံနှင့် ဗီဒီယို စာကြည့်တိုက်။**

LIFT၏အသွင်ကို သစ်လွင်စေရန် FMOသည် ကချင်၊ ကရင်၊ ချင်း ပြည်နယ်များ၊ မကွေး နှင့် ဧရာဝတီတိုင်းဒေသကြီးများ၏ အဆင့်မြင့်ဓာတ်ပုံများကို စုဆောင်းထားသော စာကြည့်တိုက်တစ်ခု ထူထောင်ခဲ့သည်။ မိတ်ဖက် PACT, Action Aid, ADRA တို့၏စီမံချက်အကျိုးခံစားရသူများအကြောင်း ပုံဖော်ထားသည့် ဗီဒီယို၃ခုကိုလည်း ပုံဖော်ရိုက်ကူးခဲ့သည်။

**မြင်သာမှု လမ်းညွှန်ချက်။**

LIFTသည် ၎င်း၏အမှတ်အသားနှင့် မြင်သာမှုကို ရှင်းလင်းစွာပုံဖော်ဆောင်ရွက်နိုင်ကြရန်အတွက် မြင်သာမှုလမ်းညွှန်ချက်တွင် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ဥပမာများဖြင့် မွမ်းမံဖော်ပြထားခဲ့သည်။[100]

**အစိုးရနှင့်ဆက်ဆံရေး။**

ဤရန်ပုံငွေ၏လုပ်ငန်းများကို ရှင်းလင်းတင်ပြထားသော ဓာတ်ပုံစာအုပ် တစ်အုပ်ကို အစိုးရဝန်ကြီးများအတွက် ရည်ရွယ်ပြုစုခဲ့ပြီး LIFTက ထုတ်ဝေသော စာအုပ်စာတမ်းများကိုလည်း မွေး/ရေနှင့်ကျေးလက် ဝန်ကြီးဌာန၊ လယ်/ဆည်ဝန်ကြီးဌာနများရှိ စာကြည့်တိုက်များသို့ ပေးပို့ထားခဲ့သည်။

## အသိအမြင် မျှဝေခြင်း

LIFTသည် ယင်း၏မဟာဗျူဟာ အပြောင်းအလဲများကို ပုံဖော်ခဲ့ပြီး အိမ်ထောင်စုစစ်တမ်းနှင့် QSEM3ကဲ့ သို့သော စာအုပ်စာတမ်းအသစ်များကိုလည်းရန်ကုန်နှင့် နေပြည်တော်တို့တွင်ပြုလုပ်သော အခမ်းအနားများတွင် ထုတ်ဝေခဲ့သည်။ LIFTက ထုတ်ဝေသော စာအုပ်စာတမ်းတစ်စုံစီကိုလည်း ဒေသခံစာကြည့် တိုက်၁၄ခုသို့ ဖြန့်ဝေခဲ့ရာ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် လယ်/ဆည် ဝန်ကြီးဌာနတို့လည်း ပါဝင်သည်။

၂၀၁၄ခုနှစ် နှစ်ပတ်လည်ဖိုရမ်ကို နေပြည်တော်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာနနှင့်အတူ ကျင်းပခဲ့သည်။ နိုဝင်ဘာလအတွင်းတွင် ၂ရက်ကြာ ကျင်းပခဲ့သော ဤဖိုရမ်တွင် ပြည်တွင်းနှင့်ပြည်ပမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးပါရဂူများသည် မြန်မာနိုင်ငံကျေးလက်စီးပွားရေးကို ပြောင်းလဲနေသည့် အင်အားများ။ ရုန်းပြန်နိုင်မှုနှင့် တိုးတက်မှုကိုထောက်ပံ့ခြင်းတို့ ပါဝင်သော အကြောင်းအရာကို ဆွေးနွေးခဲ့ရာတွင် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သူ ၃၀၀ကျော် တက်ရောက်ခဲ့ကြသည်။ ဤပွဲသည် လူထုဆက်ဆံရေးဆိုင်ရာ အစီအမံကောင်းတစ်ခု ဖြစ်ကြောင်း ပြသနိုင်ခဲ့သည့်အပြင် FMOအတွက်လည်း အသင်းအဖွဲ့ စိတ်တည်ဆောက်ရေး လေ့ကျင့်ခန်းတစ်ခု ဖြစ်ခဲ့သည်။ ဤပွဲ၏ ဗီဒီယိုများကို www.youtube.com/liftfundmyanmarတွင် အင်္ဂလိပ်လိုရော၊ မြန်မာလိုပါ ရရှိနိုင်သည်။

100 မွမ်းမံထားသော လုပ်ငန်းလမ်းညွှန်တွင်ပါဝင်သည်။



## ၆.၆။ ဘဏ္ဍာရေး

၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့အထိ LIFT သို့ ထည့်ဝင်ထားသော အလှူငွေအစုစုမှာ အောက်ပါအတိုင်းဖြစ်သည်_

*ဇယား၆.၆။ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့တွင် LIFT သို့လှူတန်းမှု စုစုပေါင်း(ကန်ဒေါ်လာ)*

| အလှူရှင် | လက်မှတ်ရေးထိုး ကတိကဝတ်ပြုမှု* | % |
|---|---|---|
| ဩစတြေးလျ | ၁၈,၅၆၈,၃၇၄ | ၈.၉% |
| ဒိန်းမတ် | ၉,၉၉၁,၅၆၆ | ၄.၈% |
| ဥရောပသမဂ္ဂ | ၆၉,၇၅၆,၉၃၄ | ၃၃.၃% |
| ပြင်သစ် | ၁,၃၁၉,၈၀၀ | ၀.၆% |
| အိုင်ယာလန် | ၅၁၈,၅၈၀ | ၀.၂% |
| အီတလီ | ၈၅၂,၀၄၀ | ၀.၄% |
| နယ်သာလန် | ၂,၉၅၀,၀၀၀ | ၁.၄% |
| နယူးဇီလန် | ၈၀၉,၆၅၀ | ၀.၄% |
| ဆွီဒင် | ၂,၇၂၅,၇၇၆ | ၁.၃% |
| ဆွစ်ဇာလန် | ၁၅,၁၆၅,၂၇၅ | ၇.၂% |
| ယူနိုက်တက်ကင်းဒမ်း | ၈၁,၆၇၉,၅၅၀ | ၃၉.၀% |
| အမေရိကန်ပြည်ထောင်စု | ၅,၀၀၀,၀၀၀ | ၂.၄% |
| အတိုးရငွေ | ၈၅၅,၉၈၇ | |
| **စုစုပေါင်း** | **၂၁၀,၁၉၃,၅၃၃** | |

* ကတိကဝတ်ပြုမှုများမှာ ငွေလဲနှုန်းကြောင့် ၂၀၁၃ခုနှစ်ကိန်းဂဏန်းများနှင့် အနည်းငယ်ကွာခြားနိုင်သည်။

၂၀၁၄ခုနှစ်တွင် LIFT၏ ဘတ်ဂျက်မှာ ကန်ဒေါ်လာ ၄၈.၂၈သန်း ဖြစ်ပြီး သုံးစွဲငွေမှာ ကန်ဒေါ်လာ ၃၂.၉၈သန်း ဖြစ်သည်။ သုံးစွဲငွေလျော့နည်းရခြင်းမှာ လေ့လာမှုများနှင့် ရန်ပုံငွေလုပ်ငန်းရပ်အသစ်များသို့ ထောက်ပံ့ရန် နှောင့်နှေးခဲ့ခြင်းကြောင့်ဖြစ်သည်။

*ဇယား ၆.၇။ ၂၀၁၄ခုနှစ်အတွက် LIFT၏အသုံးစရိတ်*

| လုပ်ငန်း | ဘတ်ဂျက် (ကန်ဒေါ်လာ) | အမှန်တကယ် သုံးစွဲမှု | အလို/အပို | % |
|---|---|---|---|---|
| IPများသို့ ရန်ပုံငွေထောက်ပံ့ခြင်း | ၄၂,၁၉၂,၆၈၆ | ၂၇,၆၇၇,၆၀၂ | -၁၄,၅၁၅,၀၈၄ | -၃၄% |
| သုတေသန | ၁,၃၅၉,၄၅၈ | ၇၄၈,၅၇၁ | -၆၁၀,၈၈၇ | -၄၅% |
| FMO လုပ်ငန်းစရိတ် | ၃,၈၄၅,၂၅၄ | ၃,၈၃၀,၇၇၃ | -၁၄,၄၈၁ | ၀% |
| FBသို့ ထောက်ပံ့ခြင်း | ၁၁၇,၃၀၀ | ၁၃၃,၄၁၈ | ၁၆,၁၁၈ | ၁၄% |
| အထောက်အပံ့များနှင့် အုပ်ချုပ်မှု | ၇၆၉,၁၅၃ | ၅၈၉,၂၂၉ | -၁၇၉,၉၂၄ | -၂၃% |
| စုစုပေါင်း | ၄၈,၂၈၃,၈၅၁ | ၃၂,၉၇၉,၅၉၃ | -၁၅,၃၀၄,၂၅၈ | -၃၂% |

# အခန်း ၇



# ၇။ နောက်ဆက်တွဲများ

## နောက်ဆက်တွဲ၁။ လက်မှတ်ရေးထိုးခဲ့သော/ ပိတ်သိမ်းပြီးသော/ ဆောင်ရွက်ဆဲ ဖြစ်သော စီမံချက်များ

*ဇယား၇.၁။ ၂၀၁၄ခုနှစ် ဇန်နဝါရီလမှဒီဇင်ဘာလအတွင်း လက်မှတ်ရေးထိုးခဲ့သောအထောက်အပံ့များ(စီမံချက် ၁၃ခု)*

| | IP အမည် | လုပ်ကွက် | စီမံချက် သက်တမ်း | စီမံချက်အမည် |
|---|---|---|---|---|
| ၁ | ADRA | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၁၁/၀၄/၂၀၁၄<br>၁၀/၀၄/၂၀၁၅ | အသက်မွေးမှုအထောက်အကူပြုသင်တန်း (VTSL) |
| ၂ | FAO | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၀၁/၀၁/၂၀၁၄<br>၁၅/၀၂/၂၀၁၄ | တိရစ္ဆာန်ကျန်းမာရေး တိုးတက်ခြင်း နှင့် ထုတ်လုပ်မှုကောင်းမွန်ခြင်းဖြင့် တောင်သူများအသက်မွေးမှုကောင်းမွန်ရေး စီမံချက် အဆိုပြုလွှာ ရေးဆွဲခြင်း |
| ၃ | GRET | နိုင်ငံတဝန်း | ၀၁/၀၁/၂၀၁၄<br>၃၀/၀၆/၂၀၁၄ | မြန်မာနိုင်ငံရှိ ဆင်းနွမ်းပါးသူများ အသက်မွေးမှု ကောင်းမွန်ရေးအတွက် ရေရှည်ခံသော အသေးစားငွေကြေးလုပ်ငန်း |
| ၄ | HelpAge | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၀၁/၀၄/၂၀၁၄<br>၃၁/၀၃/၂၀၁၇ | လူမှုကာကွယ်စောင့်ရှောက်မှု တိုးချဲ့ပေးနိုင်ရန် အတွက် လူမှုဝန်ထမ်းဝန်ကြီးဌာနကို အားဖြည့် ပေးခြင်း |
| ၅ | IFC (International Finance Corporation) | ငွေကြေးဆိုင်ရာတွင် အာလုံးပါဝင်စေမှု | ၀၁/၀၇/၂၀၁၄<br>၃၀/၀၆/၂၀၁၈ | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ကဏ္ဍအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း |
| ၆ | Inya Institute | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၀၇/၀၅/၂၀၁၄<br>၃၀/၀၆/၂၀၁၅ | လူမှုရေးသုတေသနနည်းလမ်းများ မြန်မာ-အင်္ဂလိပ်လက်စွဲစာစောင် |
| ၇ | Mercy Corps (in partnership with Swiss Contact) | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၁၁/၀၆/၂၀၁၄<br>၁၀/၀၆/၂၀၁၇ | ချင်းနှင့်ရှမ်းပြည်နယ်တောင်ပိုင်းရှိ လုပ်ကွက်ငယ် လယ်သမားတို့အတွက် ဟင်းသီးဟင်းရွက်ဈေးကွက်ဖြစ်မြောက်စေခြင်း |
| ၈ | Pact - CW | နိုင်ငံတဝန်း | ၀၁/၀၁/၂၀၁၄<br>၃၀/၀၆/၂၀၁၄ | မြန်မာနိုင်ငံတဝန်းရှိဆင်းရဲနွမ်းပါးသူများအသက်မွေးမှု ကောင်းမွန်ရေးအတွက် ရေရှည်ခံသောအသေးစားငွေကြေးလုပ်ငန်း |
| ၉ | Pact - Delta II | မြစ်ဝကျွန်းပေါ်၂ | ၀၁/၀၁/၂၀၁၄<br>၃၀/၀၅/၂၀၁၅ | မြစ်ဝကျွန်းပေါ်ရှိမုန်တိုင်းဒဏ်ခံဆင်းရဲနွမ်းပါးသူများအသက်မွေးမှု ကောင်းမွန်ရေးအတွက် ရေရှည်ခံသောအသေးစားငွေကြေးလုပ်ငန်း |
| ၁၀ | Terre des Hommes | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၀၁/၀၂/၂၀၁၄<br>၃၁/၀၁/၂၀၁၇ | မြေယာမဲ့နှင့်ဝမ်းစာမလုံလောက်သော လယ်သမားအတွက် မြေမဲ့စိုက်ပျိုးနည်းနှင့် ရေချွေတာသော နည်းပညာအသစ်များ |
| ၁၁ | UNESCAP | နိုင်ငံတဝန်း | ၀၁/၀၁/၂၀၁၄<br>၃၁/၁၂/၂၀၁၆ | အပူပိုင်းဇုန်တွင် အသက်မွေးမှုကောင်းမွန်စေမည့် ကျေးလက်စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု ပေါင်းစည်းအစီအစဉ် |
| ၁၂ | UNESCO | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၂၁/၁၁/၂၀၁၄<br>၂၀/၁၁/၂၀၁၆ | ရေရှည်ခံသော အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံမှု အတွက်ဆက်သွယ်ရေး |
| ၁၃ | ICRAF (World Agroforestry Centre) | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၂၂/၁၀/၂၀၁၄<br>၂၁/၁၀/၂၀၁၈ | မြန်မာနိုင်ငံရှိရွှေ့ပြောင်းတောင်ယာအစားထိုး သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်း |

*ဇယား၇.၂။ ၂၀၁၄ခုနှစ်ဇန်နဝါရီလမှဒီဇင်ဘာလအတွင်းပိတ်သိမ်းခဲ့သောအထောက်အပံ့များ(စီမံချက်၁၉ခု)*

| | IP အမည် | လုပ်ကွက် | စီမံချက်အမည် |
|---|---|---|---|
| ၁ | ADRA | နိုင်ငံတဝန်း | လူမှုအဖွဲ့အစည်းမှ ဦးဆောင်သော အသက်မွေးဝမ်းကျောင်းမှုနှင့်ဆင်းရဲမွဲတေမှု လျှော့ချရေး |
| ၂ | ADRA | မြစ်ဝကျွန်းပေါ် ၂ | SCALE UP ( ဆင်းရဲမွဲတေမှုလျှော့ချရန် အခြားအသက်မွေးမှု ရေရှည်ကောင်းမွန်စေရေး ) |
| ၃ | AVSI | မြစ်ဝကျွန်းပေါ် ၂ | မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသလပ္ပတ္တာမြို့နယ်တွင်အသေးစားလယ်သမားသမဝါယမ အသင်းအဖွဲ့အတွေ့အကြုံ မြှင့်တင်ခြင်း |
| ၄ | Economically Progressive Ecosystem Development (ECODEV) | နိုင်ငံတဝန်း | အပူပိုင်ဇုန်ဒေသ ကျေးလက်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး (SURE) |
| ၅ | EdM | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | တာဝန်ယူမှုရှိသောအသေးစားငွေကြေးဝန်ဆောင်မှုဆိုင်ရာနီးနှောဖလှယ်ပွဲ |
| ၆ | FAO | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | တိရစ္ဆာန် ကျန်းမာရေး တိုးတက်ခြင်း နှင့် ထုတ်လုပ်မှုကောင်းမွန်ခြင်းဖြင့် တောင်သူများအသက်မွေးမှုကောင်းမွန်ရေး စီမံချက် အဆိုပြုလွှာ ရေးဆွဲခြင်း |
| ၇ | GRET | နိုင်ငံတဝန်း | မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးမှု ကောင်းမွန်ရေးအတွက် ရေရှည်ခံသော အသေးစားငွေကြေးလုပ်ငန်း |
| ၈ | Mangrove Service Network (MSN) | မြစ်ဝကျွန်းပေါ် ၂ | မြစ်ဝကျွန်းပေါ်ဒေသတွင် အဆင့်မီပျိုးပင်များနှင့် စွမ်းအားချွေတာ ရေးမီးဖိုများ ထုတ်လုပ်ရာတွင် စွမ်းဆောင်ရည်နှင့် ဈေးကွက်အခွင့်အလမ်းများကို အားဖြည့်ပေးခြင်း |
| ၉ | MBCA | နိုင်ငံတဝန်း | ဈေးကွက်အခွင့်အလမ်းကောင်းမွန်စေခြင်းနှင့် အပူပိုင်းဇုန်အတွင် ဝင်ငွေနည်းပါးပြီး ခံနိုင်ရည်နည်းသော မိသားစုများတွင် စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေခြင်း |
| ၁၀ | Mercy Corps | နိုင်ငံတဝန်း | စားနပ်ရိက္ခာဖူလုံးရေးအတွက် ပြန်လည်ထူထောင်နိုင်သော လူမှုအဖွဲ့အစည်း တည်ဆောက်ခြင်း |
| ၁၁ | Myanmar Ceramic Society (MCS) | နိုင်ငံတဝန်း | မြစ်ဝကျွန်းပေါ်ဒေသပြင်ပရှိ အိုးလုပ်ငန်းများသို့ အသက်မွေးဝမ်းကြောင်းမှုအထောက်အကူပြုခြင်း  (LAPEN) |
| ၁၂ | Myanmar Environment Rehabilitation-conservation Network (MERN) | နိုင်ငံတဝန်း | ရခိုင်ပြည်နယ်ရှိ  ကမ်းရိုးတန်းဒေသ အသက်မွေးမှုနှင့် သယံဇာတထိန်းသိမ်းရေးစီမံချက် (CLEARR) |
| ၁၃ | Oxfam GB (Fishery) | တိုက်ရိုက် အထောက်အပံ့ | အခွင့်အရေးရပိုင်ခွင့်များအခြေပြုသော ထောက်ခံအားပေးမှုများတွင် အစိုးရ မဟုတ်သော အခြားပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်နှင့်အသေးစားအသက်မွေးဝမ်းကျောင်းမှုလုံခြုံရေးတို့ကို မြှင့်တင်ပေးရန် အစမှတ်တစ်ခုအနေဖြင့် ရေလုပ်ငန်းကဏ္ဍတွင် အုပ်ချုပ်ပုံစနစ်ကို မြှင့်တင်ပေးခြင်း |
| ၁၄ | Oxfam GB | နိုင်ငံတဝန်း | အပူပိုင်းဇုန်တွင် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကြံ့ကြံ့ခံနိုင်သည့်စွမ်းရည် တည်ဆောက်ခြင်း |
| ၁၅ | PACT (Pyapon) | မြစ်ဝကျွန်းပေါ် ၂ | ဖျာပုံဘက်စုံအသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုက်းတက်ရေး |
| ၁၆ | Pact - CW | နိုင်ငံတဝန်း | မြန်မာနိုင်ငံတဝန်းရှိဆင်းရဲနွမ်းပါးသူများအသက်မွေးမှု ကောင်းမွန်ရေးအတွက် ရေရှည်ခံသောအသေးစားငွေကြေးလုပ်ငန်း |
| ၁၇ | Proximity Designs - IDE | နိုင်ငံတဝန်း | ထိခိုက်လွယ်သော အပူပိုင်းဇုန်ရပ်ရွာများသို့ အသက်မွေးဝမ်းကျောင်း အထောက်အပံ့ ပေးခြင်း |
| ၁၈ | UNCDF - MAP | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | မြန်မာနိုင်ငံတွင် ငွေကြေးဆိုင်ရာ အခွင့်အလမ်းရရှိစေခြင်း |
| ၁၉ | World Bank (IBRD) | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | မြန်မာနိုင်ငံအမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု (FIND) |

*ဇယား၇.၃။ ၂၀၁၄ခုနှစ်ဒီဇင်ဘာလ ၃၁ရက်တွင် ဆောင်ရွက်ဆဲအထောက်အပံ့များ(စီမံချက်၄၅ခု)*

| | IP အမည် | လုပ်ကွက် | စီမံချက်အမည် |
|---|---|---|---|
| ၁ | ActionAid | တိုက်ရိုက် အထောက်အပံ့ | ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အသက်မွေးဝမ်းကျောင်းစနစ်များ အတွက် ဒေသခံစွမ်းဆောင်ရည်ကိုတည်ဆောက်ခြင်း |
| ၂ | ActionAid - Social Economic Development Network for Regional Development (SEDN) | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ဒေသဆိုင်ရာဖွံ့ဖြိုးရေးအတွက် လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက် |
| ၃ | ActionAid | နိုင်ငံတဝန်း | အရပ်ဘက်အဖွဲ့အစည်းများ ဦးဆောင်သော အပူပိုင်းဇုန် လူထုအခြေပြု အသက်မွေးမှု အရင်းအမြစ်များ ဖွံ့ဖြိုးတိုက်းတက်လာရေး |
| ၄ | ActionAid -Social Policy and Poverty Research Group (SPPRG) | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | အားလုံးပါဝင်စေသော အသက်မွေးဝမ်းကျောင်းမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး သုတေသနစီမံချက် |
| ၅ | ActionAid-GEN (Gender Equality Network) | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | မြန်မာနိုင်ငံရှိ အမျိုးသမီးများဘဝတိုးတက်မြင့်မားရေး အတွက် ဆော်ဩ စည်းရုံးခြင်း |
| ၆ | ADRA | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | အသက်မွေးမှုအထောက်အကူပြုသင်တန်း VTSL |
| ၇ | CARE | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ကိုးကန့်ဒေသရှိ  ယခင်ဘိန်းစိုက်တောင်သူများအတွက် လက်ဖက်ခြောက် စီးပွားရေး ဝန်းကျင်ဖြစ်ထွန်းရေး |
| ၈ | CESVI | နိုင်ငံတဝန်း | ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲနှင့် နောင်ချိုမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းမှုလုံခြုံရေး |
| ၉ | Disabled People’s Development Organization (DPDO) | နိုင်ငံတဝန်း | အပူပိုင်းဇုန်ဒေသအတွင်းမသန်စွမ်းသူများ၏အနာဂါတ်အတွက်မျိုးစေ့ချခြင်း |
| ၁၀ | Entrepreneurship & Innovation Research Group (IERG) - University of Sydney | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | အောက်ခြေလူထု စွန့်ဦးတီထွင်လုပ်ငန်း ပညာပေးရေးနှင့် ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် စီပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု |
| ၁၁ | FAO | အပူပိုင်းဇုန် | အပူပိုင်းဒေသစီမံကိန်းဖွံ့ဖြိုးရေးနှင့် ဖော်ဆောင်ရေး |
| ၁၂ | FAO-NAPA | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | စိုက်ပျိုးရေးဖြင့် အမျိုးသားအဆင့် ဆင်းရဲမွဲတေမှုလျော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး |
| ၁၃ | Food Security Working Group (FSWG) | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် အရင်းအမြစ်များနှင့်မိတ်ဖက်များကို စုစည်းခြင်း |
| ၁၄ | GRET | နိုင်ငံတဝန်း | ချင်းပြည်နယ်မြောက်ပိုင်း ၅မြို့နယ်တွင်ရေရှည်ခံသော အသက်မွေးမှုနှင့် သယံဇာတစီမံခန့်ခွဲမှု |
| ၁၅ | GRET | ငွေကြေးဆိုင်ရာတွင် အာလုံးပါဝင်စေမှု | အပူပိုင်းဇုန်တွင် အသေးစားငွေကြေးအဖွဲ့အစည်းထူထောင်ခြင်း |
| ၁၆ | GRET | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | မြန်မာနိုင်ငံတွင် ပြီးပြည့်စုံသောမူဝါဒ ဆွေးနွေးရန်အတွက် ကျေးလက် မြေယာပြဿနာများကို နားလည်ခြင်း |
| ၁၇ | HelpAge | နိုင်ငံတဝန်း | အသက်မွေးဝမ်းကျောင်းမှုကိုမျှတသော/ အားလုံးပါဝင်နိုင်သောချဉ်းကပ်မှုပုံစံဖြင့်စီးပွားရေးအရထိခိုက်လွယ်မှုကို လျှော့ချခြင်း |
| ၁၈ | HelpAge | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | လူမှုကာကွယ်စောင့်ရှောက်မှု တိုးချဲ့ပေးနိုင်ရေးအတွက် လူမှုဝန်ထမ်းဝန်ကြီးဌာနကို အားဖြည့်ပေးခြင်း |
| ၁၉ | ICRAF (World Agroforestry Centre) | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | မြန်မာနိုင်ငံရှိရွှေ့ပြောင်းတောင်ယာအစားထိုးသီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း |
| ၂၀ | IFC | ငွေကြေးဆိုင်ရာတွင် အာလုံးပါဝင်စေမှု | ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုကဏ္ဍအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း |
| ၂၁ | Inya Institute | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | လူမှုသုတေသန နည်းလမ်းများ  မြန်မာ-အင်္ဂလိပ်လက်စွဲစာစောင် |
| ၂၂ | IRC (Tat Lan Project) | ရခိုင် | တက်လမ်းရေရှည်စားနပ်ရိက္ခာဖူလုံမှုနှင့်အသက်မွေးဝမ်းကျောင်းမှုအစီအစဉ် |

*ဇယား ၇.၃ မှအဆက်*

| | IP အမည် | လုပ်ကွက် | စီမံချက်အမည် |
|---|---|---|---|
| ၂၃ | IRRI | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | မြစ်ဝကျွန်းပေါ်ဒေသအောက်ပိုင်းရှိ ဆန်စပါးကိုအခြေခံသော ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်ကောင်းမွန် စေခြင်း |
| ၂၄ | IRRI | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ဆန်စပါးစိုက်ပျိုးရေးပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်နှင်စီမံခန့်ခွဲမှုများကို အသိပညာမြှင့်တင်ပေးခြင်းဖြင့် ဘေးအန္တရာယ်လျော့ချရေး နှင့် အရင်းမြစ်များတိုးမြှင့်ရေး |
| ၂၅ | Link Emergency Aid & Development (LEAD) | မြစ်ဝကျွန်းပေါ် ၂ | စားနပ်ရိက္ခာဖူလုံမှုကို အရှိန်တိုးမြှင့်ခြင်း။ နည်းပညာဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သွင်းအားစုများပေးအပ်ခြင်းဖြင့် လယ်သမားများ မြေယာမဲ့လယ်ယာလုပ်သားများကို စားနပ်ရိက္ခာဖူလုံစေခြင်း (ဧရာဝတီတိုင်းဒေသကြီးလပွတ္တာခရိုင်ပြင်စလူမြို့နယ်ခွဲရှိ ကုန်းကြီးနှင့်တယ်ပင်ကိုင်း ကျေးရွာအုပ်စု) |
| ၂၆ | Mercy Corps | မြစ်ဝကျွန်းပေါ် ၂ | ပြန်လည်ထူထောင်ခြင်းမှသည်။ ဈေးကွက်ကဦးဆောင်သည့် ဆင်းရဲနွမ်းပါးသူများအကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးတိုးတက်မှု |
| ၂၇ | Mercy Corps (in partnership with Swiss Contact) | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ချင်းနှင့်ရှမ်းပြည်နယ်တောင်ပိုင်းရှိလုပ်ကွက်ငယ်လယ်သမားတို့အတွက်ဟင်းသီးဟင်းရွက်ဈေးကွက်ဖြစ်မြောက်စေခြင်း |
| ၂၈ | METTA | နိုင်ငံတဝန်း | လုပ်ကွက်ငယ်လယ်သမားများ၏ စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ပေးမည့် လယ်သမားသင်တန်းကျောင်း (LIFT-FFS) |
| ၂၉ | Pact - Delta II | မြစ်ဝကျွန်းပေါ် ၂ | မြစ်ဝကျွန်းပေါ်ရှိမုန်တိုင်းဒဏ်ခံစားခဲ့ရသော ဆင်းရဲနွမ်းပါးသူများအသက်မွေးမှုကောင်းမွန်ရေးအတွက် ရေရှည်ခံသောအသေးစားငွေကြေးလုပ်ငန်း |
| ၃၀ | Pact (MARC) | ငွေကြေးဆိုင်ရာတွင် အာလုံးပါဝင်စေမှု | အဖွဲ့အစည်းဆိုင်ရာတွင် အားဖြည့်ပေးခြင်းဖြင့် ကျေးလက်ချေးငွေရရှိ စေခြင်း (MARC) |
| ၃၁ | PATH | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | မြန်မာနိုင်ငံတွင်အာဟာရ ဖြည့်စွက်ဆန်မိတ်ဆက်ခြင်း |
| ၃၂ | Proximity Designs | မြစ်ဝကျွန်းပေါ် ၂ | ဘိုကလေး၊ မော်ကျွန်း၊ လပွတ္တာရှိ ထိခိုက်ခံရလွယ်သော ရပ်ရွာများသို့ အသက်မွေးဝမ်းကျောင်းမှုအထောက်အပံ့ပေးခြင်း |
| ၃၃ | Proximity Designs - IDE | ငွေကြေးဆိုင်ရာတွင် အာလုံးပါဝင်စေမှု | လုပ်ကွက်ငယ်လယ်သမားများ စိုက်ပျိုးရေးချေးငွေရရှိစေခြင်း |
| ၃၄ | Radanar Ayar | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ဘိုကလေးတွင် လူမှု-စီးပွားရေးနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး (SEED) |
| ၃၅ | Save the Children | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | အာဟာရချို့တဲ့မှုလျော့ချရန်အဓိကကျသောအာဟာရဆိုင်ရာလုပ်ဆောင်မှုများအားအားဖြည့်ခြင်း (LEARN) |
| ၃၆ | SwissAid | နိုင်ငံတဝန်း | အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ အားဖြည့်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်ကောင်းမွန်စေခြင်း |
| ၃၇ | TAG | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ပျားစီမံချက်။ ရှမ်းပြည်နယ်တွင် ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ခြင်းကို မိတ်ဆက်ပေးခြင်း |
| ၃၈ | Terre des Hommes | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | မြေယာမဲ့နှင့်ဝမ်းစာမလုံလောက်သောလယ်သမားအတွက် မြေမဲ့စိုက်ပျိုးနည်းနှင့် ရေချွေတာသောနည်းပညာအသစ်များ |
| ၃၉ | UNCDF-MicroLead | ငွေကြေးဆိုင်ရာတွင် အာလုံးပါဝင်စေမှု | ငွေစုဆောင်းမှုကို အခြေခံသော အသေးစားငွေကြေးဆိုင်ရာဈေးကွက်ခေါင်းဆောင်များကို မြန်မာနိုင်ငံသို့ ရောက်ရှိနိုင်အောင် ထောက်ပံ့ခြင်း |
| ၄၀ | UNESCAP | နိုင်ငံတဝန်း | အပူပိုင်းဇုန်တွင် အသက်မွေးဝမ်းကျောင်းမှုကောင်းမွန်စေရေးအတွက် ကျေးလက်စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု ပေါင်းစည်းအစီအစဉ် |
| ၄၁ | UNESCO | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ရေရှည်ခံသော အသက်မွေးမှုနှင့်စားနပ်ရိက္ခာဖူလုံမှုအတွက်ဆက်သွယ်ရေး |
| ၄၂ | UN-HABITAT | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | မြန်မာ့မြေယာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးအစီအစဉ် (LAMP) |
| ၄၃ | Welthungerhilfe | မြစ်ဝကျွန်းပေါ် ၂ | ဘိုကလေး/မော်ကျွန်းမြို့နယ်များတွင် အားလုံးပါဝင်သော စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် တန်ဖိုးကွင်းဆက်တည်ဆောက်ခြင်း |
| ၄၄ | WFP | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | မြန်မာနိုင်ငံတွင်ထိခိုက်ခံရလွယ်မှု၊ လေ့လာသုံးသပ်ခြင်းနှင့် မြေပုံရေးဆွဲခြင်း |
| ၄၅ | World Bank | QSEM | စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အရည်သွေးများ စောင့်ကြည့်စစ်ဆေးခြင်း |

-- ၂၀၁၃ခုနှစ်အစီရင်ခံစာတွင် ဖော်ပြထားပြီးဖြစ်သည့် အချို့သောစီမံချက်အမည်များကို မြန်မာဘာသာပြန်ရာတွင် အဓိပ္ပါယ်မပြောင်းစေဘဲ စာချောစေရန်သာ အနည်းငယ်ပြင်ထားပါသည်။

# နောက်ဆက်တွဲ ၂။ ရလဒ်များကို နှိုင်းယှဉ်ခြင်း ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄

မှတ်ချက်။ ၂၀၁၃ခုနှစ် ရလဒ်များမှာ IPအချက်အလက်များနှင့် LIFT၏၂၀၁၃ခုနှစ် အိမ်ထောင်စုစစ်တမ်းတို့ကို ချိတ်ဆက်ထားခြင်းဖြစ်သည်။ ၂၀၁၄ခုနှစ် ရလဒ်များမှာ IPအချက်အလက်များနှင့် ၂၀၁၃ခုနှစ်အညွှန်းပြစစ်တမ်းတို့ ကိုချိတ်ဆက်ထားခြင်းဖြစ်သည်။ IPအချက်အလက်များမှာ စုစုပေါင်းဖြစ်သည်။ LIFTစစ်တမ်းမှရရှိသော အချက်လက်များမှာမူ ကောက်ယူချိန်က အခြေအနေကိုပြနေသည်။

*ဇယား၇.၄။ တာဝန်အဆင့်အညွှန်းများ အတွက် ဆောင်ရွက်မှုအကျဉ်းချုပ် ၂၀၁၂၊ ၂၀၁၃၊၂၀၁၄*

| အညွှန်း | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | သတင်း အရင်း အမြစ် |
|---|---|---|---|---|
| P1။စိုက်/မွေး/ရေလုပ်ငန်းတို့မှဝင်ငွေတိုးလာသောအိမ်ထောင်စုများအရေအတွက်နှင့်ရာခိုင်နှုန်း | ၂၅,၄၀၀ | ၅၇,၀၀၀ | ၁၃၈,၀၀၀ | LIFT စစ်တမ်း |
| P2။ စိုက်ပျိုးထုတ်ကုန် အနည်းဆုံး၅ %တိုးလာသောအိမ်ထောင်စုများ အရေအတွက် နှင့်ရာခိုင်နှုန်း | ၉,၄၀၀ | ၆၀,၀၀၀ | ၁၃၃,၀၀၀ | LIFT စစ်တမ်း |
| P3။အစားအစာစားသုံးမှုတိုးလာသောသို့မဟုတ်အမည်စုံစားသုံးနိုင်လာသောအိမ်ထောင်စုများအရေအတွက် နှင့်ရာခိုင်နှုန်း | ၁၃,၂၀၀ | ၈၈,၀၀၀ | ၉၇,၀၀၀ | LIFT စစ်တမ်း |
| P4။ရိက္ခာဖူလုံမှုသလနှင့်အထက်တိုးတက်လာသောအိမ်ထောင်စုအရေအတွက်နှင့်ရာခိုင်နှုန်း | ၁၄,၈၀၀ | ၂၉၀,၀၀၀ | ၂၅၂,၀၀၀ | LIFT စစ်တမ်း |
| P5။ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော အိမ်ထောင်စုများ အရေအတွက်နှင့်ရာခိုင်နှုန်း | ၂၆,၈၀၀ | ၄၄,၁၃၂ | ၅၀,၂၁၇ | IP တင်ပြချက် |

*ဇယား၇.၅။ ရလဒ်အဆင့်အညွှန်းများအတွက် ဆောင်ရွက်မှုအကျဉ်းချုပ် ၂၀၁၂၊၂၀၁၃၊၂၀၁၄*

| အညွှန်း | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | သတင်း အရင်း အမြစ် |
|---|---|---|---|---|
| Q1 ။ထုတ်လုပ်မှု မြှင့်တင်ခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ ပံ့ပိုးပေးခြင်းဖြင့်ဝင်ငွေနှင့် စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်စေပြီးသွင်းအားစုများနှင့်ဈေးကွက်များကို တိုးတက်ရရှိ လာစေခြင်း | | | | |
| Q1.1။ တိုးတက်လာသော စိုက်ပျိုးရေး နည်းပညာသစ်များကို သတိပြု သိရှိလာသည့် ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၂၆,၇၀၀ | ၅၁,၅၉၂ | ၇၀,၇၀၀ | LIFT စစ်တမ်း |
| Q1.2။ တိုးတက်လာသော စိုက်ပျိုးရေးနည်းစနစ်များကို လက်ခံ အသုံးပြုလာကြသည့် ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၂၀,၆၀၀ | ၈၇,၀၀၀ | ၈၇,၀၀၀ | IP တင်ပြချက် |
| Q1.3။ LIFT ထောက်ပံ့သော ကျေးရွာများအတွင်းစိုက်ပျိုးရေးအတွက် အတိုးနှုန်းသက်သာသော ချေးငွေ ရယူနိုင်ခဲ့သည့်အိမ်ထောင်စု အရေအတွက် | ၆၉,၀၀၀ | ၁၃၀,၀၂၅ | ၁၈၀,၇၃၃ | IP တင်ပြချက် |
| Q2။ LIFT ထောက်ပံ့သော ကျေးရွာများအတွင်းစိုက်ပျိုးရေးအတွက် အတိုးနှုန်းသက်သာသော ချေးငွေ ရယူနိုင်ခဲ့သည့်အိမ်ထောင်စု အရေအတွက် ရလဒ် (၂) ။။ရည်မှန်းထားသည့် အိမ်ထောင်စုများအားစိုက်ပျိုးရေးမဟုတ်သည့်အခြားသောအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ လုပ်ကိုင်ရန် ထောက်ပံ့ပေးခြင်း နှင့်/သို့မဟုတ်အလုပ်အကိုင်ရရှိရေးအတွက်အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ကြားပေးခြင်း | | | | |
| Q2.1။ လုပ်ငန်းထူထောင်နိုင်ခဲ့သည့် လေ့ကျင့်ပေးထားသူ အရေအတွက် (ကျား/မ ပိုင်းခြား တွက်ချက်သည်) | ၁၄,၃၀၀ | ၂၉,၁၅၅ | ၆၀,၂၆၂ | |
| | ကျား=၈၀၀ | ကျား=၁၆၅၃ | ကျား =၂၄၀၂ | |
| | မ=၁၃၅၀၀ | မ=၂၇၅၀၂ | မ=၅၇၈၆၀ | IP တင်ပြချက် |
| Q2.2။ LIFT ထောက်ပံ့သောကျေးရွာများ အတွင်းစိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း အလုပ်များအတွက် အတိုးနှုန်းနိမ့် ချေးငွေ ရယူနိုင်ခဲ့သည့်အိမ်ထောင်စု အရေအတွက် | ၁၇,၈၀၀ | ၂၁,၁၈၇ | ၃၅,၃၄၅ | IP တင်ပြချက် |
| Q2.3။ စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများ နှင့်/ သို့မဟုတ် အသက်မွေးဝမ်းကျောင်းသင်တန်း များကြောင့် ဝင်ငွေတိုးတက်လာသည့် ရည်မှန်း အိမ်ထောင်စု အရေအတွက် | ၃၃၀၀ | ၁၇,၁၆၄ | ၁၇,၉၂၈ | IP တင်ပြချက် |
| Q3။ သဘာဝအရင်းအမြစ် သယံဇာတများအားရေရှည် သုံးစွဲနိုင်ရန် စီမံခန့်ခွဲခြင်းနှင့်သဘာဝပတ်ဝန်းကျင်ပြန်လည်ပြုစုပျိုးထောင်ခြင်းဖြင့်ဒေသတွင်းရှိအသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများအားကာကွယ် စောင့်ရှောက်ခြင်း | | | | |
| Q3.1။ တိုးတက်ကောင်းမွန်သည့်သယံဇာတစီမံခန့်ခွဲရေးသို့မဟုတ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်နေသောအိမ်ထောင်စုအရေအတွက် | ၂၄,၇၀၀ | ၃၂,၈၅၄ | ၃၆,၁၀၇ | IP တင်ပြချက် |
| Q3.2။ ရေရှည် တည်တံ့ခိုင်မြဲသောသယံဇာတစီမံခန့်ခွဲရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့ပြီး သင်တန်းသည် အသုံးဝင် အကျိုးရှိသည်ဟု ယူဆသူဦးရေ (ကျား/မပိုင်းခြား တွက်ချက်သည်) | ၇,၀၀၀ | ၁၄,၅၁၄ | ၁၆,၅၁၇ | IP တင်ပြချက် |
| | ကျား=၃၅၂၅ | ကျား=၇၅၂၇ | ကျား=၈၁၈၈ | IP တင်ပြချက် |
| | မ= ၃၄၇၅ | မ=၆၉၈၇ | မ=၈၃၂၉ | |
| Q4။ကာလရှည်စွာဆင်းရဲမွဲတေခဲ့သည့်အိမ်ထောင်စုများ၏အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကိုကာကွယ်စောင့်ရှောက်ပေးမည့် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို မြှင့်တင်ပေးမည့် (သို့မဟုတ်) ဝင်ငွေမြှင့်တင်ပေးမည့်ထိရောက်သော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအမံများ ဆောင်ရွက်ပေးခြင်း | | | | |
| Q4.1။ အချိန်ကိုက်ဖြစ်ပြီးထိရောက်မှုရှိသည်ဟုယူဆရသည့် CfW အစီအစဉ်ဖြင့်ထောက်ပံ့ခံရ သောအိမ်ထောင်စု အရေအတွက် | ၂၁,၆၀၀ | ၁၁၄,၃၆၂ | ၁၂၉,၃၈၉ | IP တင်ပြချက် |
| Q4.2။ ၄င်းတို့၏ ဝင်ငွေကို တိုးပွားစေမည့်အကျိုးအမြတ်ရှိသော လုပ်ငန်းများ/ ပစ္စည်းဥစ္စာများတွင်ရင်းနှီးမြုပ်နှံနိုင်သည့်ငွေကြေးနှင့်ပစ္စည်းဥစ္စာ ထောက်ပံ့ခံရသည့်အိမ်ထောင်စုအရေအတွက် | ၁,၉၀၀ | ၂၇,၃၆၄ | ၂၈,၉၈၄ | IP တင်ပြချက် |
| Q4.3။ စားနပ်ရိက္ခာ မလုံလောက်သည့်လများသို့မဟုတ်ရက်များကို လျှော့ချနိုင်ခဲ့သောအိမ်ထောင်စုအရေအတွက် | ၉,၉၀၀ | ၂၉၀,၀၀၀ | ၂၅၂,၀၀၀ | LIFT စစ်တမ်း |
| Q5။ ဆင်းရဲသားများအတွက်အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးကိုမြှင့်တင်ထောက်ပံ့ပေးရန်အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းရည်ကိုမြှင့်တင်ပေးခြင်း | | | | |
| Q5.1။ နည်းပညာဆိုင်ရာ ကိစ္စများနှင့်စီမံကိန်းနှင့်ငွေကြေး စီမံခန့်ခွဲမှုတွင်ပိုမိုကျွမ်းကျင် လာသောဒေသခံ NGO အရေအတွက် | ၂၇ | ၂၀၀ | ၂၀၂ | IP တင်ပြချက် |
| Q5.2။သင်ကြားတတ်မြောက်လာသည်များကို LIFT က ထောက်ပံ့သောလုပ်ငန်းများတွင် ပြန်လည် အသုံးချနေသည့် CBO အရေအတွက် | ၁,၃၀၀ | ၄,၂၈၅ | ၄,၄၂၆ | IP တင်ပြချက် |

# နောက်ဆက်တွဲ၃။ ၂၀၁၄ ခုနှစ်အတွင်း FMOက ဆောင်ရွက်ခဲ့သော  သင်တန်း အခမ်းအနား အလုပ်ရုံဆွေးနွေးပွဲများ

*ဇယား၇.၆။ ၂၀၁၄ ခုနှစ်အတွင်း  LIFTကတာဝန်ယူခဲ့သော အဓိကအခမ်းအနားများ(စုစုပေါင်း ၄၀ အနက်မှ)*

| စဉ် | သင်တန်း/ အခမ်းအနား/ အလုပ်ရုံဆွေးနွေးပွဲ အမည် | ရည်ရွယ်ချက် | တက်ရောက်သူ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁ | အပူပိုင်းဇုန်နယ်မြေ အစည်းအဝေးနှင့် COP  [ရပ်ရွာ လူထု အလေ့အကျင့်များ] | • IPများအချင်းချင်း အတွေ့အကြုံ/သင်ခန်းစာ ဖလှယ်ရန်<br>• LIFT၏ မူနှင့်လုပ်ထုံးလုပ်နည်းများကို IPများ၏တုံ့ပြန်ချက်ကို ဆွေးနွေးရန်( LIFT၏တာဝန်ခံယူမှု မူဘောင်နှင့် အညီ)<br>• M&E နှင့်စီမံချက်အကဲဖြတ်မှုဆိုင်ရာ LIFT၏ မူဝါဒများကို တူညီစွာ နားလည်စေရန်<br>• စီမံချက်များကို လေ့လာခြင်းဖြင့် အခြားနည်းနာများကိုပိုမို နားလည်စေရန် | ၁၃ | ၁၄ | ၂၇ |
| ၂ | အပူပိုင်းဇုန်မွေးမြူရေး နယ်မြေအလိုက် သင်တန်း(ACIAR မွေးမြူ ရေးစီမံချက်နှင့်ဆောင် ရွက်ခြင်း) | • IPအချင်းချင်း မွေးမြူရေးဆိုင်ရာ  အတွေ့အကြုံ/သင်ခန်းစာ ဖလှယ်ရန်<br>• စီမံချက်များကို လေ့လာခြင်းဖြင့် အခြားနည်းနာများကိုပိုမို နားလည်စေရန် | | | |
| ၃ | ဘိုကလေး နယ်မြေ အစည်းအဝေးနှင့် COP | • LIFT၏ M&Eဆိုင်ရာ အခက်အခဲများကို IPများ၏ တုံ့ပြန်ချက်ကို  ဆွေးနွေးရန်<br>• GIS၊ အချိန်စီမံခန့်ခွဲခြင်းနှင့် LIFT M&E နှင့် သက်ဆိုင်သော အကြောင်းအရာများ အတွေ့အကြုံများကို ဝေမျှခြင်း | ၁၅ | ၄၉ | ၆၄ |
| ၄ | ငွေကြေးအစီရင်ခံစာ ကပ်ပြားအသုံးပြုနည်း သင်တန်း (သီးခြား သင်တန်း ၂၃) | သင်တန်းသားများသည် အောက်ပါတို့ကိုသင်ယူခဲ့သည်_<br>• ပုံစံအမျိုးမျိုးနှင့်အသုံးပြုပုံ<br>• တင်ပြပုံ အဆင့်ဆင့်<br>• အခက်အခဲတွေ့ပါက မည်သူ့ထံ မည်သို့တင်ပြရမည်<br>• လုပ်ငန်းလမ်းညွှန် ပြင်ဆင်ချက် ၁ | ၁၈ | ၆၂ | ၈၀ |
| ၅ | LIFT မဟာဗျူဟာ တိုင်ပင်ဆွေးနွေးခြင်း | ဤဆွေးနွေးပွဲတွင် IPများသည် LIFTလမ်းညွှန်ချက်အပေါ် မိမိတို့ ထင်မြင်ပုံကို တင်ပြနိုင်ခဲ့သည်။ မြန်မာကျေးလက် အခြေအနေနှင့်အညီ မဟာဗျူဟာကို ပြင်ဆင်ရန် အကြံပေးခဲ့ကြသည်။ | | | ၁၁၈ |
| ၆ | LIFT နှစ်ပတ်လည် ဖိုရမ် ၂၀၁၄( ၂၅-၂၆ နိုဝင်ဘာ) | • ပြည်တွင်း ပြည်ပကျွမ်းကျင်သူများက ဦးဆောင်ဆွေးနွေးသော မြန်မာကျေးလက်ဖွံ့ဖြိုး မှုနှင့်သက်ဆိုင်သော လက်ရှိအကြောင်းရာများကို မျှဝေရန် အတွက်ကျင်းပခဲ့သည်။<br>• ဤဖိုရမ်သည် အသိမြင်မှုဝေရန်နှင့် ကွန်ရက်ဖွဲ့ခြင်း ဆိုင်ရာ စင်မြင့်တစ်ခုဖြစ်ခဲ့သည်။ | | | ၃၂၀ |
| ၇ | ကျားမရေးရာ အလေးထားသော M&Eသင်တန်း | • ကျေးလက်ဖွံ့ဖြိုးမှု စီမံချက်များတွင်  M&Eလုပ်ငန်းစဉ် ဆောင်ရွက်ရာ၌ ကျားမရေးရာ၏ အရေးပါပုံကို မိတ်ဖက်ဝန်ထမ်းများ သိရှိစေ ရန်<br>• စီမံချက်၏M&Eဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေမည့် အကြံဉာဏ်ပေးအပ်ရန်<br>• ကျားမရေးရာ အလေးထားသည့် စောင့်ကြည့်မှုဆိုင်ရာ နည်းနာများကို နားလည်စေရန်<br>• LIFT၏ဖွံ့ဖြိုးရေးစီမံချက်များတွင် ကျားမရေးရာကို ထည့်သွင်းခြင်းကို စောင့်ကြည့်ရန် နှင့် သက်ရောက်မှုများကို အကဲဖြတ်ရန်<br>• LIFT၏စီမံချက် ရည်မှန်းချက်များကို ရရှိမည့် အလားအလာများကို ပိုမိုတိုးမြှင့်ရန် | ၂၄ | ၂၉ | ၅၃ |
| ၈ | မြစ်ဝကျွန်းပေါ် ၂- ဘိုကလေး စီမံချက်မှ ရရှိသော သင်ခန်းစာများ နှင့် နည်းနာကောင်းများ | • ကွင်းဆင်းအဖွဲ့များ၏ အတွေ့အကြုံ အကောင်းအဆိုးကို ထုတ်ယူ၍ LIFTနှင့်မိတ်ဖက်များအချင်းချင်း မျှဝေရန်<br>• မြစ်ဝကျွန်းပေါ်အတွက် အနာဂတ်၌ LIFTကငွေကြေးထောက်ပံ့ရေး အလား အလာများကို ဖော်ထုတ်ရန် | ၄၀ | ၁၄ | ၅၄ |
| ၉ | မြစ်ဝကျွန်းပေါ် ၂- ရန်ကုန် စီမံချက်မှ ရရှိသော သင်ခန်းစာများ နှင့် နည်းနာကောင်းများ | ကွင်းဆင်းအဖွဲ့များ၏ အတွေ့အကြုံ အကောင်းအဆိုးကို ထုတ်ယူ၍ LIFTနှင့်မိတ်ဖက် များအချင်းချင်းမျှဝေရန်  မြစ်ဝကျွန်းပေါ်အနာဂတ်၌ LIFTကငွေကြေးထောက်ပံ့ရေး အလားအလာများကို ဖော်ထုတ်ရန် | ၄၈ | ၂၀ | ၆၈ |
| ၁၀ | အနာဂတ် တောင်တန်းဒေသ အစီအစဉ်ကို မိတ်ဖက်များနှင့် စည်းဝေး ခြင်း | • လိုအပ်ချက်များနှင့် အခွင့်အလမ်းများကို သုံးသပ်ရန်<br>• IPများလက်ရှိ လုပ်ကိုင်နေသော နယ်မြေခွဲများအလိုက် စီမံချက်များ ကို အကဲဖြတ်ခြင်း၊ ဖလှယ်ခြင်း<br>• လစ်ဟာနေမှုများကို  အကဲဖြတ်ခြင်း<br>• နယ်မြေခွဲများအလိုက် ဦးစားပေးမှုများကို  အကဲဖြတ်ခြင်း<br>• အဓိကပြဿနာများကို ဆုံးဖြတ်ခြင်း<br>• အဓိကအခွင့်အလမ်းများကို ဖော်ထုတ်ခြင်း<br>• ထိရောက်သော နည်းလမ်းများကို ဖော်ထုတ်ခြင်း | ၃၉ | ၂၁ | ၆၀ |

*ဇယား၇.၆။ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီမှဩဂုတ်လအတွင်း ကျင်းပခဲ့သောLIFT၏တာဝန်ခံယူဆိုင်ရာသင်တန်းများ*

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | တက်ရောက်သူ | | | တက်ရောက်သည့် အသင်းအဖွဲ့ | | | |
|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | LNGO | INGO | UN | ပေါင်း |
| ၁ | ကောင်းမွန်သော အုပ်ချုပ်မှုနှင့် တာဝန်ခံယူမှု သင်တန်း | ၂၆-၂၇ ဖေဖော်ဝါရီ | ၂၁ | ၂၅ | ၄၆ | ၄ | ၁၈ | ၄ | ၂၆ |
| ၂ | လူထုတုံ့ပြန်မှုစနစ် (CFM)သင်တန်း | ၁၉-၂၁ မတ် | ၂၅ | ၂၀ | ၄၅ | ၅ | ၁၇ | ၂ | ၂၄ |
| ၃ | တာဝန်ခံယူမှု နှင့် မိမိကိုယ်ကိုဆန်းစစ်မှု နည်းနာများသင်တန်း | ၂၁-၂၂ မေ | ၂၃ | ၂၀ | ၄၃ | ၅ | ၁၇ | ၃ | ၂၅ |
| ၄ | ငွေကြေးဆိုင်ရာတွင် တာဝန်ခံယူမှု သင်တန်း | ၁၂-၁၃ ဇွန် | ၂၂ | ၂၁ | ၄၃ | ၅ | ၁၈ | ၃ | ၂၆ |
| ၅ | မနစ်နာစေရေး သင်တန်း | ၁၄-၁၅ ဩဂုတ် | ၂၅ | ၁၉ | ၄၄ | ၅ | ၁၈ | ၂ | ၂၅ |

# နောက်ဆက်တွဲ၄။ ၂၀၁၄နှစ်ကုန်အထိ ချေးငွေထုတ်ပေးမှုအသေးစိတ်

*ဇယား၇.၈။ ၂၀၁၄ခုနှစ် နှစ်ကုန်ရှိ LIFT၏ငွေကြေးဆိုင်ရာတွင်အာလုံးပါဝင်စေမှု မူဘောင်အညွှန်း*

| အညွှန်း | LIFTရည်မှန်းချက် ၂၀၁၆ | ၂၀၁၄ခုနှစ် ရည်မှန်းချက် | ၂၀၁၄ခုနှစ် ဒီဇင်ဘာအထိ ဆောင်ရွက်ပြီး |
|---|---|---|---|
| Q1.3။LIFTထောက်ပံ့သော ကျေးရွာများရှိစိုက်ပျိုးရေးအတွက်အတိုးနှုန်းနိမ့်ချေးငွေရယူနိုင်ခဲ့သည့်အိမ်ထောင်စုအရေအတွက် | ၁၃၄,၉၃၀ | ၉၀,၀၀၀ | ၁၈၀,၇၃၃ |
| Q2.2။LIFTထောက်ပံ့သော ကျေးရွာများရှိစိုက်ပျိုးရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းအလုပ်များအတွက်အတိုးနှုန်းသက်သာ ချေးငွေရယူနိုင်ခဲ့သည့်အိမ်ထောင်စုအရေအတွက် | ၁၀၁,၈၄၀ | ၂၅,၀၀၀ | ၃၅,၃၄၅ |

*ဇယား၇.၉။ ၂၀၁၄ခုနှစ် ဒီဇင်ဘာအထိ ဆောင်ရွက်ပြီးစီးမှု (အိမ်ထောင်စုပေါင်း ၅၇၄၂စုသည် ချေးငွေအမျိုးအစား တစ်မျိုးထက်မက ချေးယူနိုင်ခဲ့သည်။)*

| နယ်မြေ | ရွာအရေအတွက် | ချေးငွေရရှိ အိမ်ထောင်စု အရေအတွက် | စုစုပေါင်းချေးငွေ (ကန်ဒေါ်လာ) |
|---|---|---|---|
| ကမ်းရိုးတန်း | ၄၁၂ | ၆,၂၀၀ | ၄၀၆,၁၃၃ |
| မြစ်ဝကျွန်းပေါ် | ၁,၅၈၇ | ၇၃,၈၁၀ | ၂၆,၉၁၉,၇၃၈ |
| အပူပိုင်း | ၄,၃၃၆ | ၁၀၃,၈၂၆ | ၆၂,၇၆၆,၈၈၁ |
| တောင်တန်း | ၃၄၉ | ၂၁,၂၄၅ | ၃,၅၂၉,၇၂၇ |
| ရန်ကုန် | ၁၁၃ | ၅,၂၅၅ | ၂၂၂,၃၇၆ |
| စုစုပေါင်း | **၆,၇၉၇** | **၂၁၀,၃၃၆** | **၉၃,၈၄၄,၈၅၅** |

| LIFTအထောက်အပံ့ခံ အသေးစားငွေကြေးလုပ်ငန်း စီမံချက်များ | | | |
|---|---|---|---|
| IP နှင့်နယ်မြေ | ကျေးရွာ အရေအတွက် | ငွေချေးသူ ဦးရေ (အိမ်ထောင်စု) | အမျိုးသမီး ငွေချေးသူဦးရေ |
| ကမ်းရိုးတန်း စုစုပေါင်း | ၄၀ | ၉၃၈ | ၇၈၁ |
| PGMF/MARC | ၂၂ | ၇၈၇ | ၇၇၉ |
| Proximity Finance | ၁၈ | ၁၅၁ | ၂ |
| မြစ်ဝကျွန်းပေါ် စုစုပေါင်း | ၁,၂၆၁ | ၆၅,၇၉၁ | ၄၀,၈၅၈ |
| PGMF/MARC | ၁၂၉ | ၇,၂၉၀ | ၇,၂၁၅ |
| PGMF/Pyarpon | ၃၂ | ၃,၃၄၂ | ၃,၂၄၂ |
| IFC/Fullerton Myanmar | - | ၉၄၅ | ၉၀၇ |
| Proximity Finance | ၆၇၄ | ၂၉,၆၈၆ | ၆,၂၉၀ |
| UNCDF/ACCA | ၈ | ၂၀၈၀ | ၁,၀၆၀ |
| PGMF (2014) | ၉၉ | ၅,၃၁၈ | ၅,၃၁၈ |
| UNDP/PGMF (2011-2013) Delta-2 | ၂၅၄ | ၁၅,၉၁၂ | ၁၅,၆၀၈ |
| UNDP/PGMF (2010-2011) Delta-1 | ၆၅ | ၁,၂၁၈ | ၁,၂၁၈ |
| အပူပိုင်းဇုန် စုစုပေါင်း | ၁,၄၄၄ | ၇၆,၁၇၈ | ၆၈,၀၈၉ |
| GRET | ၂၆ | ၂,၂၁၂ | ၁,၉၂၄ |
| UNCDF/ACCA | ၉ | ၃,၀၈၀ | ၁,၅၇၁ |
| UNCDF/BASIX | - | ၆၂၈ | ၅၂၀ |
| PACT/MARC | ၂၂၂ | ၁၇,၆၄၈ | ၁၇,၅၅၉ |
| PGMF (2014) | ၆၆ | ၅,၀၅၇ | ၄,၉၂၁ |
| Proximity Finance | ၇၄၈ | ၅,၅၅၄ | ၁,၂၅၂ |

*ဇယား ၇.၉ မှအဆက်*

| နယ်မြေ | ရွာအရေအတွက် | ချေးငွေရရှိ အိမ်ထောင်စု အရေအတွက် | စုစုပေါင်းချေးငွေ (ကန်ဒေါ်လာ) |
|---|---|---|---|
| UNDP/PGMF (2011-2013) | ၂၁၄ | ၃၉၉၆၉ | ၃၉၈၂၉ |
| UNDP/SC (2011-2013) | ၁၅၉ | ၂၀၃၀ | ၅၁၃ |
| တောင်တန်းဒေသ စုစုပေါင်း | ၂၆၅ | ၁၉၂၆၁ | ၁၉၀၈၈ |
| GRET (2014) | ၅ | ၁၄၂ | ၁၄၂ |
| UNDP/GRET (2011-2013) | ၂၉ | ၅၇၆ | ၅၇၂ |
| Proximity Finance | ၄ | ၁၆၉ | - |
| UNDP/PGMF (2011-2014) | ၂၂၇ | ၁၈၃၇၄ | ၁၈၃၇၄ |
| ရန်ကုန် | ၁၁၃ | ၅၂၅၅ | ၉၉၀၈ |
| UNCDF/ASA | - | ၃၇၁၇ | ၃၇၁၇ |
| Proximity Finance | ၁၁၃ | ၁၅၃၈ | ၆၁၉၁ |
| အသေးစားငွေကြေး စီမံချက်စုစုပေါင်း | ၃၁၂၃ | ၁၆၇၄၂၃ | ၁၃၈၇၂၄ |

| LIFT ရန်ပုံငွေထောက်ပံ့ထားသော စီမံချက်များမှ ကျေးရွာလှည့်ပတ်ရန်ပုံငွေနှင့် ထုတ်လုပ်မှုချေးငွေများ | | | |
|---|---|---|---|
| နယ်မြေ | ရွာအရေအတွက် | ချေးငွေရရှိ အိမ်ထောင်စု အရေအတွက် | စုစုပေါင်းချေးငွေ (ကန်ဒေါ်လာ) |
| ကမ်းရိုးတန်း | ၃၇၂ | ၅,၂၆၂ | ၂,၆၇၈ |
| Mercy Corps | ၅၄ | ၁,၃၂၀ | ၁၇၇ |
| MERN | ၂၈၉ | ၃,၀၁၃ | ၁,၅၈၈ |
| Tat Lan | ၂၉ | ၉၂၉ | ၉၁၃ |
| မြစ်ဝကျွန်းပေါ် | ၃၂၆ | ၈,၀၁၉ | ၅,၃၄၀ |
| ActionAid | ၂၄ | ၁,၅၁၆ | ၄၈၂ |
| LEAD | ၁၅ | ၆၀၆ | ၃၇၂ |
| Mercy Corps | ၁၅၃ | ၅,၆၂၆ | ၄,၅၆၀ |
| Oxfam | ၆၇ | ၁,၃၈၇ | ၃၇၄ |
| Welt Hunger Hilfe | ၉၁ | ၄၀၀ | ၃၄ |
| အပူပိုင်း | ၂,၈၉၂ | ၂၇,၆၄၈ | ၇,၄၀၀ |
| ActionAid | ၉၉ | ၇,၅၈၉ | ၂,၂၆၀ |
| ADRA | ၁၈ | ၄၄၆ | ၁၇၁ |
| DPDO | ၆၉ | ၁,၉၈၂ | ၁,၁၈၁ |
| EcoDev | ၈ | ၂၀ | ၂ |
| MCS | ၁၈ | ၁၄၇ | ၈၉ |
| Mercy Corps | ၁၁၂ | ၃,၈၀၆ | ၆၁၉ |
| Proximity Designs (product loans) | ၂,၅၆၈ | ၁၃,၆၅၈ | ၃,၀၇၈ |
| တောင်တန်း | ၈၄ | ၁,၉၈၄ | ၄၇၃ |
| MCS | ၁၂ | ၇၀ | ၅၄ |
| Mercy Corps | ၃၆ | ၁,၄၅၂ | ၂၄၁ |
| SWISSAID | ၃၆ | ၄၆၂ | ၁၇၈ |
| **Total** | **၃,၆၇၄** | **၄၂,၉၁၃** | **၃,၉၁၂** |

*ဇယား၇.၁၀။ အသေးစားချေးငွေလုပ်ထုံးလုပ်နည်းဆိုင်ရာတွင် LIFTမိတ်ဖက်များ၏ အားဖြည့်ဆောင်ရွက်မှု*

| IP၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက် | အရေးပါသောနောက်ဆုံးသတင်းများ |
|---|---|
| World Bank (FIND – Financial Inclusion for National Development)<br>၀၁/၁၀/၁၂မှ၀၁/၀၆/၁၄အထိ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ၄၃၀,၀၀၀<br><br>ပိတ်ပြီး | 1. ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ငွေရေးကြေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အကြီးတန်းဝန်ထမ်းများကို အသေးစားငွေကြေးလုပ်ငန်းဆိုင်ရာ အယူအဆများ၊ ကြီးကြပ်ခြင်း၊ စောင့်ကြည့်ခြင်းဆိုင်ရာ အကြံဉာဏ်များကို သင်တန်းများပေးခဲ့သည်။ ပြည်နယ်တိုင်းအားလုံးမှ ဝန်ထမ်း၁၁၃ဦးတက်ရောက်ခဲ့သည်။<br>2. ဤစီမံချက်သည် လုပ်ထုံးလုပ်နည်းဆိုင်ရာမူဘောင်အတွက် နည်းပညာအကြံဉာဏ်များ လည်း ပေးခဲ့သည်။(အောက်တွင်ကြည့်ပါ)<br>3. ကမ္ဘာဘဏ်၊ ငွေရေးကြေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် LIFTတို့သည် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ နည်းပညာအထောက်အပံ့ ရေရှည်ပေးနိုင်ရန် ဆွေးနွေးလျက်ရှိသည်။ |
| UNCDF – Making Access Possible (MAP): Financial Diagnostic Study<br>၀၁/၁၀/၁၂မှ၀၁/၁၀/၁၄အထိ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ၃၉၆,၄၇၂<br><br>ပိတ်ပြီး | 1. ဤအစီရင်ခံစာသည် ပထမဆုံးဖြစ်သော ငွေကြေးကဏ္ဍ သုံးသပ်လေ့လာမှုဖြစ်ပြီး ရောင်းလိုအားနှင့် ဝယ်လိုအားကို သုံးသပ်ထားသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့်ဆောင်ရွက်ခဲ့သည်။<br>2. ဤတွေ့ရှိချက်များကို အခြေခံ၍ ငွေကြေးကဏ္ဍ လမ်းပြမြေပုံတစ်ခုကို ရေးဆွဲရန် အစိုးရက သဘောတူခဲ့သည်။ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များသည် MAPဦးဆောင်ကော်မတီတွင် ပါဝင်ကာ ဤလမ်းပြမြေပုံကို ပြုစုခဲ့သည်။<br>3. ရန်ကုန်တွင် အောက်တိုဘာလ၌ကျင်းပခဲ့သော ပထမအကြိမ် အာဆီယံငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ဆွေးနွေးပွဲတွင် အစိုးရက ဤလမ်းပြမြေပုံကို အတည်ပြုခဲ့သည်။ |
| Entrepreneurs Du Monde (EdM) Responsible Finance Seminar<br>၀၁/၀၁/၁၄မှ၀၁/၀၆/၁၄အထိ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ၃၉,၈၃၆<br><br>ပိတ်ပြီး | 1. ၂၀၁၄ခုနှစ် မေလတွင်ကျင်းပခဲ့သော ဤနှစ်ရက်ကြာနီးနှောဖလှယ်ပွဲတွင် လက်ရှိဥပဒေမူဘောင်တွင် တာဝန်ခံယူမှုရှိသော အသေးစားငွေကြေးလုပ်ငန်းဆိုင်ရာ မူဝါဒများကို ထည့်သွင်းရန်လိုကြောင်း အသိပေးခဲ့သည်။<br>2. အထူးသဖြင့် အစိုးရ၊ အသေးစားငွေကြေးလုပ်ငန်းများ/အသင်းများတို့၏ တာဝန်ခံယူမှုရှိသောအသေးစား ငွေကြေးလုပ်ငန်းဆိုင်ရာ တာဝန်များကို ထောက်ပြခဲ့သည်။<br>3. နောက်ဆက်တွဲ ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့သည်။ |
| International Finance Corps (IFC) – Myanmar Microfinance Development<br>၀၁/၀၆/၁၄မှ၀၁/၀၆/၁၈အထိ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ၃,၆၁၉,၅၅၂<br><br>ဆောင်ရွက်ဆဲ(အစပျိုးချိန်) | 1. PACT၊World Vision ၊ Proximity Finance ဟူသောနိုင်ငံတကာ MFIသုံးခုအတွက်ဖွဲ့စည်းပုံဆိုင်ရာအား ဖြည့်ခြင်းများကိုဤစီမံချက်ကဆောင်ရွက်ပေးမည်။<br>2. လုပ်ငန်းအစပျိုးငွေကြေးကိစ္စများအတွက်* စင်ကာပူမှ Fullerton Financial Holdings ကိုစီမံချက်မှရွေးချယ်ထားသည်။ |

* လုပ်ငန်းထူထောင်သည့်စရိတ်အတွက် ငွေကြေးထောက်ပံ့ခြင်း

# နောက်ဆက်တွဲ ၅။ ၂၀၁၄ခုနှစ်အတွင်း မူဝါဒဆိုင်ရာအကြောင်းအရာများ

*ဇယား ၇.၁၁။ ၂၀၁၄ခုနှစ်အတွင်း မူဝါဒဆိုင်ရာတွင် LIFT၏ ပါဝင်ဆောင်ရွက်မှု ကောက်နုတ်ချက်များ*

| | |
|---|---|
| **ရာသီရာသီဥတုပြောင်းလဲမှု** | |
| LIFT IP: FSWG<br><br>ပူးပေါင်းသူ: BANCA<br><br>မူဝါဒ: ရေစီမံခန့်ခွဲမှု | 'ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်လာမည့် ရေအရင်းအမြစ်ကို ရပ်ရွာလူထုပါဝင်သောစီမံခန့်ခွဲမှု' အလုပ်ရုံဆွေးနွေးပွဲကို မတ်လတွင်ကျင်းပခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအစိုးရများ၊ တက္ကသိုလ်များ၊ ပုဂ္ဂလိကကဏ္ဍ၊ အပူပိုင်းဇုန်၊ ကမ်းရိုးတန်း၊ တောင်တန်းဒေသမှCSOများ တက်ရောက်ခဲ့ကြသည်။ |
| LIFT IP: IRRI<br><br>မူဝါဒ: ဒဏ်ခံစပါးမျိုး | IRRIစီမံချက်သည် အစိုးရ၏မူဝါဒများကို မြစ်ဝကျွန်းပေါ် ၃မြို့နယ်တွင် အကောင်အထည်ဖော်ရန် ထောက်ပံ့ခဲ့သည်။ (၁)သီးထွက်တိုးရန်နှင့် အထွက်ကောင်းဒဏ်ခံစပါးမျိုးများကို သုံးစွဲရန်၊ (၂) လယ်သမားများ၊ ဝန်ထမ်းများခေတ်မီ စိုက်ပျိုးနည်း သင်တန်းပေးရန် (Myanmar Agriculture in Brief, 2014).<br><br>DoA & DARတို့နှင့်ပူးပေါင်း၍ ဤစီမံချက်သည် လယ်သမားများအကြိုက် အထွက်ကောင်းဒဏ်ခံစပါးမျိုးသစ်များကို မျိုးပွားထုတ်လုပ်ရန် အာရုံစိုက် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် လယ်သမားနှင့်ဝန်ထမ်းများကို ရိတ်သိမ်းချိန် လွန် ဆန်စပါးစီမံခန့်ခွဲမှုများ စုပေါင်းပါဝင်မျိုးရွေးချယ်မှု၊ စီမံခန့်ခွဲမှုနည်း စနစ်ကောင်းများ၊ မျိုးသန့်စပါးထုတ်လုပ်မှုများ၊ ကိန်းဂဏန်း အချက်သုံးသပ်မှုများကို သင်တန်းပို့ချပေးခဲ့သည်။<br><br>IRRI၏ နောက်စီမံချက်တစ်ခုမှာ ဆန်စပါးစိုက်ပျိုးရေးပတ်ဝန်းကျင်တွင်အသက်မွေးဝမ်းကျောင်းမှုတိုးတက်စေရေးနှင့် ဘေးအန္တရာယ်လျော့ချရေးသုတေသနဖြစ်ပြီး မြစ်ဝကျွန်းပေါ်နှင့်အပူပိုင်းဇုန်တွင်ဆောင်ရွက်နေသည်။ ရာသီဥတုဒဏ်ခံသီးနှံထုတ်လုပ်ရေး အပါအဝင်ဖြစ်သော တွေ့ရှိချက်များသည် အစိုးရမူဝါဒအကောင်အထည်ဖော်ရာတွင်များစွာ အထောက်အကူပြုသည်။ |
| **ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင် စေမှု** | |
| LIFT IP: ကမ္ဘာ ဘဏ် | FINDသည် မြန်မာ့ငွေရေးကြေးရေးကြီးကြပ်မှု အင်တာပရိုက်(စ်)(MMSE)အား အကူအညီပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် အသေးစား ငွေကြေးဝန်ဆောင်မှုဆိုင်ရာ မူဘောင်နှင့် ဌာနဆိုင်ရာ ကျွမ်းကျင်မှုရှိအောင် အားမြှင့်ပေးနေသည်။<br><br>ယင်းသည်_ အဖွဲ့အစည်းတည်ဆောက်ခြင်းနှင့်အသေးစားငွေကြေးဆိုင်ရာ ကြီးကြပ်မှုဆိုင်ရာ မူဘောင်၊ MMSEအားစွမ်းဆောင်ရည်တည်ဆောက် ပေးခြင်း၊ ငွေကြေးဆိုင်ရာ အသိအမြင်တိုးပွားစေရေး ဟူသော ကိစ္စရပ်တို့ ကိုအာရုံစိုက်ဆောင်ရွက်သည်။ MMSEဖွဲ့စည်းပုံ အသစ်နှင့်လုပ်ထုံးလုပ်နည်းများကို အကြံပြုခဲ့သည်။ ကြီးကြပ်မှုဆိုင်ရာလက်စွဲစာစောင်ကို ပြုစုခဲ့သည်။<br><br>MMSE ၁၁၃ဦးကို သင်တန်းပေးခဲ့သည်။ MMSEဝန်ထမ်း ၁၀ဦးကို ကမ္ဘောဒီးယားသို့ လေ့လာရေးစေလွှတ်ခဲ့သည်။ ထို့ပြင် MMSEသည် ငွေစာရင်းပိတ်သိမ်းမှုနှင့်ပတ်သက်သော ညွှန်ကြားချက်များကို ၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည်။ |
| **စားနပ်ရိက္ခာဖူလုံမှု** | |
| LIFT IP: FSWG<br><br>မူဝါဒ: အထောက်အထား အခြေပြု မူဝါဒဆွေးနွေးလှုံ့ဆော်ခြင်း | ၂၀၁၄ခုနှစ် မေတွင် ဟင်းသီးဟင်းရွက်ထုတ်လုပ်မှု အဆင့်ဆင့်တွင် ရိက္ခာ ဖူလုံမှုဆိုင်ရာ အကြောင်းအရာများကို စနစ်တကျလေ့လာခြင်း--- ခြံမှစားပွဲသို့နှင့် မြန်မာနိုင်ငံကျေးရွာမွေးမြူရေးကဏ္ဍကို စီးပွားဖြစ်ဆောင်ရွက်ခြင်းအား ထိခိုက်စေသည့် အကြောင်းအရာများ ဟူသော သုတေသနစာတမ်းငယ်နှစ်စောင်ကို ထုတ်ဝေဖြန့်ချိခဲ့သည်။ ယင်းတို့တွင် မူဝါဒချမှတ်သူများသို့ အကြံပြုချက်များပါဝင်သည်။ ယင်းတို့ကို ၂၀၁၄ခုနှစ်ဒီဇင်ဘာလတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ တင်ပြခဲ့သည်။ |
| LIFT IP: FSWG/LCG<br><br>မူဝါဒ: အထက်ပါအတိုင် | ကန်ထရိုက်လယ်ယာစနစ်ဖြင့် ပြောင်းဖူးစိုက်ပျိုးခြင်းကို သုတေသနပြုခဲ့ပြီး ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်လျက်ရှိကြသည်။ ကန်ထရိုက်လယ်ယာဆိုင်ရာမူဝါဒ အကျဉ်းကိုလည်း ဤသုတေသနဖြင့် ပြုစုခဲ့ပြီးဖြစ်သည်။ |

| | |
|---|---|
| LIFT IP: FSWG<br><br>မူဝါဒ: ဥပဒေပြုရေးနှင့် မူဝါဒဆိုင်ရာ အမျိုးသား မူဘောင်ကို အခြေခံသော ရိက္ခာဖူလုံမှု မူဝါဒ သုံးသပ်ချက်နှင့် ဆွေးနွေး လှုံ့ဆော်ခြင်း | မူဝါဒ သုံးသပ်ချက်ကို FSWG ကဆောင်ရွက်ခဲ့ရာတွင် အောက်ပါတို့ကို သုံးသပ်ခဲ့သည်_<br>• လယ်သမားအခွင့်အရေးကာကွယ်မှုနှင့်စီးပွားရေးဖွံ့ဖြိုးမှု ဥပဒေနှင့် နည်းဥပဒေများ<br>• မျိုးစေ့ဥပဒေနှင့်မူဝါဒ<br>• ဆန်စပါးထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးဆိုင်ရာ အမျိုးသားအဆင့် မူဘောင်<br>• စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သော မူဝါဒများ<br><br>တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့်နည်းဥပဒေများကို သုံးသပ်ချက်များကို  ပြည်သူ့လွှတ်တော်ရေးရာကော်မတီသို့ ရေးသားပေးပို့ခဲ့ပြီးဖြစ်သည်။ အထက်ပါမူဝါဒသုံးသပ်မှုများ ပြီးစီးသော အခါ ဆွေးနွေးလှုံ့ဆော်မှုများ ပြုလုပ်မည်ဖြစ်သည်။<br><br>ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရိက္ခာဖူလုံရေး အမျိုးသားလုပ်ငန်းစီမံချက်တို့နှင့် ပတ်သက်သော မူဘောင်ကို ရေးဆွဲခဲ့သည်။ FSWGသည် အဖွဲ့ဝင်များ၏ အတည်ပြုချက်ရရှိပြီးမှ မူကြမ်းကို အပြီးသတ်မည်ဖြစ်သည်။ |
| LIFT IP: FSWG<br><br>မူဝါဒ: ဥကမ္ဘာလုံးဆိုင်ရာ/ ဒေသဆိုင်ရာ မူဝါဒ အဆိုပြုချက်များ | FSWGသည် ActionAidနှင့်ပူးတွဲကာ ‘အာဆီယံဒေသအတွင်း ရေရှည်တည်တံ့ သော အသက်မွေး ဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှု၊ ဒေသဆိုင်ရာ နှင့် အမျိုးသားဆိုင်ရာ မူဝါဒများက လုပ်ကွက်ငယ်လယ်သမားများနှင့် မြေယာမဲ့တို့ကို သက်ရောက်မှု’ အလုပ်ရုံဆွေးနွေးပွဲကို မတ်လတွင် ကျင်းပခဲ့သည်။<br><br>ထို့ပြင် စက်တင်ဘာလတွင် ‘အရှေ့တောင်အာရှရှိရိက္ခာဖူလုံမှု၊ စိုက်ပျိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေး မူဝါဒများ၊ တိုးတက်ရေးအတွက် နယ်မြေအတွင်း ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ၃၆ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေးသစ်တောဝန်ကြီးများ အစည်းအဝေး က ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ |
| ကျားမရေးရာ | |
| LIFT IP: GEN<br><br>ပူးပေါင်းသူ: DSW (MSWRR)<br><br>မူဝါဒ: အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှု | အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ကို အသက်ဝင်မှုရှိရန် ဆွေးနွေးလှုံ့ဆော်ခြင်း |
| ပူးပေါင်းသူ: DSW (MSWRR)<br><br>မူဝါဒ: အမျိုးသမီးများကို ခွဲခြားခြင်း | အစိုးရ၏ CEDAW*အစီရင်ခံစာကို နည်းပညာအထောက်အပံ့ပေးခြင်း<br><br>* အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် |
| ပူးပေါင်းသူ: DSW (MSWRR)<br><br>မူဝါဒ: အမျိုးသမီးများကို အကြမ်းဖက်ခြင်း | အမျိုးသမီးများကိုအကြမ်းဖက်ခြင်းမှ ကာကွယ်ခြင်းဥပဒေကို မူကြမ်းရေးဆွဲပြီးဖြစ်သည်။<br><br>ဆွေးနွေးလှုံ့ဆော်ရာတွင် အသုံးပြုမည့် စာရွက်စာတမ်း များကို ပြင်ဆင်ပြီး ဖြစ်သည်။ ကျားမခွဲခြားကာ အကြမ်းဖက်မှုကို ဆန့်ကျင်ရေး ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုကိုထောက်ခံသော ဒေသခံလှုပ်ရှားမှုများကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည်။ |
| ပူးပေါင်းသူ: DSW (MSWRR)<br><br>မူဝါဒ: အမျိုးသမီးများ မြေယာပိုင်ဆိုင်ခွင့် | GENသည် ၂၀၁၄ခုနှစ်တွင် ကျားမရေးရာနှင့်ပတ်ဝန်းကျင်လုပ်ငန်းအဖွဲ့ကို ထူထောင်ခဲ့သည်။ ယင်း၏အဓိကအောင်မြင်မှုမှာ အမျိုးသားမြေယာအသုံး ပြုမှုမူဝါဒကို ကျားမရေးရာအမြင်နှင့် သုံးသပ်ဆွေးနွေးနိုင်ခဲ့ခြင်းဖြစ်သည်။ |
| LIFT IP: FSWG/LCG<br><br>မူဝါဒ: အမျိုးသမီးများကို အကြမ်းဖက်ခြင်း | ကျားမရေးရာနှင့်မြေယာလုပ်ပိုင်ခွင့်တို့ ဆက်စပ်ပုံကို သုတေသနပြုခဲ့သည်။ ယင်းအစီရင်ခံစာကို အချောသတ်ရေးသားဆဲဖြစ်သည်။ |

*ဇယား ၇.၁၁ မှအဆက်*

| Land | |
|---|---|
| LIFT IP: FSWG/LCG<br><br>ပူးပေါင်းသူ: အီရာစ်မုစ် တက္ကသိုလ် လူမှုရေးသိပ္ပံဌာန မှခေါင်းဆောင် သည်။ | ကွက်စိပ်ပူးပေါင်းသုတေသနသည် မြေယာအသိမ်းခံရခြင်း၊ ပဋိပက္ခ၊ ရာသီဥတုဒဏ်မှလျော့ပါးရေးတို့ အချင်းချင်းမည်သို့ ဆက်စပ်မှုရှိသည်ကို နားလည်အောင်ကြိုးစားနေသည်။ သုတေသနအဆိုပြုလွှာများကို ရေးသားပြုစုပြီးဖြစ်ကာ ကွင်းဆင်းသုတေသနကို ဆောင်ရွက်နေပြီဖြစ် သည်။<br><br>ယင်း၏ တစ်စိတ်တစ်ဒေသအဖြစ်ဖြင့် အမှုတွဲ၂ခုကိုလေ့လာပြီးဖြစ်သည်။ (၁)လွှတ်တော်စုံစမ်းစစ်ဆေးရေးကော်မတီက ဖော်ပြသော မြေယာ ပြဿနာများ အနက် 'ဖြေရှင်းပြီး'ဟုဆိုသော အမှုတွဲများကို ဒေသခံCSO Share Mercy က စစ်ဆေးခဲ့သည်။ (၂)ဟော်လန်မှမဟာဘွဲ့ ကျောင်းသားများသည် ပဲခူးတိုင်းရှိမြေသိမ်းခံရမှုများ၏ ဥပဒေရေးရာအမြင်တို့ကို သုံးသပ်ခဲ့ကြသည်။ |
| LIFT IP: FSWG/LCG<br><br>မူဝါဒ: Global/regional land policy initiatives | ၂၀၁၄ခုနှစ် မတ်လအတွင်းက အာဆီယံပြည်သူ့ဖိုရမ်တွင် LCGသည် အလုပ်ရုံဆွေးနွေးပွဲ ၂ခုကို ဦးဆောင်ကျင်းပနိုင်ခဲ့ရာတွင် လူကြိုက်များ ခဲ့သော မြန်မာလယ်သမား၄၀ဦးတို့၏ မြေယာအသိမ်းခံရမှု အလုပ်ရုံ ဆွေးနွေးပွဲလည်း ပါဝင်သည်။<br><br>LCGသည် မဲခေါင်ဒေသ မြေယာအုပ်ချုပ်မှု စီမံချက်တွင် အဓိကမိတ်ဖက်တစ်ဦးဖြစ်လာသည်။ |
| LIFT IP: GRET | 'မြန်မာနိုင်ငံမူဝါဒ ဆွေးနွေးပွဲများတွင် ပါဝင်နိုင်အတွက် ကျေးလက်မြေယာ ပြဿနာများကို နားလည်ခြင်း' ဟူသော သုတေသနလေ့လာမှုတစ်ခုကို ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့် 'မြေလွတ်မြေလပ်၊ မြေရိုင်းများကို စီမံခန့်ခွဲခြင်း'ဥပဒေတို့ထွက်လာပြီး နောက်ဆောင်ရွက်နေသည်။ မြေယာ လုပ်ပိုင်ခွင့်နှင့်ရိက္ခာဖူလုံမှုတို့ဆက်စပ်ပုံကို ပိုမိုနားလည်ရန်နှင့် စုံလင်ကောင်းမွန်သော မူဝါဒဆိုင်ရာ ပြောဆိုဆွေးနွေးနိုင်ရန် ရည်ရွယ်သည်။ |
| LIFT IP: UN-Habitat<br><br>ပူးပေါင်းသူ: SLRD (MOAI)<br><br>မူဝါဒ: National legal/policy framework | UN-Habitat၏ LAMPစီမံချက်သည် ၂၀၁၂ခုနှစ် မြေယာဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်သည်။ ယင်းသည် SLRDကို စွမ်းဆောင်ရည်တည်ဆောက်ပေးရန်နှင့် နည်းပညာထောက်ကူ ပေးရန် ရည်ရွယ်သည်။ ယင်းသည် စိတ်ချရသော မြေယာပိုင်ဆိုင်မှု အချက်အလက်၊ နောက်ဆုံးအခြေအနေပြ မြေယာမြေပုံများပါဝင်သော မြေယာအုပ်ချုပ်စီမံရေးစနစ်ကို ထူထောင်မည့် အဓိကအစိုးရဌာနဖြစ် သည်။၂၀၁၄ခုနှစ်တွင် LAMPစီမံချက်ကို စတင်ခဲ့ပြီး LOAကို လက်မှတ် ရေးထိုးပြီးနောက် ရုံးများကို မွမ်းမံခြင်း၊ UN-Habitat ဝန်ထမ်းများကို စုဆောင်းခြင်း၊ ဝယ်ယူထားသော ပစ္စည်းများအားလုံးနီးပါးကို SLRDသို့လွှဲပြောင်းပေးခြင်း အပါအဝင် စီမံချက်လုပ်ငန်းများကို စတင်ခဲ့သည်။ |
| အာဟာရ | |
| LIFT IP: LEARN ယာယီအဖွဲ့<br><br>ပူးပေါင်းသူ: အမျိုးသား အာဟာရဌာန DOH<br><br>မူဝါဒ: SUN ကမ္ဘာလုံးမူဝါဒ | နည်းပညာနှင့်ငွေကြေးအထောက်အပံ့များကို အမျိုးသားအာဟာရဌာနသို့ ပေးအပ်ကာ၊ ရက်၁၀၀၀အတွင်း အာဟာရကောင်းမွန်မှု၏ အရေးပါပုံကို လူထုပညာပေးဗီဒီယို ၂ မိနစ်စာကို ထုတ်လွှင့်ရန် ထောက်ပံ့ခဲ့သည်။ ယင်းဗီဒီယိုကို ဩဂုတ်လတွင် စတင်ထုတ်လွှင့်ခဲ့သည်။ |
| LIFT IP: PATH<br><br>ပူးပေါင်းသူ: ဤစီမံချက် တာဝန်ခံ ဌာန ဖြစ်သော အမျိုးသား အာဟာရ ဌာန သည် NPAFN (အောက်တွင်ကြည့်ပါ) ကို ဆောင်ရွက်ရန်တာဝန် ရှိသည် ယင်းသည် ဤနိုင်ငံ၏ ကျေးလက် ဖွံ့ဖြိုးရေးနှင့်ဆင်းရဲ မွဲတေမှု လျှော့ချရေးကို အကျိုး ပြုမည် ဖြစ်သည်။<br><br>မူဝါဒ: အမျိုးသား ရိက္ခာ အင်အားဖြည့်ရေး မူဝါဒရေးဆွဲခြင်း | မြန်မာနိုင်ငံသို့အင်အားဖြည့်ဆန်ကို မိတ်ဆက်ပေးခြင်းသည် ပိုမိုကျယ်ပြန့် သော အမျိုးသားရိက္ခာ အင်အားဖြည့်ရေးမူဝါဒကို ဖြစ်ထွန်းစေရန်ဆောင် ရွက်ပေးသည်။ မူဝါဒချမှတ်ရန် အဓိကလိုအပ်သော အစိတ်အပိုင်းများကို သရုပ်ပြရန်နှင့်စံချိန်စံညွှန်း၊ အရည်အသွေးထိန်းချုပ်မှု၊ အစိုးရ၏ကြီးကြပ်မှု စသည့် အရေးကြီးသောမူများကို စမ်းသပ်ရန် အင်အားဖြည့်ဆန်ကို ဥပမာအဖြစ် အသုံးပြုခြင်းဖြစ်သည်။<br><br>အဏုအာဟာရဓာတ်ချို့တဲ့မှုကို ဖြေရှင်းပေးမည့်၊ ရိက္ခာအင်အားဖြည့်မှုဆိုင်ရာ မဟာဗျူဟာအချို့ကို ဖော်ထုတ်သည့် NPAFNကို ထောက်ပံ့ခံ သော အစိုးရ၏အစီအမံများနှင့် ဤစီမံချက်သည် တစ်ပြေးညီဖြစ်သည်။ |

| | |
|---|---|
| မူဝါဒ: အမျိုးသားရိက္ခာ နှင့်အာဟာရ လုပ်ငန်းစီမံချက် (NPAFN) | အထူးသဖြင့် ရိက္ခာဖူလုံရေးနှင့်အသက်မွေးဝမ်းကျောင်းကဏ္ဍများ အပါအဝင်ဖြစ် LEARNကို အကောင်အထည်ဖော်ရာတွင် အာဟာရကို အလေးထားကာ အစီအစဉ်ရေးဆွဲရေးအတွက် ထောက်ခံကာ LEARNသည် မြန်မာအာဟာရ နည်းပညာကွန်ရက်အစည်းအဝေးများတွင် တက်ကြွစွာပါဝင်ကာ ဆွေးနွေးလှုံ့ဆော်လျက်ရှိသည်။ (LIFTသည် ရိက္ခာ ဖူလုံရေး၏ မဏ္ဍိုင်သုံးရပ်ဖြစ်သော ရနိုင်မှု၊ လက်လှမ်းမီမှု၊ သုံးစွဲမှုတို့အားလုံးကို ခြုံငုံသည့် နည်းလမ်းတစ်ရပ်ကို ပေးအပ်နိုင်ရန်ကြိုးစားလျက်ရှိသည်) |
| မူဝါဒ: အမျိုးသားရိက္ခာ နှင့်အာဟာရ လုပ်ငန်းစီမံချက် (NPAFN) | မြန်မာနိုင်ငံတွင်ကဏ္ဍတိုင်း၌ လှုံ့ဆော်ဆွေးနွေးခြင်းကို ဆောင်ရွက်ရန်အတွက် ရိက္ခာဖူလုံမှုနှင့် အာဟာရအလေးထားမှုဆိုင်ရာ မှတ်တမ်းတင်ထားသော သတင်းအချက်အလက်နည်းပါးသည်။ LIFT သည် FSINကို မိတ်ဖက်နယ်မြေများမှ ရိက္ခာဖူလုံမှုဆိုင်ရာ သတင်းများစုဆောင်းရန် ငွေကြေးထောက်ပံ့ထားသည်။ LEARNသည် အာဟာရဆိုင်ရာကဏ္ဍတစ်ခုဖြင့် ယင်းလုပ်ငန်းကို ထောက်ပံ့ထားသည်။ |
| **ကျေးလက်ဒေသဖွံ့ဖြိုးရေး** | |
| LIFT IP: FAO<br><br>ပူးပေါင်းသူ: MLFRD & MOAI<br><br>မူဝါဒ: NAPA | NAPA စီမံချက်၏ပထမအဆင့်ဖြစ်သော ဖွဲ့စည်းခြင်းနှင့် အတည်ပြုခြင်းကို ဆောင်ရွက်နေပြီဖြစ်သည်။ ဒေသအဆင့်/ ပြည်နယ်/ တိုင်းအဆင့်/ နိုင်ငံတော်အဆင့်တို့တွင် ပတ်သက်ဆက်နွယ်သူတို့က ကျယ်ကျယ် ပြန့်ပြန့် လေ့လာသုံးသပ်၊ အတည်ပြုပြီးမှသာ အမှန်တကယ် အကောင်အထည်ဖော်မည်ဖြစ်သည်။ |
| LIFT IP: LIFT<br><br>ပူးပေါင်းသူ: MLFRD (DRD)<br><br>မူဝါဒ: ကျေးလက်ဖွံ့ဖြိုးရေးအမျိုးသားမဟာဗျူဟာ မူဘောင်ကို အသက်သွင်းခြင်း | ယင်း၏ပင်မတာဝန်ဖြစ်သော အမျိုးသားကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင်နှင့်အခြား ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် စီမံခန့်ခွဲရန်၊ ပေါင်းစပ်ညှိနှိုင်းစေနိုင်ရန်အတွက် DRDကို 'ဘက်စုံစွမ်း ဆောင်ရည် ဖွံ့ဖြိုးရေးစီမံချက်(၂၀၁၄-၁၇)ကို ရေးဆွဲပေးအပ်ခဲ့သည်။<br><br>RDSFကို ထိရောက်စွာ အသက်ဝင်စေရေးအတွက် ယင်းတို့၏ဖွံ့ဖြိုးရေး ဆန္ဒများ၊ ဦးစားပေးများကို ပို၍ပုံဖော်နိုင်ရန်အတွက် ကျေးရွာကော်မတီများကို စွမ်းဆောင်ရည် တည်ဆောက်ပေးရန် ကျေးရွာစီမံချက်များကို ရေးဆွဲနေသည်။ |
| LIFT IP: NAG<br><br>ပူးပေါင်းသူ: ဧရာဝတီတိုင်းဒေသကြီးအစိုးရ<br><br>မူဝါဒ: ရေလုပ်ငန်း | တိုင်ဒေသကြီးအဆင့်တွင် ရေလုပ်ငန်းကို ပူးတွဲစီမံအုပ်ချုပ်ရန်အတွက် မူဝါဒဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ ယင်း၏ရလဒ်အဖြစ် တိုင်းအစိုးရက သဘောတူညီချက်အရ NAG၏အထောက်အပံ့ဖြင့် ရေလုပ်ငန်းပူတွဲစီမံအုပ်ချုပ်မှုစနစ်တစ်ခုကို ဒေးဒရဲမြို့နယ်တွင် ရှေ့ပြေး ဆောင်ရွက်နေသည်။ |
| **လူမှုကာကွယ်စောင့်ရှောက်ရေး** | |
| LIFT IP: HelpAge<br><br>ပူးပေါင်းသူ: DSW & MoLFRD; YMCA, NAG, TLMI၊ ရွှေလွင်ပြင် စိုက်ပျိုးရေး သမ (REVEAL၏ မန္တလေးတိုင်း အတွင်း စီမံချက်)<br><br>မူဝါဒ: ချို့ငဲ့သူများ အတွက် ရပ်ရွာအခြေပြုပုံစံ | REVEAL* ၏ ချို့ငဲ့သူများအတွက် ရပ်ရွာအခြေပြုနမူနာပုံစံကို ပြုစုပြီးဖြစ်ရာ အခြားပြည်နယ်တိုင်း ဒေသကြီးအစိုးရတို့ကပါ ပုံတူပွားရန် အလားအလာ များစွာရှိနေသည်။<br><br>* REVEAL(သာတူညီမျှနှင့် အားလုံးပါဝင်သော အသက်မွေးမှုဖြင့် စီးပွားရေးအရ ခံနိုင်ရည်နည်းမှုကို လျော့ချခြင်း)သည် NGOများဖြစ်သော HelpAge International ၊ the Network Activities Group၊ the National Council of YMCAs in Myanmar၊ ရွှေလွင်ပြင် စိုက်ပျိုးရေးသမ၊ the Leprosy Mission Internationalတို့ ဖွဲ့စည်းထားသောအဖွဲ့ဖြင့် အကောင်အထည်ဖော်နေသည့် စီမံချက်ဖြစ်သည်။ |
| LIFT IP: HelpAge<br><br>ပူးပေါင်းသူ: DSW (MSWRR)<br><br>မူဝါဒ: ဒေသဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက် | မွန်ပြည်နယ်အတွက်ရေးဆွဲနေသော လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်ကို အစိုးရဝန်ထမ်းများကို အလုပ်ရုံဆွေးနွေးပွဲ တစ်ခုဖြင့် HelpAge က မိတ်ဆက်ရှင်းလင်းပေးခဲ့သည်။ |
| LIFT IP: HelpAge<br><br>ပူးပေါင်းသူ: DSW (MSWRR)<br><br>မူဝါဒ: လူမှုကာကွယ်စောင့်ရှောက်ရေးတွင် လူမှုဝန်ထမ်း ဝန်ကြီးဌာန၏ အခန်းကဏ္ဍကို အားဖြည့်ပေးခြင်း | လူမှုကာကွယ်စောင့်ရှောက်ရေး နည်းပညာလုပ်ငန်းစု(SPTWG)၏ အဖွဲ့ဝင်တစ်ဦး အဖြစ်ဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနတွင်ရှိသော တစ်ဦးတည်းသော ပြင်ပအဖွဲ့အစည်း အနေဖြင့်လည်းကောင်း HelpAgeသည် ဝန်ကြီးဌာနကို စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ အသိပညာဖလှယ်ခြင်း၊ မူဝါဒအကြံပေး ခင်းတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးရန် အဆင်ပြေလှသည်။ |

*ဇယား ၇.၁၁ မှအဆက်*

| | |
|---|---|
| LIFT IP: SPPRG<br><br>ပူးပေါင်းသူ: DSW (MSWRR)<br><br>မူဂါဒ: ဆင်းရဲမွဲတေမှု လျှော့ချရေး အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသား မဟာဗျူဟာ | ဆင်းရဲမွဲတေမှု လျှော့ချရေးတွင် လူမှုကာကွယ်စောင့်ရှောက်ရေးကို အဓိကကျသော အပိုင်းကဏ္ဍတစ်ခုအဖြစ် ပေါင်းစည်း ဆောင်ရွက်မည့် မဟာဗျူဟာ တစ်ရပ်ကို MWSRRသို့ SPPRGသည်အောင်မြင်စွာ ဆွေးနွေးလှုံ့ဆော်နိုင် ခဲ့သည်။ |
| LIFT IP: SPPRG<br><br>ပူးပေါင်းသူ: DSW (MSWRR)<br><br>မူဂါဒ: ပြည်နယ်/တိုင်း အစိုးရများအတွက် ဒေသအထောက် အထားအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက်ကို အကောင်အထည်ဖော်ခြင်း | DSW၏ တောင်းခံချက်ဖြင့် ချင်း၊ စစ်ကိုင်း၊ မန္တလေးဟူသော ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တို့တွင် လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက်ရေးဆွဲခြင်း ကို ဆောင်ရွက်ခဲ့သည်။ |
| ရွှေ့ပြောင်းသွားလာခြင်း | |
| LIFT IP: SPPRG<br><br>ပူးပေါင်းသူ: လူမှုဖူလုံရေး ဘုတ်အဖွဲ့နှင့် ActionAid<br><br>မူဂါဒ: တရားဝင်ပြည်တွင်း ရွှေ့ပြောင်းခြင်း | မူဂါဒဖြစ်ထွန်းရေးအတွက် အဖိုးတန်အထောက်အထားများကို ပေးမည့် တရားဝင်ပြည်တွင်း ရွှေ့ပြောင်းခြင်း သုတေသနကို ဆောင်ရွက်ခဲ့သည်။ ပြည်ပသို့ရွှေ့ပြောင်းသွားလာသည် အလုပ်သမားများအတွက် နိုင်ငံခြား အလုပ်အကိုင်ဆိုင်ရာ မူဂါဒကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံ ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော်လည်း ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းအတွက် ရေးသားထုတ်ပြန်ထားသော မူဂါဒများမရှိသေးပါ။<br><br>ဤတရားဝင်အလုပ်သမားထက်ဝက်ခန့်သည် ပြည်တွင်း၌ရွှေ့ပြောင်းနေရကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။ အဓိကရွှေ့ပြောင်းမှုမှာ ဧရာဝတီတိုင်းမှ လူငယ်များ ရန်ကုန်တိုင်းသို့ အဝင်သက်သက် ပြောင်းရွှေ့ကြခြင်းဖြစ်သည်။ အပူပိုင်းဒေသတွင် မူလဒေသအတွင်း ပြောင်းရွှေ့မှုသာများသော်လည်း ရန်ကုန်သို့လည်း ရွှေ့ပြောင်းနေကြောင်း တွေ့ရသည်။ ရွှေ့ပြောင်းသူအများစုမှာ အိမ်သို့ငွေပြန်ပို့ကြသဖြင့်၊ ယင်းအိမ်ထောင်စုတို့၏ ပင်မဝင်ငွေဖြစ်နေသည်။ |

# နောက်ဆက်တွဲ ၆။ ၂၀၁၄ခုနှစ်အတွင်း LIFTက ထုတ်ဝေခဲ့သော စာအုပ်စာတမ်းစာရင်း

*ဇယား၇.၁၂။ ၂၀၁၄ခုနှစ်အတွင်း LIFTက ထုတ်ဝေခဲ့သော စာအုပ်စာတမ်းစာရင်း*

| | Title | Authors/Commissioners |
|---|---|---|
| 1 | Annual Report 2013 | LIFT |
| 2 | Capitalising on Rice Export Opportunities | LIFT & World Bank |
| 3 | Qualitative Social and Economic Monitoring Round 3 (QSEM 3) | LIFT & World Bank |
| 4 | FMO and FB Governance Review | Crown Agents |
| 5 | Household Survey 2013 | LIFT |
| 6 | Tat Lan Baseline | CARE |
| 7 | Farm Production Economics Survey | World Bank and Agrifood Consulting International (ACI) |
| 8 | Farmer Field School Facilitators Handbook | LIFT & Metta |
| 9 | Making Access Possible (MAP) Finscope summary | UNCDF |
| 10 | Pumped Irrigation Rehabilitation ProjectPyawt Ywa Scheme Sagaing Region, Myanmar: Project Design document | Lewthwaite Consulting |
| 11 | Dry Zone Scoping Report | FAO Investment Centre |
| 12 | Village Organisation Study | Myanmar Survey Research (MSR) & LIFT |
| 13 | Value for Money | Consultant David Toomey |
| 14 | Household Tracker Survey 2014-15 | MMRD ( for publication 2015) |
| 15 | Migration Study | MSR and IndoChina Research (RL) |
| 16 | Making Access Possible (MAP): Myanmar Demand, Supply, Policy and Regulatory 2014 | UNCDF, Cenfri, FinMark Trust, UNDP, LIFT |

# ထုတ်နှုတ်တင်ပြထားသည့် စစ်တမ်းများကို အောက်တွင်အကျဉ်းချုပ် ဖေါ်ပြထားသည်။

### LIFT၏အိမ်ထောင်စုစစ်တမ်း ၂၀၁၃

**ပြုစုသူ။** Myanmar Survey Research (MSR) နှင့် ICF International Inc.

**တာဝန်။** LIFT၏၂၀၁၂ခုနှစ်အခြေခံစစ်တမ်းနှင့် နှိုင်းယှဉ်ရန်အတွက် ကျေးလက်ဒေသ၏ နောက်ဆုံးအခြေအနေ အထောက်အထားများကို ပေးအပ်ရန်။

**နည်းလမ်း။** အထောက်ပံ့ခံနှင့် LIFT စီမံချက်မဝင်သောအလားတူ ကျေးရွာများတွင် အခြေခံစစ်တမ်းပါအတိုင်း တတ်နိုင်သမျှဆောင်ရွက်ရန်၊ကျေးရွာ၂၀၀ရှိLIFT၏အထောက်အပံ့ခံအိမ်ထောင်စု ၂၄၀၀နှင့် စီမံချက်ပြင်ပ အလားတူ အိမ်ထောင်စု ၈၀၀တို့ကိုပါဝင်စေရန်။

**ဆောင်ရွက်သည့်နေရာနှင့်အချိန်။** နေပြည်တော်နှင့်ရန်ကုန်၊ ၂၀၁၄ ခုနှစ်ဩဂုတ်လ။

**အဓိကတွေ့ရှိချက်များ။** LIFTက လုပ်ငန်းဆောင်ရွက်နေသည့်နေရာများတွင်ရော ပြင်ပတွင်ပါ မြန်မာနိုင်ငံကျေးလက်ဒေသသည် သိသာစွာပြောင်းလဲခဲ့ကြောင်း သုတေသနမှ သိရှိရသည်။အထူးခြားဆုံးတိုးတက်မှုမှာ အိမ်ထောင်စုရိက္ခာဖူလုံမှုပင်ဖြစ်သည်။ သို့သော် အခြားနယ်ပယ်များတွင်လည်း တိုးတက်မှုများရှိနေသည်။ယင်းတွင် ပစ္စည်းပိုင်ဆိုင်မှုလည်း ပါဝင်သည်။ LIFT၏ရည်မှန်းနယ်မြေများတွင်သာ ပိုမိုလျင်မြန်စွာတိုးတက်နေကြောင်း ကိန်းဂဏန်းများက ပြနေသည်။ အခြားအရေးကြီးသောအညွှန်းများ (အိမ်ထောင်စုရိက္ခာဖူလုံရေးကိစ္စတွင်ပင်တွေ့ရပြန်သည်)နှင့်ပတ်သက်သောကိန်းဂဏန်းများအရလည်း LIFTကျေးရွာများတွင် LIFT စီမံချက်မဝင်သော အလားတူကျေးရွာများထက်ပိုမို တိုးတက်ကြောင်းတွေ့ရှိရသည်။ ထို့ပြင် မြေယာရှိသော သို့မဟုတ်ဝင်ငွေ ကောင်းသော သို့မဟုတ် ၂ခုလုံး နှင့်ပြည့်စုံသော အိမ်ထောင်စုများတွင် ပိုမိုတိုးတက်ကြောင်း တွေ့ရသည်။

### LIFT ၂၀၁၄-၁၅အညွှန်းပြ အိမ်ထောင်စု စစ်တမ်း

**ပြုစုသူ ။** Myanmar Marketing Research and Development (MMRD)

**တာဝန်။** ၂၀၁၆ခုနှစ်တွင် ထပ်မံကောက်ယူမည့်အိမ်ထောင်စု စစ်တမ်း (အပြည့်အစုံ)မတိုင်မီ ကြားကာလကိုဆက်စပ်မိစေရန် အညွှန်းပြ အိမ်ထောင်စုစစ်တမ်းကို ၂၀၁၄ခုနှစ် နှစ်ကုန်ပိုင်းတွင် ကောက်ယူစေခဲ့သည်။

**နည်းလမ်း။** ၂၀၁၃ခုနှစ်တွင် အိမ်ထောင်စုစစ်တမ်းကောက်ယူခဲ့သော အထောက်အပံ့ခံအိမ်ထောင်စု ၃၂၀၀ ၏ ၂၀%ကိုကောက်ယူရန် ဖြစ်သည်။ ထောက်ပံ့ခံ၃၆ရွာနှင့် စီမံချက်ပြင်ပ၁၅ရွာတို့မှ အိမ်ထောင်စု၈၁၆စုစီဖြင့် (စီမံချက်တွင်း၅၇၆၊ ပြင်ပမှ၂၄၀) အိမ်ထောင်စုဖြစ်သည်။ ထိရောက်မှုကိုတိုင်းတာရာတွင်LIFT၏ ယုတ္တိမူဘောင်မှ ရလဒ်၊ အကျိုး၊ လုပ်ငန်းစဉ်များ၏ အညွှန်းများကိုလျှော့၍ အသုံးပြုမည်ဖြစ်သည်။

**သတ်မှတ်ရက်စွဲ။** မူကြမ်းကို ၂၀၁၅ခုနှစ် ဒုတိယ၃လပတ်တွင် တင်ပြရမည်။

### လူမှုရေး စီးပွားရေး ဆိုင်ရာ အရည်အသွေးစောင့်ကြည့်စစ်တမ်း (QSEM)တတိယအကျော့

**ပြုစုသူ။** ကမ္ဘာ့ဘဏ်၏နည်းပညာ အထောက်အပံ့ဖြင့် Enlighted Myanmar Research ကဆောင်ရွက်သည်။

**တာဝန်။** QSEM စီမံချက်သည် မြန်မာကျေးလက်ဘဝ၏အသက်မွေးမှု မဟာဗျူဟာများ၊ ဆောင်ရွက်ချက်များ၊ ယင်းတို့ကိုပံ့ပိုးပေါ်နေသော အချက်အလက်များစသည်တို့ကို အတွင်းကျကျသုံးသပ်ထားသည်။ ပထမ QSEMကို ၂၀၁၂ခုနှစ်ကဆောင်ရွက်ခဲ့သည်။ ဤဆက်တိုက်လေ့လာချက်တို့မှတစ်ဆင့်ကျေးရွာတို့၏ပြောင်းလဲလာပုံကို စီမံကိန်းက အဆက်မပြတ်စောင့်ကြည့်နိုင်သည်။

**နည်းလမ်း။** တတိယအကျော့(QSEM)ကို ချင်း၊ ရခိုင်၊ ရှမ်း၊ မကွေး၊ မန္တလေး၊ ဧရာဝတီပြည်နယ်/တိုင်းဒေသကြီးတို့မှ ကျေးရွာ ၃၆ရွာတွင် ဆောင်ရွက်ခဲ့သည်။

**စတင်ခဲ့သည့်နေရာနှင့် အချိန်။** ရန်ကုန်တွင် မတ်လနှင့်ဇူလိုင်လ

**အဓိကတွေ့ရှိချက်များ။** မြန်မာ့အသွင်ကူးပြောင်းရေးသည်ကျေးလက်ဒေသများတွင် ကျေးရွာအဆင့်၌ မည်သို့သက်ရောက်နေသည်ကို ဤရလဒ်များကပြနေသည်။ အချို့နေရာများတွင် အလုပ်လိုချိန်၌ အလုပ်အကိုင်ပေါ်များလာသည်မှတစ်ပါး အသက်မွေးဝမ်းကျောင်းပုံစံများတွင် သိသာသော ပြောင်းလဲမှုကို အနည်းငယ်သာတွေ့ရသော်လည်း မြေယာစီမံခန့်ခွဲမှု၊ ရွှေ့ပြောင်းခြင်း၊ ကျေးရွာအုပ်ချုပ်ရေး၊ ဒေသတွင်းစည်းရုံးမှုတို့တွင်မူ စိတ်ဝင်စားဖွယ် အပြောင်းအလဲများ ကိုတွေ့ရသည်_

- **မြေယာ။** ဥပဒေသစ်များဖြစ်သော လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုဥပဒေတို့ပေါ်ထွက်လာပြီးနောက်တွင်ကျေးရွာအဆင့်၌မြေယာနှင့်ပတ်သက်သော အပြောင်း အလဲများရှိလာသည်။ ယင်းဥပဒေတို့ကိုအကောင်အထည်ဖော်ရန်အတွက် ကျေးရွာအုပ်စုအများစုတွင်မြေယာစီမံခန့်ခွဲမှုကော်မတီများ ပေါ်ပေါက်လာသည်။ ဤဥပဒေသစ်များကို အကောင်အထည် ဖော်ရာတွင် မသမာမှုများ ရှိကြောင်း ရွာသားတို့က သတင်းပို့ကြသည်။ ကျေးရွာအဆင့်နှင့် မြို့နယ်အဆင့်တို့တွင် နိုင်ငံရေး၊ စီးပွားရေးတို့နှင့်ပတ်သက်သော ပြဿနာ များတက်လျက်ရှိသည်။
- **ရွှေ့ပြောင်းခြင်း။** အလုပ်ပူချိန်တွင် လုပ်သားမရရှိခြင်းနှင့်အချို့နေရာများတွင် လုပ်သားခဈေးတက်လာခြင်းကို လယ်သမားတို့က သတင်းပို့နေဆဲဖြစ်သည်။ ဤယူဆချက်ခိုင်လုံကြောင်း အထောက်အထားမပြသနိုင်သော်လည်း ဤသို့ဖြစ်ရခြင်းမှာ ပြင်ပသို့ရွှေ့ ပြောင်းမှုများလာသောကြောင့်ဟု လယ်သမားတို့က မြင်နေကြသည်။
- **ကျေးရွာအုပ်ချုပ်မှု။** ကျေးရွာအုပ်ချုပ်ရေးသည်လည်းမြေယာမှာကဲ့ သို့ပင်အစိုးရ၏မူဝါဒ အပြောင်းအလဲကြောင့် သိသာ စွာပြောင်းလဲခဲ့သည်။ထိုသို့ဖြစ်ရခြင်းမှာရပ်ကွက်နှင့်ကျေးရွာအုပ်စုဥပဒေကြောင့် ဖြစ်သည်။ လေ့လာမှုပြု နေစဉ်ကပြည်နယ် နှင့်တိုင်းဒေသကြီး၄ခုအနက်၃ခုတွင် ကျေးရွာအုပ်စုရွေးကောက်ပွဲများကျင်းပနေသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရာထူးအတွက် အပြင်းအထန် ယှဉ်ပြိုင်ကြသည်။ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားရရှိနိုင်သောကြောင့် ဖြစ်သည်။ အချို့သော ကျေးရွာများတွင် တင်းမာမှုများပင် ဖြစ်ပေါ်လာသည်။

- **ဒေသတွင်းစည်းရုံးမှု။** ဒေသတွင်းစည်းရုံးမှုနှင့် အလုပ်ရှင်အလုပ်သမားညှိနှိုင်းမှု ဥပမာအသစ်အချို့ကိုတွေ့ရသည်။ ယင်းတို့မှာ မြေယာ၊ နိုင်ငံခြားအရင်းအနှီး၊ လာမည့်ရွေးကောက်ပွဲစသည်တို့ကြောင့်ဖြစ်သည်။ ဒေသခံလူထုတို့သည်အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာသော အခွင့်အလမ်းတို့ကိုအသုံးချနေကြောင်း ထင်ရှားသည်။ စတုတ္ထအကျော့QSEM ကွင်းဆင်းလုပ်ငန်းများမှာ ပြီးဆုံးပြီဖြစ်သည်။ တွေ့ရှိချက်မှုကြမ်းကို ၂၀၁၅ခုနှစ် နှစ်ဆန်းတွင် တင်ပြမည်။ QSEM စီမံချက်ကို ပဥ္စမအကျော့ထိ ဆောင်ရွက်မည်။

## မြန်မာ။ ဆန်စပါးပို့ကုန် အခွင့်အလမ်းအတွက် အရင်းအနှီး

**ပြုစုသူများ။** ကမ္ဘာ့ဘဏ်နှင့်LIFTတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ ဤအစီရင်ခံစာကို ကမ္ဘာ့ဘဏ်အရှေ့တောင်အာရှတာရှည်ခံသောဖွံ့ဖြိုးမှုဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်နယ်မြေဌာနခွဲက ပြုစုသည်။ မြန်မာနိုင်ငံရှိLIFTသို့ အကြံပေးမှုအစီအစဉ်အဖြစ် ဆောင်ရွက်ခြင်း ဖြစ်သည်။

**ရက်စွဲ။** ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ

**အဓိကတွေ့ရှိချက်။** မြန်မာ့အစိုးရသည် ၂၀၁၄/၁၅ခုနှစ်တွင်ဆန်တန်ချိန်၂သန်းထိလည်းကောင်း၊ ၂၀၁၉/၂၀တွင် တန်ချိန်၄သန်းထိလည်းကောင်း တင်ပို့ရန်ရည်မှန်းထားသည်။ ထိုသို့မပြည့်မီသော်လည်း လယ်ယာထုတ်ကုန်အထွက်တိုးရန်၊ ပိုမိုတင်ပို့နိုင်ရန်၊ အားလုံးပါဝင်စေသော ဖွံ့ဖြိုးမှုဖြစ်ပေါ်လာရန်၊ ဆင်းရဲမွဲတေမှုလျှော့ချရန်အလားအလာများရှိနေသည်။ စိုက်ပျိုးမြေစုစုပေါင်း ၃၀%တွင်စပါးကို စိုက်ပျိုးကြပြီးအဓိကအားဖြင့် လုပ်ကွက်ငယ်(ပျမ်းမျှ၂ဟက်တာ)များ၌ ထုတ်လုပ်ခြင်းဖြစ်သည်။ စုစုပေါင်းလယ်ယာ ထုတ်ကုန်၏ ၄၀%ရှိပြီး၊ နိုင်ငံGDP၏၁၃%ခန့် ရှိသည်။ စပါးအထွက်နှုန်းမှာ အရှေ့တောင်အာရှတွင် အနိမ့်ဆုံးထဲတွင်ပါဝင်သည်။ (ကြိတ်ခွဲနိုင်သည့်အချိုးမှာ ၆၀အောက်တွင်ရှိသည်)။ ထို့ပြင်ဆန် အရည်အသွေးမှာလည်း ခေတ်နောက်ကျသောပြုပြင်မှုကြောင့်ညံ့ဖျင်းသည်။ ကြိတ်ခွဲသည့်ကဏ္ဍသည်လည်း စရိတ်ကြီးပြီးလေးကွေးသော တင်ပို့မှု၊ ညံ့ဖျင်းသောစိုက်ပျိုးရေးမူ ဝါဒတို့ကြောင့်စွမ်းဆောင်ရည်မရှိပေ။ သို့သော်လည်းအရှေ့တောင် အာရှတွင် မြန်မာ နှင့် ကမ္ဘောဒီယားတို့သာလျှင် စပါးသီးထွက်နှစ်ဆတိုးရန်နှင့် စပါးအရည်အသွေးကောင်းမွန်ရန် အလားအလာရှိနေသည်။ ထို့ပြင်လယ်သမားတို့သည် စပါးကိုဝမ်းစာ ဖူလုံအောင် စိုက်ပျိုးပြီးမှသာ အခြားသီးနှံတို့ကို ပြောင်းလဲစိုက်ပျိုးလိုကြောင်း တွေ့ရှိရသည်။ အစီရင်ခံစာတွင် တင်ပြထားသော အကြံပြုချက်များ_

- အစိုးရကဏ္ဍတွင်ရင်းနှီးမြှုပ်နှံခြင်း၊ ပုဂ္ဂလိကကဏ္ဍကို အဆင်ပြေစေမည့်လုပ်ထုံးလုပ်နည်းများနှင့် ပွင့်လင်းသောကုန်သွယ်ရေးမူဝါဒ၊ ချေးငွေနည်းပညာ စီမံခန့်ခွဲမှုပညာ စသည်တို့ကိုလက်လှမ်းမီမှု၊ စိတ်ချရသောသက်သာသောလျှပ်စစ်ဓာတ်အား စသည်တို့ဖြင့် စပါးကြိတ်ခွဲသည့်လုပ်ငန်းကို ခေတ်မီအောင်ပြုလုပ်ရန်
- သယ်ယူပို့ဆောင်ရေးနှင့် ထုတ်ကုန်တင်ပို့ရေးလုပ်ထုံးလုပ်နည်းများ စရိတ်များကို ပြန်လည်သုံးသပ်ရန် (အထူးသဖြင့် ရန်ကုန်ဆိပ်ကမ်း)
- ရေစီမံခန့်ခွဲရေးစနစ်ကိုပြုပြင်ရန် (ရေသွင်းရေးစနစ်အသေးစားများသည် တစ်ဟက်တာလျှင် စပါး၂.၅တန် မှ ၃.၄တန်ထိ အထွက်တိုးစေနိုင်သည်)
- ထုတ်ကုန်အလားအလာရှိသောစပါးမျိုးများကို ဖော်ထုတ်ရန်
- နယ်စပ်တွင်တရားဝင်ဆန်တင်ပို့နိုင်ရန် တရုတ်နိုင်ငံနှင့်သဘောတူညီချက်ရယူရန်
- လယ်ကွင်းမှဈေးကွက်သို့ ပို့ဆောင်ရေး (အထူးသဖြင့်ဆန်စပါးထုတ်လုပ်ရေးလုပ်ငန်း၏ ကျောရိုးဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်)နှင့် ကျေးလက်ချေးငွေတို့တွင် ရင်းနှီးမြှုပ်နှံရန်
- MADB ဘဏ်၏ လက်ရှိချေးငွေကာလကို ၆လထိ သတ်မှတ်ထားခြင်းကို ပြန်လည်စဉ်းစားရန်
- ဆန်စပါးကြိတ်ခွဲရေး ဖက်စပ်လုပ်ငန်းလုပ်ကိုင်လိုပါကအစိုး ရ၏ ခွင့်ပြုချက်ရယူရန်သတ်မှတ်ထားချက်ကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေမှ ဖယ်ရှားပေးရန်နှင့် ပြည်တွင်းကုန်သွယ်ရေး ချေးငွေဆိုင်ရာနည်းဥပဒေများကို ပြန်လည်ပြင် ဆင်ပေးရန်။

## လယ်ယာထုတ်ကုန်စီးပွားရေးလေ့လာမှု

**ပြုစုသူများ။** ကမ္ဘာ့ဘဏ်စီမံမှုဖြင့် Agrifood Consulting International (ACI) က ဦးစီးဆောင်ရွက်သည်။

**တာဝန်။** (၁)မြန်မာနိုင်ငံရှိ စိုက်ပျိုးကုန်ထုတ်လုပ်မှု စရိတ်နှင့်အမြတ်အစွန်းတို့အကြောင်းကို သိမြင်လာစေရန် (ဥပမာ။မျိုးစေ့မြေဩဇာသုံးစွဲမှု၊ လုပ်ကွက်ငယ်နှင့်လုပ်ကွက်ကြီး လယ်ယာတို့၏အကျိုးရှိပုံမတူညီမှု၊ မျိုးစပါးနှင့်နွေစပါး အကျိုးအမြတ် ကွာခြားချက်စသည်တို့) (၂)စိုက်နည်းစနစ်၊ ကုန်ထုတ်လုပ်မှု၊ သွင်းအားစုအတွက် အရင်းအမြစ်၊ ထွက်ကုန်အတွက်ဈေးကွက် စသည်တို့နှင့် ပတ်သက်သော လယ်သမားတို့ ၏ အမြင်ကိုရယူရန်။

**စတင်ပုံ။** ပဏာမတွေ့ရှိချက်များကို ၂၀၁၄ခုနှစ်နိုဝင်ဘာလက နေပြည် တော်တွင်ကျင်းပခဲ့သော LIFT၏ နှစ်ပတ်လည် ဖိုရမ်တွင် မျှဝေခဲ့သည်။

**နည်းလမ်း။** ပထမကွင်းဆင်းစစ်တမ်းကောက်ခြင်းကို စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ၂၀၁၃ နိုဝင်ဘာမှ ဒီဇင်ဘာအထိပြုလုပ်ခဲ့သည်။ ယင်းတို့ကို၂၀၁၃ခုနှစ် အောက်တိုဘာလလယ်မှ ၂၀၁၄ခုမေလအထိ နွေစပါးနှင့်ပဲမျိုးစုံတို့ကိုအဓိကထားကာအချက်အလက်များကို ကောက်ယူခဲ့သည်။ စစ်တမ်းကောက်ယူရေးအဖွဲ့သည်မြို့နှင့်နီးသော ကျေးရွာများကိုရွေးချယ်ခဲ့သည်။ ယင်းတို့တွင် သီးထပ်စိုက်ပျိုးသော လယ်သမားများအလုံအလောက်ရှိသည်။ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းတို့တွင် ကျေးရွာအုပ်စုများကိုကျပန်းနည်းဖြင့်ရွေးချယ်ခဲ့သည်။ ရှမ်းပြည်နယ်တွင်မူဒေသမလုံခြုံမှုကြောင့် ကျပန်းကောက်ယူရန်မဖြစ်နိုင်ပေ။ သို့ဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကပေးအပ်သော သတင်းအချက်အလက်များကိုသာ အားထားခဲ့ရသည်။ ကျေးရွာအဆင့်တွင် စစ်တမ်းကောက်အဖွဲ့သည် အနည်းဆုံး ရည်မှန်းသီးနှံတစ်မျိုးကို သီးထပ်စိုက်ပျိုးသော လယ်သမား များကိုသာ ကောက်ယူခဲ့သည်။

**အဓိကတွေ့ရှိချက်များ။** ရွေးချယ်ထားသော လယ်သမားတို့သည် ပင်မသီးနှံအဖြစ်စပါးကို စိုက်ကြပြီး၊ ခြောက်သွေ့ရာသီတွင်နွေစပါးအပါအဝင်အခြားသီးနှံများကိုလည်း သီးထပ်စိုက်ကြသည်။ရွေးချယ်ထားသော လယ်သမား၁၇၂ဦးတွင် ၅၆%သည် ပဲမျိုးစုံအဓိကဖြစ်သော သတင်းအချက်အလက်များ ကိုလည်းကောင်း၊၂၀%သည် စပါးနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုလည်းကောင်း ပေးအပ်ခဲ့သည်။ ခြုံ၍ပြောရလျှင် ယင်းတို့သည် အခြေအနေကောင်းကြသည်။ ဓာတ်မြေဩဇာ၊ မျိုးကောင်းမျိုးသန့်တို့ကိုပို၍

သုံးစွဲကြသည်။ ဝန်ဆောင်မှု၊ ဈေးငွေ၊ စက်ကိရိယာ၊ စိုက်ပျိုးရေးတို့ကို ပို၍လက်လှမ်းမီကြသည်။ ထို့ကြောင့် ယင်းတို့သည် တစ်နိုင်ငံလုံးကို ကိုယ်စားမပြုပါ။ ဤစစ်တမ်း၂ခု၏ အပြီးသတ်ရလဒ်များကို ၂၀၁၅ခုနှစ်တွင် တင်ပြမည်ဖြစ်သည်။

### ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လေ့လာမှု

**ပြုစုသူများ။** ဤလေ့လာချက်၏အရည်အသွေးပိုင်းကို MSRက ကျေးရွာစရွာတွင်ဆောင်ရွက်ခဲ့ပြီး၊ အရေအတွက်ပိုင်းကို IndoChina Research(RL)က ကမ္ဘာ့ဘဏ်၏ အကူအညီနှင့်နည်းပညာလမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့သည်။

**တာဝန်။** ဤလေ့လာချက်ကို QSEM3ကြောင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းတွင်မြန်မာနိုင်ငံ၏ ရပ်ရွာဖွံ့ဖြိုးရေးတွင် ရွှေ့ပြောင်းသွားလာမှုက တွန်းအားဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ အထူးသဖြင့်_

(၁) အိမ်သို့ပြန်ပို့နေသော ငွေများဖြင့် မိသားစုက ကြံ့ကြံ့ခံနေနိုင်ခြင်း။

(၂) အိမ်ထောင်စု၏ လူမှု-စီးပွားအခြေအနေအရရွှေ့ပြောင်းမှု မဟာဗျူဟာများခြားနားခြင်း။

(၃) ရွှေ့ပြောင်းသွားလာမှုကြောင့် ကျေးရွာများတွင်လုပ်အားပြတ်လပ်သည်ဟုမြင်ကြခြင်း။

ဤလေ့လာချက်၏တာဝန်မှာ ရွှေ့ပြောင်းသူ၊ ရွှေ့ပြောင်းရသည့်အကြောင်းရင်း၊ ရွှေ့ပြောင်းရေး မဟာဗျူဟာများ၊ လူမှုရေးကွန်ယက်၏ အခန်းကဏ္ဍ၊ အိမ်ထောင်စုနှင့်ရပ်ရွာတွင် ကျန်ရစ်ခဲ့သူတို့ထံသို့ သက်ရောက်မှုများ စသည်တို့ကို နားလည်ရန်ဖြစ်သည်။

**နည်းလမ်း။** စာအုပ်စာတမ်းများကိုလေ့လာပြီး အရည်အသွေးနှင့်အရေအတွက်ပါ သုသေသတနများကို မကွေးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့သည်။

**သတ်မှတ်ရက်စွဲ။** ၂၀၁၅ခုနှစ် ဒုတိယသုံးလပတ်၊

### ကျေးရွာအဖွဲ့အစည်းများ(VO)လေ့လာချက်

**ပြုစုသူ။** MSRက LIFT၏အထောက်အပံ့နှင့် နည်းပညာ အထောက်အကူဖြင့် ဆောင်ရွက်သည်။

**တာဝန်။** ကျေးရွာအဖွဲ့အစည်းများသို့ LIFT၏အထောက်အပံ့၏ သက်ရောက်မှုကို အကဲဖြတ်ရန်၊ နောင်LIFT၏အစီအစဉ်များအတွက် အကြံပြုချက်များနှင့် သင်ခန်းစာများကို ဖေါ်ထုတ်ရန်။

**နည်းလမ်း။** ၂၀၁၄ခုနှစ် မေလနှင့်ဇွန်လအတွင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ LIFTက လုပ်ငန်းဆောင်ရွက်နေသောပြည်နယ်နှင့်တိုင်း ၁၀ခုမှ မြို့နယ်၂၈မြို့နယ်ရှိ ကျေးရွာ၅၀ကို ကျပန်းရွေးကောက်ကာ ကွင်းဆင်း လေ့လာခဲ့သည်။ စုစုပေါင်းလူ၁၄၃ဦးကို လူတွေ့မေးခဲ့ပြီး၊ အုပ်စုလိုက်ဆွေးနွေးပွဲ ၂၈ကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

**သတ်မှတ်ရက်စွဲ။** ၂၀၁၅ခုနှစ်ဧပြီလတွင်မူကြမ်းတင်ပြရမည်။

### ငွေကုန်ရကျိုးနပ်မှု(VFM) လေ့လာချက်

**ပြုစုသူ။** David Toomey

**တာဝန်။** LIFTအစီအစဉ်များတွင် ငွေကုန်ရကျိုးနပ်မနပ်ကို ဆုံးဖြတ်နိုင်ရန်နည်းလမ်းများကို အဆိုပြု၊ အကဲဖြတ်၊ ပုံထုတ်၊ စမ်းသပ်ရန်။

**နည်းလမ်း။** ထုတ်ဝေထားသော/မထုတ်ဝေရသေးသောLIFT၏ စာရွက်စာတမ်းများကို လေ့လာပြီး အခြားထောက်ပံ့သူများ၊ အလှူရှင်များ၊ စီမံချက်များ၏ VFMဆိုင်ရာ နည်းလမ်းများကို လေ့လာသုံးသပ်ခဲ့သည်။

**အလုပ်ရုံဆွေးနွေးပွဲများ။** ရန်ကုန်၊ ၂၀၁၄ခုနှစ် ဖေဖေါ်ဝါရီလနှင့် အောက်တိုဘာလ

**အဓိကတွေ့ရှိချက်များ။** ဤ VFM နည်းနာမှာရည်မှန်းထားသော အထောက်အပံ့ရရှိသူတို့၏ဘဝကို တိုးတက်အောင်ထည့်သွင်းပေးသည့် သွင်းအားစုအားလုံးသည်သက်ရောက်မှု အများဆုံးရှိစေရန် အတွက် စီမံချက်ကိုအကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်တွင် မလေလွင့်ကြောင်း၊ စီးပွားရေးအရ ထိရောက်အကျိုးရှိကြောင်း ကိုသိရှိနားလည်စေရန်နှင့် အထောက်အထားရရှိစေရန်အတွက် အမျိုးမျိုးသောတိုင်းတာမှုများကို အသုံးပြုခြင်းကို အခြေခံသည်။

အဓိကအကြံပြုချက်များမှာ_

- VFM နည်းနာများအပါအဝင်ဖြစ်သော VFMဆိုင်ရာဆန်းစစ်မှုနှင့် အရည်အသွေးအာမခံမှုတို့ကို LIFT၏IP အားလုံးက စီမံချက်ပြင်ဆင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စောင့်ကြည့်ခြင်း၊ အစီရင်ခံခြင်း တို့တွင် မဖြစ်မနေထည့်သွင်းဆောင်ရွက်စေရန်။
- IPအားလုံးကို VFMဆိုင်ရာသင်တန်း LIFTက သင်ကြားပေးရန်
- လက်ရှိIP နှင့် IPအသစ်တို့သည် လည်းကောင်း၊ INGOနှင့် LNGO တို့၏ စီမံချက်အကောင်အထည် ဖော်မှုတို့သည် လည်းကောင်းစေ့စပ်သေချာမှုတွင် မတူညီကြသည်ကို စဉ်းစားဆင်ခြင်ရန်
- LIFT၏စာရွက်စာတမ်းများ၊ အစီရင်ခံစာပုံစံများတွင် VFM ဆိုင်ရာ ညွှန်ကြားချက်များကို ရှင်းလင်းစွာ ဖော်ပြထားရန်
- LIFT၏ M&Eရုံးကို အဆင့်မြင့်VFM ကျွမ်းကျင်မှုနှင့် အားဖြည့်ပေးရန်
- အသေးစိတ် VFM လက်စွဲစာစောင်များကိုရေးသား၍ IPနှင့် FMO ရုံးဝန်ထမ်းများသို့ ထုတ်ပေးထားရန်၊ အထောက်အပံ့ငွေချမှတ်ပေးခြင်း၊ စီမံချက် အကောင်အထည်ဖော်ခြင်းလုပ်ငန်းအဆင့်ဆင့်တို့တွင် အဆင့်တိုင်းတွင် VFMကို အကောင်အထည် ဖော်မည့် မဟာဗျူဟာများကို ချမှတ်ပေးရန်

FMOသည် သင့်လျော်သော ဆောင်ရွက်၍ရနိုင်ဖွယ်ရှိသော VFM နည်းလမ်းများကို ဖော်ထုတ်ခဲ့ပြီး၊ ယင်းတို့အားလုံးနီးပါးကို လုပ်ငန်းလမ်းညွှန်ချက်များတွင် ထည့်သွင်းခဲ့ပြီး ဖြစ်ပါသည်။ ဤအဆင့်များသည် လိုက်နာဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း၏ အခြေခံဖြစ်ကာ စီမံခန့်ခွဲမှုစက်ဝန်း တလျှောက်လုံးတွင် မည်သည့်လုပ်ဆောင်ရွက်တို့ကို ဆောင်ရွက်ခဲ့သည်ကို နောက်ကြောင်းလိုက်နိုင်မည်ဖြစ်သည်။ FMOသည် မည်သည့်VFMအညွှန်းကို လက်ရှိကိန်းဂဏန်းများဖြင့် တိုင်းတာနိုင်မည်၊ မည်သည့်အညွှန်းအတွက်မှု နောက်ထပ် ကိန်းဂဏန်းများ လိုအပ်မည်ကိုလည်း စူးစမ်းလျက်ရှိပါသည်။ VFM အညွှန်း၉ခုကို ရှေ့ပြေးစမ်းသပ်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၅ခုနှစ် နှစ်ဆန်းတွင်ခေါ်ယူမည့် အဆိုပြုလွှာ၏ ဒီဇိုင်းတို့တွင် ယင်းတို့ထဲမှအချို့ကို ထည့်သွင်းရန် ရည်ရွယ်ထားပါသည်။

** ဤအစီရင်ခံစာတွင် ၂၀၁၃ခုနှစ်အစီရင်ခံစာ၌ ဖော်ပြထားပြီးဖြစ်သည့် မြန်မာဘာသာပြန်ဆိုထားသော အသုံးနှုန်းများကို အဓိပ္ပါယ်မပြောင်းစေဘဲ စာချောစေရန်သာ အနည်းငယ်ပြင်ထားပါသည်။

THE LIVELIHOODS AND FOOD SECURITY TRUST FUND

UNOPS Fund Management Office
12(O) Pyi Thu Lane, 7 Mile, Mayangone Township, Yangon, Myanmar
Phone: +95 1 65 7280~87, Fax: +95 1 65 72 79
Email: lift@unops.org
lift-fund.org | facebook.com/liftfund| twitter.com/liftfund